
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

မော်ကျွန်းရွှေဖြင်

စာမူခွင့်ပြုချက်အမှတ်
၅၀၉၇၈၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၆၁၀၆၀၉


၂၀၀၇ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

တန်ဖိုး
၇၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန် (၀၁၈၀၉) ချစ်မင်းလှုံစာပေ
အမှတ်(၄၃/က)၊ မလိခလမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်




၁
၂၀၀၆ ခုနှစ် စက်တင်ဘာလ
ထွက်ရှိပြီး




၂
ခုနှစ် အောက်တိုဘာလ
ထွက်ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

၏

## အ မှ တ် တ ရ အ စီ အ စဉ်

အလည်း နိုင်းစရာ မရှိလောက်အောင်ပါပဲ။ သမီးကို sweet nameပေးဦးလေ မ,။ မ,ရဲ့ Phone:Noလည်း လိုချင်တယ် မ,ရယ်။ သမီးကို Ph:ဆက်ဖို့ မမျှော်လင့်ရဲပေမဲ့ စောင့်နေပါရစေ မ,။ ဖုန်းနံပါတ်ကို မ, မှတ်ထားပေးပါ။ ထာဝရအားပေးလျက်ပါ မ,။ ရင်ခုန်သံမရပ်သရွေ့ပေါ့။

ရတုအဆက်ဆက် အောင်မြင်မှုရပါစေနော်။

သမီးလည်း စာရေးဆရာမအရမ်းဖြစ်ချင်တယ် မ, မ, Guideလုပ်ပေးမလား။





သိမ့်အိဖေင်

အမှတ် ၂၂၉၊ ရုံးကြီး (၈)လမ်း၊

ဒေးဒရဲ၊ ရှောဝတီတိုင်း။


# စေတနာစာပေ

၏

## အ မှ တ် တ ရ အ စီ အ စဉ်


မဆုမြတ်မွန်မွန်

နိုင် ချစ်ခင်လေးစားစွာဖြင့် မမွန်လို့ ခေါ်မယ်နော်။ နိုင်က မွန်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ ထွက်ပြီးသားဝတ္ထုအားလုံး ဖတ်ပြီးပါပြီ။ အားလုံး အရမ်းကောင်းပါတယ်။ နောက်ထွက်မဲ့စာအုပ်တွေလည်း မျှော်နေပါတယ်။ နိုင်ကို ပြန်စာနှင့်တကွ ဓာတ်ပုံတစ်ပုံထည့်ပေးပါ။ မမွန်စာပေလောကဌ် အောင်မြင်တဲ့စာရေးဆရာမ တစ်ဦး ဖြစ်ပါစေ။



မအေးအေးနိုင်

အမှတ်(၅/က)၊ ဘိုကုန်းရပ်၊

လိပ်ကန်လမ်း၊ မော်လမြိုင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ပရိသတ်တွေကို စာပြန်ရေးပေးတယ်လို့ သိရတော့ အလွန်လေးစားမိပါတယ်။ အခန်းတစ်ခု စတိုင်း စတိုင်းမှာ ကဗျာတိုလေးတွေ ခံစားမှုစာတိုလေးတွေကို အဖွင့်အနေနဲ့ ထည့်ပေးစေချင်ပါတယ်။ ဇာတ်သိမ်းပိုင်းမှာလည်း happy ending ဖြစ်ပေမဲ့ 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ'မှာလို ဝတ္ထုတိုဆန်ဆန် တစိမ့်စိမ့်တွေးပြီး ကြည်နူးရတာမျိုးကို ဇာတ်သိမ်းကျစ်ကျစ်လေးနဲ့ ပိုပြီးလေးနက်တယ်လို့ ခံစားမိပါတယ်။

စာပေခရီးလမ်းမှာ အောင်မြင်မှုတွေ အခွန့်ရှည်စွာတည်တံ့ပါစေလို့ ဆန္ဒပြုလျက်။



တင်အောင်လင်း
၂၀၄၊ ရတနာရွှေကျောင်းလမ်း
အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာ

## စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မင်္ဂလာပါမွန်မွန်

မွန်မွန်က ထက်ဝေဆီကို စာပြန်ရေးတဲ့အတွက် ဒီမှာ ဝမ်းသာနေတာ။ မွန်မွန်ဆီကို စာချက်ချင်းပြန်ရေးချင်ပေမဲ့ မအားတာနဲ့ အခုပဲ ဒုတိယအကြိမ် စာပြန်ရေးလိုက်တယ်နော်။ အချစ်ဝတ္ထုမဖတ်တတ်တဲ့ ထက်ဝေ မွန်မွန်နဲ့ကျမှ စွဲနေပြီထင်တယ်။ မွန်မွန်က ချောတယ်သိလား။ မွန်မွန်အသက်နဲ့ ပညာရေးကော ပြီးသွားပြီလား။ ဘာမေဂျာနဲ့ ပြီးလဲဟင်။ စပ်စုတယ်လို့ မထင်ပါနဲ့နော်။ မွန်မွန်ရေအချစ်ဇာတ်လမ်းသက်သက်မဟုတ်ဘဲ မိသားစုအိမ်ထောင်ရေးဇာတ်လမ်းတွေရေးပါလို့။ ဇာတ်ကောင်တွေကို ပေါင်းပေးတဲ့အတွက် ကျေနပ်တယ်နော်။

သာယာရွှင်လန်းချမ်းမြေ့ပါစေ။



ထက်ဝေသျှံမြင့်မို
C\O ဒေါ်မြခင်
သစ်တောဦးစီးဌာန၊ သီရိရတနာရပ်ကွက်၊
ဆောမြို့၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမဆု

ရင်းနှီးခင်မင်လေးစားခြင်းများနဲ့ မိတ်ဆက်စာရေးလိုက်ပါတယ်။ စာရေးဆရာမအသစ်ပေမဲ့ မချိုးကျူးဘဲ မနေနိုင်လောက်အောင် စာပေပါရမီ ထူးချွန်လှပါတယ်။ မဆုရဲ့စာအုပ်တစ်အုပ်ကိုဖတ်တိုင်း မချိုးကျူးဘဲ မနေနိုင်ပါဘူး။ မရဲ့ပထမဆုံးဝတ္ထုဖြစ်တဲ့ 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' စာအုပ်နဲ့ မျက်နှာဖုံးလေးကြည့်ပြီး သဘောကျရာက ငှားဖြစ်သွားတယ်။ ဇာတ်သိမ်းထားတာလည်း ကြိုက်တယ်။ အခုထွက်ပြီးတဲ့ စာအုပ်တွေ အကုန်ဖတ်ပြီးသွားပြီ။ တက္ကသိုလ်နောက်ခံဇာတ်လမ်း ရေးပါရန် အကြံပြုပါတယ်။ ပရိသတ်အတွက် ဗဟုသုတ၊ အတုယူဖွယ်ကောင်းတဲ့ ဇာတ်ကောင်များ ဆက်လက်ရှင်သန်မွေးဖွားနိုင်ပါစေလို့ ဆန္ဒပြုရင်း။

မဆုရဲ့ထာဝရပရိသတ်



ခင်သက်စုအောင်(Bsc,chem)
စစ်တောင်းအမှတ်(၁)စက္ကူစက်၊
သိမ်ဇရပ်၊ မွန်ပြည်နယ်။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်မွန်

ညီမလေးက မမရဲ့ပရိသတ်တစ်ယောက်ပါ။ ငယ်ငယ်လေးနဲ့ အောင်မြင်တာ ဂုဏ်ယူပါတယ်။ မမရဲ့စာတွေဖတ်လိုက်ရတိုင်း ရင်ထဲကိုထိတယ်။ မပြောပြတတ်ဘူး။ ရင်ထဲမှာတော့ တစ်ခုခုခံစားလိုက်ရတာ အမှန်ပဲ။ တစ်ခါမှ စာမရေးဖူးဘူးနော်။ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမတစ်ယောက်ထာဝရအောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ။

ရွှေရွှေကြည်
အဝေးသင်ထုတ်ဖြန့်ဌာန၊ မြင်းခြံဒီဂရီကောလိပ်၊
မြင်းခြံမြို့



www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆု ဦးပဥ္စင်း ဝတ္ထုတွေ များစွာဖတ်ခဲ့ဖူးတယ်။ တစ်နေ့ စာအုပ်ဆိုင်ကပြောတယ်။ စာရေးဆရာမအသစ်ထွက်နေပြီ။ ဖတ်မလားတဲ့။ ယူဖတ်ကြည့်တော့ မဆုရဲ့စာအုပ်က သူမတူထူးတယ်။ ဇာတ်အိမ်ရဲ့ ဖွဲ့နွဲ့ပုံ၊ စကားသုံးနှုန်းပုံ၊ ပြီးတော့ တစ်ခုနဲ့ တစ်ခု စပ်ဟပ်မှုတွေပေါ့။ ကဗျာဖတ်ဖို့လွယ်တယ်။ ကဗျာစပ်ဖို့ခက်တယ်။ အောင်မြင်မှုနဲ့အတူ စာဖတ်သူတွေရဲ့လက်ထဲကို ခံစားချက်တွေ အမြဲအရောက်ပို့ပေးနိုင်ပါစေ။



အရှင်ဓမ္မပိယ(ဖြူး)(ဓမ္မာစရိယ)
ကြခတ်ဝိုင်းကျောင်း-သဂ္ဂဆောင်၊
ပဲခူးမြို့။

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ဒီစာလေးကိုဖတ်နေရတဲ့အချိန်မှာ မမတစ်ယောက်ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ရှိနေလိမ့်မယ်လို့ ညီမလေး ယုံကြည်ပါတယ်။ မမရဲ့ လုံးချင်းဝတ္ထုတွေမထွက်ခင် မမရဲ့ကဗျာလေးတွေကို အပျိုစင်မှာကတည်းက အားပေးခဲ့တဲ့မမရဲ့ပရိသတ်ပါ။ မမ လုံးချင်းဝတ္ထုကြော်ငြာစာရွက်လေးတွေလို ဝတ္ထုစာအုပ်လေးတွေမှာ ပါလာတော့ အရမ်းပျော်ခဲ့တယ်။ မမရဲ့ဝတ္ထုတိုလေးတွေကိုလည်း အရမ်းကြိုက်တယ်။ ကဗျာလေးတွေကို အရမ်းမြတ်နိုးတယ်။ မမရဲ့ကဗျာလေးတွေကိုလည်း ကူးပြီးသိမ်းထားတယ်။ မမရဲ့ပထမဆုံးထွက်တဲ့ ဝတ္ထုတွေတော့ မိုးတိုမြို့က အရမ်းဝေးတော့ မဖတ်ရဘူး။ ပြီးတော့ မမက ကလောင်သစ်ဆိုတော့ မိုးတိုမြို့က စာအုပ်ဆိုင်တွေမှာ မတင်ဘူးလေ။ ဒါကြောင့် မမရဲ့ ထွက်ပြီးတဲ့ စာအုပ်တွေထဲက အနမ်းဆက်တိုင်းကစပြီး ဖတ်ရတယ်။ မမရဲ့ ပုံလေးတွေ ဝတ္ထုမှာ ထည့်ထားလို့ မမနဲ့ အရမ်းရင်းနှီးသလိုပဲ ခံစားရ



www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်မွန်မွန်




## မော်ကဗျာရွှေရုပ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com











"အပွင့်"

အချစ်ဆိုတာကို လူကြီးမင်းအနေနှင့် ယုံကြည် ပါသလား။

ပြောရရင် ဒီကမ္ဘာကြီးပေါ်မှာ အချစ်ဆိုတာ တကယ်ရှိ,မရှိ ဆိုတာကိုပေါ့။ တကယ်တော့ ကျွန်တော် ကိုယ်တိုင်လည်း အချစ် ဆိုတာကို အယုံအကြည် မရှိခဲ့ပါဘူး။ အထူးသဖြင့် အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်ယောက်တည်းနဲ့ပဲ သက်ဆိုင်တယ် ဆိုတဲ့ အယူအဆကို လုံးဝလက်မခံခဲ့တဲ့သူပေါ့။ ကျွန်တော် လက်ခံထားတဲ့ အချစ် ဆိုတာက sharing(မျှဝေခြင်း)ပဲ။ ပြီးတော့ ကျွန်တော်က လက်တွေ့သမား။ အရာရာကို ဦးနှောက်နဲ့ပဲ တွက်ချက်ဆုံးဖြတ်တယ်။ ကွန်ပျူတာကိုတောင် တီထွင်နိုင်စွမ်းရှိတဲ့ လူ့ဦးနှောက်ဟာ သေချာ ချင့်ချိန် ဆုံးဖြတ်တတ်ရင် ကိုယ့်အတွက်ကောင်း ကျိုးချည်းပဲ။ ဒါကြောင့် လူပျိုကြီးလည်းလုပ်ဖို့ ဆုံးဖြတ်မထားခဲ့တဲ့ ကျွန်တော်ဟာ ကျွန်တော့် ဘဝရဲ့ လက်တွဲဖော်ကို အကောင်းတကာ့ အကောင်းဆုံး အရည်အချင်းတွေနဲ့ ပြည့်စုံနေ တဲ့ မိန်းကလေး တစ်ယောက်ကို ရွေးချယ်ခဲ့ တာပါ။

အဲဒီမှာပဲ ကျွန်တော့်ဘဝမှာ ထူးခြား အံ့ဩစရာ ကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို သွားကြုံရ တော့တာပါပဲ။ အဲဒါကတော့ ကျွန်တော်လက် ထပ်မဲ့ မိန်းကလေးကို အပီအပြင် ရွေးချယ်ထား တုန်းမှာပဲ ကျွန်တော် တကယ် ချစ်မိသွားတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လာခဲ့ရတာ ပေါ့။ အဲဒါက ဒီလောက် အံ့ဩစရာမကောင်း





သေးပါဘူး။ အဲဒီထက် အံ့ဩစရာကောင်းတာ က ကျွန်တော် ချစ်မိသွားတဲ့ မိန်းကလေးက ကျွန်တော့်ရဲ့ စိတ်ကူးအကြံဉာဏ်တွေကို အမြဲ ဖျက်ဆီးပစ်တတ်တဲ့ ကျွန်တော့်ကိုခါးခါးသီးသီး မုန်းတီးနေတဲ့ မိန်းမတစ်ယောက် ဖြစ်နေခြင်းက အစပြုလို့။

"မှော်"


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာယာနှင်းကျွန်းသို့ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











## အခန်း(၁)

တကယ်တမ်းပြောရလျှင် သူ့ထဲတွင် မှော် ဟူသော နာမည်နှင့် လိုက်ဖက်အောင်ပင် မှော်တစ်မျိုး ကိန်းဝပ်နေသည်ဟု အများက ပြောစမှတ်ပြုကြရအောင် သူ့ပုံစံက သူများနှင့်မတူဘဲ တစ်မူထူးခြားနေတတ်သည်။ အထူးသဖြင့် သူ့ရဲ့မျက်လုံးနှင့် နှုတ်ခမ်းများ။ မျက်လုံးများက စူးရဲတောက်ပကာ တစ်ဖက်သားရဲ့ စိတ်ထဲမှာ ဘာဖြစ်နေသလဲဆိုတာကို ထွင်းဖောက်သိနေတတ်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများဖြစ်ပြီး နှုတ်ခမ်းတွေကတော့ ဆန့်ကျင်ဘက်ကတ္တီယာတွေကို ရင်ခုန်အောင် ဖမ်းစားနိုင်သော နှုတ်ခမ်းတွေပဲ ဖြစ်သည်။

ဒါတွေထက် ထူးကဲတာတစ်ခုက သူငယ်ချင်းတွေ ပြောပြောနေတတ်သော သူ့ရဲ့ မော် တစ်မျိုးပင်။

"မင်းက ထူးကို ထူးခြားတာကွ၊ စဉ်းစားကြည့်လေ မင်းထက်ဖြောင့်တဲ့ သူတွေလည်း ရှိတာပဲ။ ဒါပေမဲ့ မင်းက သူတို့ထက် ပိုမိုက်နေတတ်တယ်"

"ဘာလဲ တစ်ကျွန်းပြန် ဖိုမော်ဆိုတာ ငါလား"

"ဟော့ကောင် အကောင်းပြောနေတာ ဝင်မနှောက်နဲ့ကွာ၊ မင်းကိုဆို အမျိုးသမီးတွေက ရေရေလည်လည် ခိုက်ကြတယ်၊ မင်းက ပညာတတ်တယ်နဲ့ တူတယ် ဟုတ်လား"

"အောက်လမ်း ... အောက်လမ်း"

မင်းထင်က ဝင်၍နှောက်သည်။ မြတ်မျိုးက ယောက်ျားတန်မဲ့နှင့် မင်းထင်ကို မျက်စောင်းလှည့်ထိုးသဖြင့် သူ့မှာ အော်ရယ်ရသေးသည်။

"မင်းတို့ပြောတာနဲ့ ငါ့မှာ စုံနေပါပြီကွာ၊ နေပါဦး မင်းတို့ကို ငါ တစ်ခုမေးမယ်၊ သေချာအလေးအနက်ထားဖြေနော်၊ ဒါ မင်းတို့ လိုချင်တဲ့ ပညာကို ငါက သွားရင်းလာရင်း သင်ပေးနေတဲ့သဘောလဲ ဖြစ်တယ်"

တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော ဥက္ကာက သူ့ကို အသံတိတ် ဆဲပြလေသည်။ သူက မနာချေ။ Baby face





မျက်နှာလေးနှင့် ဥက္ကာရဲ့ ဆဲပင်တွေကိုပင် လက်နှင့် သွားဖွပစ်ကာ စလိုက်သေးသည်။

သူတို့ သူငယ်ချင်းလေးယောက်မှာ တစ်နေ့မတွေ့ရလျှင် မနေနိုင်သော အင်မတန်ချစ်သည့် သူငယ်ချင်းများဖြစ်ကြသည်။

"ကဲပါကွာ ပြောမှာဖြင့်လည်းပြော၊ ဟော့ကောင် မင်း မဒီတွေ ရှေ့မှာလို အိုက်တင်ပေး ကောင်းမနေနဲ့ ရင်မခုန်ဘူး"

"အဲဒါဆို မင်းတို့ ငါမေးတာကို ဖြေလေကွာ၊ မင်းတို့ မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုတာ ဘာနဲ့ ခံစားပြီး ချစ်တာလဲ"

"ရင်ဘတ်နဲ့ပေါ့ကွ"

"နှလုံးသားနဲ့ ... နှလုံးသားနဲ့"

"မျက်လုံးနဲ့ စတင် ခံစားတယ်ကွာ၊ ရင်ဘတ်ဆိုတာက နောက်တစ်ကန့်"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်စီ ထ၍ ဖြေကြသည်။ သူ အဖြေများကို နားထောင်ပြီးနောက် ခေါင်းတစ်ချက်ဆတ်လိုက်ကာ ...

"အဲဒီ ရင်ဘတ်တွေ၊ နှလုံးသားတွေနဲ့ ခံစားတယ်ဆိုတာကိုက မင်းတို့ဘက်က မိုင်းနပ်ပြတဲ့ လက္ခဏာပဲ အဲဒါ ရှုံးနိမ့်ခြင်းရဲ့အစ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ — မင်းရဲ့ ဖလော်ကြီးကလည်း၊ ဒါဆို မင်းကရော မင်းရဲ့ လေဒီတွေကို ဘာနဲ့ ခံစားတာလဲ၊ ပြောစမ်းပါဦး"

"ဦးနှောက်နဲ့ကွ ဦးနှောက်နဲ့"

"ဟွန်း … ဖွီး ဒီကောင် ငကြောင်ပဲ၊ မှော်ဂေါက်ဟော့ မှော်ဂေါက်၊ ဒီကောင်ကို တစ်သက်လုံးက မှော်အောင်တယ်ဆိုပြီး အထင်ကြီးလာတာ၊ တကယ်တော့ ဒီကောင် ဂေါက်နေတာပဲ"

"အေးလေ ရူးနှမ်းပါ့ကွာ၊ ဒီလို ဖီလင်ကိစ္စမျိုးကို မင်းက ဦးနှောက်နဲ့ ခံစားတော့ ဘာသွားသုံးတော့မှာလဲ"

ဘော်ဒါတွေက သူ့ကို တစ်ယောက်တစ်ပေါက် ဝေဖန်လျက်ရှိတာကို သူက ခပ်ပြုံးပြုံးနှင့်ပင် ပြီးအောင် နားထောင်လိုက်သည်။

အားလုံးပြီးသွားတော့မှ …

"မင်းတို့ကို ငါ တစ်ခုမေးမယ်၊ မင်းတို့ရဲ့ ရင်ဘတ်ကြီးနဲ့ ခံစားတဲ့ကိစ္စမှာ ဦးနှောက်မသုံးဘဲနဲ့ မင်းတို့ ရမလား ပြော၊ မင်းတို့ ကြွေနေတဲ့ မဒီတစ်ယောက်ကို အဆင်ပြေ OKလာအောင် ဘယ်လိုလိုက်ရမလဲဆိုတဲ့ ideaမျိုး မင်းတို့ မထုတ်ဖူးကြဘူးလား၊ နောက်ဆုံး ရည်းစားစာရေးတာတောင် ဘယ်လို ကြွေအောင် ရေးရမလဲ၊ ဖုန်းပြောရင်လည်း ဘာတွေ ပြောရမလဲ၊ မင်းတို့ မစဉ်းစားကြဘူးလား"





သူ့သူငယ်ချင်းတွေက ခေတ္တတော့ ငြိမ်ကျသွားသည်။

ကွန့်တတ်သော မင်းထင်ကတော့ …

"ဒါကတော့ နှလုံးသားရဲ့ လိုအပ်ချက်ကို ဦးနှောက်က ဖြည့်ဆည်းတဲ့သဘောပေါ့"

သူက လက်ဖျောက်တစ်ချက် တီးပစ်လိုက်ကာ …

"အေးလေ အဲဒါ ပွိုင့်ပဲ၊ ငါလိုချင်တာ အဲဒါပဲ၊ ဘယ်အရာမဆို ဦးနှောက်နဲ့ကင်းနိုင်တဲ့ကိစ္စ မရှိဘူး မဟုတ်လား၊ နောက်ဆုံး ဦးနှောက်က အဆုံးအဖြတ် ပေးသွားတာပဲ၊ ဦးနှောက်ကောင်းတဲ့လူက သာသွားတာပဲ …

မင်းတို့ မိန်းကလေးတစ်ယောက်ကို ဒီအတိုင်းကြိုက်နေတာထက် သူ ပိုစိတ်ဝင်စားလာအောင်၊ သူ့စိတ်တွေ အိမ်မိုရှင်နယ်လ် ဖြစ်လာအောင် လုပ်နိုင်ရင် သူ ထိပြီပဲ"

"ဒါဆို မင်းက အချစ်ဆိုတာကို လုံးဝ ထည့်မတွက်တဲ့ သဘောလား၊ ဒါဖြင့်ရင် မင်း ထားနေတဲ့ ရည်းစားတွေကို တစ်ယောက်မှ မင်း မချစ်ဘူးပေါ့"

"အချစ် ! … အဲဒီ မင်းတို့ ပြောပြောနေတဲ့ အချစ်ဆိုတာကို ငါ သိပ်နားမလည်ဘူး၊ ငါ့အတွက်ကတော့ အချစ်ဆိုတာ Sharingပဲ၊ မိန်းကလေးတစ်ယောက်ကို မမုန်းရင် ချစ်လို့ရတာပဲကွ၊ မဟုတ်ဘူးလား …



www.burmeseclassic.com

www.burmeseclassic.com



မင်း ကြည့်လိုက်လေ အပျံစား အလန်းစား ခပ်မိုက်မိုက် ကောင်မလေးတစ်ယောက်ကို မင်းတို့ တွေ့သွားရင် ချစ်တယ် ပြောလိုက်မှာပဲ၊ တကယ်တော့ အချစ်ဆိုတာ ပါးစပ်ထဲမှာပဲ ရှိတဲ့အရာတစ်ခုပါကွာ"

သူငယ်ချင်းတွေက သူ့စကားကို ဘာမှပြန်မပြောဘဲ စဉ်းစားသလိုနှင့် တိတ်ဆိတ်စွာ ရှိနေကြသည်။

"မင်းတို့ကို ငါ နားလည်မိသလို နောက်တစ်ခု ထပ်ပြောရရင် အချစ်ဆိုတာ စွဲလမ်းမှုတစ်ခုလို့လည်း ငါ ထင်တယ်၊ စမိရင် စွဲသွားတတ်တယ်ကွာ၊ ကိုယ့်အတွက် ကောင်းကျိုးလည်း မရှိဘူး ...

ပြီးတော့ များများချစ်ရင် များများရှုံးနိမ့်ရတယ်၊ ပေးဆပ်ရတယ်၊ လူတစ်ယောက်ကို စွဲလမ်းသွားပြီဆိုကတည်းက ကိုယ့်စိတ်ဟာ သူ့ထံမှာ ရာနှုန်းပြည့်မဟုတ်တောင် အချိုးအစား တော်တော်များများတော့ ပေးအပ်လိုက်ရတာပဲ၊ သူများစိတ်နဲ့ ရှင်သန်ရတယ် ဆိုတာကိုက လွတ်ဆိုးနေပြီနော်"

"ဒါဆို မင်းက အချစ်ဆိုတာကို အယုံအကြည်မရှိဘဲ ကောင်ပေါ့"

"Right ! T‥ is truth အချစ်ဆိုတာ ဒီကမ္ဘာကြီးပေါ်မှာ မရှိဘူးလို့ ငါ မပြောဘူး ရှိတယ်၊ ဒါပေမဲ့ လုံးဝကောင်းတဲ့ အရာ မဟုတ်ဘူး ...





မင်းတို့ ငါတို့ ဂစ်တာတီးနေတဲ့ သီချင်းတစ်ပုဒ်တောင် ရှိသေးတယ်ကွာ၊ ဒါအချစ်တဲ့လား x x ဒီမှာ အသည်းလေးကွဲလေပြီ x x မင်းကျေနပ်ပါတော့ x x တို့ ရှုံးနိမ့်ခဲ့ပြီ x x x ဟုတ်တယ် မဟုတ်လား ပြော"

သူ့သူငယ်ချင်းတွေက သူ့ကို နိုင်အောင် မပြောတော့သလိုဖြင့် အသီးသီး ရှုံ့မဲ့ကာ ပြုံးနေကြလေသည်။

"ဟေ့ကောင်တွေ ဘုရားဟောထဲမှာကို ရခဲလှတဲ့ လူ့ဘဝပဲ၊ လူ့ဘဝကို ခဏလေးရောက်လာတာ ပျော်ပျော်ရွှင်ရွှင်ပဲ နေသွားမှပေါ့ကွာ၊ အေးဆေးပဲပေါ့၊ ဘာကိုမှ ရူးသွပ်မနေနဲ့"

သူ့ကို အမြင်ကတ်လာဟန်ရှိသော ဥက္ကာက ...

"ဒါဖြင့်ရင် မင်းက လူပျိုကြီးပဲ လုပ်တော့မှာပေါ့"

"ဒီလိုလည်း ဘဝက ပျင်းဖို့ ကော ်းပါတယ်ကွာ၊ ငါ ပြောပြီးသားပဲ၊ ငါက ခေါင်းသုံးတဲ့ ကောင်ပါလို့၊ အချိန်မကျသေးလို့ ငါ ငြိမ်နေတာ၊ ငါ အိမ်ထောင်ပြုတော့မယ်ဆိုရင်လည်း ငါ့အတွက် perfect ဖြစ်တဲ့ မိန်းကလေးကို ငါ ရှာယူမှာပေါ့"

"ဟာ ... ဟေ့ကောင် အချစ်မပါတဲ့ အိမ်ထောင်ရေးကတော့ မိုက်မှာ မဟုတ်ဘူးနော်"

"မမိုက်ဘူးလေ လုံးဝ လိမ္မာတယ်၊ အချစ်ဆိုတာ အိမ်ထောင်ပြုလိုက်ပြီ ဆိုကတည်းက သေဆုံးသွားတဲ့ အရာတစ်ခုပေါ့ကွာ၊ သိပ်ချစ်လွန်းလို့ ယူထားကြပြီး အကွဲခဲပြီ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းတွေ မင်းတို့လည်း တွေ့နေတာပဲ မဟုတ်လား၊ ဘာလဲ အချစ်ဆိုတာ ...

အဓိကက ကိုယ်နဲ့ သင့်တော်ကိုက်ညီမဲ့သူကို ရွေးချယ်တတ်ဖို့သာ အရေးကြီးတာပါကွာ၊ အေးပေါ့ ... အဲဒီစံတွေနဲ့ လည်း ပြည့်စုံတဲ့အပြင် မင်းတို့ပြောသလို ငါ့ကိုချစ်နေတယ်ဆိုတဲ့ မိန်းကလေးမျိုး ရရင်တော့ ကံအကောင်းဆုံး လူပေါ့ကွာ"

သူငယ်ချင်းတွေက တညီတညာတည်း ဝိုင်းပြောကြသည်မှာ အလွန်အတွက်ကြီးသောကောင်ဟူ၍ ဖြစ်လေသည်။ သို့သော် သူက အပြုံးမပျက်ချေ။ မှန်သင့်သလောက်လည်း မှန်နေသောအရာ မဟုတ်လား။

သူမှတ်သားထားရသော စကားတစ်ခုလိုပင် ကောင်းသော အတွေးဆန်ခြင်းသည် သင့်အတွက် လူဖြစ်မရှုံးနိုင်ဆိုသလို သူ့အတွေးသည် သူ့အတွက်တော့ အကောင်းတွေကိုသာ ဖန်တီးပေးမည်ဟု ယုံကြည်လေသည်။

ဆေးမှန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







## အခန်း(၂)

"နင့်ကို ဆက်လိုက်မလာနဲ့လို့ ပြောနေတယ်လေ၊ လူလိုပြောနေတာ နားမလည်ဘူးလား"

ရွှေရုပ်ရဲ့ အော်သံကျယ်ကျယ်ကြောင့် အနီးအပါးက ...ပင် လှည့်ကြည့်လာကြလေသည်။ ငွေလကလည်း သတိပေး... ရွှေရုပ်ရဲ့လက်ကို ဖျတ်ခနဲ လာကိုင်သည်။ အအော်ခံရိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသော ငနဲ့သားကတော့ ရှက်သွားသည့်စိတ်ဖြင့် အားတင်းလိုက်ကာ သရော်တော်တော် အပြုံးမျိုးပြုံးလျက် ...

"ခင်ဗျားနောက် လိုက်တာမှ မဟုတ်တာ၊ သူ့နောက် လိုက်တာပဲဟာ"

သူကလည်း ခေသူတော့မဟုတ်။ မိန်းကလေး တစ်ယောက်အဖို့ ရှက်တတ်လျှင် ရှက်ဖွယ်ရှိသော စကားမျိုးနှင့် ရွှေရုပ်ကို ပြန်တွယ်သည်။ သို့သော် ရွှေရုပ်ကား ဒါမျိုးကို နည်းနည်းမှ မှုတတ်သောသူ မဟုတ်ရလျှင် ...

"ဘယ်သူ့နောက်ပဲလိုက်လိုက် လိုက်စရာမလိုဘူး"

"ဟာ ... ခင်ဗျားက ဘလိုင်းကြီးပဲ၊ ဘာဖြစ်နေတာလဲ ကာယကံရှင်ကတောင် ဘာမှမပြောဘဲနဲ့"

"ကာယကံရှင်က မပြောချင်လို့ မပြောတာ၊ နင်သာ လူရိုပ်လူခြေ အကဲခတ်တတ်ရင် စိတ်ရှုပ်နေတဲ့ သူ့ရုပ်ကို နင့်မျက်လုံးက မမြင်ဘူးလား၊ နင် လိုက်နေတာ ကြည်ဖြူကျေနပ်နေတဲ့ ရုပ်လား၊ စိတ်ပျက်နေတဲ့ရုပ်လား ခွဲခြားသိသင့်တယ်"

"ကျွတ် ... တကယ့်အရစ်ပဲ"

ဘောပတ်ဝန်းကျင်က အကဲခတ်လာကြတာလေ ဒီ့ထက်ကြာရင် ရွှေရုပ်ရဲ့ပုံစံက ပိုဆိုးလာနိုင်ဖွယ် ရှိတာရောကြောင့် ထိုငနဲက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ကျစ်ခနဲ စုတ်သပ်ကာ လှည့်ထွက်သွားလေတော့သည်။





ဒီတော့မှ ရွှေရုပ်က ကျေကျေနပ်နပ်ဖြင့် ဆက်လျှောက်သည်။ ငွေလသည် ရွှေရုပ်ကို ကြည့်လျက် ...

"ရွှေရုပ်ရယ် နင်ကလည်း ဘာလို့ သွားပြောနေတာလဲ၊ သူ့ဘာသာ နောက်ကလိုက်တာပဲဟာ၊ ကားနဲ့ ထွက်သွားတော့လည်း ကျန်ခဲ့မှာပေါ့ ..."

ငါက သူ့ရှေ့ မပြောချင်လို့၊ ငါ စိတ်ပျက်နေတဲ့ ရုပ်က သူ့ကိုမဟုတ်ဘူး သိလား၊ နင့်ကို နင့်ကို၊ အရမ်းပဲ ရှက်ဖို့ကောင်းလိုက်တာ၊ လူတွေကလည်း ကြည့်လို့"

"လူတွေကြည့်တာ ဘာဖြစ်လဲ၊ နင်တို့ မိန်းမတွေ အဲဒါ ခက်တာပဲ၊ ကိုယ် မကြိုက်ရင် မကြိုက်တဲ့ကိစ္စကို ပွင့်ပွင့်လင်းလင်း On the spot ရှင်းရဲရမှာပေါ့၊

သူကတော့ ကျေနပ်စေ၊ ကိုယ်ကတော့ စိတ်ရှုပ်နေတဲ့ ဒုက္ခကြီးကို ကြိတ်မှိတ် ခံစားနေရမှာလား မမိုက်လိုက်တာ"

"အောင်မယ် ... စကားပြောရင် နင်တို့ မိန်းမတွေ နင်တို့ မိန်းမတွေနဲ့၊ မုန်းဖို့ကောင်းလိုက်တာ၊ သူကျတော့ အထီးကြီးကျလို့"

"ဟုတ်တယ်လေ မိန်းမ အများစုက ဒီလိုပဲ မဟုတ်လား၊ ဣန္ဒြေတွေ၊ သိက္ခာတွေငုံ့တွက် ထည့်တွက်ပြီး ဘာကိုမှ မပြတ်သားနိုင်ကြဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားက မှားနေရင်လည်း သိသိကြီး
ငုံ့ခံနေရတာ၊ သားမျက်နှာ၊ သမီးမျက်နှာတွေနဲ့ မ
ပိုက်တဲ့ဘဝကြီးမှာ တစ်နေ့ တစ်နေ့ ပေးဆပ်နေရတာ
စတေးနေရတာ"

ပြောရင်း ပြောရင်းနှင့် ရွှေရုပ်သည် ခံစားချက်
နှစ်ဝင်လာကာ အသံတွေပင် ဆို့နင့်လာရလေသည်။ တစ်ခါတ
တွင် မိန်းမ ဖြစ်ရသည့်ဘဝကို ရွှေရုပ် အတော်စိတ်နာသည်
မိန်းမသားဖြစ်ရသည့်အတွက် တချို့နေရာတွေမှာ အခွင့်အရေး
အမှန်တကယ်ကိုပင် ဆုံးရှုံးလေသည်။

"ရွှေရုပ်ရယ် ငါ နင့်ကို နားလည်ပါတယ်ဟယ်၊ ဒါ
တစ်ခါတစ်ရံကျတော့လည်း နင့်စိတ်ဓာတ်တွေက သိပ်ဖြ
ထန်နေသလားလို့ပဲ၊ အဲဒါ နင် ပင်ပန်းတာပေါ့၊ အရာ
ဟာ ကိုယ်ဖြစ်စေချင်သလို ဖြစ်တာမှ မဟုတ်တာ ရွှေ
ရယ်၊ အတိတ်ဘဝရဲ့ ကုသိုလ်ကံအကျိုးပေးဆိုတာလည်
ပါသေးတာကို: ...

ဈေးပတ်ရတာ မောလာပြီဟာ၊ My Milk
တစ်ခုခု ဝင်စားရအောင်"

ငွေလက ရွှေရုပ်ရဲ့လက်ကိုဆွဲကာ My Milk
ဝင်လိုက်လျှင် ရွှေရုပ်လည်း မနေသာဘဲ လိုက်ရတော့သည်
ငွေလက ရွှေရုပ် ဘာကြိုက်တတ်သလဲ သိပြီးသားဖြစ်သ
ကောင်တာမှာ သူ့ဘာသာသူ သွားဝယ်သည်။ ရွှေရုပ်သ





င့်စွန်းစားပွဲမှာ ဝင်ထိုင်ရင်း ကောင်တာမှာ ရပ်နေသော
သကို ငေးကြည့်ကာ နေမိသည်။

ရွှေရုပ်နှင့် ငွေလသည် ပုံစံချင်း၊ စရိုက်ချင်း
ခြားစီပဲ ဖြစ်သည်။ ဆန့်ကျင်ဘက်နှစ်ယောက်ကို တမင်ပင်
ထားသလို ဒီဇိုင်းတွေကား တစ်မျိုးစီပင်။ ငွေလရဲ့ ပုံစံလေး
ည် နှာမည်နှင့် လိုက်ဖက်အောင်ပင် လမင်းလေးလို အေးချမ်း
အသွင်အပြင် အပြည့်အဝ ရှိသည်။ ခါးနှင့်အတိ ဝဲဖြာနေ
ပိတုန်းရောင်ကေသာတွေ တစ်တွေးကြီးဖြင့် နုနုအစ်အစ်
လေးပင်။

ပုံစံလေးကို မြင်တာနှင့် ရိုးသားအေးဆေးသော
ဆန်သူလေးအဖြစ် ဘယ်သူမဆို လက်ခံထားရတာပဲ ဖြစ်
။ ဒေါသမရှိ မာန်မာမရှိသော ငွေလကို ချစ်သူခင်သူတွေ
ည်း ဝိုင်းလို့သာပင်။

ရွှေရုပ်ကတော့ ငွေလနှင့် ဆန့်ကျင်ဘက်စွာဖြင့်
ထားသည်လည်း အမြဲတမ်း ခပ်တည်တည်ပင်။ အဲဒါက
င်နဲ့ ပုံမှန်စတိုင်လ်ပဲ ဖြစ်သည်။ တစ်ခုခု အလိုမကျလို့ကတော့
ကွဲဖို့ အဆင်သင့် ဖြစ်နေသည့် ဗုံးတစ်လုံးလိုပင်။ နည်းနည်း
လာမထိနှင့် မီးပွင့်သွားမည်ဟူသောသူကား ရွှေရုပ်ပဲ
လသည်။

ငွေလက အေးဆေးသိမ်မွေ့သလောက် ရွှေရုပ်သည်
ဒီမှ ဂရုမစိုက်တတ်သော တုံးတိုက်တိုက် ကျားကိုက်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်ထဲက မိန်းမစားမျိုးဝင် ဖြစ်လေသည်။ မေမေကဆိုလျှင် ရွှေရုပ်ကို အမြဲ သွန်သင်တတ်သည်။

"ရွှေရုပ်ရယ် သမီးကို မေမေ မွေးထားတာက လုလုပ လေးနော်၊ မိန်းကလေး ပီပီသသလေးနဲ့ အေးအေးချမ်းချမ်း နေစမ်းပါကွယ်၊ ဘာဖြစ်လို့ စိတ်တွေက ကြမ်းတမ်းခက်ထန် နေရတာလဲ"

"ရွှေရုပ်ရဲ့ ဘဝပေးအခြေကိုက ဒီလိုပဲဖြစ်ဖို့ အကြောင်း ဖန်လာတာနေမှာပေါ့ မေမေ"

"မဆိုင်ပါဘူး၊ မေမေ သမီးက အစက ဒီလောက် မဆိုး ပါဘူး၊ မေမေတောင် တရားနဲ့နေနိုင်သေးရင် သမီးလည်း နေတတ်ရမှာပေါ့၊ သမီးကိုကြည့်ပြီး မေမေ ရင်မောလိုက် တာ၊ သမီးမျက်နှာဟာ အမြဲတမ်း လောကကြီးကို အထီ မကျေတဲ့ပုံနဲ့"

"ဟုတ်တယ် မေမေ ရွှေရုပ် လောကကြီးကိုလည်း အထီ မကျေဘူး၊ ဘာကိုမှ အလိုမကျဘူး၊ အထူးသဖြင့် ယောကျ်ား တွေကို ရွှေရုပ် သိပ်မုန်းတယ် အဲဒါပဲ"

အဲဒီအခါမျိုးတွင် မေမေသည် ဘာမှ ဆက်မပြောနိုင် တော့သလိုလိုနှင့် ရွှေရုပ်ရဲ့အနားမှ ထထွက်သွားတတ်သည်။ တကယ်တမ်း ယှဉ်ကြည့်လျှင် ရွှေရုပ်နှင့် ငွေလတွင် ရွှေရုပ်က ပိုလှကာ ပိုမို ဆွဲဆောင်မှု ရှိသောသူတစ်ယောက် ဖြစ်သည်။ ငွေလထက် အရုပ်ပိုမြင့်ကာ စမတ်ကျကျ ဝတ်စားတတ်သဖြင့်



နှင့်ယှဉ်လျှင် ရွှေရုပ်က ပိုထင်းနေတတ်သည်။ သို့သော် ရဲ့ မျက်နှာပေးနှင့် တစ်ခုခုဆို ပြောချပစ်လိုက်ဖို့ ဝန်မလေး သော ပါးစပ်တို့ကြောင့် ရွှေရုပ်ရဲ့အနားကိုတောင် တန်ရုံ မကပ်ရဲတော့ချေ။

အမြဲတမ်း ပြုံးနေတတ်သော အေးချမ်းသည့် သွင်ပြင် သည့် မဟာဆန်သူ ငွေလနှင့် မျက်မှောင် အမြဲကြုတ်ထားတတ် ဘာမထီ ရွှေရုပ်တို့သည် သွားလေရာမှာ လူစိတ်ဝင်စားခံရ ဆန့်ကျင်ဘက် မျက်နှာပေးနှစ်ဦးပဲ ဖြစ်လေတော့သည်။

"ဟိတ် ... ဘာတွေတွေးနေတာလဲ၊ ရပြီ ရော့ စားတော့"

ရွှေရုပ်က မုန့်မစားဘဲ ချောကလက်မခ်ရှိတ်ကိုသာ တစိမ့်စိမ့် စုပ်သောက်ကာ နေလိုက်သည်။ ငွေလကတော့ သာနေသူပီပီ ဒိုးနပ်စားလိုက်၊ မခ်ရှိတ်သောက်လိုက်ဖြင့် ရှုပ်လျက်သား။ ထိုစဉ်မှာပင် ငွေလရဲ့ လက်ကိုင်ဖုန်းက မြည်လာသဖြင့် ရွှေရုပ်က ဖျတ်ခနဲ ကောက်ကိုင်၍ ဖွင့်ကာ ဆောင်လိုက်သည်။

"ဟိတ် ... ငွေလ ဘာလုပ်နေတာလဲ ပြော"

တစ်ဖက်မှ ရွှေရုပ် မသိသော အသံဖြစ်သည်။ မှမသိလျှင် ငွေလလည်း သိစရာအကြောင်း မရှိတော့။ တ မုန့်ဝါးလျက်မှ အသံတိတ် မေးဆတ်ပြလျှင် ရွှေရုပ်က မပါဟန်ဖြင့် ခေါင်းခါပြလိုက်သည်မို့ ငွေလကား ချက်ချင်း သောပေါက်သွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ငွေလ ကိုယ့်ကို စကားလေးဘာလေး ပြန်ပြောဦးလေ ကွာ၊ ကိုယ့်ကို ငွေလ သိမှာပါ၊ ငွေလတို့ ခြံရှေ့က ညတိုင်း ဂစ်တာလာတီးတဲ့လူလေ"

"ဟုတ်လား ဒီညကစပြီး လာမတီးနဲ့တော့"

"ဟား ... ငွေလက ရက်စက်တယ်ကွာ၊ ကိုယ် ငွေလကို တကယ် ချစ်တာပါ၊ ကိုယ့်နှလုံးသားထဲက ခံချက်တွေကို နားလည်ပေးဖို့တော့ ကောင်းပါတယ် နော် ငွေလ ကျေးဇူးပြုပြီး ကိုယ့်အချစ်ကို စဉ်းစားပေးပါနော်"

"ကျွတ် ... ဘယ်က ငကြောင်လဲ၊ ဘာဒိုင်တွေ လာရှုတ် ပြနေတာလဲ၊ ဒီမှာ နင် သေချာမှတ်သွားစမ်း၊ နင့်လိုကောင် မျိုးကို စိတ်လည်းမဝင်စားဘူး၊ စဉ်းစားစရာအကြောင်း လည်း မရှိဘူး၊ နားလည်လား၊ နောက် ဖုန်းလည်း လုံးဝ မဆက်နဲ့"

ရွှေရုပ်က တစ်ခါတည်းပင် တစ်ဖက်က ဖုန်းနံပါတ် ကို မှတ်ပြီးသား ဖြစ်သည်။

"ဟာ ... ခင်ဗျား စကားတွေက ရင့်လှချည်လား၊ ခင်ဗျား ငွေလ မဟုတ်ဘူးနဲ့တူတယ်၊ ဘယ်သူလဲ ရွှေရုပ်ပျို ဆိုတဲ့ မိန်းမလား"

ရွှေရုပ်ရဲ့ သတင်းကား ဘယ်လောက်တောင်များ နာမည်ကြီးနေလဲတောင် မသိပေ။ စကားပြောရင့်ကာ အထက်စီး ဆန်လျှင် ရွှေရုပ်ဟု ပြေးမြင်တတ်ကြပြီထင့်။





"ဟုတ်တယ် ငါ ရွှေရုပ်ပျိုပဲ၊ နင် မှတ်သွားဖို့က ငွေလ ကလည်း နင့်လိုလူမျိုးကို စာရင်းထဲ ထည့်မထားဘူး ဆိုတာပဲ"

"ငွေလ စာရင်းထဲထည့်တာ မထည့်တာ သူ့ကိစ္စပါ၊ ခင်ဗျားက ဘာလို့ သူ့ဖုန်းကို လက်ခံပြောနေရတာလဲ"

"နင့် မေးခွန်းတွေကိုဖြေဖို့ စိတ်ကူးမရှိဘူး"

ပြောပြီးပြီးချင်းပင် ရွှေရုပ်က ဖုန်းကို အပြီးပိတ် ထားပစ်လိုက်လေသည်။ ဒေါသထွက်သွားသော ရွှေရုပ်ကို ငွေလက ပြုံးစိစိဖြင့် ကြည့်လာရင်း ...

"ဘယ်လိုလဲ အလကားနေရင်း စိတ်တိုသွားရပြန်ပြီလား၊ ဟိုက ဘာတဲ့လဲ"

"ဘယ်က အလေနတောတွေမှန်း မသိပါဘူး၊ နင် သိလား နင်တို့အိမ်ရှေ့ကို ဂစ်တာလာတီးနေသူတဲ့၊ စကားပြောရတာ မဟန်တော့ ငါ့ကို ရွှေရုပ်ပျိုမှန်း တန်းသိသွားပုံရတယ်၊ နေပါဦး နင့်ဖုန်းနံပါတ်ကို သူက ဘယ်လိုလုပ် ရသွားရ တာတဲ့လဲ"

"နောက်တစ်ခါ ဖုန်းလာရင် ငါ မေးကြည့်ထားလိုက်မယ် လေ အဟိ"

"ငွေလ ခွေးမနော်၊ ငါ့ကို လာနောက်မနေနဲ့၊ ကျွတ် ... ဒီနေ့ ဘာဖြစ်နေလဲ မသိဘူး၊ အရေးမပါတာတွေချည်း လာတွေ့နေရတယ်၊ မြန်မြန်စားဟာ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ်ရယ် တစ်ခါတလေများ စိတ်လေးကို နူးနူးညံ့ညံ့လေး ထားကြည့်စမ်းပါဦး၊ ထစ်ခနဲဆို ဒေါသက ရှေ့က နင် အသက်တိုမယ် သိလား"

"တိုတိုဟာ စကားရှည်မနေနဲ့"

ရွှေရုပ် ဒေါသထွက်နေမှန်း သိသဖြင့် ငွေလသည် ဘာမှပြန်မပြောတော့ဘဲ မုန့်ကို မြန်မြန် လက်စသတ်လျက် စားတော့သည်။ ဒီလိုကျပြန်တော့လည်း ငွေလကို အော်ပစ်လိုက်မိသည့်အတွက် ရွှေရုပ် စိတ်မကောင်းချေ။ အင်း ... ချစ်သူငယ်ချင်း ငွေလလေးဟာ စိတ်ရင်းကောင်း သဘောဖြူစင်ရှာသူလေးမို့လို့သာပဲ။ သူမလေးသည် ရွှေရုပ်ရဲ့ဒဏ်ကို အတော်ခံရရှာသည်။ ရွှေရုပ်ရဲ့ဒဏ်ကို ရွှေရုပ်ရဲ့ မိသားစုပင်လျှင် မခံနိုင်ချေ။ ငွေလကို ရွှေရုပ်က တော်တော်လည်း ချစ်ပါသည်။

"ပြီးပြီ ရွှေရုပ်၊ သွားရအောင်လေ"

ရွှေရုပ်က ငွေလနှင့်အတူ ယှဉ်တွဲကာ ကားရပ်ထားခဲ့သောနေရာသို့ လျှောက်လာခဲ့ကြသည်။ ရွှေရုပ် စိတ်ဆိုးနေသည်ထင်၍ ငွေလက အလိုက်သိစွာဖြင့် ဘာစကားမှမပြောဘဲ တိတ်ဆိတ်စွာ နေပေးသည်။ ငွေလက အဲလို အလိုက်သိတာကြောင့်လည်း ချစ်ဖို့ကောင်းတာပင်။

ရွှေရုပ်သည် ကားကို စက်နှိုးကာ မောင်းထွက်လိုက်ရင်းမှ ...

"ငွေလ ... နင် ငါ့ကို စိတ်ဆိုးသွားလား"





"မဆိုးပါဘူး ရွှေရုပ်ရယ်၊ နင့်ကို ငါက အမြဲ နားလည်ပေးတဲ့သူပါ"

ရွှေရုပ်က ငွေလရဲ့ ခေါင်းလေးကို ချစ်စနိုးဖြင့် တစ်ချက် လှမ်းပုတ်လိုက်လေသည်။ ပြီးတော့မှ ...

"ငါ့ဘဝဟာလည်း နင် ရှိနေသေးလို့သာပဲ ငွေလရယ်၊ နင့်လို စိတ်သဘောထား သိပ်မြင့်မြတ်တဲ့ သူငယ်ချင်းကောင်းတစ်ယောက်ကို ကံဇာတ်ဆရာက သနားသောအားဖြင့် လက်ဆောင်ပေးထားလို့သာပဲ ...

နင်က ယုန်လေးလိုပဲ ငွေလ၊ သိပ်ဖြူစင်တယ်၊ လူတိုင်းကို အကောင်းမြင်တတ်တယ်၊ နင်နဲ့ ယောကျ်ားတွေနဲ့ မတန်ဘူး၊ ယောကျ်ားတွေဆိုရင် နင် စိတ်မဝင်စားနဲ့ ငွေလ"

ရွှေရုပ်ရဲ့အပြောကို ငွေလက တခစ်ခစ် ရယ်မောလေသည်။

"နင် လုပ်နေတာနဲ့ ငါ့မှာ စိတ်ဝင်စားဖို့ အခွင့်အရေးရော ရှိရဲ့လား ရွှေရုပ်ရယ်"

"ဘာလဲ နင်က စိတ်ဝင်စားချင်သေးလို့လား"

"မဝင်စားချင်ပါဘူး ရွှေရုပ်ရယ်၊ ငါ့ကို လိုက်တဲ့လူတွေက ငါတောင် ဘာမှ ပြန်လုပ်စရာမလို၊ ဦးနှောက်ခြောက်စရာမလိုဘဲနဲ့ သူ့အလိုလို ရှုံသွားတာကိုပဲ ပျော်လှပြီ၊ တစ်ခါဒီ နင့်ကို လူမုန်းများမှာပေါ့ ရွှေရုပ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"များပစေ ဂရုစိုက်စရာလား၊ ယောကျ်ားတွေ ဆိုတာ ကောင်းတဲ့ အမျိုးအစား မဟုတ်ဘူး၊ ခုခေတ်ယောကျ်ားတွေ သာတောင်ဆိုးသေးတယ်၊ မိန်းကလေးတစ်ယောက်ကို တကယ်ချစ်တာ အရမ်းရှားသွားပြီ၊ အခု သူတို့က ပြန်ပြီး choice လုပ်နေတဲ့ခေတ်၊ ဒီကောင်မလေး Background တောင့်ရဲ့လား၊ ဘယ်လိုအခြေအနေရှိလဲ၊ ဒါပဲ စုံစမ်းပြီး လိုက်ကြတာ"

ပါးစပ်ကလည်း စိတ်လိုက်မာန်ပါပြောက လက်ကလည်း ကားကို ကျင်လည်စွာ မောင်းနေသော ရွှေရုပ်ကို ငွေလကကြည့်ကာ သက်ပြင်း တစ်ချက်ကို ခိုးချပစ်လိုက်သည်။

အမှန်တော့ ရွှေရုပ်ရဲ့ စိတ်ရင်းအခံက အဲလောက် ဆိုးသောသူ မဟုတ်ချေ။ ကလေးဘဝထဲက ရခဲ့သော နှလုံးသား ဒဏ်ရာတွေက ရွှေရုပ်ကို ခက်ထန် ကြမ်းတမ်းစေခဲ့တာ ဖြစ်သည်။

ရွှေရုပ်ရဲ့ မိဘနှစ်ပါးကြားက အိမ်ထောင်ရေး ပဋိပက္ခများ၊ အထူးသဖြင့် ငွေကြေးချမ်းသာကြွယ်ဝသလောက် မျက်နှာများတတ်သော ရွှေရုပ်ရဲ့ ဖခင်ကြောင့် နေ့စဉ် ဒူးနှင့် မျက်ရည်သုတ်နေရရှာသော ရွှေရုပ်မိခင်ရဲ့ ခံစားချက်ဆိုတွေကပါ ရွှေရုပ်ထံကိုပါ ကူးစက်ခံလာရသောအခါ ရွှေရုပ်သည် ကျားနာမလေးတစ်ကောင်လို ထစ်ခနဲဆို တစ်ခုခုလုပ်ပစ်ဖို့ ဝန်မလေးတတ်သောသူ ဖြစ်လာခဲ့တာ အဆန်းမဟုတ်တော့။





တစ်ဦးတည်းသော သမီးလေးရဲ့မျက်နှာကို ငဲ့တွက်ကာ ရွှေရုပ်ရဲ့ မေမေကလည်း အိမ်ထောင်ရေးကို ပြတ်ပြတ်သားသား မလုပ်ခဲ့။ ငယ်စဉ်တည်းကနေ၍ အမေဖြစ်သူရဲ့ ခံစားချက်တွေကို အနီးကပ် သိမြင်နားလည်နေခဲ့ရသော ရွှေရုပ်ရဲ့စိတ်တွင် ဖခင်ဖြစ်သူကိုတောင် အကြီးအကျယ် စိတ်နာသောအရှိန်ဖြင့် ဘယ်ယောကျ်ားကိုမှ အကောင်းလည်း မမြင်တတ်တော့။

အိမ်ထောင်ရေး လုံးဝအဆင်မပြေသော မိဘနှစ်ပါးရဲ့ မြေစာပင်ဖြစ်ရရှာသော သူငယ်ချင်းမလေးကို ဘယ်သူတွေက နားလည်လည် မလည်လည် ငွေလကတော့ နားလည်စွာဖြင့် သနားကရုဏာသက်ရတာပဲ ဖြစ်လေသည်။ ရွှေရုပ်ရဲ့ ဖခင်သည် လျှမ်းလျှမ်းတောက် ချမ်းသာကြွယ်ဝသော်လည်း ဇနီးနှင့်သမီးကို ရုပ်ဝတ္ထုပစ္စည်းတွေမှလွဲ၍ တခြားဘာမှ မဖြည့်ဆည်းနိုင်သောသူ ဖြစ်သည်။ သို့သော် အဖေဟာ အဖေပဲမို့ ရွှေရုပ်ကို ငွေလက ငရဲမကြီးစေချင်လှပါ။

"နင့်အဖေနဲ့ရော အဆင်ပြေတယ် မဟုတ်လား၊ ဘာပဲ ဖြစ်ဖြစ်ပေါ့ဟာ အဖေဟာ အဖေပါပဲ၊ အခုလို နင် စိတ်ထင်တိုင်း ကျခွင့်ရတာလည်း ဒီအဖေရဲ့ ကျေးဇူးတွေကြောင့်ပဲ မဟုတ်လား ...

နင့်အဖေဟာ နင့်ကိုတော့ သိပ်ချစ်ပုံပါ ရွှေရုပ်ရဲ့"

ရွှေရုပ်က ကြက်သွေးရောင်နှုတ်ခမ်းလှလှကို အရုပ်ဆိုးအောင်ပင် မဲ့ရွဲ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟာ တရားလာမဟောနဲ့ ငွေလ၊ အဖေဆိုတဲ့ ကျေးဇူးတရားသက်သက်နဲ့ ငါ့နှလုံးသားတွေ ဒီလောက် နာကျင်ပွန်းရှနေရတာ ...

အဖေဆိုတဲ့ တံတိုင်းကြီးကို မပစ်မှားရကောင်းမှန်း ငါနားလည်တယ်၊ ဒါပေမဲ့ ငါ့နှလုံးသားမှာ ထွက်ပေါက် မရှိဘူး၊ ဒီအတွက် ငါ့စိတ်တွေ ကြမ်းတမ်းတယ်၊ ခက်ထန်တယ် ...

ယောကျ်ား တော်တော်များများဟာ ဒီလိုတွေပါပဲ ငွေလရယ်၊ မိန်းမတွေရဲ့ဘဝကသာ သနားစရာကောင်းတာပါ၊ ငါ့ပတ်ဝန်းကျင်မှာ တွေ့ရတဲ့ယောကျ်ားတွေကတော့ ဒီပုံတွေချည်းပဲ၊ နင် ငါ့ကို ကတိတစ်ခုပေးစမ်းပါ ငွေလရယ်၊ ယောကျ်ားတွေကို မချစ်စမ်းပါနဲ့၊ စိတ်မဝင်စားစမ်းပါနဲ့၊ နင် စိတ်ဝင်စားခဲ့တဲ့ ယောကျ်ားရှိရင်တောင် အဲဒီ ယောကျ်ားဟာ နင်နဲ့ ထိုက်တန်မှ နင် လက်ခံပါ့မယ်ဆိုတဲ့ ကတိ ငါ့ကို ပေးစမ်းပါနော်"

ရွှေရုပ် ဖြစ်နေပုံမှာ သနားစရာပင် ကောင်းသေးတော့သည်။ ငွေလသည် ရွှေရုပ်ရဲ့ စိုးရိမ်စိတ်ကို နားလည်သော်လည်း ပေါ့တိမ်ချင်သော စေတနာဖြင့် ...

"ဒီစကားကို သူများကြားသွားရင် အမြင်ကတ်နေပါဦးမယ် ဟယ်၊ ငါနဲ့ ထိုက်တန်တဲ့ ယောကျ်ားလို့ပဲ၊ ငါက ဘယ်လောက်များ ကြီးကြယ်မြင့်မြတ်နေလို့လဲ ရွှေရုပ်ရဲ့"





"မိန်းမတစ်ယောက်က ကြီးကျယ်မြင့်မြတ်နေဖို့ မလိုဘူး ငွေလ၊ ကိုယ်ကျင့်သိက္ခာရှိရင် အဲဒီမိန်းကလေးက တန်ဖိုးရှိတာပဲ၊ နင်က ဘဝမှာ ဖြူဖြူစင်စင်ပဲ နေလာခဲ့တဲ့ မိန်းကလေး၊ ဘာအစွန်းအထင်းမှ မရှိတဲ့ မိန်းကလေး တစ်ယောက် ...

ရုပ်ချောတယ်၊ ပညာတတ်တယ်၊ ပြည့်စုံတယ်၊ အထူးသဖြင့် နင့်မျက်နှာလေးက အေးချမ်းပြီး ဣန္ဒြေသိက္ခာ အပြည့်ရှိတယ်၊ ဒီလို မိန်းကလေးမျိုးဟာ တည်ငြိမ်ရင့်ကျက်တဲ့ ယောကျ်ားမျိုးနဲ့ဘဲ ထိုက်တန်တော့မှာပေါ့၊

ငါက တစ်ဖက်စွန်း ရောက်နေတဲ့ မိန်းမျိုးလည်း မဟုတ်ပါဘူး၊ လောကမှာ ရိုးသားဖြောင့်မတ်တဲ့၊ သစ္စာရှိတဲ့၊ အချစ်ကို တန်ဖိုးထားတဲ့ ယောကျ်ားတွေလည်း ရှိမှာပါ၊ နင့်ကို အဲလိုလူမျိုးနဲ့ ဆုံဆည်းစေချင်တယ် ...

နင့်ပုံစံက သားရှင်တော်တော်များများကလည်း သဘောကျမဲ့ပုံဆိုတော့ နင့်မိဘကို စပ်ဟပ်တာလည်း ရှိမှာပဲ၊ နင့်အမေကို ပြောထား၊ သမီး မကြိုက်ဘဲနဲ့ လက်မခံရဘူးလို့၊ နင့်အမေ ပြောတဲ့လူကို ငါ့ကိုပြ၊ သူ့အကြောင်း ငါ စုံစမ်းမယ်၊ တချို့က လူကြည့်ရင်တော့ ရုပ်တည်နဲ့၊ ကွယ်ရာမှာ ခြေပုန်းခုတ်တားတာတွေက ပွလို့"

"ရွှေရုပ်ရယ် ငါ့အမေတောင် နင့်လောက် မတွေးတတ်ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ အစိုးရိမ်ဆုံးဟာ လုလည် ပွေ့ ပေသီးခေါက်တွေနဲ့ ဆုံစည်းမှာကိုပဲ"

"ဟင်း ... နင်ပြောလိုက်ရင် အဆန်းချည်းပဲ၊ ဝေါဟာရ ဖွင့်ပါဦး"

"လုလည်လေ ကိုယ့်ဘက်ပဲ ကိုယ်ကြည့်တယ်၊ ပွေ့တာက တော့ ရှင်းရှင်းလေးပဲ၊ ရည်စားများနေတဲ့ ငနဲပေါ့၊ ဒါမျိုး တွေက ကိုယ်ကသာ ရှုပ်ချင်တိုင်း ရှုပ်မယ်၊ တကယ်ယူတော့ မယ်ဆိုရင်တော့ စင်းလုံးချောမှ ရှာယူကြတာ၊ ပေသီး ခေါက်တာကတော့ စင်းလုံးချောအပြင် ချောလည်းချော ထောလည်းထောတဲ့ မိန်းမမျိုးကိုပေါ့ ...

ပြီးပြီလေ perfect ပဲ၊ နင်က အဲဒီလိုကောင်မျိုးတွေရဲ့ ပစ်မှတ် ဖြစ်ချင်စရာနော် ငွေလ၊ ဒါကြောင့် ငါ ပြောတာ"

ငွေလက ပန်းလေးတွန့်ကာ ဘာမှ ထပ်မပြောတော့။ ရွှေရုပ် ကျေနပ်အောင်ပင် ကတိတစ်ခု ပေးလိုက်တော့သည်။ ရွှေရုပ်သည် ငွေလထက်စာလျှင် ရဲရင့်သည်၊ ပြတ်သားသည်၊ သစ္စာရှိသလို ဘာကိုမှ မကြောက်တတ်ဘဲ အစ်မတစ်ယောက်လိုပင် အားကိုးရသဖြင့် ရွှေရုပ်ပြီးလျှင် ငွေလလည်း ပြီးတာပဲ ဖြစ်တော့ လေသည်။







## အခန်း(၃)

သူ ပိုင်ဆိုင်သော Fancyfree store ၏ မှန်တံခါးကို တွန်းဖွင့်၍ ဆိုင်ထဲသို့ ဝင်လာလိုက်လျှင် ဆိုင်ထဲရှိ လူတော်တော် များများ၏ မျက်လုံးတွေက သူ့ထံသို့ အလိုလို ကျရောက်လာကြသည်။

သူကတော့ ရှိနေသူပီပီ ဘာကိုမှ ဂရုမစိုက်လှဘဲ သူဖြတ်သန်းလာရာ လမ်းတစ်လျှောက်ရှိ customer များကို ပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လာခဲ့သည်။ သူ့အပြုံးကို ချာတိတ်မလေးအုပ်စုတစ်ခုက တီးတိုးသစ်းပိုးလုပ်လျက် အချင်းချင်း လက်တို့ပြောနေတာကို သတိကျန်ကျန်ပြုကာ သူ့ရဲ့ သီးသန့်အခန်းထဲသို့ ဝင်လာလိုက်သည်။

သူ့ရဲ့ စတိုးလေးသည် ဖွင့်ထားတာ သိပ်မကြာလှ သေးသော်လည်း ခေတ်လူငယ်တို့၏ ပါးစပ်ဖျားတွင်တော့ အတော်ကို ရေပန်းစားလှသည်။ သူ့ရဲ့ စတိုးတွင် မြန်မာပြည်တွင် မရ တတ်သော ပစ္စည်းဆန်းများကို တင်ထားသဖြင့် လူငယ်ယောကျ်ား လေး မိန်းကလေးတွေက ပို၍ နှစ်သက်ခြင်းပင်။

သူ့ရဲ့အစ်ကိုက အမေရိကားမှာနေတာ မြန်မာပြည်ကို သိပ်မဝင်သော အလှကုန်ပစ္စည်းမျိုးစုံကို ပို့ပေးတတ်သဖြင့် သူ့ရဲ့စတိုးကို အမျိုးသမီးထုကလည်း စိတ်ဝင်စားသည်။

သူ့ရဲ့ အစ်မဝမ်းကွဲတစ်ယောက်ကလည်း ကိုရီးယားမှနေ၍ ခေတ်ပေါ် fancy ပစ္စည်းမျိုးစုံကို သူများထက်ဦးအောင် တင်ပို့ပေးနေလေရာ အဆန်းအပြားပစ္စည်းလေးတွေ စုံလင်သော သူ့ရဲ့ Fancyfreeကို သူနှင့် ထပ်တူထပ်မျှပင် လူတွေက စိတ်ဝင်စားကြလေသည်။

သူကလည်း Fashioıı နှင့် styleကို စိတ်ဝင်စားသောသူ ဖြစ်သဖြင့် သူ့ဆိုင်ကို Romantic ဖြစ်အောင် ပြင်ဆင်ထားတတ်သည်။

တက္ကသိုလ်ရိပ်သာလမ်းသစ်တွင် အေးအေးလူလူ ဖွင့်လှစ်ထားသော သူ့ဆိုင်လေး၌ ဝယ်သူပြတ်သည်ဟူ၍ မရှိ





Fancyfreeသည် သူ့ ဝါသနာအလျောက်သာ ဖွင့်ထားခြင်း ဖြစ်သော်လည်း မထင်မှတ်ပဲ အောင်မြင်သဖြင့် သူက ဖေဖေ့ အလုပ်ထဲ ခြေစုံပစ်မဝင်သေးဘဲ သူ့ဆိုင်၌သာ ပျော်မွေ့နေတော့တာ ဖြစ်လေသည်။

ကွန်ပျူတာဖွင့်လျက် စာရင်းတွေ စစ်နေတုန်းမှာပင် သူ့ရဲ့ လက်ကိုင်ဖုန်းက တီးလုံးသံလေး ထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါခင်ဗျာ၊ မှော် စကား ပြောနေပါတယ်"

"ကိုကို ... ရွက်ဝါ ပြောနေတာ"

တစ်ဖက်မှ ဆောင့်ဆောင့်အောင့်အောင့် ထွက်လာသောအသံကြောင့်ရော၊ ကြားရသော နာမည်ကြောင့်ပါ သူက စိတ်ပျက်လက်ပျက်ကြီးပင် နှာခေါင်းရှုံ့ပစ်လိုက်သည်။ သွားပြီ၊ ဒီနေ့တော့ သူ့အတွက် ပြဿဒါးဖြစ်ပြီ။

"အင်း ... ရွက်ဝါ ဘာပြောမလို့လဲ၊ ကိုယ် အချိန်သိပ်မရဘူး၊ ဒီမှာ စာရင်းစစ်တုန်း တန်းလန်းကြီးနဲ့"

"သိပါတယ် လိမ်ဆင်တွေ လာမလုပ်နေနဲ့၊ ရွက်ဝါကို ကိုကို ခေါက်ထားလိုက်ပြီ မဟုတ်လား"

ခေါက်ရုံတင် မကဘဲ ချိုးတောင်ပစ်ချင်သည်ဟု ပြောတော့ပါ။ ထိုကောင်မလေးသည် သူ ထားခဲ့မိသမျှ ရည်းစားတွေထဲ၌ အတော့်ကို ပစိပစပ်နိုင်တာ၊ နေရာတကာ သဝန်တိုတတ်၊ ချုပ်ချယ်တားဆီးတတ်လွန်းသဖြင့် စိတ်ပျက်လွန်းရတာ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို တမင်ဖန်တီး၍ သူက အဆက်အသွယ်ပြတ်ထားခဲ့ခြင်း ဖြစ်သည်။

သူမကလည်း သူ့ဘက်က ပြန်များချော့လေမလားဟု၍ စတင် မဆက်သွယ်။ သူကလည်း ပျင်းရိငြီးငွေ့ရုံသာမက စိတ်လည်းပျက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာနှင့်ကို အဆက်အသွယ် ပြတ်ထားတော့သည်။

"ကိုယ်တို့က အယူအဆချင်းမှမတူဘဲ ရွှက်ဝါရဲ့၊ ခေါက်ထားတယ်လည်း မဟုတ်ပါဘူး၊ ကိုယ့်ထက်သာတဲ့ ယောကျ်ားတွေ လောကမှာ အများကြီးပါ"

"တော်စမ်းပါ ကိုကို့အကြောင်း ရွှက်ဝါမသိတာကျလို့၊ စချစ်ကတည်းက ကိုကိုဟာ ဘယ်လိုလူဆိုတာ ရွှက်ဝါ သိသားပဲ"

သိရင်လည်း ဘာလို့ လာချစ်နေသေးတုန်း။ သူက အမြင်ကတ်ကတ်နှင့် စိတ်ထဲမှ ကျိတ်ပြောမိသည်။

"ရွှက်ဝါ နားလည်ရင် ပြီးတာပဲလေ၊ ကိုယ်က မကောင်းဘူး ရွှက်ဝါ၊ ရွှက်ဝါအတွက် သုခတွေ ပေးနိုင်မဲ့သူမျိုး မဟုတ်ဘူး၊ အဲတော့ ကိုယ့်လိုလူမျိုးကို ရွှက်ဝါ ခေါင်းထဲမှာ ထည့်မထားတော့နဲ့ပေါ့၊ ဝဲပစ်လိုက်စမ်းပါ"

"ခုတော့ ကိုကိုက ဒီစကားမျိုး ပြောပြီပေါ့၊ ရွှက်ဝါကတော့ ကိုကိုကို တကယ် ချစ်ခဲ့တာ၊ ကိုကို အရမ်းရက်စက်တယ်၊ ရွှက်ဝါကို ပြတ်ချင်လို့ ကိုကို တမင် ခွင်ဖန်တာမှန်း သိတယ်"





တစ်ဖက်က ပြောရင်းနှင့် ရှိုက်သံပါလာသဖြင့် သူ့မှာ ပို၍ စိတ်ညစ်ရလေသည်။ ငိုသောမိန်းမတွေကို သူ ပို မုန်းသည်။ မျက်ရည်သည် မိန်းမတွေရဲ့ လက်နက်ဟုဆိုလျှင် ဆိုလက်နက်ကို သူက လုံးဝမကြောက်ချေ။

"ဆောရီး ရွှက်ဝါ၊ ကိုယ် စိတ်မကောင်းပါဘူး၊ ရွှက်ဝါကို ကိုယ့်ညီမလေးတစ်ယောက်လို စေတနာထားပြီး ပြောရရင် အချစ်ဆိုတာကြီးကို မရူးသွပ်စေချင်ဘူး ရွှက်ဝါ ...

ကိုယ်ကိုယ်တိုင်လည်း မရူးသွပ်ဘူး၊ အချစ်ဆိုတာ အချိန်မရွေး ဖြစ်နိုင်တယ်၊ အချိန်မရွေးလည်း ပျက်နိုင်တယ်၊ အချစ်ထက် အရေးပါတဲ့ကိစ္စတွေ လောကကြီးမှာ အများကြီးပါ၊ ကိုယ် ပြောတာကို လက်ခံလား"

"သြော် ... ဒါဖြင့်ရင် ရှင်က အချစ်ကို ကစားနေတဲ့ သူပေါ့၊ ရှင် တစ်နေ့ ကောင်းကောင်းကြီး ဝဋ်လည်မယ် မှော် ...

မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ရှင် ဘယ်လောက်ပဲ မှော်အောင်တယ်ပြောပြော ရှင့်ကိုနိုင်တဲ့ ဆယ့်နှစ်ကြိုးတတ် မိန်းမတစ်ယောက်လည်း ရှိလာဦးမှာပါ၊ ရှင် အလဲအကွဲ ကျဆုံးမဲ့နေ့ကို ကျွန်မ စောင့်နေမယ်"

"အိုကေ ... အိုကေ အဲဒီကျမှ ပြန်တွေ့ကြတာပေါ့"

သူက ဖုန်းကိုပိတ်ကာ စားပွဲပေါ် ပြန်တင်လိုက်ရင်း တစ်ယောက်တည်း ပြုံးမိသွားသည်။ သူ့ကိုနိုင်တဲ့ ဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတတ်တဲ့ မိန်းမတစ်ယောက်တဲ့။ တွေ့မယ်ဆိုရင်ဖြင့် အမှန်တကယ်ကို သူ တွေ့ချင်လှလေသည်။

သူက ကိုယ့်ကိုယ်ကိုယ်မို့ ဂုဏ်ဖော်ကာ ပြောခြင်း မဟုတ်သော်လည်း မိန်းကလေးတော်တော် များများသည် သူ့ကို ဆိုလျှင် အတော်ကို ကြွေကြသည်။ ရောက်လေရာ နေရာတိုင်း၌ သူ့ကို မဖော်ရွေ မပျူငှာသော မိန်းကလေးဟူ၍ မရှိ။ သူငယ်ချင်းတွေကတော့ စကားပြောကောင်းသော အရည်အချင်းကြောင့်လည်း ပါမည်ဟု ဝေဖန်သည်။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ မော်အောင်သည်ဟု နာမည်ကြီးတာတော့ အမှန်ပဲ ဖြစ်သည်။ အဲဒီအစွမ်းနှင့်လည်း သူ အမှန်တကယ် လက်ထပ်ချင်သော ရိုးသားအေးဆေးသည့် မိန်းကလေးကို ရှာဖွေယူရမှာ ဖြစ်သည်။ လူကြီးမိဘတွေ ရှာဖွေပေးစားသော အိမ်ထောင်ရေးမျိုးကိုလည်း သူက စိတ်မဝင်စားလှပါ။

သူ လက်ထပ်မည့် မိန်းမသည် သူ့ရွေးချယ်မှုနှင့်ပဲ ဖြစ်ရမည်။ ထို့အတူ လွယ်ကူလွန်းသော မိန်းကလေးမျိုးလည်း မဖြစ်စေချင်သေးချေ။ တစ်ဘဝလုံး အတူနေသွားရမည့် မိန်းကလေးကို ပိုးပန်းစဉ်က အဖြစ်အပျက်များသည် တသသတော့ ပြန်ပြောနေစရာ ကောင်းဖို့လိုသည့် မဟုတ်ပါလား။







ရွှေရုပ်သည် internet ထဲသို့ဝင်၍ website တစ်ခုကို စိတ်ဝင်တစား ကြည့်နေတုန်းမှာပင် အခန်းတွင်းရှိ အိမ်တွင်းစကားပြောစက်မှ အသံထွက်လာသည်။

"ရွှေရုပ် ... အန်ကယ်က အောက်ထပ် ခဏဆင်းခဲ့ပါဦးတဲ့"

"ကျွတ် ... ဘာမှန်းလဲ မသိဘူး"

ရွှေရုပ်က မကျေမနပ်နှင့် ရေရွတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။ ဖေဖေနှင့် မေမေသည် တစ်အိမ်တည်း အတူနေသော်လည်း မျက်နှာချင်းဆိုင်သောသူများ မဟုတ်ကြ။ ရွှေရုပ်သည်လည်း ဖေဖေနှင့်စကားပြောလျှင် ဘယ်တော့မှ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည် မရှိတတ်ချေ။ နောက်ပိုင်းတွင် မေမေ ဆုံးမလွန်းသော ကြောင့်သာ ရွှေရုပ်က သိပ်မပြောတော့တာ ဖြစ်သည်။

သာယာချမ်းမြေ့လှသော ငွေလတို့ရဲ့ မိသားစုလေး ကိုမြင်လျှင် ရွှေရုပ်ရဲ့ရင်မှာ မချိအောင်ပင် ခံစားရလေသည်။ ထို အကြောင်းတွေသည် ဘယ်အချိန် ပြန်တွေးတွေး ရွှေရုပ်ရဲ့ နှလုံး သားကို ခက်ထန်ကြမ်းရှစေသည်။

ဖေဖေရဲ့ ရှေ့ရောက်သွားလျှင် ရွှေရုပ်က ခပ်တည် တည်နှင့်ပင် ဆိုဖာပေါ်၌ ဝင်ထိုင်လိုက်ပြီး ဘာမှမပြောဘဲ မျက်နှာကို စူပုတ်၍သာ ထားလိုက်သည်။ အဲဒါ ရွှေရုပ်ရဲ့ ပုံမှန် စတိုင်လ်ပဲ ဖြစ်သည်။ ဘယ်တော့မှ စကားမပြော၊ ပြောလျှင်လည်း မာမာပြတ်ပြတ်။

"ရွှေရုပ် သမီး ဖေဖေ့မိတ်ဆွေ ဦးဘကောင်းရဲ့သား ကောင်းမြတ်ကျော်ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီ သူငယ်က သမီးကို လူငယ်သဘာဝ မေတ္တာရှိလို့ ကမ်းလှမ်းတာကို ကြမ်းကြမ်းတမ်းတမ်း ပြောလွှတ်တယ် ဆို"

"အမှန်ပဲ ဖေဖေ"

ဖေဖေက မျက်မှောင်တစ်ချက်ကြုတ်ကာ ရွှေရုပ်ကို ကြည့်သည်။ ဖေဖေ့စိတ်ထဲ၌ တစ်ခုခုကို အလိုမကျဖြစ်လျှင် အမြဲ မျက်မှောင်ကြုတ်လေ့ ရှိတတ်သည်။





ဖေဖေ အလိုမကျဖြစ်တဲ့အတွက ဝမ်းမြောက်လိုက် တာ၊ ရဲကြီးလည်း ကြီးစေတော့။

"သမီး ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ၊ ကိုယ် မကြိုက် ရင်လည်း မကြိုက်ဘူးဆိုတဲ့အကြောင်း ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ပေါ့၊ သမီး ဒီလိုရိုင်းတော့ သမီးကို မွေးထားတဲ့ မိဘတွေက ဘာဖြစ်သွားလဲ၊ ဖေဖေတို့ မဆုံးမလို့ ဒီလို ရိုင်းစိုင်းတယ်ဆိုတဲ့ပုံစံ ဖြစ်မသွားဘူးလား ...

ကိုယ့်မိဘရဲ့ ဂုဏ်သိက္ခာ အခြေအနေ အဆင့်အတန်း ဆိုတာကိုလည်း ထည့်တွက်ဦးမှပေါ့"

"ရွှေရုပ် မယဉ်ကျေးတတ်ဘူး ဖေဖေ၊ အဲဒီကောင်ကို ပထမတစ်ကြိမ်တည်းက ရွှေရုပ် စကားအကုန် ပြောလိုက် ပြီးသား၊ ဒါကို သူက အမှတ်သည်းခြေမရှိဘဲ ထပ်ကြိုးစား လာလို့ ရွှေရုပ်က အပြတ်ပြောလွှတ်လိုက်တာ ...

အဲဒါ သူ့အဖေကို သူက ပြန်ပြောလို့ သူ့အဖေက ဖေဖေ့ကို ပြန်တိုင်တယ်ပေါ့၊ ဟွန်း ... အလကား ယောကျ်ား၊ အသုံးမကျကြောင်း သက်သေထူနေတာ"

ဖေဖေက ရွှေရုပ်ကို စိတ်ပျက်လက်ပျက်ပုံစံမျိုးနှင့် ကြည့်လာလေသည်။ ရွှေရုပ်ကတော့ အဟုတ်ကိုပင် ဝမ်းသာသည်။ နုနုငယ်ငယ် သမီးအရွယ် မြေးအရွယ်လေးတွေနှင့် အမြဲတစေ သုခချမ်းသာ ပျော်ရွှင်စရာတွေသာ ရခဲ့သော ဖေဖေ့အဖို့ စိတ်ညစ် စရာ၊ စိတ်ပျက်စရာဆိုတာ ဘာလဲ မြည်းစမ်းကြည့်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ရွှေရုပ် အတွက် စိတ်ပျက်ရတယ် ဆိုတာ ရွှေရုပ်နဲ့ မေမေ့ရဲ့ ခံစားချက်တွေနဲ့ယှဉ်ရင် မြင့်မိုရ်တောင်နဲ့ ဆီးစေ့လောက် ကွာခြားပါတယ်။

"သမီးကိုတော့ ဖေဖေ ဘယ်လိုဆုံးမရမှန်းတောင် မသိတော့ဘူး၊ သမီးအမေကရော သမီးကို နည်းနည်းလေးမှ မဆုံးဘူးလား၊ ဟာင် ? ...

အဲဒါ သမီး အလုပ်မလုပ်လို့၊ အလုပ်လုပ်တဲ့အခါ ကိုယ့်ထက်ကြီးတဲ့သူ၊ ငယ်တဲ့သူ၊ ရွယ်တူတန်းတူ လူအမျိုးမျိုးနဲ့ ပေါင်းသင်းဆက်ဆံရရင် သမီး ဒီလိုအချိုးမျိုးလုပ်လို့ မရတော့ဘူး၊ အလုပ်လုပ်တဲ့နေရာမှာ ပေါင်းသင်းဆက်ဆံရေးက အများကြီး စကားပြောတယ်၊ အဲဒီတော့ သမီးကို ဖေဖေ အလုပ်တစ်ခု လုပ်ခိုင်းမယ်"

"ဟာ ... ရွှေရုပ် မလုပ်ချင်ဘူး ဖေဖေ၊ မလုပ်ဘူး"

အမှန်တော့ ကျောင်းပြီးကတည်းက အိပ်လိုက်စားလိုက်နှင့် အဓိပ္ပာယ်မဲ့ နေလာခဲ့သောဘဝကို ရွှေရုပ် ငြီးငွေ့နေသည်မှာ ကြာခဲ့ချေပြီ။ ဘာလုပ်ရင်ကောင်းမလဲ၊ ကိုယ်ဘာဝါသနာပါသလဲ စဉ်းစားတောင်နေပြီ ဖြစ်သည်။ သို့သော် ဖေဖေက ပြောလာသောအခါ ရွှေရုပ် အလုပ်လုပ်ဖို့ စိတ်မဝင်စားတော့။ ဖေဖေ့ရဲ့ ဆန္ဒမှန်သမျှကို ဆန့်ကျင်ပစ်ချင်သည်မှာ ရွှေရုပ်ရဲ့ ဗီဇတစ်ခုလိုပင် ဖြစ်နေချေပြီ။





"ဟင် ... ဒါဖြင့် သမီးက ဘာလုပ်ဖို့ စိတ်ကူးထားတုန်း"

"ဘာမှ စိတ်ကူးမထားဘူး ဖေဖေ"

"ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ အလုပ်မလုပ်ချင်ရင် သမီး အန်တီရှိတဲ့ US ကို ကျောင်းသွားတက်၊ business နဲ့ပတ်သတ်တဲ့ ဘွဲ့တစ်ခုယူပြီး ပြန်လာခဲ့၊ ဖေဖေ့ အလုပ်တွေကို နောင်တစ်ချိန်မှာ သမီးပဲ ဦးစီးရမှာ"

ရွှေရုပ်သည် ဖေဖေ့ကို အလိုမကျသလိုဖြင့် မျက်လုံးတစ်ချက်လှန်ကြည့်ကာ ...

"US လည်း မသွားဘူး ဖေဖေ၊ ရွှေရုပ် မေမေနဲ့လည်း မခွဲနိုင်ဘူး"

ဖေဖေသည်လည်း ရွှေရုပ်ကို စိတ်တိုလာဟန်တူကာ ...

"ဒါဖြင့်ရင် သမီးက ဘာလုပ်မှာလဲ၊ အလုပ်လုပ်ဖို့လည်း စိတ်မဝင်စား၊ ကျောင်းလည်း မတက်ချင် ဒီလိုပဲ လတ်လျားလတ်လျား ကားတစ်စီးနဲ့ အချိန်ဖြုန်းနေမှာလား ...

တစ်ခုခုတော့ လုပ်ရမှာပေါ့၊ ဘာမှ မလုပ်ချင်ရင် သမီးကို အိမ်ထောင်ချပေးတော့မယ်"

ဖေဖေ့ရဲ့ စကားကိုကြားလျှင် ရွှေရုပ်မှာ ဆတ်ခနဲပင် ဖြစ်သွားရသည်။ ဒီစကားကို ရွှေရုပ် အမုန်းဆုံးပင်။ ယောကျ်ား ဆိုတာ ရွှေရုပ် မပတ်သက်ချင်ဆုံး အမျိုးအစားပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပာယ်မရှိလိုက်တာ၊ လုံး၀ မလုပ်နဲ့နော် ဖေဖေ၊ ရွှေရုပ် ဘယ်တော့မှ ယောကျ်ားမယူဘူး၊ အဲဒီကိစ္စကို ရွှေရုပ် အခါးသီးဆုံးပဲ"

"ဘာအဓိပ္ပာယ်မရှိရမှာလဲ၊ ဒီလောကကြီးထဲမှာ ဖေဖေတို့ မရှိတော့ရင် သမီးတစ်ယောက်တည်း ကျန်ခဲ့ရမှာ၊ ဒီလောက် စည်းစိမ်ဥစ္စာတွေနဲ့ သမီးတစ်ယောက်တည်း ဘယ်လိုရပ်တည်မလဲ၊ သမီးက အလုပ် လုပ်ချင်စိတ်လည်း မရှိ၊ ကြိုးစားချင်တဲ့စိတ်လည်းမရှိနဲ့ သမီးအတွက် သင့်တော်တဲ့ လူတစ်ယောက်ကို ရှာဖွေပေးထားပြီး နောင်ရေး စိတ်အေးအောင်လုပ်ဖို့ပဲ ရှိတော့တယ်"

ရွှေရုပ်သည် ခေါင်းပြတ်ထွက်မတတ်ပင် သွက်သွက်ခါအောင် ယမ်းကာ ...

"မလိုဘူး ဖေဖေ၊ ရွှေရုပ်ဘ၀ကို ရွှေရုပ်ဘာသာ ရပ်တည်နိုင်တယ်၊ ယောကျ်ားတစ်ယောက်ကို ကောက်ယူလိုက်မှ ရွှေရုပ်ရဲ့ဘ၀က လုံခြုံစိတ်ချရမယ်ဆိုရင် လောကကြီးမှာ ရွှေရုပ် မနေတော့ဘူး၊ သတ်သေပစ်လိုက်မယ်"

"ဟ ... ဘယ်လိုတွေ ပြောနေတာလဲ ရွှေရုပ်၊ သမီး စိတ်ရောကောင်းသေးရဲ့လား၊ သမီးပုံစံက သိပ်သွေးရူးတန်းရူးဆန်နေပြီ"

"ဖေဖေ ပြောချင်သလိုပြော၊ ရွှေရုပ် ရူးနေတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ရွှေရုပ်ကို ယောကျ်ားပေးစားဖို့တော့





ယောင်လို့များတောင် ထပ်မတွေးနဲ့ဖေဖေ၊ အလုပ်လုပ်ဖို့ဆိုတာ ရွှေရုပ် စိတ်ပါတဲ့နေ့တစ်နေ့ ဖြစ်ချင်ဖြစ်လာလိမ့်မယ်၊ ယောကျ်ားတစ်ယောက်ကို ချစ်ကြိုက်ဖို့ဆိုတာတော့ ဒီတစ်သက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

ရွှေရုပ်သည် ပြောရင်းမှ ဒေါသတွေ တရှူးရှူးတရှဲရှဲ ထွက်လာလျက် အသံတွေပင် တုန်ယင်လာကာ ဖေဖေ့ရှေ့မှ ဖျတ်ခနဲပင် လှည့်ထွက်လာခဲ့တော့သည်။ ဖေဖေကား ပါးစပ်အဟောင်းသားဖွင့်လျက် နားမလည်သလိုပုံစံနှင့် ကျန်ခဲ့သည်။

ရွှေရုပ်ရဲ့ အိပ်ခန်းထဲသို့ ပြန်ရောက်သည်အထိ ဒေါသတွေက မပြယ်သေးဘဲ တနုံ့နုံ့ ခံစားနေရတုန်းပင်။ ရွှေရုပ်ကများ ယောကျ်ားယူရမတဲ့။ ပြောရက်သော ဖေဖေ့ကို စိတ်နာချင်လေသည်။ ရွှေရုပ်သည် ကိုယ့်ဒေါသတွေကို ကိုယ့်ဘာသာပြန်မျိုချနေတုန်းမှာပင် နောက်ထပ် ဒေါသဖြစ်စရာတစ်ခုကို ထပ်မံကြုံရပြန်၏။ အင်တာကွန်မှ အသံထပ်၍ ထွက်လာပြန်သည်။

"ရွှေရုပ်ရေ အောက်မှာ ရွက်ဝါ ရောက်နေတယ်"

"အခန်းထဲကိုသာ လွှတ်လိုက်တော့ဗျို့"

ရွှေရုပ် ပြန်အော်ပြီး သိပ်မကြာမီမှာပင် ရွက်ဝါကား ရွှေရုပ်ရဲ့ အခန်းတွင်းသို့ ရောက်လာပြီဖြစ်သည်။ ရွက်ဝါသည် ရွှေရုပ်ရဲ့ ညီမနှစ်ဝမ်းကွဲလေး ဖြစ်သည်။ အကူအညီတောင်းစရာပူဆာစရာဆိုလျှင် မုန့်ဖိုးလာတောင်းတတ်သော ကလေးမလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



"မလေး ဘာလုပ်နေတာလဲ၊ သမီး မလေးရဲ့ ဟန်းဖုန်းကို ခေါ်သေးတယ်၊ ကိုင်လည်း မကိုင်ဘူး"

"အေး ... ငါ အောက်ခဏရောက်နေလို့၊ ကဲ ... ဆို အမိ ဘာအရေးတော်ပုံ ပေါ်ပေါက်လာပြန်ပြီလဲ"

"မလေးကလည်း သမီးကိုဆို ပြဿနာနဲ့ တွဲမြင်နေတာပဲ"

"မဟုတ်လို့လား၊ ကဲ ... ကဲ အလိုရှိရာကို ပြောတော်မူ၊ ငါလည်း ညစ်နေတာနော်၊ အခြေအနေ မကောင်းရင် နင်လည်း ကျောင်းရမှာ"

"ဘာလဲ ဦးနဲ့ ကျိုင်ထားပြန်ပြီလား၊ မလေးတို့ကတော့ကွာ သမီးလည်း ညစ်လာတာ မလေးရဲ့၊ အသည်းကွဲနေတယ် လုပ်ပါဦး"

ရွက်ဝါရဲ့ပုံစံက ခုချက်ချင်းပင် ငိုချပစ်တော့မည့် ပုံသဏ္ဍာန်ပင်။ "အသည်းကွဲနေတယ်" ဟူသော စကားကိုတော့ ရွှေရုပ် နားအဆန်းဆုံးပဲ ဖြစ်သည်။ ဘယ်အချိန်က ရည်းစားထား၍ ဘယ်လိုကြောင့် အသည်းကွဲသွားသလဲတော့ ရွှေရုပ် မပြောတတ်။ ရွက်ဝါမှာ ရည်းစားရှိသည်ဟုလည်း မကြားမိဘဲ အခုမှ အသည်းကွဲ သတင်းကို ကြားရတော့ ရွှေရုပ်သည် လက်ရှိ ကိုယ့်ပြဿနာကို တောင် ပြန်လည် မေ့လျော့သွားတော့လေသည်။

"နေပါဦး အသည်းကွဲရအောင် နင်က ဘယ်တုန်းက ရည်းစားထားလိုက်တာလဲ"

"သိပ်မကြာသေးပါဘူး ပြီးခဲ့တဲ့ နယူးရီးယားတုန်းက"





"ဟွန် ... နှစ်လလောက်ပဲ ရှိသေးတာပဲ၊ ငါလည်း မသိ လိုက်ရပါလား"

"ဟို ... မလေးက ယောကျ်ားလေးတွေဆို အမြင်ကတ်ညည်း ကြည့်မရတတ်တော့ သမီးလည်း ပြောပြမနေတော့တာပါ"

"သြော် ... အတော်တော်တဲ့ ညီမ၊ ဒါဖြင့် ခုရော ဘာလို့ လာပြောနေသေးလဲ၊ နင်တို့ မိန်းမတွေရဲ့ ကျရှုံးခန်းကို နားမထောင်ချင်ဘူး"

"အာ ... မလေးကလည်း ပြောလိုက်ရင် ရင်ဝကို ဆောင့် ကန်တဲ့ စကားချည်းပဲ၊ နည်းနည်းပါးပါး ဖေးမ စာနာပေးဖို့ စိတ်ကူးလေးတောင် မရှိဘူး"

ရွှေရုပ်က ရွက်ဝါကို အမြင်ကတ်စွာနှင့်ပင် မျက် စောင်းတစ်ချက် ပိတ်ထိုးပစ်လိုက်သည်။

"မရှိဘူးဟေ့ ရင်ဝကို ထပ်ပြီးတော့ပဲ ဖနောင့်နဲ့ ပေါက် ပေးလိုက်မယ်"

"ပြောကြပါ ပြောကြပါ၊ လောကကြီးထဲ နေချင်စိတ်ကို မရှိတော့ဘူး၊ သတ်သေပစ်ချင်လာပြီ၊ အီး ... ဟီး ... ဟီး"

ရွက်ဝါက ပြောပြောဆိုဆိုနှင့် ငိုချပစ်လိုက်လျှင် ရွှေရုပ်မှာ တစ်စုံတစ်ခုကို တွေးမိသွားပြီး ချက်ချင်းပင် အထိတ် ဘလန့် ဖြစ်သွားရလေသည်။

ရွက်ဝါရဲ့ ပခုံးကို ကိုင်လှုပ်ကာ ...

"ဟဲ့ ... နင် အသည်းကွဲတာက ရိုးရိုးမှ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒီ့ မလေးကလည်း အသည်းပဲ ရှယ်ကွဲတယ်လို့ ရှိလို့လား၊ ရှိးရှိးပေါ့၊ ရိုးရိုးတောင် ဒီလောက်ခံစားနေရတာ ရှယ်များကွဲရလို့ကတော့ အဲဒီ့နေရာတင် ဗိုင်းခနဲ လဲသေပြီး လောက်နေပြီ"

အခုမှပင် သက်ပြင်းချကာ ပြုံးနိုင်သွားသော ရွှေရုပ်သည် ခုနက အမြင်ကတ်စိတ်အစား သနားသော ကရုဏာဒေါသစိတ်ကလေး ဖျတ်ခနဲ ဝင်လာသည်။ ရွှက်ဝါဟာ အခုမှအသက်ဆယ့်ရှစ်နှစ်အရွယ် ချာတိတ်မလေး။ ရွှေရုပ်သည် မောင်နှမရင်းချာလည်း မရှိရှာသူမို့ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ မောင်နှမများအပေါ်တွင်တော့ ချစ်ခင်စိတ် အပြည့်အဝကို ရှိလေသည်။

အခုလည်း ကိုယ်က ကလေးဟု သဘောထားရသော ဤညီမငယ်လေး ဝမ်းနည်းငိုယိုခြင်းကို စိတ်မကောင်းတော့ ဖြစ်မိသည်။

"ကဲ ... ကဲ ငိုမနေနဲ့ အမိ၊ ကျုပ် စိတ်တိုလွန်းလို့ ပြောစမ်းပါဦး၊ ရှင့်အကောင်နဲ့ ရှင်နဲ့က ဘာတွေ ကွိုင်ပူပြီး လောင်သွားတာလဲ"

"သူ ပြောသွားတာတော့ သူနဲ့သမီးက အယူအဆချင်း မတူကြဘူးတဲ့၊ အဲဒါ အလကား လျှောက်ပြောတာ၊ သူက အရမ်းမျက်နှာများတယ် မလေးရဲ့၊ သူ သက်သက် ပြဿနာ ရှာပြီး ဖြတ်တာ"





"ဟင် ... သင်းက၊ တောက် ... မုန်းစရာကောင်းလိုက်တာ၊ အဲဒီ့ယောကျ်ားမျိုးတွေပဲ ငါ နုပ်နုပ်စဉ်းပြီး သတ်ပစ်ချင်တာပေါ့၊ နင်ကလည်း ဒီလိုကောင်မျိုးအတွက် ဘာမျက်ရည်ကျစရာလိုလဲ၊ ရှူးနှမ်းလိုက်တာ၊ အသစ်တွေ့သွားလို့ ကိုယ့်ကို ခေါက်တာများ ဂရုစိုက်လို့၊ မမိုက်လိုက်တာဟာ"

"အသစ်တွေ့သွားလိုရယ်လည်း မဟုတ်ဘူး မလေးရဲ့၊ သူက ဘယ်မိန်းကလေးကိုမှ အတည်တကျ ချစ်တယ်လည်း မရှိဘူး၊ သမီးကိုတောင် သင်ပေးလိုက်သေးတယ်၊ အချစ်ဆိုတာကို မရူးသွပ်နဲ့တဲ့၊ အချစ်ဆိုတာ အချိန်မရွေးဖြစ်ပြီး အချိန်မရွေး ပျက်နိုင်တယ်တဲ့၊ အချစ်ထက် အရေးပါတာတွေ အများကြီး ရှိတယ်တဲ့"

ရွှေရုပ်သည် ရွှက်ဝါရဲ့ စကားတွေကို မျက်မှောင်ကြုတ် နားထောင်ရင်းမှနေ၍ အံတွေ တဖြည်းဖြည်းကြိတ်ကာ အမည်တောင် မသိရသေးသော မြင်ပင် မမြင်ဖူးသေးသော ဆိုသကောင့်သားကို အမုန်းကြီးမုန်းလျက် ရှိနေပြီ ဖြစ်သည်။

"သင်းလို လူစားမျိုးက မိန်းကလေးအတွက် အန္တရာယ်ပေါ့"

"မြင်ရင်တော့ အန္တရာယ်လို့ ထင်ချင်စရာ မရှိဘူး မလေး၊ မလေး သူ့ကို ကြိုမသိထားရင် မလေးကိုတောင် ချက်ချင်း အဖွဲ့ကျခင်မင်သွားအောင် လုပ်နိုင်စွမ်း သူ့မှာ ရှိတယ်"

"အောင်မယ် သူက ဘာကောင်မို့လို့လဲ၊ ငါလား သူ့ကို အဖွဲ့ကျမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မလေးရဲ့၊ ကိုယ်သိထားရင် ပြောတာ၊ ကို သိထားတဲ့ သမီးတောင် သူ့ကို ငြိသွားခဲ့သေးတာပဲ သူက ချောတယ်ဆိုတာမျိုးထက် အရမ်း attraction ရှိလွန်း တယ် မလေးရယ်၊ ဟောလီးဝုဒ်မှာဆိုရင်တော့ ဘရက်ပစ် တို့လို ပုံစံမျိုးပေါ့၊ သူ့မှာ ညို့ဓာတ်ရှိတယ်၊ သူ့အပြုံးကတင် ရေရေလည်လည် ကြွေဖို့ကောင်းတယ် ...

သူ့ကို မကြိုက်တဲ့ မိန်းမဆိုတာ မရှိဘူး မလေးရဲ့"

ရွှေရုပ်က နှုတ်ခမ်းကို အရုပ်ဆိုးအောင်ပင် မဲ့ရွဲ့ပစ် လိုက်သည်။

"အားလုံးက သူ ဘယ်သူ့ကို တကယ်ချစ်သွားမလဲ၊ လက်ထပ်ဖို့ ရွေးချယ်မလဲဆိုတာကိုပဲ စိတ်ဝင်စားကြတယ်၊ ခုထိတော့ သူ တကယ်ချစ်တဲ့ မိန်းမ ရှိမလာသေးဘူး၊

သူ့မှာ အချစ်ရှိပုံလည်း မပေါ်ဘူး၊ သူက အချစ် ကို မရှုးသွပ်ဘူးတဲ့၊ သူ လက်ထပ်ရင်တော့ လုံးဝ perfect ဖြစ်တဲ့ မိန်းကလေးကို ရှာယူမှာပဲ၊ သူ့ကျတော့ ရည်းစား ကို အသက်နှစ်ပြန်လောက် ထားခဲ့တာ"

ပြောရင်း ပြောရင်းနှင့် ရွှက်ဝါလေးမှာ ကိုယ့်လူရဲ့ နာကြည်းစရာတွေကို ပြန်မြင်လာသလိုဟန်ရှိကာ ခုနကလောက် ခံစားချက်ပြင်းပုံ မပေါ်တော့။ နာကြည်းဟန်စွက်သော ပုံစံနှင့် သာ တစ်ခွန်းချင်း ပြောပြလျက် ရှိ၏။



ရွှေရုပ်က ရွှက်ဝါရဲ့ ဆံပင်လေးကို သပ်ဖွပေးလျက် ရှိနေ၍ ...

"ဟုတ်ပါတယ် အချစ်ဆိုတာ သူ ပြောသလိုပဲ ရူးသွပ်စရာ မဟုတ်ဘူး ရွှက်ဝါ၊ တစ်သက်လုံး မှတ်သွားတော့၊ နင် အသက်အငယ်လေး ရှိပါသေးတယ် ရွှက်ဝါရယ်၊ ဒါတွေ စိတ်မဝင်စားစမ်းပါနဲ့၊ နင် အသည်းကွဲတယ် ဆိုတာလား ဘာမှ မဟုတ်ဘူး၊ နင့်ကို စင်ကာပူနဲ့ ဗန်ကောက် တစ် ပတ်လောက် shopping ပို့ပေးလိုက်ရင် နင့် အသည်းကွဲ ရောဂါ ချက်ချင်း ပျောက်သွားမှာပဲ မဟုတ်လား"

"ဟယ် ... အဟုတ်လား၊ သမီးကို စင်ကာပူနဲ့ ဗန်ကောက် လိုက်ပို့ပေးမယ်"

"ဒါပေါ့၊ ငါလည်း ပျင်းနေတာနဲ့ နင်ရယ်၊ ငါရယ်၊ ငွေလရယ် သွားကြမယ်"

"မငွေလရောပေါ့ ဟေး ... ပျော်စရာကြီးကွာ၊ ဟား ... ဟား အသည်းကွဲတာက စင်ကာပူတောင် မရောက်သေး ဘူး၊ ချက်ချင်း ပျောက်သွားပြီ၊ ဟီး ... ဟီး မလေးက အရမ်းချစ်ဖို့ ကောင်းတာပဲ၊ မလေးပဲ နားအေးတယ်၊ အိပ်လိုက်စားလိုက် ဂရိတ်ဖိုက်ပဲ၊ ယောကျ်ားတွေဆို Don't Care ကောင်းတယ် ...

သမီးလည်း ဒီလိုပဲ နေတော့မယ်၊ အင်း ... မော့်ကို တောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... မော် ... ဟုတ်လား"

"သူ့နာမည်က မော်တဲ့ မလေးရဲ့၊ တကယ်ပဲ မော်အော
တဲ့လူတစ်ယောက်ပါ၊ ဒါပေမဲ့ သမီးက သူ့ကို နိမိတ်ဖ
ပစ်ခဲ့တယ် သိလား၊ ရှင် ဘယ်လိုပဲ မော်အောင်အော
ရှင့်ကိုနိုင်တဲ့ ဆယ့်နှစ်ကြိုးတတ်မိန်းမနဲ့တော့ တွေ့လာမှ
ပဲလို့ ...

တက္ကသိုလ်ရိပ်သာလမ်းသစ်က Fancy free ဆို
ဆိုင်က သူ့ဆိုင်ပေါ့"

ရွှေရုပ်သည် မော်ဆိုသော နာမည်ကို ခပ်တိုးတိုး
ရေရွတ်ကြည့်လိုက်ကာ မမြင်ဘူးသေးသော ထိုသူ့ကို စိတ်ထဲ
အတော်ကြီး အမြင်ကတ် မုန်းတီးသွားခဲ့သည်မှာ တစ်ခါနှစ်ခါ
ဈေးဝယ်ဖူးသော သူ့ဆိုင်ကိုပင်လျှင် စိတ်ကူးထဲမှ အပြီး ပယ်ဖျက်
ပစ်လိုက်သည်အထိပဲ ဖြစ်လေသည်။







အခန်း(၄)

အမုန်တကယ်တမ်းတွင် ထိုပြဿနာကြီး ဖြစ်ပေါ်
လာရခြင်းမှာ သူ့ရဲ့ ပေါ့ဆမှုက အဓိကလို ဖြစ်နေခဲ့ပါသည်။
သူသာ မပေါ့ဆခဲ့လျှင် ဒီလိုဖြစ်လာမှာမဟုတ်။ အခုတော့ သူ
ဘာမှ မတတ်နိုင်တော့။ ကိုယ့်နဖူးကိုယ်သာ ဘယ်နကြိမ်မှန်းမသိ
အောင် ပိတ်ရိုက်ရင်း ကိုယ့်ကိုယ်ကိုယ်သာ ဆဲပြီးရင်း ဆဲရတော့
သည်အထိ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံက ဒီလိုပင်။

ထိုနေ့ မနက်ခင်းက သူကလည်း အပြင်ထွက်ရန် အတွက် ပြင်ဆင်ပြီး နံနက်စာစားရန် မီးဖိုထဲသို့ ဆင်းလာချိန် ဖေဖေကလည်း ရုံးသွားရန် အဆင်သင့်ဖြစ်နေပုံနှင့် စားပွဲမှာ တန်း၍ တွေ့ရလေသည်။

"မောနင်း ... ဖေဖေ"

"အေး ... လာကွာ၊ မင်းက ဘယ်လဲ"

"ကျွန်တော် ဆိုင်ခဏ သွားမလို့ ဖေဖေ"

"မင်းကလည်း ဒီဆိုင်လေးတစ်ခုတည်းကိုပဲ အချိန်တွေ အများကြီး မြှုပ်နှံမထားနဲ့လေ၊ ဒါ အလုပ် ခေါ်ထိုက်လား မင်းထက်ကြီးမားတဲ့ Market တွေတောင် မန်နေဂျာတွေနဲ့ အဆင်ပြေအောင် အုပ်ချုပ်နေတာပဲ၊ မင်း ငါ့အလုပ်ကို ဝင်ဖို့ စီစဉ်တော့"

သူက ဖေဖေ့ရှေ့မှာ မျက်နှာကို မရှုံ့မဲ့မိအောင် အတော်ထိန်းထားရသည်။ ဖေဖေနှင့် ထိပ်တိုက်စကားမပြောချင်တာ အဲဒါတွေကြောင့်ပင်။ သူ့အလုပ်ကိုဆို ဖေဖေက ဘယ်တော့မှ အတင်မကြီးတတ်ချေ။

"ဟို ... ခဏလောက် နေပါဦးလား ဖေဖေရဲ့၊ ကျွန်တော် coffee shop လေးပါ တွဲဖွင့်ရင် ကောင်းမလားလို့ စဉ်းစား နေလို့ပါ"





"ဘာကွ ... မင်း အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့၊ ဒီမှာ ဖအေတစ်ယောက် အလုပ်တွေ မနိုင်တာကြကော့ ဝင်ကူဖို့ စိတ်မကူးဘဲ တခြားကို ခေါင်းနေတဲ့ကောင် ... မင်း ဘယ်အချိုး ချိုးနေတယ်ဆိုတာ ငါ သိတယ်"

"မဟုတ်ပါဘူး ဖေဖေရာ"

သူက စိတ်ပျက်လက်ပျက်နှင့် ကော်ဖီမော့ကာ စက်ကူဖြစ်သော မေမေ့ကို ရှာရသည်။ မေမေ့ကိုလည်း အရိပ် အယောင်မျှပင် မတွေ့ပေ။ မေမေကတော့ သူ့ကို တန်နေအောင် ချစ်သောသူပီပီ ဖေဖေနှင့် သူ့ကြားက နောက်တန်းခံစစ်ကောင်း ကြီးပင် ဖြစ်လေတော့သည်။

"မဟုတ်ဘူးဆိုရင် မင်း ဆိုင်ကို မန်နေဂျာနဲ့ထွဲပြီး ငါ့ဆီ လာဖို့ စီစဉ်တော၊ မဟုတ်ရင် မင်းဆိုင်ကိုပါ ငါ ပိတ်ပစ် ရလိမ့်မယ်၊ ဆိုင်တစ်ဆိုင်ဖွင့်ထားပြီး sale girl တွေက ဈေးရောင်း၊ မင်းက လိမ့်ချင်ရာလိမ့်နေပြီး ဒါ အလုပ်လုပ် တယ် ပြောမနေနဲ့ ဟောကောင်၊ သူများတွေကမေးရင် ငါက ဖြေရမှာတောင် ရှက်တယ်"

"အင်းပါ ဖေဖေရာ၊ ကျွန်တော် ချိန်းထားတာလေး ရှိသေး လို့၊ နောက်မှ စကားဆက်ပြောမယ်နော် ... အဟဲ"

"ဟာ ... ဟောကောင် နေဦး"

သူက ဖေဖေ့ရဲ့ စကားဆုံးအောင်ပင် မစောင့်ဘဲ စားပွဲပေါ်မှ ဟန်းဒ်ဖုန်းကို ကောက်ဆွဲကာ ပြေးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်မောင်း၍ လမ်းပေါ်ရောက်လာမှသာလျှင် သက်ပြင်းချနိုင်တော့သည်။

အဲဒီမှာတင် ဖေဖေသည်လည်း သူ့ရဲ့ အလွဲတစ်ခုကို စတင် ခံစားရတော့တာ ဖြစ်သည်။ ဖုန်းဝင်လာသဖြင့် ဦးမင်းဒင်သည် ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

"ဟဲလို ပြောပါ"

"ကိုကြီး သမီးပါ"

ကြားလိုက်ရသောအသံကြောင့် ဦးမင်းဒင် မျက်မှောင်တစ်ချက်ကြုတ်သွားသည်။ တစ်ခုခုတော့ မှားနေပြီ။

"ဘယ်က သမီးလဲ၊ မင်း ဘယ်သူလဲ ကလေးမ"

"ကိုကြီး အဲလို မနောက်ပါနဲ့၊ ကိုကြီး အရမ်း ရက်စက်တယ်၊ သမီးမှာ ဘာအပြစ်ရှိလို့ သမီးကို ဖြတ်ရတာလဲ၊ သမီး ဘာလုပ်လို့လဲ၊ အရာရာမှာ ကိုကြီးရဲ့ စိတ်တိုင်းကျ သမီး ဖြည့်ဆည်းပေးခဲ့တာပဲ မဟုတ်လား"

ဘုရား ... ဘုရား ကြားရသော စကားတွေကြောင့် သူ့နားထင်သွေးတွေတောင် တဒိတ်ဒိတ်နှင့် တိုးလာသလိုပင်။

"ဟေ့ ... မင်း ဘာတွေပြောနေတာလဲ၊ မင်း ဆက်တာ ဘယ်သူ့ကိုလဲ ပြောစမ်း"

"ကိုကြီး သမီးကို အဲဒီလို မအော်ပါနဲ့၊ သမီးမှာလည်း မာနရှိပါတယ်၊ အခုဟာက ကိုကြီး လုပ်သွားပုံကို မခံချင်လို့ လှမ်းပြောတာ ..."





ကိုကြီးက တကယ့်ကို woman killer ပဲ၊ သူများပြောတုန်းက သမီး မယုံခဲ့ဘူး၊ အခုမှ ကိုယ်တွေ့"

"ဟာ ... ကျွတ် မင်း ဘယ်လို မိန်းကလေးလဲ၊ ဘုမသိဘမသိနဲ့ ဘာတွေ လျှောက်ပြောနေတာလဲ၊ ငါဟာ မင်းအဖေလောက်ရှိတယ်ဆိုတာရော မင်း သိရဲ့လား၊ မင်းကို ငါ သိလည်း မသိဘူး၊ မင်း ပြောတဲ့ အကြောင်းအရာတွေကိုလည်း ငါ နားမလည်ဘူး"

တစ်ဖက်မှ စဉ်းစားသလိုနှင့် ခေတ္တမျှ တိတ်ဆိတ်သွားသည်။

"ဒါဖြင့် အန်ကယ်လ်က ဘယ်သူလဲ၊ ဒါ မှော်ရဲ့ လက်ကိုင်ဖုန်းပဲ"

"အေး ... မှော်ရဲ့ဖုန်း ဟုတ်တယ်၊ ဒါပေမဲ့ ငါက မှော် မဟုတ်ဘူးဟေ့၊ မှော်ရဲ့ အဖေကွ နားလည်လား၊ ဒီခွေးကောင်က ငါနဲ့ ဖုန်းချင်းမှားယူသွားတာ"

"ရှင် ... ဟို ... မှော်ရဲ့အဖေ ဟုတ်လား၊ ကန် ... ကန်တော့ပါ အန်ကယ်လ်ရယ်၊ မှော် ထင်လို့ ပြောမိပြောရာ စွတ်ပြောနေမိတာပါ ...

အန်ကယ်လ့်သား မှော်ကလေ အရမ်းဆိုးတယ် အန်ကယ်လ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား … ပြောစမ်း ဒီကောင် ဘာတွေဆိုးလဲ၊ သူ့အကြောင်းကို ငါ သိချင်နေတာ ကြာလှပြီ၊ ဒီကောင်နဲ့ သူ့အမေက ငါ့ကိုဆို အမြဲ ဖုံးကွယ်ထားတတ်လွန်းလို့"

"အန်ကယ့်လ်သားက woman killer ဘွဲ့တံဆိပ်ရထားတဲ့သူ အန်ကယ်လ်ရဲ့၊ သူ့ကို ချောင်းရိုက်ချင်တဲ့ မိန်းမတွေ ဒုနဲ့ဒေးပဲ၊ မိန်းကလေးတစ်ယောက်ကို သုံးလထက် ပိုမတွဲဘူး၊ အကြောင်းအမျိုးမျိုးပြပြီး ဖြတ်ပစ်ခဲ့တာပဲ …

သူ့ကြောင့် အသည်းကွဲရတဲ့ မိန်းမတွေ အများကြီးပဲ၊ တစ်နေ့ကျရင် သူ ကောင်းကောင်း ဝဋ်လည်လိမ့်ဦးမယ်၊ ဒီလိုလူမျိုးတွေက ခံရပြီဆိုရင် သူများထက်ကို ဆိုးမှာ"

"အေး … အေး ခုလို ပြောပြတဲ့အတွက် ကျေးဇူးပဲ မိန်းကလေး၊ အသုံးမကျတဲ့ ငါ့သားကို မင်းလည်း မေ့လိုက်ပါ"

ဦးမင်းဒင်သည် ပြောပြီးတာနှင့် ဖုန်းကို ပိတ်ချပစ်လိုက်ကာ စိတ်မြန်လက်မြန်ရှိသူပီပီ ချက်ချင်းပင် မော့်ထံသို့ ဖုန်းခေါ်လိုက်သည်။ မော့်ဆိုသော သူ့ရဲ့သား အငယ်ကောင်ကို သူက သိပ်ကြည့်၍ မရချင်ပေ။ အကြီးကောင်က သူ့စိတ်တိုင်းကျပင် အမေရိကား၌ အဆင်ပြေ အောင်မြင်သော လုပ်ငန်းရှင်တစ်ဦးအဖြစ် နယ်ပယ်ချဲ့ထွင်ထားနိုင်နေပြီ။ သူ့အတွက်လည်း များစွာ အထောက်အကူရသော သားအဖြစ် အင်မတန် အားကိုးရလေသည်။





အငယ်ကောင်ဖြစ်သော မော့်ကိုသာ သိပ်ကြည့်မရခြင်း ဖြစ်သည်။ ပုံစံကိုက မသိလျှင် မင်းသားလိုလို၊ မိုဒယ်ဘွိုင်းလိုလိုဖြင့် စတိုင်လ်မြောက်နေတာ၊ ကြော့ကြော့မော့မော့ နေတတ်တာကို သဘောမတွေ့ခဲ့ရာမှ အခုတော့ ထောက်ပြစရာအဖြစ် ကွက်ကွက်ကွင်းကွင်း ပေါ်ခဲ့ပြီ ဖြစ်သည်။

"ကျွန်တော့်ကို အရေးတကြီးနဲ့ ပြန်ခေါ်တာ ဘာကိစ္စလဲ ဖေဖေ"

မော်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် မေးသာမေးရသည်။ ရှို့တွန့်တွန့်နှင့်ပင်။ ဖုန်းထဲမှ ကြားခဲ့ရသော သူ့ဖခင်၏ လေသံကား အခြေအနေ သိပ်မကောင်းလှချေ။

"ဒါ ဘာလဲ … ကြည့်စမ်း"

သူက ဖေဖေ ထောင်ပြသော ဖုန်းကိုကြည့်ကာ ချက်ချင်း သဘောပေါက်သွားသည်။ အမယ်လေး … ဒါလေးများ၊ ဒါလေးများတောင် ဒီလောက် စိတ်ဆိုးစရာလိုလား။ သူက စိတ်ထဲမှ ကျိတ်ပြောလိုက်သော်လည်း အပြင်ပန်းကတော့ တစ်ချက် ရယ်သွမ်းသွမ်းကာ …

"အဟဲ … ဒါလား၊ သား အရေးတကြီးကိစ္စနဲ့ ကမန်းကတန်းမို့ လွဲသွားတာပါ၊ ရော့ … ဒီမှာ ဖေဖေ့ဖုန်း"

သူက တရိုတသေလေးနှင့်ပင် ဖေဖေရှေ့သို့ ဖုန်းကို ပြန်ချပေးလိုက်သည်။ သို့သော် ဖေဖေ့ မျက်နှာကား ထင်သလောက် ပျော့ပျောင်းမလာပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘာမှ မျက်နှာချို လာသွေးမနေနဲ့၊ ဖုန်းလွဲသွားလို့ ငါ စိတ်တိုနေတာ မဟုတ်ဘူးကွ၊ စောစောစီးစီး မင်း အရှုပ်ထုပ်ကို ဖြေရှင်းလိုက်ရလို့၊ ငါက အလုပ်ထဲဝင်ပါဆိုတော့ မဝင်ချင်ဘူး၊ အရည်မရ အဖတ်မရ ရည်းစားထားတဲ့ အလုပ်ကျတော့ လုပ်ချင်တယ် ...

ပြီးတော့ သူများသားသမီးကိုလိုက်ပြီး ဒုက္ခပေးသေးတယ်၊ မင်းအကြောင်းကြားရတာ ငါရှက်တယ်ကွ၊ သိရဲ့လား"

"ဟာ ... ဖေဖေ ဘာတွေပြောနေတာလဲ၊ ကျွန်တော် ဘယ်သူ့ကို ဒုက္ခပေးလို့လဲ၊ ကြံကြီးစည်ရာဗျာ"

"ဟော့ကောင် ... မင်း ဘာမှ လာဖာထေးမနေနဲ့၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှ ဒုက္ခပေးတာ မဟုတ်ဘူးကွ၊ စိတ်ထိခိုက်အောင် လုပ်ရင်လည်း ဒုက္ခပေးတာပဲ ...

သူများသားသမီးကို တကယ်မေတ္တာစစ်နဲ့ မချစ်ဘဲ အပျော်တွဲတာမျိုး ငါ လုံးဝ သဘောမကျဘူး၊ မင်း ရည်းစားတွေ ပွထနေအောင် ထားတယ်ဆိုတာ ငါ သိတယ်၊ ဒီအလုပ်နဲ့ပဲ မင်း အချိန်ကုန်နေတာ၊ ဘာအကျိုးရှိလဲ ပြော ...

သူများအတွက်လည်း အကျိုးမရှိ၊ ကိုယ့်အတွက်လည်း အကျိုးမရှိ ...

မဖြစ်ဘူး မင်းကို မိန်းမပေးစားမှ ဖြစ်တော့မယ်"





ဒီစကားကိုကြားလျှင် သူ့မှာ အကြီးအကျယ်ပင် မျက်လုံးပြူးသွားရလေသည်။ အခုလောလောဆယ် မိန်းမယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်သော ကိစ္စပဲ ဖြစ်သည်။ လွတ်လပ်ခြင်းရဲ့ အရသာကို သူ ခံစား၍ပင် အားမရသေးချေ။ သူ မချစ်မနှစ်သက်သော မိန်းမတစ်ယောက်နှင့် မသေမချင်း အတူနေသွားဖို့ဆိုသည်မှာ။

အဲဒီလို တွေးကြည့်တာနှင့်တင် ကြက်သီးထချင်လေသည်။

"ဟာ ... ကြားစကားတွေနဲ့ ဒီလိုတော့ တစ်ထိုင်တည်း မဆုံးဖြတ်ပါနဲ့ ဖေဖေရာ၊ သူတို့က မနာလိုတိုင်း အလကား လျှောက်ပြောတာပါ"

"ဟော့ကောင် အခုမှ မုန်လာဥ လာလုပ်မနေနဲ့၊ မင်း အကြောင်း ငါ မသိဘူးများ မှတ်နေလား တော်ပြီကွာ ဘာမှ စောဒကလာတက်မနေနဲ့၊ မင်းကို မိန်းမ မြန်မြန်ပေးစားမှ ဖြစ်မယ်၊ ပြီးရင် ငါ့အလုပ်ထဲဝင် ဒါပဲ ...

စတိုးဆိုင်လေးဖွင့်ထားပြီး လပ်လျားလပ်လျားနဲ့ ကလေရိုက်နေတာ ရပ်တော့၊ ဒီပုံအတိုင်းသွားနေရင် မင်းလည်း မိန်းမလည်း သိန်းကြွယ်တွေနဲ့ တွေ့မှာပဲ ...

ဒါမှ ပိုဆိုးမှာ၊ သင့်တော်တာကို ရှာဖွေပေးစားလိုက်တာပဲ နှာအေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အတော့်ကိုပင် စိတ်ဓာတ်ကျသွားရလေသည်။ ဖေဖေကား သူ့ကို အမြင်ကတ်သောပုဒ်မနှင့်ပင် အိမ်ထောင်ပြုဖို့ စွဲချက်တင်နေပြီ ဖြစ်သည်။

"ဘာဖြစ်နေတာတုံး ဒီသားအဖတွေ ဆူညံဆူညံနဲ့၊ သားကရော ဘာကျန်ခဲ့လို့ အိမ်တစ်ခေါက် ပြန်လာတာလဲ"

မေမေကား အခုမှပင် ဘယ်နားကနေ၍ စစ်ကူရောက်လာမှန်း မသိပေ။ မေမေ ရောက်လာသဖြင့် သူ နည်းနည်းတော့ အားတက်သွားသည်။

သူ တစ်ခုခုပြောဖို့ ပါးစပ်ဟနေတုန်းမှာပင် သူ့ထက်လျင်သော ဖေဖေက ...

"မင်းသားရဲ့ စောစောစီးစီး အသည်းကွဲဓာတ်လမ်းလေ၊ မင်းကရော ကိုယ့်သား ဒီလောက် မြာပွေနေတာ မသိဘူးလား၊ ရည်းစားတွေ အားတိုင်းယားတိုင်း အလကားလျှောက်ထားပြီး ပြဿနာကို မီးထွန်းရှာချင်နေတာ ...

ဒီကောင့်ကို မိန်းမ ပေးစားတော့မယ်၊ ဒါမှ ခြေငြိမ်မှာ"

"မေမေ့ ဝင်ပြောပါဦး မေ့မေရာ၊ သား အဲဒီလောက် အခြေအနေ မဆိုးသေးပါဘူး၊ ဖေဖေက ဖွတ်ကိုပဲ"

မေမေက ဘာပြောရမှန်း မသိသလို သူနှင့် ဖေဖေကို တစ်လှည့်စီ ကြည့်နေလေသည်။





"ဟောကောင် ဘာမှ အကူအညီတောင်းမနေနဲ့၊ ငါက ဒါဆို ဒါပဲ၊ သိတာ မင်းလည်း သင့်တော်ရာကို ရှာထား၊ ငါလည်း ရှာမယ်၊ ဒီကောင့်ကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်မှ ဖြစ်မယ်"

ဖေဖေ့ပုံစံသည် တကယ်အတည်ပေါက်ကြီး ဖြစ်သဖြင့် သူ အတော်ပင် စိတ်တွေရှုပ်လာကာ ပုံကျသပ်ရပ်အောင် ဖြီးသင်ထားသော ဆံပင်တွေကို ဆွဲဖွပစ်လိုက်သည် အထိပင်။ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းတွေပင် ကုတ်ပစ်သည်။ မေမေက သူ စိတ်ပျက်သွားပုံကို စာနာသနားသွားဟန်ဖြင့် ...

"အဖေကြီးကလည်း ဘာကိစ္စနဲ့များ အားချင်း စိစဥ်ချင်ရတာလဲ၊ သားက မိန်းကလေးလည်း မဟုတ်ပါဘူး၊ သား အသက်အရွယ် ဒီလောက်လည်း ကြီးသေးတာမှ မဟုတ်ဘဲ၊ သားကြီးတောင် အိမ်ထောင်မပြုသေးဘဲနဲ့"

"မင်း ဘာသိလို့လဲ၊ အကြီးကောင်က သူ့အလုပ်နဲ့သူ အားလုံး settle ဖြစ်နေပြီ၊ ဘာမှ ပူစရာ မလိုဘူး၊ ဒီကောင်က ရည်းစားကများ၊ အလုပ်ကို သေချာမလုပ်ချင်နဲ့၊ ပြီးတော့ ဒီလို ရည်းစားများတာ ပွေတာ ရှုပ်တာကို ငါ ခွင့်မပြုနိုင်ဘူးကွ၊ ငါပါ သိက္ခာကျတယ်၊ ငါတို့မှာ သမီး မိန်းကလေး မွေးမထားပေမဲ့ သမီးချင်း ကိုယ်ချင်းစာရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဘာမှမပြောတတ်သလိုဖြင့် ခေတ္တတိတ်ဆိတ်သွားပြီးမှ ...

"ဟုတ်သားပဲ သားရယ်၊ ကိုယ်က ဘာမှ နစ်နစ်နာနာ မလုပ်ပေမဲ့ ကြာရင် သားလည်း မကောင်းဘူးပေါ့"

သူက မေမေ့စကားကို အကွက်ရသွားသည်။

"ဟုတ်ပါတယ် မေမေ၊ ဒါတွေက မကောင်းဘူးဆိုတာလည်း သား သိလို့ အခု အားလုံး ရပ်လိုက်တာပါ၊ ရပ်ပစ်လိုက်ပါပြီ ဖေဖေရာ၊ လက်ရှိမှာ သားမှာ ဘာရည်းစားမှ မရှိတော့ပါဘူး ...

နော် ဖေဖေ မိန်းမတော့ မပေးစားသေးပါနဲ့ဦး"

"မရဘူး ဟေ့ကောင်၊ ဘာရည်းစားမှ မရှိတော့တာလည်း ကောင်းတယ်၊ ဒါပေမဲ့ မင်းကိုတော့ မိန်းမ ပေးကို ပေးစားရမယ်"

"ကျွတ် ... ခက်တာပဲဗျာ၊ သားက မချစ်မနှစ်သက်တဲ့ မိန်းမကြီးကို ယူရမှာလား ဖေဖေရဲ့၊ နည်းနည်းတော့ ကိုယ်ချင်းစာပေးပါဦး၊ ဖေဖေနဲ့ မေမေလည်း အချင်းချင်း ချစ်လို့ ယူထားကြတာပဲ မဟုတ်လား"

ဖေဖေနှင့် မေမေသည် သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ပြုံးတုံ့ကြည့်လိုက်ကြပြီးမှ ...

"ဒါဖြင့် မင်းချစ်တဲ့ မိန်းကလေးက ဘယ်သူလဲ ပြော၊ အဲဒီ မိန်းကလေးနဲ့ ယူကွာ"





"အဲဒီ ချစ်တာလည်း မတွေ့သေးလို့ပေါ့ ဖေဖေရဲ့၊ ဒါကြောင့် သားမှာ များကုန်တာ ဟဲ ... ဟဲ"

ဝေ့လည်ကြောင်ပတ်လုပ်နေသော သူ့ကို ဖေဖေက စိတ်တိုလာဟန်ဖြင့် ...

"ဟေ့ကောင် ဘာမှ ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြော မနေနဲ့၊ မင်းကို ငါ အချိန်သုံးလပေးမယ်၊ သုံးလပြည့်ရင် မင်း လက်ထပ်မဲ့ မိန်းကလေးကို ငါ့ကို ပြနိုင်ရမယ်၊ သုံးလအတွင်းမှာ မင်း တစ်သက်လုံး ပေါင်းနိုင်မဲ့ မင်းနဲ့ အဆင်ပြေနိုင်မဲ့ မင်း ကြိုက်တဲ့ မိန်းကလေးကို ရှာပေတော့...

အေး မတွေ့ဘူးဆိုရင်တော့ ငါတို့ ပေးစားတာကိုယူပါပဲ၊ ဒါ မင်းကို အသက်ညာဆုံး အခွင့်အရေး ပေးလိုက်တာပဲ၊ ငါ့ကို ဘာမှ ထပ်ပြောဖို့ မစဉ်းစားနဲ့တော့"

ဖေဖေကား သူ ပြောချင်ရာပြောပြီးတာနှင့် အနိုင်နှင့် ဒိုင်းကာ ထ၍ ထွက်သွားလေတော့သည်။ မေမေ့ကို ကြည့်လိုက်တော့လည်း ဖေဖေ့လောက် မပြင်းထန်သော်ငြား ဖေဖေ့ အစီအစဉ်ကို နှစ်သက်သဘောကျနေသည့်ပုံပင်။

အား ... ခုမှ တကယ့်ကို မြွေကိုက်တော့တာပါပဲသား။

သုံးလအတွင်းမှာ သူနှင့် အဆင်ပြေနိုင်မည့် မိန်းကလေးကို တွေ့အောင်ရှာရမတဲ့။ ဘယ်လိုလုပ်ရပါ့မလဲ၊ အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာသောအခါ အချစ်သည် သူနှင့် အဝေးဆုံးမှာ မုန်းရှော နေမှာတော့ ကောန်မလွဲချေ။ မတတ်နိုင်တော့၊ သူ့ရဲ့ ကံတရား ဒီလိုပဲ ဖန်လာခဲ့ပြီမို့ သူရဲ့ ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးရတော့လေပြီ။

အင်း ... ဘယ်မှာလဲ ဖူးစာဖက်ရေ။

ပြီး

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







တကယ့် တကယ်တမ်း ကိုယ် နှစ်သက်သဘောကျခြင်း ဖြင့် တစ်ဘဝလုံးစာ လက်တွဲရမည့် မိန်းကလေးကိုရှာပါဆိုသောအခါ ရှာမရတော့။ တွေ့သမျှ မိန်းမတွေအားလုံး သူ့ နှလုံးထဲ၌ အကျည်းတန်နေသလိုပင်။

သူ့ သူငယ်ချင်းတွေကတော့ သူ့အဖြစ်ကို ကောင်းကောင်းကြီးပင် သြဘာပေးကြလေသည်။

“မင်းကွာ ဒီလောက် ရည်းစားတွေပေါ်နေတာ အချောဆုံး တစ်ယောက်ကိုရွေးပြီး ယူလိုက်ပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရှိမလဲ မင်းတို့လည်း ဝိုင်းစဉ်းစားပေးကြဦး၊ ငါ့ရင်ကို နည်းနည်းထိနိုင်မဲ့ ငြိမ်နိုင်မဲ့ မိန်းကလေးမျိုး pure လေးတော့ ဖြစ်ပစေနော်"

"အောင်မာ... ခွေးကောင်၊ ဒါမျိုးကျတော့ မင်းက သိတတ်တယ်"

"မဟုတ်ပါဘူးကွာ ဒါကတော့ ယောကျ်ားတိုင်း ရှိတတ်တဲ့ အတွေးပဲ၊ မင်းတို့လည်း ဒီလိုမျိုးအတွေး ရှိမှာပဲ၊ ဘယ်သူမဆို ကိုယ်နဲ့ တစ်သက်လုံး လက်တွဲရမဲ့သူကိုတော့ perfect ဖြစ်စေချင်ကြတာပဲကွ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဟုတ်ပါတယ်း ဒါပေမဲ့ မင်းကတော့ သူတကာတွေ ကဲတာထက် ရှစ်ဆလောက်ကို ပိုပါပေတယ်၊ မင်းအတွက် ဖနီးလောင်းကတော့ ရှာဖွေပေးဖို့ရာ ငါတို့လည်း မစွမ်းသာဘူးဟေ့ ...

ဒီလို လုပ်ပါလား၊ သတင်းစာထဲမှာ ကြော်ငြာလိုက်ပေါ့ကွာ၊ တစ်ဘဝလုံး ပေါင်းသင်းရန်အတွက် သတို့သမီးတစ်ယောက် အလိုရှိသည်ပေါ့၊ အောက်ကမှ မင်းလိုချင်တဲ့ အချက်တွေ ချရေး၊ အဲဒါ လက်တွေ့အကျဆုံးပဲ"

"မင်းတို့ပြောတာ ရိုက်ပေါက်တွေချည်းပဲ၊ တော်ပြီကွာ သွားတော့မယ်၊ စကားပြောရတာ အပေါက်လမ်းကို မတည့်ဘူး"





သူက ပြောပြောဆိုဆိုပင် ကားသော့ကို ကောက်ယူလျက် သူငယ်ချင်းတွေကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့သည်။

"ဟေ့ကောင် သွားရင်းလာရင်းနဲ့လည်း ကြည့်သွားပေါ့ကွာ၊ သွားခါခါ အသားမည်းမည်းလေးနဲ့ များ တွေ့မလားပေါ့"

သူငယ်ချင်းတွေ လှမ်း၍နောက်သော အသံတွေကို ဥပေက္ခာပြုလျက် သူက ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ ပထမတော့ ဘယ်သွားရမှန်း မသိသေးချေ။ စိတ်ရှုပ်လွန်းရသဖြင့် သူငယ်ချင်းတွေနှင့် စကားပြောကြည့်တော့လည်း အဆင်ကမပြေ။

ထိုကောင်တွေကလည်း သူ့ကိုအကွက်ရတုန်းအဖြတ်ကျပ်နေကြဟန် တူသည်။ အိမ်ပြန်ပြီး တစ်ရေးတစ်မော အိပ်ပစ်မည်ဟု စိတ်ကူးပစ်လျက် သူက ကားလမ်းကြောင်းကို အိမ်ဘက်သို့ ဦးတည်ပစ်လိုက်သည်။ အဒီအချိန်မှာပင် သူ့အတွက် စိတ်ဝင်စားစရာတစ်ခုကို စတင် တွေ့ရှိလာတော့တာ ဖြစ်သည်။ သူ့မြင်ကွင်းထဲသို့ ရောက်လာသည့်က လမ်းဘေးချ၍ ရပ်ထားသောကားတစ်စီးနှင့် အတူ လှပယဉ်ကျေးစွာ ရပ်နေသည့် မိန်းကလေးတစ်ဦး။

အထူးသဖြင့် သူမရဲ့မျက်နှာတွင် စိတ်ညစ်သောအရိပ်အယောင်ကလည်း အထင်းသားပင်။ ကေန္ဒတော့ ကားတစ်ခုခုဖြစ်တာပဲ ဖြစ်ရမည်။ သူက လေတစ်ချက်ချွန်ကာ သူ့မကားရဲ့နောက်မကမ်းမှာ သူ့ကားကို ထိုးရပ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခက်အခဲတစ်ခုခု ဖြစ်နေတယ်နဲ့ တူတယ်၊ ကျွန်တော် ဘာကူညီပေးရမလဲ၊ အကူအညီလိုရင် ပြောပါ"

သူက လေသံကို တတ်နိုင်သမျှ တည်ငြိမ်ချိုသာစွာ ပြောလိုက်လေသည်။ သားတစောင်းအနေအထားဖြင့် ရပ်လျက်ရှိသော သူမက သူ့ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လာသည်။ အားပါး ... ခင်မောင်တိုး သီချင်းတွေထဲက ဒီဖိုင်းမျိုးပါလား။ မဟာဆန်သူ သူမလေးက သူ့ကို မဝံ့မရဲဖြင့် တစ်ချက်ကြည့်လိုက်ပုံကို သူ တော်တော်သဘောကျသွားသည်။ သူ့ရာဇဝင်တွင် ဒီလို မဟာဆန်သူမျိုးနှင့် တစ်ခါမှ မပတ်သက်ခဲ့ဖူးသေးချေ။

သူမက သူ့ပုံစံနှင့် သွင်ပြင်မှုရာကို တစ်ချက်အကဲခတ်လိုက်ပြီး စိတ်ချသွားဟန်ပုံ ပေါ်သွားပြီးလျှင် ...

"ဟို ... ကားက ဘာဖြစ်သွားလဲ မသိပါဘူး၊ မောင်းနေရင်းနဲ့ ထိုးရပ်သွားတာပဲ၊ စက်ပြန်နှိုးတော့လည်း မနိုးတော့ဘူး၊ တစ်ခါမှတော့ ဒီလိုမဖြစ်ဘူး"

ဓာတ်လမ်းပဲပေါ့ မိန်းကလေးရယ်။ ဝတ္ထုတွေထဲမှာပဲ ဒီဓာတ်လမ်းမျိုး ရှိမယ် အောက်မေ့ခဲ့တာ။ အပြင်ကမ္ဘာမှာလည်း ဒါမျိုးတွေ ဖြစ်တတ်ပါလားကွယ့်နော်၊ အင်း ... ကားကတော့ အကောင်းစားပါပဲ၊ ဖြစ်နိုင်တာကတော့ မသန့်တဲ့ဆီတွေ သုံးမိလို့ ဆီပိတ်တာမျိုးလောက်ပေါ့။

"ဘောနပ် ဖွင့်ပေးပါ၊ ကိုယ် ခဏကြည့်ကြည့်မယ်"





သူမက အထဲက ဖွင့်ပေးလိုက်လျှင် သူက စက်ဖုံးဖွင့်ကာ စစ်ဆေးကြည့်လိုက်သည်။ ထင်ထားသည့်အတိုင်း ဆီပိတ်သွားတာပင်။ သူ့အတွက် သိပ်မခက်ခဲသောကိစ္စ ဖြစ်သဖြင့် သိပ်မကြာလိုက်ဘဲ ပြီးစီး အဆင်ပြေသွားလေသည်။ ဖြူဖွေးသန့်စင်နေသော သူ့ရဲ့လက်နှစ်ဖက်ကတော့ မည်းတူးလို့သာပင်။

"ရပြီ၊ ကဲ ... စက်သွားနှိုးကြည့်ပါဦး"

"ဟုတ် ... ဒါပေမဲ့ ဟို ... လက်တွေ ပေကုန်ပြီ၊ အားနာလိုက်တာရှင်"

"ကိစ္စမရှိပါဘူး စက်ပစ္စည်း ကိုင်တာပဲ၊ ကဲပါ စက်နှိုးကြည့်လိုက်ပါဦး"

သူမက သူ့စကားအတိုင်း ကားပေါ်တက်ကာ စက်နှိုးကြည့်သည်။ တစ်ချက်နှစ်ချက် နှိုးအပြီးတွင် အလွယ်တကူပင် စက်နိုးသွားလေသည်။ သူမက သူ့ကို ကျေးဇူးတင်သော မျက်ဝန်းဖြင့် များဖြင့် မော့ကြည့်လာအခိုက်မှာ သူက ရွှန်းရွှန်းစားစားပင်ပြီး တစ်ချက် ပြုံးပြလိုက်သည်။ သူ့အပြုံးတွင် သူမ စက္ကန့်ဝက်လောက်တော့ ငေးမောသွားသည်ဟု ထင်သည်။ တကယ် သူ ပိုပြီးတော့ ပြောတာမဟုတ်။

သူ အဲဒီလို ပြုံးပြလိုက်လျှင် အင်မတန် ကြည့်လို့ကောင်းလှကြောင်း၊ ခုမှ စတွေ့ဖူးသောသူဆိုလျှင် ချက်ချင်း ခင်တော်ဆွေဖြစ်သွားချင်စိတ် ပေါက်စေသော အပြုံးဖြစ်သည်ဟု ခင်သွားသော လူတိုင်းက ပြန်ပြောဖူးတာကို အမှတ်ရမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးပြအပြီးမှာ သူမက ကားပေါ်က ပြန်ဆင်းလာသည်။

"ကျေးဇူးတင်ပါတယ်ရှင် ဒီမှာ တစ်သျှူးပါ၊ လက်သုတ်လိုက်ပါဦး"

သူက ခပ်ပြုံးပြုံးနှင့်ပင် သူက ကမ်းပေးသော တစ်သျှူးစတွေကိုယူကာ ဆွဲယူသုတ်လိုက်သည်။ အင်း ... ပုံမှန်ဆိုရင်တော့ ဒီမှာတင်ပဲ ရပ်သင့်နေပြီ။ ဒါပေမဲ့ သူက ရပ်တန့်မထားချင်ချေ။ ဒီနေရာမှာ တော်ရုံတန်ရုံ လှပသော မိန်းမဆိုလျှင်ပင် သူက ရှေ့ဆက်ချင်မှ ဆက်မည်။ အခုဟာက ထိုမိန်းကလေးသည် အင်မတန် မဟာဆန်ကာ ယဉ်ကျေးသိမ်မွေ့လှသည်။ မျက်နှာလေးက အင်မတန် ငြိမ်းချမ်းကာ ဘာမဆို ခွင့်လွှတ်နားလည်ပေးတတ်မည့် ပုံစံမျိုးလေးပင်။

သူ ရှာဖွေနေသော ဖူးစာဖက်ပုံစံကား ဒီအတိုင်းပင်ဖြစ်လေသည်။ သူက သူမ၏ ကားနံပါတ်ကို မသိမသာ မှတ်ထားလိုက်ကာ ...

"ကားက ကောင်းပါတယ်၊ ဆီမသန့်လို့ ဖြစ်ရတာ အပြင်ဆီ သုံးရင်လည်း စိတ်ချရတဲ့ဆိုင်ကပဲ သုံးပေါ့၊ မိန်းကလေးတစ်ယောက်တည်းကျတော့ ကားပျက်ရင် ဒုက္ခရောက်တယ်လေ"

"အဟင်း ... ဟုတ်တယ်၊ ဖြစ်ကို ဖြစ်တတ်တယ်၊ ငွေလက ဘယ်တုန်းကမှ အပြင်တွေ ဘာတွေ တစ်ယောက်တည်း





သွားတာ မဟုတ်ဘူး၊ သူငယ်ချင်းနဲ့ပဲ သွားတာ၊ သူငယ်ချင်းကတော့ ဘာဖြစ်ဖြစ် ကြုံတတ်ဖန်တတ်တယ်၊ ဆီပျောက်မီးပျောက်လည်း ရတယ် ...

တစ်ခါဆို ဆိုသလောက်ပဲ၊ တစ်ခါလေး ထွက်မိပါတယ် တန်းပြီး ပြဿနာနဲ့ တိုးတော့တာပဲ"

သူမက စကားပြောလျှင် နာမည်ထည့်ပြောတတ်တာကို သူ ချက်ချင်း သတိထားမိလိုက်သည်။ ငွေလ ဆိုပါလား၊ အင်း ... နာမည်နဲ့လူနဲ့တော့ အင်မတန် လိုက်ဖက်လှပါတယ် မိန်းကလေးရယ်၊ ရိုးသားအေးချမ်းတဲ့ မိန်းကလေးကို အသည်းအသန်ရှာဖွေနေရသူ ကိုယ့်အတွက်တော့ မင်းက ဘုရားပေးတဲ့ ဆုပါပဲ။

"နာမည်က ငွေလတဲ့လား၊ လူနဲ့နာမည်နဲ့ကတော့ အတော့်ကို ဟာမိုနီ ဖြစ်တာပဲနော်"

သူက ရိုးရိုးသားသား Appreciate လုပ်သည့်ပုံစံဖြင့် ချီးမွမ်းလိုက်လျှင် သူမ မျက်နှာ၌ အနည်းငယ် ပန်းရောင်ပြေးသွားလေသည်။

"နာမည်အပြည့်အစုံက ငွေလကျော့ရှင်းပါ"

"ဪ ... ကိုယ့်နာမည်က မော်ပါ၊ နောက် လမ်းမှာတွေ့လည်း နှုတ်ဆက်ပေါ့နော်"

"ဟုတ် ... ဟုတ်ကဲ့၊ ငွေလကို ခွင့်ပြုပါဦးနော်"

"အိုကေ ... ဆီးယူ ငွေလ၊ ရန်ကုန်မြို့ကြီးက ကျဉ်းကျဉ်းလေးပါ၊ ကိုယ်တို့ တစ်နေ့ ပြန်ဆုံဖြစ်ကြဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

သူက သူမကို လက်တစ်ဖက်ထောင်ပြကာ သူ့ထိုးစစ်အတိုင်းပင် ရွှန်းရွှန်းစားစား ပြုံးစိုက်ကြည့်လျက် နှုတ်ဆက်လိုက်လျှင် သူ့ကို ပြန်ကြည့်လာသော သူမရဲ့ မျက်ဝန်းလေးတွေ၌ အရောင်တစ်မျိုး လင်းဖြာလျက်ရှိတာကို တွေ့လိုက်ရလေသည်။ ချက်ချင်းပင် တစ်စုံတစ်ခုကို သူ နားလည်သွားသည်။ သူမသည် အချစ်ကို မခံစားတတ်သေးသော၊ အချစ်နှင့် ခပ်ဝေးဝေးမှာနေသော၊ အချစ်နှင့် အစိမ်းသက်သက်သာ တည်ရှိလေသော မိန်းမငယ်လေး တစ်ဦး ဖြစ်သည်ပဲ။

သူမ ထွက်ခွာသွားသည်ထိ သူက မသွားသေးဘဲ သူ့ကားကို မှီလျက်သားဖြင့် ငေးမောစောင့်ကြည့်နေခဲ့သည့် သဏ္ဍာန် တစ်ခု ဖန်တီးထားခဲ့ကာ သူမ ရင်ထဲသို့ တစ်စုံတစ်ရာအား လျှို့ဝှက်ထည့်ပေးလိုက်သည် ဆိုတာကိုတော့ သူမ သိသွားမှာ မဟုတ်တော့။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုဓမ္မာအိမ်ရာ၊ [illegible]သို့
ပေးပို့နိုင်ပါသည်။







## အခန်း(၅)

ငွေလသည် အိမ်ရောက်သည်အထိ သူ့ပုံရိပ်ကို ...င်လုံးထဲမှ ဖျောက်ဖျက်မရလျှင် အခိုက်အတန့်ပါဟု တွေးထင် ...ခဲ့သော်လည်း တကယ်တမ်းကျတော့ ထိုသို့ မဟုတ်ချေ။ ...ပါဆိုလျှင် သူနှင့် တွေ့ခဲ့တာ လေးရက်မြောက်ရှိလာခဲ့ပြီ။ ...သော် အခုထက်ထိ သူ့ကို မေ့မရသေးသည်မှာ အံ့ဩစရာ ဦးစားကြည့်လျှင် ...သူမှ မသိသော်ငြား ကိုယ့်ကိုယ်ကိုယ်တော့ ရှက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ပုံစံဟာ ယောကျ်ားတန်မဲ့ ချောလွန်းနေတာလည်း မဟုတ်။ ဒါပေမဲ့ အတော့်ကို manly ဆန်ကာ ကြည့်ကောင်းလွန်းသည်မှာ ဟိုဘက်တောင် လွန်သည်ဟု ထင်သည်။ ချောသော ယောကျ်ား၊ ကြည့်ကောင်းသော ယောကျ်ားများစွာတို့ကို တွေ့ဖူးခဲ့သော်ငြားလည်း သူ့လောက် အဆင်ပြေ ကြည့်ကောင်းသော ယောကျ်ားမျိုးကတော့ အခုမှ မြင်ဖူးတာပင်။

သူ့အရပ်မှာ ခပ်မြင့်မြင့်ဖြစ်လျက် ထိုအရပ်နှင့် လိုက်ဖက်ညီသော Body structure ရှိသည်။ သူ့ကြည့်ရတာ Gym မှာ သွားကစားတတ်သော ပုံစံမျိုးပင်။ ခပ်တိုတိုနှင့် ပုံတူ သပ်ရပ်ကာ အရောင်လက်နေသော ဆံပင်၊ ရိုတ်သင်ပြီးစ စိမ်းမြမြ ပါးမြိုင်းမွေးရေးရေးတချို့နှင့် လေးညို့လို ပြုံးလိုက်လျှင် အစွန်းနှစ်ဖက် ကော့တက်သွားသော နှုတ်ခမ်းရဲရဲတစ်စုံ၊ တစ်ဖက်သားကို ကြည့်လျှင် ရှန်းရှန်းမြမြနှင့် ပြုံးစစ စိုက်ကြည့်တတ်ပုံတွေ၊ အို... ဒါတွေကို ဘာကြောင့် ငွေလ သတိရရနေမိတာပါလိမ့်။

သူ့ကြည့်ရတာ သာမန်အခြေအနေထဲကလည်းဟုတ်ပုံ မရချေ။ သူ စီးသောကား၊ ဝတ်ပုံစားပုံများဟာ မြင့်မားသော အသိုင်းဝန်းကဆိုတာ ဖော်ပြနေသလိုပင်။ ဒါတွေထက် ငွေလသည် မော်ဆိုသော လူတစ်ယောက်ကို စိတ်ဝင်စားခြင်းကသာ ပိုပါသည်။ ငွေလကို ပြုံးစစနှင့် စိုက်ကြည့်လျက် တစ်နေ့ ပြန်ဆုံဖြစ်ကြဦးမှာပါတဲ့ ပြောသွားသူဟာ ခုထက်ထိကို ငွေလရှေ့သို့ ရောက်မလာသေး။





အင်းလေ ... ငွေလကရော ဒီလေးရက် အတွင်း ဘယ်များသွားကာမို့လဲ။ အဲဒီနေ့ကတောင် သူနှင့် ဆုံစည်းဖို့ အကြမ္မာက ဖန်လာသဖြင့် ကားက ဆီပိတ်သွားခဲ့တာ၊ စိတ်ပျက်အကြံအိုက်နေတုန်းမှာပဲ သူက ရောက်လာခဲ့တာလေ။

ငွေလသည် သူ့အကြောင်း တွေးနေရင်းမှနေ၍ ဗျတ်ခနဲပင် ရွှေရုပ်ကို သွား၍ သတိရမိသည်။ ရွှေရုပ်ကတော့ ငွေလကို အကြီးအကျယ် စိတ်ကောက်သွားတာ ဖြစ်သည်။ ရွှေရုပ်၏ ညီမဝမ်းကွဲလေးနှင့်အတူ စင်ကာပူနှင့် ဘန်ကောက်သို့ ဈေးပင့်သွားရန် ခေါ်တာကို ငွေလက မလိုက်သောကြောင့်ပင်။ မလိုက်ဆိုတာကလည်း မေမေ နေမကောင်းဖြစ်နေသဖြင့် ပြေရာ ပြေကြောင်းပြောတာကို ရွှေရုပ်က လုံးဝ ပြောမရချေ။

ရွှေရုပ်အဖို့ စင်ကာပူတို့ ဗန်ကောက်တို့ ဆိုတာက ချက်စိတ်မိုတ်တောင် သွားလာနိုင်ပြီဖြစ်သော နေရာတွေဖြစ်သော်လည်း ငွေလအဖို့တော့ သူစိမ်းပြင်ပြင်ပင်။ ငွေလရဲ့ မေမေကလည်း ခိန်းမငယ်လေး သုံးယောက်ထဲ ရေခြားမြေခြား ခရီးသွားမှာကို လုံးဝစိတ်မချ။ နောက်ဆုံးတော့ ရွှေရုပ်သည် ငွေလကို အကြီးအကျယ် ဆူဆောင့်အောင့် ဒေါသတွေထွက်ပြကာ သူ့ညီမနှင့်အတူ ထွက်သွားတာ တစ်ပတ်ပင် ကျော်သွားချေပြီ။ ခုထိ ပြန်မလာသေး။

အင်း ... ရွှေရုပ်သာ ရှိခဲ့လျှင်လည်း အဲဒီလို အဖြစ်မျိုးကား ကြုံလာမှာပင်မဟုတ်။ ရွှေရုပ်သည် ယောကျ်ားတစ်ယောက်ဆီမှ အကူအညီကိုယူဖို့ အင်မတန် ခါးသီးလက်တွန့်သောသူ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အထူးသဖြင့် ရုပ်ရည်ချောမောသော ယောကျ်ားတွေဆို သူ့အလိုလိုကို ကြည့်မရတတ်။

ရွှေရုပ်သည် အဖေတူသမီး ပီပီ မျက်လုံး မျက်ခုံး အင်မတန်လှပလျက် မိဘနှစ်ပါးစလုံး၏ အလှဆုံး အစိတ်အပိုင်းတွေကို အမွေရထားသဖြင့် အတော့်ကိုချောမောလှပသော စာရင်းထဲလည်းဝင်သလို၊ ကိုကိုတက်လည်း ချမ်းသာကြွယ်ဝသော တစ်ဦးတည်းသောသမီးလည်း ဖြစ်နေပြန်သေးလေရာ သူ့မက် ချဉ်းကပ်သောသူများမှာ မေတ္တာစစ်ဆိုတာကို ခွဲခြားဖို့ အတော့်ကို ခက်သွားလေသည်။ ရွှေရုပ်ကတော့ ဘယ်သူ့ကိုမှ မယုံကြည်သည့်အပြင် ချဉ်းကပ်လာသူမှန်သမျှကိုလည်း ပြင်းပြင်းထန်ထန်ကို တုံ့ပြန်တတ်သဖြင့် လက်သံပြောင်သည်ဟုလည်း နာမည်ကြီးလှသောသူ တစ်ဦးပင်။

အင်း ... မေ့ာ်ကိုမြင်လျှင် ရွှေရုပ် ဘယ်လိုများ ဝေဖန်မှာပါလိမ့်။ သေချာတာတော့ မဲ့ကာရွဲ့ကာနှင့် ဘယ်လိုမှ နှစ်သက်နိုင်မှာ မဟုတ်ချေ။ ငွေလသည် သူ့အကြောင်းတွေးလိုက် ရွှေရုပ်အကြောင်း တွေးလိုက်နှင့် ရှိနေတုန်းမှာပင် ဖုန်းမြည်လာသဖြင့် ကောက်ယူနားထောင်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်၊ ငွေလ စကားပြောနေပါတယ်"

"အမိန့်ပေးရမယ် ဆိုရင်တော့ သေမိန့်ပဲ ပေးမယ်၊ ခင်း သေသင့်တယ် ငွေလကျော့ရှင်း"

"အယ် ... ရွှေရုပ်"





ငွေလက ဝမ်းသာအားရပင် အော်လိုက်မိလေသည်။ ရွှေရုပ်သည် ခရီးထွက်သွားကတည်းက ဖုန်းမဆက်သည်မှာ ခုချိန်ထိပင်။ ငွေလက ဆက်သွယ်ရအောင်လည်း ဘယ်ကို ဆက်သွယ်ရမှန်းလဲ မသိ။ ရွှေရုပ်ထံက ဖုန်းလာသဖြင့် ငွေလ အတော့်ကို ပျော်သွားခဲ့ပါသည်။

"ရွှေရုပ်ရယ် နင် နေနိုင်လိုက်တာ အခုမှပဲ ဖုန်းဆက်ဖော်ရတယ်၊ တော်တော်ပျော်နေတယ်ပေါ့ ဟုတ်လား"

"အွန်း ... စင်ကာပူလောက်များ စာမဖွဲ့ပါဘူး"

"ဒါဖြင့်ရင် ဘာလုပ်နေတာလဲ၊ ငါ နင့်ကို အရမ်းကြီး သတိတွေရနေတာ၊ အခုတောင် နင့်အကြောင်း တွေးနေတာ"

"ဟော့ ... အိုဗာတင်းတွေ လာတိုက်မနေနဲ့ အမိ၊ ရင်ထဲက မပါတဲ့ စကားတွေကို လေကုန်ခံပြီး ပြောမနေနဲ့၊ အယုံအကြည် မရှိဘူး"

"ရွှေရုပ်ရယ် ငါ့ကို စိတ်မဆိုးပါနဲ့တော့၊ ငါလည်း နင်နဲ့ လိုက်ချင်တာပဲပေါ့၊ ဒါပေမဲ့ မေမေက နေလည်းမကောင်း၊ စိတ်လည်းမချဆိုတော့ ငါလည်း အတင်းကြီး မပြောချင်တော့လို့ပါဟယ်၊ နောက်တစ်ခါတော့ ငါ ကြိုးစားပါ့မယ်ဟာ နော်"

"ဘော်စမ်းပါ ကပ္ပလီမ၊ ကပ်ပြီး လာမပလီနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က စိတ်ဆိုးပြေသေးပုံ မရသေးချေ။ ငွေလမှာ ရွှေရုပ်ရဲ့စကားကိုလည်း မနာနိုင်ပဲ ...

"နင် သွားတာ တစ်ပတ်တောင် ကျော်ပြီ၊ ပြန်လာတော့မှာလား ရွှေရုပ်၊ အခု ဘယ်က ဆက်နေတာလဲ"

"ပြန်မလာသေးဘူး ငွေလ၊ ငါ ကိုရီးယားနဲ့ ဂျပန်ကို ဆက်သွားမလို့"

"ဟင် ... ကိုရီးယားနဲ့ ဂျပန် ဟုတ်လား"

"ဟုတ်တယ် အခုဒီမှာ visit year လုပ်နေတော့ လေယာဉ်လက်မှတ်တွေ ဘာတွေ promotion လုပ်နေတယ်၊ နောက် ငါ့အန်တီတို့ မိသားစုကလည်း အဲဒီနိုင်ငံတွေကို ခရီးထွက်ကြမှာ။ ရောက်တုန်းရောက်ခိုက် အရမ်းအဆင်သင့်နေတာနဲ့ ငါလည်း လိုက်သွားဖို့ ဆုံးဖြတ်လိုက်တာ၊ သူတို့ကလည်း ဖွတ်ကို ခေါ်တယ်၊ ငါကလည်း စိတ်ပါလက်ပါပဲ၊ ကိုယ့်ဟာကိုယ် သွားနိုင်ဖို့မဲ့ တစုတစေးထဲမှ ပျော်ဖို့ကောင်းတာမဟုတ်လား၊ ဒီက ငါ့မောင်နှမဝမ်းကွဲတွေရော အားလုံးသွားကြမှာ"

ရွှေရုပ်ရဲ့အသံက အခုတော့လည်း ပျော်ရွှင်မှုနှင့်တက်ကြွနေဟန် အပြည့်ပင်။ ငွေလရဲ့ စိတ်ထဲတွင် လိုက်မသွားမိသော ခရီးစဉ်အတွက် နမြောတော့ နမြောမိသား။

"နင် အန်တီတို့ကိုရော ပြောပြီးပြီလား ရွှေရုပ်"





"ပြီးပေါ့ အေးဆေးပဲ၊ ဘာစိတ်မချစရာရှိလဲ၊ အန်တီတို့နဲ့သွားမှာပဲဟာ၊ မေမေတောင် လိုက်ချင်နေတာ မမီတော့လို့"

အဲဒီတစ်ခုတော့ ရွှေရုပ်ရဲ့ကံက အလွန်ကောင်းလေသည်။ ရွှေရုပ်သည် အရာရာမှာ ထက်ထက်မြက်မြက်ရှိကာ ဘာမဆို စွမ်းဆောင်နိုင်သဖြင့် မိဘနှစ်ပါးစလုံးက ဘယ်နေရာဆို စိတ်ချလက်ချ ယုံကြည်ထားခြင်းခံရသောသူတစ်ယောက်ဖြစ်လေသည်။

"နင် ဘယ်လောက်ကြာမှာလဲ ရွှေရုပ်"

"အင်း ... တစ်လလောက်တော့ ကြာမှာပေါ့၊ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးနဲ့ နှံ့နှံ့စပ်စပ်လေး လည်မယ်လေ"

"နင် သိပ်ပျော်နေမှာပေါ့"

"ဒါပေါ့ အားကျနေလား ငတုံးမ၊ ကဲ ... ကဲ ဒါတွေအသာထားစမ်းပါ၊ ငါမရှိတဲ့ တစ်ပတ်အတွင်း ဘာတွေများထူးခြားဖြစ်အင်တွေ ရှိသလဲ ပြောစမ်း"

ငွေလသည် ချက်ချင်းပင် သူ့ကို သတိသွားရသည်။ ...တော့ ပြောပြဖို့ စိတ်ကူးကြည့်သေးသည်။ သို့သော် ဘယ်...တွေက ငွေလကို တွန့်ဆုတ်စေသည်လည်းမသိ။ ရွှေရုပ်ကို ... သာမိတော့သည်။ အင်း ... ညာတယ်လည်း မဆိုသာပါဘူး၊ ...ခြန်ထားမိတာပေါ့။

"ဘာထူးခြားရမှာလဲ၊ ဘာမှ မထူးခြားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား နင့်ကို ဘယ်အကောင်တွေ လိုက်လဲလို့ မေးနေတာ"

ငွေလသည် ရွှေရုပ်ရဲ့ မျက်နှာကို မမြင်ရပါဘဲနှင့် ညာရတာ မလုံမလဲနှင့် ဖြစ်သည်။ အင်း ... ရွှေရုပ်သာ ငွေလရဲ့ မျက်နှာကို စေ့စေ့ကြည့်ကာ မေးကြည့် ငွေလရဲ့ပုံစံ မလုံမလဲ မြင်တာနှင့် ချက်ချင်းရိပ်မိမှာ အမှန်ပင်။

"ဘယ်သူမှ မလိုက်ပါဘူး ရွှေရုပ်ရယ်၊ ငါကလည်း ဘယ်မှ မသွားဘူး၊ နင်သာ မြန်မြန်ပြန်လာခဲ့၊ နင်မရှိတော့ ငါ့မှာ ငေါင်နေရတယ်"

"အခုမှ ငါ့တန်ဖိုးတွေကို နားလည်လာတယ်ပေါ့၊ အစ လိုက်ခဲ့ပါဆိုတော့ဖြင့် မူယာမာယာများနေတာကိုး၊ မြန်မြ ကတော့ ပြန်မလာနိုင်သေးဘူးဟေ့ ...

နင့်ကို ပြောပြီးသားလေ၊ ကိုရီးယားနဲ့ ဂျပန် ဆက်ကူးမှာပါဆို"

"အေးပါ ... အေးပါ၊ အဝသာပျော်ပါတော့"

"ဒါပေါ့ ... ဒါပေါ့၊ ဟဲ့ ... ဘာမှာဦးမလဲ၊ ငါ ဖုန်းချတော့ မလို့"

"ဘာမှ မမှာပါဘူး၊ စေတနာရှိရင်တော့ လှတာမှန်သ အကုန်မခဲ့ဟေ့"

"အိုကေ ... အိုကေ ဒါပဲနော်၊ လိမ်လိမ်မာမာနေနေ ကြားလား"





"အေးပါဟယ် နင့်မလဲ"

"စိတ်မချလို့ ပြောနေတာဟေ့၊ ငါပြန်လာမှ ဘာသံ ညာသံ မကြားချင်ဘူး၊ ကဲ ... ဒါပဲဟာ နောက်မှ ထပ် ဆက်မယ် ... ဘိုင့်ဘိုင်"

ရွှေရုပ်သည် သူ ပြောချင်ရာပြောလျက် ငွေလ၏ နှုတ်ဆက်စကားကိုပင်လျှင် ပြန်မစောင့်တော့ဘဲ ဖုန်းချ၍ သွား လေသည်။ ငွေလသည် ဖုန်းခွက်ကို ဖုန်းပုခက်ပေါ် ပြန်မတင်မိ သေးဘဲ ရင်ခွင်ထဲ၌ အပ်ထားမိသည်မှာ မိနစ်တော်တော်ကြာကြာ အောင်ပင်။

မျက်ဝန်းထဲ၌ ပေါ်လာတတ်သော အပြုံးချိုချိုတစ် ကို ငါ နှစ်သက်သဘောကျနေတယ်ဆိုတာ နင် ဘယ်လိုပုံ နားလည်ပေးနိုင်မလဲ ရွှေရုပ်ရယ်။

အဲဒီ ခံစားချက်လေးဟာ ရင်ထဲမှာပဲ ငြိမ့်ငြိမ့်လေး ဆင်းနေတဲ့အရာမို့ နင့်ကို ခံစားဖူးစေချင်တာလည်း အမှန်ပါပဲ။ ပ်းသားတွေ နူးညံ့လောက်အောင်လို့ပေါ့။

သဝန်တာ၊ အကြံပြုစာ၊ စိတ်ဆင်းကာတမျှား ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့ ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

တကယ်ဆိုလျှင် သူမနှင့် ဒီလောက် စောစောစီးစီး ပြန်တွေ့ဖို့ဆိုတာ သူ မျှော်လင့်မထားခဲ့သော အရာတစ်ခုပဲ ဖြစ် သည်။ ဒီလို ပြန်တွေ့ခွင့်ရခဲ့တာလည်း သူ့သူငယ်ချင်း ဥက္ကာကို ကျေးဇူးတင်ရမှာ ဖြစ်ပါသည်။

ရိုးသားအေးချမ်းသော မျက်နှာလေးနှင့် စိတ်သဘော မနော ဖြူစင်ပုံရမည့် သူမကို သတိတရ ရှိတတ်သော်လည်း





ဒါဟာ အချစ်မဟုတ်တာတော့ သေချာသည်။ သို့သော် သူက သူမကို သဘောကျ နှစ်သက်လှပါသည်။ အချစ်နှင့် နှစ်သက် ခြင်းကိုတော့ သူ လုံးဝ ခွဲခြားတတ်လေသည်။

ထိုနေ့က သူနှင့် ဥက္ကာတို့ နှစ်ယောက်သား ရန်ကင်း စင်တာရှိ Cafe Aroma မှာ ထိုင်ပြီး ပြန်အထွက်လာတွင် ဥက္ကာ က ...

"ဟော့ကောင် City mart ထဲ ခဏဝင်ရအောင်ကွာ၊ အတော့်မဲ ငါ့ကား ရေမွှေးဝယ်စရာရှိလို့ကွ"

ဒီလိုနှင့်ပင် သူနှင့် ဥက္ကာက City mart ထဲ ဝင်လာ ခဲ့ကြတာ ဖြစ်သည်။ ဥက္ကာက ပစ္စည်းတချို့ ကြည့်နေတုန်းမှာပင် သူကလည်း ရောက်ခဲလှသော City mart ထဲသို့ ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သည်။ အဲဒီမှာပင် သူ ထင်မှတ်မထားခဲ့ သော သူမကို ပြန်လည်ဆုံတွေ့ခဲ့တာ ဖြစ်ပါသည်။

သူမက မယ်လမင်းဆက်ဖော့ [illegible] ရာမှာ ပစ္စည်းတချို့ ရွေးနေတာဖြစ်၍ သူ့ကိုမမြင်ချေ။ သူက ချက်ချင်း သွားနှုတ်မဆက်သေးဘဲ သူမကို သေချာစွာ အကဲခတ်ကြည့်မိ သည်။ ငွေလကျော့ရှင်းဟူသော ကဗျာဆန်ဆန် နာမည်လေးနှင့် သူမသည် နာမည်ကလည်း ကဗျာဆန်သလို လှကလည်း အတော် [illegible] ကဗျာဆန်လေသည်။

ခါးထိရှည်လျားကာ ပိုးသားလို နက်မှောင်ပျော့ ပျောင်းလှသော ဆံပင်တွေကို တစ်ဝက်ယူ စည်းထားလျက်



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ပြန်ချထားပုံမှာ သူမကို မဟာဆန်ဆန် လှပစေသည်။ ပိုင်ဟွေ့အကျီလိုလို ပုံစံမျိုးနှင့် အပွင့်နုတ်နုတ် ဝမ်းဆက်လေးကို သာ ရိုးရိုးလေးဝတ်ဆင်ထားသော သူမကား တကယ့်ကိုပင် သူ ရှာဖွေနေသော ပုံစံမျိုးလေးပဲ ဖြစ်လေသည်။

သူက သူမကို တစိမ့်စိမ့်ငေးကြည့်ကာ အနားသို့ လျှောက်သွားပြီး သူမရဲ့ နာမည်ကိုခေါ်ကာ စတင် နှုတ်ဆက် လိုက်ပါသည်။

"ငွေလကျော့ရှင်း ... ဟုတ်ပါတယ်နော်"

သူမက ပန်းကန်တွေ ရွေးနေရာမှ သူ့ကို ဖျတ်ခနဲ မော့ကြည့်၍ လာလေသည်။ ဘယ်လောက်မှ မကြာသော စက္ကန့် တချို့၏ ဖြစ်ပျက်မှုအောက်၌ သူမရဲ့ ခံစားချက်တွေ ပြောင်းလဲ သွားပုံကို သူက ချက်ချင်း ဖမ်းမိနိုင်စွမ်းရှိသည်။ ပထမတော့ အံ့သြခြင်း နောက် ထင်မှတ်မထားခြင်းနှင့် လက်ခနဲ တောက်ပ သွားသော မျက်ဝန်းလေးထဲတွင် သူ့ကို တွေ့ရခြင်း၌ မကျေနပ် ခြင်းတို့ကို သူ မမြင်မိချေ။

"ဟုတ် ... ဟုတ်ကဲ့"

သူမ အံ့သြနေပုံလေးကို သူက တစ်ချက်ပြုံးပြ လိုက်ကာ ...

"ကိုယ့်ကို မှတ်မိလား"

"ဟုတ်ကဲ့ မှတ်မိတာပေါ့၊ ငွေလကို ကူညီခဲ့တဲ့သူပဲလေ ကိုမော်တဲ့"





သူမ အပြောလေးကို သူက သဘောဟာကျနှင့် ...ယ်လိုက်သောအခါ သူမကလည်း တိတ်တဆိတ် ပြုံးနေလေ သည်။ အင်း ... တကယ့်ကို အသစ်ပါလား။ သူ တစ်ခါမှ မကြုံ ...ုးသော ဂန္ဓဝင်ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုပင်။

"တစ်ယောက်တည်းပဲလား"

"ဟုတ် ဝယ်လ်ဒင်တစ်ခုကို လက်ဖွဲ့စရာရှိလို့ ထွက်လာ ရတာ၊ ဟို ... ကိုမော်ကရော ဈေးဝယ်လာတာလား"

"မဟုတ်ဘူး ... ကိုယ်က သူငယ်ချင်းနဲ့ လိုက်လာတာ၊ ဒီလိုပဲ လျှောက်ကြည့်နေရင်းနဲ့ ငွေလကျော့ရှင်းကို မြင် လိုက်တာနဲ့ လာနှုတ်ဆက်တာပါ၊ တစ်နေ့ကရော အိမ်အထိ ကားအဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်"

သူမကိုကြည့်ကာ ကြည်ကြည်လင်လင် နှစ်နှစ်လိုလိုပဲ ... သူက ခင်မင်မှု စည်းတစ်ခုကို စတင်ပျိုးယူဖို့ ဆုံးဖြတ်လိုက်သည်။

"ကိုယ် ငွေလကျော့ရှင်းနဲ့ မိတ်ဆွေဖြစ်ခွင့်ရမလား"

"ရပါတယ်"

"ဒါဆို ကိုယ်တို့ မိတ်ဆွေဖြစ်သွားပြီပေါ့နော်၊ နာမည် တွေကတော့ သိကြီးသားမို့ ထပ်ပြောစရာ မလိုတော့ဘူး၊ ရော ... ဒါ ကိုယ့်ရဲ့ကတ်၊ ငွေလကျော့ရှင်း စိတ်ဝင်စားရင် လာလည်ဖို့ ဖိတ်ခေါ်ပါတယ်၊ ကြော်ငြာတာတော့ မဟုတ် ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ ကမ်းပေးလိုက်သော ကတ်လေးကို လှမ်းယူထားလိုက်သော်လည်း ချက်ချင်း ဖတ်မကြည့်သေးဘဲ သူ့ကိုပဲ ပြုံးတုံ့တုံ့ကြည့်လာလျက် ...

"ငွေလကို နာမည်အပြည့်အစုံ ခေါ်မနေပါနဲ့၊ ငွေလလို့ပဲ ခေါ်ပါ"

"ဩော် ... ကောင်းပါပြီ၊ ကိုယ့်ကိုလည်း မော်လို့ပဲ ခေါ်ပါ"

သူ့စကားကို သူမက ဘာမှ ပြန်မပြောသော်လည်း သဘောကျဟန်ဖြင့် ပြုံးသွားကာ ခေါင်းတစ်ချက်ညိတ်ပြလျက် သူ့ရဲ့ကဒ်ကို ငုံ့ဖတ်သည်။

"ဩော် Fancytree ဆိုတာ မော့်ရဲ့ ဆိုင်လား"

"ဟုတ်တယ် ငွေလ ရောက်ဖူးလား"

"အဟင်း ... ပြောရမှာ အားတောင်နာလာပြီ၊ ကြားတော့ ကြားဖူးတယ် မရောက်ဖူးသေးပါဘူး၊ ဟုတ်ကဲ့ ငွေလ လာလည်ပါ့မယ်"

"ငွေလ လာမယ်ဆိုရင် ဖုန်း တစ်ချက်လောက် အရင် ဆက်ကြည့်လိုက်လေ၊ ကိုယ်က ဆိုင်မှာ အမြဲမရှိတတ်လို့ပါ"

"ဟုတ် ဩော် ... ငွေလကတော့ ပြန်ပေးစရာ ကတ်မရှိဘူးရှင့်"





"ဘာလဲ အိမ်လာလည်မှာ ကြောက်လို့လား၊ ရပါတယ် ခင်ဗျာ"

ဒီလိုဆိုတော့လည်း သူမ မျက်နှာ၌ အားနာသည့် အရိပ်သဏ္ဌာန်ပေါ်သွားပြီးလျှင် ...

"အို ... မဟုတ်ပါဘူး၊ ငွေလက ရန်ကင်းမှာ နေတာပါ၊ ဒီနားလေးတင်ပဲ သုခဝတီလမ်းမှာပါ၊ ဟို ... ငွေလက ဘာမှမလုပ်တော့ namecardတွေ ဘာတွေလည်း မရှိဘူးလို့ ဆိုလိုချင်တာပါ"

သူက ကောင်မလေးရဲ့ မျက်ဝန်းတွေထဲသို့ တစ်ချက် စိုက်ကြည့်လိုက်ကာ ...

"ကိုယ်က အိမ်လိပ်စာကို သိပ် မသိချင်ပါဘူး ငွေလရဲ့၊ ဖုန်းနံပါတ်ကို ပိုစိတ်ဝင်စားမိတာပါ"

"ရှင် ... ဩော် ... ဟုတ်ကဲ့ ငွေလ မေ့သွားလို့ပါ၊ ငွေလရဲ့လက်ကိုင်ဖုန်းနံပါတ်ပဲ ပြောလိုက်မယ်နော်၊ (09 XXX) ပါ"

"အိုကေ ... အိုကေ ... သိုင်းကျူး ငွေလ၊ ကိုယ် ဖုန်းဆက်မယ်၊ ရတယ်နော်"

"ရပါတယ်"

သူက ငွေလနှင့် အဆင်ပြေ ကြည်မွေ့လျက် ရှိနေ ...ာန်းမှာပင သူ့အနားသို့ ဥက္ကာ ရောက်လာလေသည်။ ဥက္ကာက ...လကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါကတော့ ပျောက်လို့ ရှာလိုက်ရတာ"

"အေးကွ ... ဒီဘက်လျှောက်ကြည့်နေတုန်း အသိတွေ့နေတာနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ငွေလ ... ဒါ ကိုယ့်ဘော်ဒါ ဆလ-ဥက္ကာတဲ့၊ ဟော့ကောင် ... ဒါ ငါ့မိတ်ဆွေ ငွေလကျော့ရှင်းတဲ့"

"ဟုတ်ကဲ့ခင်ဗျ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ရှင့် ငွေလလည်း အတူတူပါပဲ"

ဥက္ကာနှင့် ငွေလတို့ အသီးသီး အပြန်ပြန် အလှန်လှန် ... ဆက်ပြီးချိန်တွင် သူမက သူ့ကို အပြုံးနုနုလေးဖြင့် ...

"မော်ရော ကိုဥက္ကာရော ငွေလကို ခွင့်ပြုပါဦးနော်၊ ငွေလ ဝင်စရာလေး ရှိလို့ပါ"

"ကောင်းပါပြီ၊ ကိုယ်တို့လည်း သွားတော့မယ်နော် ငွေလ ဘိုင့်"

သူက ငွေလကို လက်ချောင်းလေးများ လှုပ်ခတ်ကာ နှုတ်ဆက်လျက် ဥက္ကာရဲ့ ပခုံးကိုဖက်ကာ City mart ထဲမှ ထွက်လာခဲ့လိုက်သည်။ ဥက္ကာသည် အစပိုင်းတွင်တော့ ဘာမှမမေးသေးဘဲ ကားပေါ်ရောက်မှပင် သူ့ကို မေးခွန်းတွေ စတင်ထုတ်လာတော့တာ ဖြစ်သည်။

"ဟော့ကောင် ... ဒါ မင်း ရှာနေတဲ့ စင်ဒရဲလား မဟုတ်လား"

"အင်း ... ဆိုပါတော့ကွာ"





"ပုံစံလေးကတော့ ညက်တယ်ကွ၊ မင်းရဲ့ အရင် ကိတ်လေးတွေနဲ့တော့ တခြားစီပဲ၊ မင်းဆိုတဲ့ ကောင်ကတော့ကွာ ဘယ်တုန်းကများ တွေ့သွားရတာလဲ ...

ငါတို့ကိုတောင် မပြောဘူး၊ လျှိုထားတယ်ပေါ့လေ ဟုတ်လား"

သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"မလျှိုပါဘူးကွာ မှန်တာပြောရင် သူ့အချစ်ကို အမြန်ဆုံး ရရပါစေ၊ မှတ်မှတ်ရရ သူနဲ့တွေ့တာ ဒါပါနဲ့မှ နှစ်ခါပဲ ရှိသေးတာကွ"

"အားပါး ... ဒါများ ငါ့ကို ခပ်တည်တည်နဲ့ မိတ်ဆက်ပေးနေသေးတယ်"

"ဟုတ်တယ်လေကွာ သူနဲ့ငါ ခင်သွားပြီပဲ၊ သူ့အိမ်လည်း ငါသိပြီ၊ သူ့ ဟမ်းဖုန်းနံပါတ်လည်း ငါ့ဆီမှာ ရှိတယ်၊ ရှေ့ဆက် လှုပ်ရှားဖို့ပဲ ကျန်တော့တယ် သူငယ်ချင်း၊ ဘယ်လိုလဲ မိုက်လား"

ဥက္ကာက စပ်ဖြဲဖြဲဖြင့် ...

"မိုက်တယ်၊ မင်းနဲ့တောင်မတန်ဘူး၊ ငါ့ကိုပဲပေးလိုက်တော့"

"ဟော့ကောင် လုံးဝပဲနော်၊ ငါနဲ့ထိုက်လို့ ငါ့ဆီ တန်းတန်း မတ်မတ် ရောက်လာတာ၊ ပြီးတော့ သူနဲ့ငါ ရေစက်ပါလို့ကို အခု ပြန်ဆုံရတာ မင်း ဘာဘာညာညာ စဉ်းစားဖို့ စိတ်မကူးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ငွေလနှင့် စတင်ဆုံစည်းခဲ့ပုံနှင့် အခု ပြန်လည်ဆုံတွေ့ခဲ့ရပုံတို့ကို ဥက္ကာအား ပြောပြလိုက်လျှင် ဥက္ကာက ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"အင်း ... မင်း ဖားသားကြီးရဲ့ ရာဇသံက အတည်ပဲဆိုရင်တော့ မင်း သေချာစဉ်းစားပေါ့၊ မင်းကို ငါ တစ်ခုတော့ လေးလေးနက်နက် ပြောချင်တယ်၊ ငွေလကျော့ရှင်းကို ကြည့်ရတာ လုံးဝ အဖြူထည်လေးနော်၊ ပလိန်းမှန်းလုံးဝသိသာတယ်၊ သက်သက်မဲ့တော့ မင်း သူ့ကို ဒုက္ခမပေးမိစေနဲ့"

သူက မျက်လုံးထဲတွင် ငွေလရဲ့ ဖြူစင်ရိုးသားကာ စိတ်သဘောထား ပြည့်ဝမည့်ပုံစံ အပြည့်အဝ ပေါ်လွင်နေသော မျက်နှာလေးကို ပြေးမြင်မိလေသည်။ သူမကို သူ မနာကျင်စေချင်ပါ။ ပြီးတော့ သူမသည် သူ့အတွက် အကောင်းဆုံး ဖြစ်လာမည့်သူ တစ်ယောက်လို့လည်း အပြည့်အဝကို ယုံကြည်မိလေသည်။

"ငါ နားလည်ပါတယ်ကွာ သူနဲ့ငါ တွေ့တာ အခုမှ နှစ်ခါပဲရှိပါသေးတယ်၊ ရှေ့ဆက်ပြီး သူ့ကို စကားပြောကြည့်ရဦးမယ်၊ သေချာတာကတော့ ငွေလဟာ မင်းပြောသလို အဖြူထည်လေးဆိုတာ ငါ လက်ခံပြီးသားပါ ...

သူ့ကို ထိခိုက်နစ်နာစေမဲ့ ကိစ္စမျိုး ငါ မလုပ်ပါဘူး"





ပြန်ပြောဖို့တော့ တော်တော်ခက်သည့် ကိစ္စတစ်ခုပဲ ဖြစ်ပါသည်။ ငွေလကို သူ မချစ်မိသေးတာ သေချာသော်လည်း သူမကို ဘာအတွက်ကြောင့်နှင့်မှ ထိခိုက်နစ်နာအောင် မလုပ်ဟု သူ့ကိုယ်သူ သံဓိဋ္ဌာန်ချမိသည်မှာ သူမရဲ့ ဖြူစင်သော စိတ်ထားလေးအတွက်ပဲ ဖြစ်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

ငွေလသည် သူနှင့် ပြန်လည် ဆုံစည်းစေခဲ့သော ကံကြမ္မာအား အံ့လည်းအံ့သြမိကာ ကျေးဇူးလည်း တင်မိလေသည်။ သူ့ကို သတိရနေမိသော်လည်း ဒီလို ပြန်ဆုံဖြစ်ကြလိမ့်မည်ဟု နည်းနည်းလေးမှ မမျှော်လင့်ခဲ့ချေ။ သူကလည်း ပထမဆုံး စတင် ဆုံစည်းတုန်းက နာမည်ပြောသွားရုံကလွဲ၍ ဘာမှ အ





ပြန်းမသွား ကိုယ်ကလည်း မိန်းကလေးဖြစ်နေ၍ မေးမြန်းဖို့ရာ မသင့်လှသဖြင့် ဒီအခြေအနေတစ်ခုကိုပင် လက်ခံထားခဲ့ရာမှ မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ခဲ့ရလျှင် ငွေလ အတော့်ကို ပျော်မိပါသည်။

အင်း ... မှော် ဆိုသောသူဟာ မှော်ဆရာတစ်ယောက် သိကို ဖမ်းယူညှို့ငင်တတ်တာပါလား။ ငွေလသည် တစ်သက်လုံးက မသုပ်ဘူးသော သူစိမ်းယောက်ျားသားတစ်ယောက်ကို ခင်မင်ခွင့် ဆးကာ ဖုန်းနံပါတ်၊ အိမ်လိပ်စာတို့ကိုပင် ပြောမိသွားချေပြီ။ ဒါကို အမှားတစ်ခုလို့လည်း မမြင်မိ။ သေချာတာကတော့ ရွှေရုပ် သာရှိလျှင် ဒီအခြေအနေတွေထိ ရောက်လာဖို့ သိပ်မသေချာပါ။

ရွှေရုပ်ရယ် နင်သာသိရင် ငါ့ကို စိတ်တိုမှာလားဟင်။

ငွေလသည် ခုတင်ခေါင်းရင်းမှာ တင်ထားသော ရွှေရုပ်ရဲ့ ခတ်ပုံထည့်ထားသော ဖိုတိုစတန်းလေးကို ယူလိုက်ကာ ဒိဘ်ထဲမှ တိုးတိုးလေး မေးလိုက်သည်။ ခတ်ပုံထဲမှ ရွှေရုပ်သည် ပိုးသာဘာလီကွန်းကို နောက်ခံထားလျက် ကျစ်ဆံမြီးတွေ တစ်ခေါင်းလုံး ကျစ်ထားသော ဆံပင်ဆန်းဆန်းလေးဖြင့် ငွေလကို အားပါးတရ ရယ်ပြနေသည်။

ယိုစဥ်မှာပင် ငွေလရဲ့ လက်ကိုင်ဖုန်းသံ မြည်လာသဖြင့် ကောက်ယူကာ ကြည့်လိုက်လျှင် ထိတ်ခနဲပင် ရင်ခုန်သွားခဲ့ရသေးသည်။ သူ မှော်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကမှ ဆုံခဲ့ကြသည်။ ညရောက်လျှင် သူက ဖုန်းဆက်လာချေပြီ။ သူ ဒီလောက် မြန်မြန်ကြီး ဆက်သွယ်မယ် ဆောင်းသဖြင့် ငွေလသည် ရင်တခုန်ခုန်နှင့်ပင် ဖုန်းကိုဖွင့်ကာ ားဆောင်လိုက်လေသည်။

"ဟဲလို"

"ငွေလ ... ကိုယ်ပါ"

"သြော် ... ဟုတ်ကဲ့၊ ပြောပါ မှော်"

တစ်ဖက်မှ တိုးတိုး ရယ်လိုက်သံကို ကြားရသည်။ သူ့ရယ်သံဟာလည်း သူ့လိုပဲ ဆွဲဆောင်မှု ရှိလွန်းတာပါပဲလား။

"ငွေလက ဘရိန်းကောင်းတယ်နော်၊ ကိုယ့်အသံကို မှတ်မိတယ်"

"သြော် ... မနက်ကမှ စကားပြောထားတာပဲ၊ ပြီးတော့ ငွေလဆီ ဖုန်းဆက်တာ ယောကျ်ားလေးမှ မရှိတာ"

ပြောပြီးသွားမှ ငွေလသည် ကိုယ့်စကားက ဘယ် အဓိပ္ပာယ်များ ရောက်သွားသလဲဟုတွေးကာ အနည်းငယ် နောင်တ ရချင်သွားသည်။ သို့သော် မတတ်နိုင်တော့။ သူကတော့ ဘာမှ ဖြစ်ဟန်မတူလှဘဲ ...

"ကိုယ် ဖုန်းဆက်တာ ငွေလအတွက် အနှောင့်အယှက်များ ဖြစ်သွားလားဟင်၊ ဥပမာ ... ငွေလ စာဖတ်နေတာမျိုး ဖြစ်ဖြစ်၊ တီဗီကြည့်နေတာမျိုးပဲဖြစ်ဖြစ် တစ်ခုခုများ လုပ် နေလားလို့ပါ"





အင်း ... သူမက ဒီလိုလည်း အလိုက်သိသားပဲ၊ ငွေလ ဘာအနှောင့်အယှက်မှ မဖြစ်ပါဘူးရှင်၊ ရှင့်ကို သတိရနေ မိတာပါ။

"ဟင့်အင်း ... အနှောင့်အယှက် မဖြစ်ပါဘူး"

"သြော် ... ဒါဖြင့်ရင် အိပ်နေပြီလား၊ ဆောရီးနော်"

ငွေလက ခစ်ခနဲ တစ်ချက်ရယ်ကာ ...

"ငွေလ မအိပ်သေးပါဘူး မှော်ရဲ့"

"ဒါဖြင့် ဘာလုပ်နေတာလဲ၊ ငုတ်တုတ်ကြီးပဲ ထိုင်နေ တာပေါ့ ဟုတ်လား"

သူ ပြောမှပင် ငွေလသည် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည့်ပုံမျိုး မြင်ယောင်မိကာ သဘောကျမိ၍ ရယ်မိလေသည်။ အင်း ... သူနဲ့ စကားပြောရတာ ပျော်ဖို့တော့ ကောင်းလှသည်။ ကြည့်ရတာ သူသည် တော်တော် စကားပြော ကောင်းပုံ ပေါ်ပါသည်။

"ငုတ်ဟုတ်မထိုင်ပါဘူး ဒီလိုပါပဲ၊ ငွေလ သူငယ်ချင်း ဓာတ်ပုံကို ကြည့်နေတာ"

"သူငယ်ချင်း ကိုယ် သတိထားမိသလောက်ပြောရရင် ပထမဆုံးတစ်ခါ စတွေ့တည်းက ငွေလရဲ့စကားထဲမှာ အဲဒီသူငယ်ချင်း ဆိုတာ ပါတယ်နော်၊ အခုလည်း အဲဒီ သူငယ်ချင်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... သူငယ်ချင်းဆိုပေမဲ့ သူနဲ့ ငွေလက ညီမတွေ လိုပါပဲ"

"ဒါဆို ငွေလက သူငယ်ချင်းကို တော်တော်ချစ်ပုံပဲ"

"ဟုတ်တယ် ... သူနဲ့ ငွေလက သိပ်ချစ်ကြတာ၊ သူက ငွေလကို ပိုချစ်တယ်"

"ဩော် ... အဆန်းပဲနော်၊ သူငယ်ချင်းရဲ့ ဓာတ်ပုံကို ကြည့်နေတာတဲ့၊ ဘာလဲ သူက အဝေးမှာလား"

မထင်မှတ်ပါဘဲနှင့် သူနှင့်ငွေလသည် ရွှေရုပ်ရဲ့ အကြောင်းကိုပဲ ဦးတည်ပြောဆိုမိကြလေသည်။ အထူးသဖြင့် စကားပြော ကျွမ်းကျင် လိမ္မာပါးနပ်သော သူက ငွေလကိုချည်း ဦးဆောင်ပြောဆိုစေခဲ့တာ ဖြစ်သည်။ ဒါကိုလည်း နောက်များကျမှ ငွေလက သိခွင့်ရခဲ့တာပင်။

"ဟုတ်တယ် နိုင်ငံခြားကို ခဏ အလည်သွားနေတာပါ"

"ဩော် ... ဒါကြောင့် တစ်ယောက်တည်း ဖြစ်နေတာကိုး၊ ဒါဆို ကားပျက်တဲ့နေ့ကတောင် သူ မပါလာလို့ ကိုယ်တို့ ဆုံဖြစ်သွားကြတာပေါ့နော်"

သူ့စကားကို တစ်ဖက်မှ ငွေလက သဘောကျသလို ရယ်မောလိုက်ပြီးမှ ...

"အင်း ... အဲဒီလိုပဲ ပြောရတော့မှာပဲ၊ ဘာလို့လဲဆိုတော့ ရွှေရုပ်က ငွေလလို မဟုတ်ဘူး၊ အရမ်း sharp ဖြစ်တာ သူသာ အဲဒီနေရာမှာဆို ကားဘာဖြစ်လဲ တန်းပြီးသိမှာ





သူ့ဟာသူလည်း လုပ်တတ်တယ်၊ ငွေလက သူ့လို မတော်ဘူး"

သူသည် ငွေလနှင့် စကားအနည်းငယ် ပြောကြည့် ...နှင့်ကို ငွေလရဲ့သဘောကို အနည်းငယ် တီးခေါက်မိတတ်ချေ ... ငွေလရဲ့ စကားတွေထဲတွင် သူမရဲ့ သူငယ်ချင်းမကား ...တော့်ကို နေရာယူလေသည်။ ငွေလကိုလည်း အတော့်ကို ...uence လုပ်ထားနိုင်ပုံ ပေါ်သည်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ငွေလရယ်၊ သူ မသိတာတွေ မတတ်တာတွေလည်း ငွေလက သိနေ၊ တတ်နေတာတွေလည်း ရှိမှာပဲ"

"အင်း ... အဲဒါတော့ မပြောတတ်ဘူး၊ သေချာတာကတော့ သူက ငွေလရဲ့ အစ်မလိုပဲ"

"ငွေလက မောင်နှမသားချင်း မရှိဘူးလား"

"ဟင်အင်း ... သူရော ငွေလရောပါ တစ်ဦးတည်းသော သမီးတွေပါ၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက်က အရမ်း close ဖြစ်တယ်"

အင်း ပြောရင်းနှင့် ဟိုကလေးမရဲ့ ဓာတ်ကြောင်း ... မထွက်တော့ပါလား။

သူက တခြားအကြောင်းအရာတစ်ခုကို ပြောင်းယူ ...ဲ့းစားလိုက်သည်။

"ငွေလ ကျောင်းပြီးသွားရောပေါ့၊ ဘာနဲ့ ပြီးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရှပ်ရောငွေလရောပါ Eco နဲ့ပြီးသွားပြီ၊ အလုပ်အကိုင်
တော့ မရှိသေးဘူး၊ ခုမှ တစ်ခုခုလုပ်ဖို့ စဉ်းစားတုန်း"

"ငွေလက ဘာဝါသနာပါလဲ"

"ငွေလလား၊ အမ်း ... ပြောရရင်တော့ ရှက်ဖို့ ကောင်း
နေပြီ၊ ဘာမှ မယ်မယ်ရရ သိပ်ဝါသနာပါတယ်လို့လည်း
မရှိဘူး၊ အလုပ်လုပ်မယ်ဆိုရင်လည်း ရွှေရှပ်နဲ့ပဲ အတူ
တွဲလုပ်ဖြစ်မှာပါ"

ပါလာပြန်ပြီ ဒီ ရွှေရှပ် ဆိုတာကလည်း။ သူ
အမြင်ကတ်ကတ်နှင့်ပင် ...

"နာမည်ကတော့ ရွှေရှပ်၊ လူကရော ရွှေရှပ်လိုမျိုးလား
ငွေလရဲ့ သူငယ်ချင်း ရွှေရှပ်ဆိုတော့ ငွေလလိုပဲ ရွေ
ပေါ့နော်"

"မဟုတ်ဘူး မော်၊ အင်း ... ဘယ်လိုပြောရမလဲ၊ ရွှေ
က စိတ်ရင်းကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ မာနကြီး
တယ်"

အင်း ... မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ပဲ။ ငွေလ
ကျော့ရှင်း၏ ချစ်စွာသော သူငယ်ချင်းဆိုတာကို ဖြူသလား
မည်းသလား သဲသဲကွဲကွဲတောင် မသိရသေးသော်ငြားလည်း ဆွ
အာရုံနှင့် နီးနားနေသော သူ့အာရုံတွေမှာတော့ ရွှေရှပ်ဆိုသ
မာနရှင် ပြန်ရောက်မလာခင် ငွေလနှင့် ရင်းနှီးမှု မှတ်တိုင်ထ
ကတော့ စိုက်ကိုစိုက်ရမှဟူသော အသိတစ်ခု တိုးလာလေသည်





"ဒါနဲ့ ငွေလကို ကိုယ့်ဆိုင်ကိုလာလည်ဖို့ ဖိတ်ထားတယ်
နော်၊ ဘယ်တော့ လာလည်မှာလဲ၊ မနက်ဖြန် အားလား"

"မနက်ဖြန်၊ အင်း ... အားတော့ အားပါတယ်"

"အားတော့ အားပါတယ်ဆိုတဲ့ အသံမှာတော့ အားသိပ်
မရှိသလိုပဲ၊ ဟို ... ငွေလ စိတ်မပါရင်လည်း ကိုယ်က
ဖွတ်ကြီးမတောင်းဆိုပါဘူး၊ အင်း ... ဆောရီးနော် ငွေလ၊
ကိုယ်က ကိုယ့်ဘက်ကိုပဲ ကြည့်ပြီး ဖွတ်ဖိတ်နေမိတယ်၊
ဟုတ်ပါတယ် ငွေလ အနေနဲ့ အခုမှခင်မင်ရတဲ့ ယောကျ်ား
လေးတစ်ယောက်နဲ့ ချက်ချင်းကြီး အပွဲ့ကျခင်မင်ဖို့ဆိုတာ
ခက်ခဲကောင်း ခက်ခဲမှာပါ ...

ကိုယ် နားလည်ပါတယ်"

"ဟို ... ဒီလိုလည်း မဟုတ်ပါဘူး၊ ငွေလက ရွှေရှပ်မပါဘဲ
ဟိုဟိုဒီဒီ အပြင်တွေ ဘာတွေ သိပ်မထွက်တတ်လို့ပါ၊
မော်နဲ့တွေ့တဲ့ နှစ်ကြိမ်ဟာ တိုက်တိုက်ဆိုင်ဆိုင်ကို သွား
ဆုံတာ၊ ငွေလတစ်ယောက်တည်း အဲဒီနှစ်ခါပဲ အပြင်ထွက်
မှုးသေးတာ ...

ပထမ ကားပျက်တဲ့ တစ်ခါရယ်၊ နောက် City
mart မှာရယ်၊ အိမ်ကလည်း ငွေလ ကားမောင်းတာကို
သိပ်စိတ်မချဘူးလေ"

"ဒါဆို ကိုယ် လာခေါ်ရမလား၊ ကိုယ့်ကို ငွေလရဲ့
မိဘတွေနဲ့ပါ မိတ်ဆက်ပေးထားလေ၊ ဒါဆို ငွေလနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ ခင်မင်မှုက ပိုလေးနက်သွားတာပေါ့၊ မဟုတ်ဘူးလား"

ငွေလရဲ့ဘက်မှ စဉ်းစားသလိုနှင့် တွေဝေတိတ်ဆိတ်သွားလေသည်။

"ဘာလဲ ငွေလရဲ့၊ မိဘတွေက ယောကျ်ားလေးမိတ်ဆွေထားတာ သဘောမကျတဲ့ မိဘတွေမျိုးမို့လို့လား"

"ဟို ... အဲဒီလိုလည်း မဟုတ်ပါဘူး၊ ငွေလ ကားပျက်တုန်းက မော် ကူညီခဲ့ဖူးတဲ့အကြောင်းကို မေမေ့ကိုတော့ ငွေလက ပြန်ပြောပြဖူးသေးတယ် ...

မော် ငွေလကိုတော့ လာမခေါ်ပါနဲ့၊ အိမ်လာလည်ချင်ရင်တော့ ရပါတယ်၊ မေမေနဲ့ သိကျွမ်းချင်တာဆိုရင်လည်း ငွေလ မိတ်ဆက်ပေးပါမယ်"

အိုကေ ... သူက စိတ်ထဲမှ လေတစ်ချက် ချွန်လိုက်သည်။ ငွေလလို မိန်းကလေးမျိုးသည် မိခင်၏ အုပ်ထိန်းလွှမ်းမိုးမှုအောက်မှာ အတိအကျနေထိုင်မည့် ပုံစံမျိုးဖြစ်တာကြောင့် သူမရဲ့အမေကိုလည်း ဆားဖယ်ထား၍ ရမယ်မထင်ချေ။ တော်ပြ ကျွန်မကိုချစ်လျှင် မေမေ့ကို လာပြောဆိုလျှင် မခက်ပါလား

"ဒါဆို တစ်နေ့လောက်တော့ ငွေလတို့အိမ်ကို လာလည်မယ်နော်"

"ဟုတ်ကဲ့ လာလည်ပါ"

"ငွေလ"





သူက ပြောနေကျအသံထက် ခပ်တိုးတိုးလုပ်ကာ တိုးတိုးရှရှ ခေါ်လိုက်လျှင် ငွေလရဲ့ ရှင်ဟူသော ထူးသံလေးက နားထဲသို့ ချိုသာစွာ စီးဝင်လာသည်။ သူက ချက်ချင်း မပြောသေးချေ။ တစ်ခုခု ဆိုင်းငံ့ထားသလို လုပ်ပြီးမှ ...

"ကိုယ်နဲ့ခင်ရတာ စိတ်အနှောင့်အယှက်များ ဖြစ်နေလားဟင်"

"ဟို ... မဖြစ်ပါဘူး"

"ဒါဆို ကိုယ် ငွေလဆီ နေ့တိုင်း ဖုန်းဆက်လို့ ရမလားဟင်"

"ရှင် ... အင်း ... ဟို"

သူက ငွေလ မမြင်နိုင်မှန်းသိသဖြင့် ထိုကလေးမ ပြောရခက်နေပုံကို မှန်းဆကြည့်မိကာ အသာရယ်မိလေသည်။ အင်းလေ သူ့မေးခွန်းကလည်း နည်းနည်း အဖြေရခက်သွားတာကိုး။ ဘယ်မိန်းကလေးကတော့ ဟုတ်ကဲ့ သတိရတိုင်းသာ ဆက်ပါရှင်လို့ ပြောနေပါ့မလဲ။

သူမ အဖြေရခက်နေမှန်း သိသဖြင့် သူကပင် ...

"ကိုယ် ဖုန်းဆက်မယ်နော် ငွေလ၊ ဂွတ်နိုက်ချ် ဘိုင့်ဘိုင်"

ငွေလ ဘာပြန်ပြောရမှန်း မသိခင်မှာပဲ သူက အလိုက်တသိနှင့် နှုတ်ဆက်ကာ ဖုန်းပိတ်သွားခဲ့ချေပြီ။ စတွေ့တုန်းကတော့ တည်ငြိမ်တဲ့ပုံစံနဲ့ သူဟာ အခုကျပြန်တော့လည်း ခြေလှမ်းတွေ စိပ်လှချည်လား မော်ရယ်။ သူ့ကို ငွေလ ဘယ်လို ...လည်ပေးရမှန်းတောင် မသိတော့ချေ။ သေချာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေနှင့် စကားတွေထဲမှာ လေးနက်သည့် အရိပ်သဏ္ဍာန်တွေကို ငွေလ မြင်နေရသည်။ လေးနက်လို့သာပဲ မေမေတို့နဲ့ ဆုံဖို့အထိ သူစဉ်းစားတာပေါ့။

ငွေလသည် သူ့အသံလေးများ ပူပူနွေးနွေး လွင့်စဉ်ကျလာသော ဖုန်းလေးကို ရင်ဘတ်ပေါ်တွင် မှောက်တင်ရင်း ဘယ်ဘက်နှလုံးသားဆီမှ တဒုတ်ဒုတ် တိုးနှန်လာသောအသံကို ကိုယ့်ဘာသာ ပြန်ကြားမိချိန်ဝယ် အကြားသာ ရှိခဲ့ဖူးသော ခံစားချက်တစ်ခုကို နားလည်လို့ သွားလေပြီ။

ဪ ရင်ခုန်ခြင်းပဲ၊ ငွေလ ရင်ခုန်တတ်ခဲ့ချေပြီ။

ဝေဖန်စာ၊ အကြံပြုစာ၊ [illegible]များ ပေးပို့လိုပါလျှင်
အမှတ် (၁၀၈)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







မော်သည် ငွေလထံ သွားလည်ဖို့အတွက် idea ဆွဲထုတ်ကာ စကားလုံးတွေ ရွေးချယ်နေတုန်းမှာပင် သူ့ရုံးခန်းလေးထဲသို့ အသံမပေး ဘာမပေးနှင့် ပြုံးစိစိ ဝင်လာကြသော သူငယ်ချင်းများကို မြင်လိုက်လျှင် အတော် စိတ်ဓာတ်ကျသွားသည်ကို ဝန်ခံပါမည်။

ဒီလို ပြုံးစိစိလုပ်လာလျှင် သိပ်မသင်္ကာရတော့။ သူ့ကို ဝိုင်း၍ ကျပ်တော့မည်ဆိုတာ သူ အလိုလိုကို သိလေသည်။ ခင်းထင်က စတင်၍ ...

"ဟော့ကောင် ... အသံတွေ ကြားနေရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှတောင် ပြန်မပြောရသေး။ မြတ်မျိုးက ဝင်ဆောက်လာပြန်ကာ ...

"ငြင်းချက်ထုတ်ဖို့တော့ မစဉ်းစားနဲ့၊ ခိုင်လုံဖို့လည်း စိတ်မကူးနဲ့၊ ပွင့်ပွင့်လင်းလင်းသာပြောဖို့ စဉ်းစားထား"

ထိုနှစ်ကောင်က ဟောင်ဖွာ ဟောင်ဖွာနှင့် ချိတက်လာသော်လည်း ဖော်ကောင်လုပ်ထားသည့် ဥက္ကာကတော့ ခပ်ပြုံးပြုံးပဲ ရှိနေသည်။

"မင်းတို့က ဘာတွေလဲကွ၊ အင်အားတောင့်တယ်ဆိုပြီး လာချဲနေတာလား၊ လုံးဝ စိတ်မလှုပ်ရှားဘူးနော်၊ ပြော ထားလိုက်မယ်"

"ဩော် ... မင်းက ခုတော့ ဒီစကားမျိုး ပြောပြီပေါ့လေ၊ မင်းကို လှုပ်ရှားစေတဲ့သူနဲ့ တွေ့သွားပြီကိုး၊ ဘာလဲ ဒီတစ်ခါ အပီအပြင်ပဲလား၊ လုပ်လိုက်စမ်းပါကွာ မြန်မြန် လှုပ်ရှားပြီး ဆီဒိုးနားကို ပြေးကပ်ပစ်လိုက်စမ်းပါ၊ မင်း ဈေးဦးဖောက်မှ ငါတို့လည်း စွံမှာ"

"အောင်မာ ဘာဆိုင်လို့လဲ၊ ငါ့ကိုလာပြီးများ ဖွတ်လော နေတယ်"

"ဟ ... ငါတို့တွေက မင်းလို မင်းဘိုးတော်ကြီးရဲ့ သုံးလ ပြတ်သင်တန်း ပို့ချခံထားရတာ မဟုတ်ဘူးကွ၊ ကဲ ... ကဲ ပြောစမ်းပါကွာ၊ မင်းတို့ ဓာတ်လမ်းကိုတော့ ဥက္ကာ ပြော ထားလို့ သိပြီးပါပြီ၊ ဒါပေမဲ့ မင်းရဲ့ နှုတ်ထွက် လျှောက်





တင်ချက်လေးကိုလည်း ကိုယ်တော်ကြီးတို့က ကြားချင် သေးသကွယ့် ဟဲ ... ဟဲ"

သူက ပြောင်စပ်စပ်နိုင်လှသော မြတ်မျိုးရဲ့စကားကို ရယ်မိပြီးမှ ...

"သိပ်လည်း confirm မဖြစ်သေးပါဘူးကွာ၊ ဒါပေမဲ့ ငါ့ စိတ်ကြိုက်ပုံစံတော့ လုံးဝဝင်ပါတယ်၊ အင်မတန်ကို ရိုးသား အေးချမ်းတဲ့ ပုံလေးပဲကွ ...

ဒီခေတ်ကြီးထဲမှာတော့ ကြုံတောင့်ကြုံရခဲ ရှားပါး ရတနာမျိုးလေးပဲ၊ ငါ့မိဘတွေကလည်း စိတ်ကြိုက်ဖြစ်မဲ့ ဒီဖိုင်းပါ၊ အစစအရာရာ ဘာမှ ပြောစရာမလိုတဲ့ မိန်းကလေး မျိုးပေါ့"

"နာမည်က"

"ငွေလကျော့ရှင်းတဲ့ တစ်နေ့တော့ မင်းတို့နဲ့ ဆုံဖြစ်မှာပါ၊ ဒါပေမဲ့ သူက အရင် မိန်းကလေးတွေနဲ့တော့ မတူဘူးကွ၊ တကယ့်ကို အဖြူထည်လေး၊ ငါက အဲဒါလေးကို ပို သဘောကျတာ၊ စကားပြောရင်လည်း ဟန်တွေပန်တွေ မာယာတွေ မရှိဘူး၊ သေချာတာကတော့ ဒီကလေးမဟာ အချစ်နဲ့ လုံးဝထိတွေ့ပတ်သက်ခြင်း မရှိဖူးသေးဘူး ဆိုတာပဲ"

သူက ပြောရင်းမှနေ၍ ငွေလရဲ့ ရိုးသားစင်ကြယ် ကာ အဖြူထည်ဆန်လွန်းလှသော မျက်နှာလေးကို မြေ၍ မြင်



www.burmeseclassic.com

www.burmeseclassic.com



တောင်မိလေသည်။ အဟုတ်ကိုပင် သူမဟာ အချစ်ကို မြင်ဖူးကြုံဖူးပုံမပေါ်။ သူနှင့်ကျမ ခံစားတတ်ပြီဆိုလျှင်တော့ သူဟာ အတော်ကံကောင်းသည့် ယောကျ်ားတစ်ယောက်ပဲ ဖြစ်ပါလေမည်။

"ဒါဖြင့်ရင် အခု မင်း သူ့ကို စလိုက်နေပြီပေါ့"

"လိုက်နေပြီရယ်လို့လည်း မဟုတ်ပါဘူး၊ အခုမှ ခင်မင်မှု ပျိုးထားတုန်းပေါ့ကွာ၊ ဒါပေမဲ့ သူလည်း ခေတ်ရဲ့မိန်းကလေးတစ်ယောက်ပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ မွေးရာပါဗီဇ အနေနဲ့ကတော့ ငါ့ ခြေလှမ်းတွေ ဘယ်ကို ဦးတည်နေလဲ သူလည်း ရိပ်မိမှာပါ၊ ညတိုင်းတော့ ငါ သူ့ဆီ ဖုန်းဆက်တယ်"

"ဟာ ... ဒါဆို အဆင်ပြေနေပြီပေါ့၊ ကဲ ... ပြောစမ်းပါဦး၊ မဟာဆန်သူလေးနဲ့ ဘာအကြောင်းအရာတွေများ ပြောဖြစ်ကြလဲ"

သူက တစ်ချက်မျှ ရယ်သမ်းသွေးလိုက်ကာ ...

"ပြောရရင်တော့ သူနဲ့ကျမ ငါ့ system တွေ ပြောင်းပြန်လှန်ပစ်ကုန်တာပဲဟေ့၊ ဒီတစ်ခါ ငါက နားထောင်သမားကွ၊ ငါကလည်း သူ စိတ်ဝင်စားတဲ့ topic ကိုပဲ ကြောင်းပေးလိုက်တာပါ"

"ဘာ topic လဲ၊ ဂမ္ဘီရလိုင်းလား၊ အလှအပရေးရာ အကြောင်းလား"





"မင်းကလည်း မလွဲရင် မပြောနဲ့၊ တစ်ခုမှ မဟုတ်ဘူး၊ သူ စကားပြောရင် ငါးခွန်းမှာ သုံးခွန်းလောက်က သူ့ သူငယ်ချင်းအကြောင်း ပါတယ်ကွာ ...

ငါနဲ့ ဆုံဖြစ်သွားတာလည်း သူ့ သူငယ်ချင်း မပါလို့ပေါ့ကွာ၊ အရမ်းမာနကြီးတဲ့ သူငယ်ချင်း၊ charm ဖြစ်လွန်းတဲ့ သူငယ်ချင်းဆိုပဲ၊ သူ့အပေါ်လည်း တော်တော် influence လုပ်ထားနိုင်ပုံ ပေါ်ပါတယ် ...

ငါ ထင်တယ်၊ သူ ပြောပြောနေတဲ့ ရွှေရုပ်ဆိုတာ သူ့ကို ရည်းစားမထားလောက်အောင်ချစ်တဲ့ သူငယ်ချင်းမျိုးပဲနေမှာ၊ တချို့ မိန်းကလေးတွေက အဲဒီလို ဂေါက်တောက်တောက်လည်း ချစ်တတ်ကြတယ်"

မင်းထင်က သူ့စကားကို နားထောင်ရင်းမှ မျက်မှောင်တစ်ချက် ကြုတ်သွားလေသည်။

"ဘယ်သူ ... ရွှေရုပ် ဟုတ်သလား"

"အေး ... မင်း သိလို့လား၊ သူ ပြောပြောနေတာပဲကွာ"

"ရွှေရုပ်ဆိုတာ ရွှေရုပ်ပျိုကို ပြောတာ မဟုတ်လား၊ ဟုတ်လောက်ပါတယ်ကွာ မာနခပ်ကြီးကြီးဆိုတော့ ဟုတ်တယ်၊ သူပဲ နေမှာ ...

ဩော် ... မင်းအနွယ်လေးက ရွှေရုပ်ပျိုရဲ့ သွေးသောက်အစ်မတဲ့လား၊ အင်း ... မင်းတော့ မြင်ယောင်သေးတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲကွ၊ သူတို့အကြောင်း မင်းက ဘယ်လောက် သိထားလို့လဲ"

အခုမှ သူတို့ စကားဝိုင်းက ပိုမို အသက်ဝင်လာတာ ဖြစ်သည်။ မင်းထင်ရဲ့ စကားကို သူတင်မကဘဲ ကျန်သည့် နှစ်ယောက်ကပါ ရှိုက်ဝင်တစားနှင့် ခေါင်းတွေ ပူးလာကြလေသည်။

"ငါက ရွှေရုပ်ပျိုကို သိနေတာ ဘာရယ် မဟုတ်ပါဘူး၊ ငါ့အစ်ကိုဝမ်းကွဲက သူ့ကို ရေလည် ကြွေတာကွ၊ အရူး အမူးကို crazy ဖြစ်တာကွာ ...

ဒါပေမဲ့ ဒီမိန်းမက ဘာမှန်းမသိဘူး၊ ယောကျ်ား တွေဆို ဘယ်သူမှ သိပ်ကြည့်ရတတ်တာ မဟုတ်ဘူး၊ ဘယ်လောက်မြင့်တဲ့ သူပဲဖြစ်ဖြစ် လှည့်ကြည့်တာမဟုတ်ဘူး ...

မာနကြီးတယ် ဆိုတာမျိုးထက် ယောကျ်ားတွေဆို အသားလွတ် မုန်းနေတဲ့ ဒီဇိုင်းမျိုးကွ၊ တကယ့်ကို ဘာမထီပဲ၊ မင်း ယောကျ်ားတစ်ယောက်ကို လူပုံအလယ်မှာ ပိုးစိုးပက်စက် ပြောပစ်လိုက်ဖို့လည်း ဝန်လေးတဲ့သူ မဟုတ်ဘူး၊ တကယ်လန့်ဖို့ ကောင်းပါတယ်ကွာ၊ ဘာကိုမှ ဂရုစိုက်တဲ့ ပုံလည်း မပေါ်ဘူး၊ ပိုက်ဆံကလည်း တော်တော်ချမ်းသာတာကိုးကွ၊ ဦးရွှေသိုက်ရဲ့ သမီးလေ၊ တစ်ဦးတည်းသော သမီး"





ဦးရွှေသိုက်လို ရန်ကုန်မြို့ရဲ့ အထင်ကရ သူဌေး တစ်ဦးကို သူ မသိစရာ ဘာအကြောင်းမှ မရှိပါ။ ထိုလူကြီး၏ ချစ်စွာသော သမီးပျိုလေးဟာ သူ့ရဲ့ ငွေလနှင့်မှ တိုက်တိုက် ဆိုင်ဆိုင် သူငယ်ချင်း လာတော်နေပါရောလား။

"အင်း ... ငွေလကို ကြည့်ရတာ ရွှေရုပ်ပျိုကို ကြောက်ရတယ် မဟုတ်ပေမဲ့ တော်တော်တော့ အရေးပါ အလေးထားပုံပဲ"

"ဖြစ်နိုင်တယ်နော် ဟော့ကောင်၊ ရွှေရုပ်ပျိုနဲ့ ပတ်သက်တဲ့ လူဆိုရင်တော့ သိပ်လွယ်မယ် မထင်ဘူး၊ အခု မင်း မဒီလေးကရော ဘာပြောလဲ"

"သူ့စကားထဲမှာ ပါတော့ ပါတယ်ကွ၊ သူက သူ့သူငယ်ချင်းနဲ့မှ အပြင်သွားလေ့သွားထ ရှိတာတို့၊ ဘာတို့၊ ငါနဲ့ဆုံဖြစ်တာတောင် သူ့သူငယ်ချင်း မရှိလို့ ဆိုတာမျိုးတွေ၊ သူ့သူငယ်ချင်း ဘယ်လို တော်တယ် ထက်တယ် ဆိုတာတွေ ... အင်း"

သူက ပြန်လည်စဉ်းစားကာ နားထဲ၌ ငွေလ ပြောခဲ့သော စကားတွေကို ကြားယောင်လာမိလေသည်။

"ဟုတ်လောက်တယ် သူငယ်ချင်း၊ အကောင်းဆုံးကတော့ ရွှေရုပ်ပျို ပြန်ရောက်မလာခင် မင်းနဲ့ မင်းကောင်းမလေးတို့ အဆင်ပြေအောင် ကြိုးစားထား ...



www.burmeseclassic.com

www.burmeseclassic.com



အဖြေမရသေးတောင်ကွာ မင်းဘက်ကိုပါအောင် အပိုင်ဖန်ထား၊ ဒါ မင်းအတွက် ကံကြမ္မာက ပေးလာတဲ့ အခွင့်အရေးပဲ၊ ဟိုမိန်းမ ပြန်ရောက်ရင် သိပ်လွယ်မယ် မထင်တော့ဘူးနော်"

သူသည် မျက်မှောင်တစ်ချက်ကြုတ်ကာ မြင်ဖူး မမြင်ဖူးသေးသော်ငြား အကြားနဲ့တင် ခင်ချင်ဖွယ်မကောင်းသော လူပြောများလှသော မိန်းမတစ်ယောက်ကို စတင် စိတ်ဝင်စားမိတာ ဒါ ပထမဆုံးအကြိမ်ပင်။

သူ့ရာဇဝင်၌ မာနကြီးလှပါသည်ဆိုသော မိန်းမ များကို ရည်းစားတော်ပစ်ခဲ့သည်မှာ မနည်းလှတော့။ ဒီမိန်းမ ကရော ဘာသားနဲ့ ထုထားတာမို့လို့လဲ၊ နောက်ဆုံးတော့ မိန်းမဟာ မိန်းမပဲ မဟုတ်လား။ သူသည် ငွေလကို တစ်သက်လုံးအတွက် အတည်အတန့် ရည်ရွယ်ထားလိုက်တော့သည်မို့ သူ့စိတ်ထဲတွင် ရွှေရုပ်ပျိုဟုသော မိန်းမကို ကြာကြာထည့်မထားချင်တော့။ အရင်လို စိတ်မျိုးနှင့်သာဆိုလျှင် ကောင်းကောင်းကြီးကို ပညာပေးချင်မှ လေသည်။

သို့သော် သူမကို လျှော့တော့ မတွက်သင့်ကြောင်း အစောကြီးထဲကပင် သူနားလည်သဘောပေါက်ခဲ့ပါသည်။







## အခန်း(၈)

သူသည် ခြေလှမ်းကို ပိုသွက်လိုက်သည့်သဘောဖြင့် ...ိုင်းတွင် သူ လာလည်မည့်အကြောင်းကို ဖုန်းထဲမှ ပြောထား ...က်ပြီးနောက် နောက်တစ်နေ့မနက်မှာပဲ ငွေလတို့အိမ်သို့ ...က်သွားခဲ့လေသည်။ ငွေလသည် သူ့ကို ရင်အေးစရာ အပြုံး ...ဖြင့် ကြိုဆိုနေခဲ့ပါသည်။ အိမ်အပေါက်ဝမှနေ၍ သူ့ကို ပြုံးပြ ...ကြိုပုံမှာ သူ့ရဲ့ အိမ်သူသက်ထားလေးအဖြစ် စိတ်ကူးယဉ် ...စရာ အကောင်းဆုံးပုံလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"လာ၀ါ မှော် ... ထိုင်ပါ၊ တစ်ခုခုသုံးဆောင်ဦးနော်၊ အ
လား အအေးလား"

"ရပါတယ် အဆင်ပြေရာပဲပေါ့၊ ဒီမှာ ... ငွေလတို့အိ
အတွက်"

သူက စားသောက်စရာ လက်ဆောင်ခြင်းကြီး
ငွေလရှေ့သို့ တွန်းပို့ပေးလိုက်သည်။ ငွေလရဲ့ မျက်နှာတွ
အားနာသောအရိပ်တို့က အထင်သားပေါ်လာပြီးလျှင် ...

"အို ... ဘာလို့ ဒါတွေယူလာရတာလဲ မှော်ရယ်၊ ဒါတွေ
မလိုပါဘူး၊ သက်သက် အားနာစရာကောင်းအောင်လို့"

"အားနာစရာ မဟုတ်ပါဘူးကွာ၊ ကိုယ့်ရဲ့ အမှတ်တ
လက်ဆောင်ပေါ့၊ ဒါက ငွေလရဲ့ မေမေအတွက် အားဆေး
ပါ၊ ကိုယ့်ဖေဖေရဲ့ ကုမ္ပဏီက နောက်ဆုံးတင်သွင်းလာတဲ့
အားဆေးပေါ့"

"ဒီအတိုင်း လာလည်လည်း ရပါတယ် မှော်ရယ်၊ ဒါတွေ
မလိုပါဘူး၊ ဟော ... မေမေတောင် လာပြီ"

ငွေလရဲ့ မေမေသည် သူ့ရဲ့ ရှေ့ကခုံမှာ ဝင်ထိုင်
လျက် သူ့ကို ကြည်ကြည်လင်လင်ပဲ ပြုံးပြလာပါသည်။ မွန်ရည်
အသရေတင့်သော ထိုအမျိုးသမီးကြီးမှာ ခက်ထန်သော၊ မာ
ကြီးသော အရိပ်အယောင်များ ရှိမနေပါ။ ပေါင်းသင်းဆက်ဆံလို့
လွယ်ကူချောမွေ့မည်ပုံပဲ ပေါ်ပါသည်။





"မေမေ ... ဒါ ငွေလ တစ်ခါက ပြောပြဖူးတဲ့ ကားပျက်
သွားတုန်းက ကူညီဖူးခဲ့တဲ့ မှော်ဆိုတဲ့ သူပေါ့၊ မှော် ဒါက
တော့ ငွေလရဲ့ မေမေပါ၊ ဒေါ်အေးအေးယဉ်လို့ ခေါ်ပါ
တယ်"

ငွေလက မိတ်ဆက်ပေးပြီးသွားလျှင် သူက ရိုကျိုးစွာ
ခေါင်းငြိမ့်ပြလျက် ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

"အေးကွယ် ... သမီးကို ကူညီခဲ့တဲ့အတွက်လည်း ကျေးဇူး
တင်ပါတယ်၊ သူက တစ်ယောက်တည်း အပြင်ထွက်ခဲလှ
ပါတယ်၊ အဲဒီနေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် သွားဖြစ်ရတယ်၊
တော်သေးတာပေါ့ ကူညီတဲ့သူနဲ့ တွေ့လို့"

"ဟုတ်ကဲ့၊ ဪ ... ဒါနဲ့ ဒါ အန်တီ့အတွက် ကျွန်တော့်ရဲ့
လက်ဆောင်ပါ ခင်ဗျ၊ တော်တော်ကောင်းပါတယ်၊ အထူး
သဖြင့် အန်တီတို့လို အမျိုးသမီးကြီးတွေနဲ့ ပိုသင့်တော်ပါ
တယ်၊ ဈေးကွက်ထဲမှာတောင် မဖြန့်ရသေးပါဘူး အန်တီ၊
ရှေ့အပတ်ကျမှ promotion လုပ်မှာပါ"

ငွေလရဲ့ မေမေသည် သူ ကမ်းပေးသော ဆေးဘူး
ကို လှမ်းယူကြည့်လျက် ...

"ဪ ... ဒီဆေးကို အန်တီ သိတယ်ကွယ့်၊ ဆွစ်ဇာက
မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးဖူးလို့ သောက်ဖူး
တယ်၊ ဟုတ်တယ်၊ တော်တော်လေးကောင်းတယ်၊ နေရထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရ သွားရ လာရတာတွေက သိသိသာသာကို ပေါ့ပါးေ
ဘယ်၊ အဲဒီ့ဆေးကို သိပ်ကြိုက်ပေမဲ့ ဒီမှာ ဝယ်ဖို့မလွယ်တာ
နဲ့ ဆက်မသောက်ရတော့တာ ...

ဒါ မော်တို့ သွင်းလာတဲ့ဆေးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အန်တီ၊ နောက်ဆို အန်တီ အဆင်ပြေတော
မှာပါ၊ promotion ပွဲကျရင်လည်း အန်တီ့ကို ဖိတ်ပါဦး
မယ်၊ အန်တီ့ မိတ်ဆွေတွေရောပေါ့၊ ဆက်ဆက်လာခဲ့ေ
ပါ အန်တီ"

"အင်း ... လာရမှာပေါ့၊ ဒါနဲ့ မော်ရဲ့ မိဘတွေက ဘယ်သူ
တွေများလဲကွယ့်"

"ဦးမြင့်လင်းနဲ့ ဒေါ်သီတာပါ ခင်ဗျ၊ Ever Green ဆေ
ကုမ္ပဏီပါ၊ အခုနောက်ပိုင်း ဆေးရုံပစ္စည်းတွေပါ သွင်းပါ
တယ်"

"ဩော် ... ဩော်၊ အန်တီ ကြားဖူးပါတယ်၊ မော်က
မောင်နှမ ဘယ်နှယောက် ရှိသလဲကွယ့်"

"ညီအစ်ကို နှစ်ယောက်တည်းပါ အန်တီ၊ ကိုကိုက LA
မှာပါ၊ သူကလည်း အဲဒီမှာ ဆေးကုမ္ပဏီပါပဲ"

"ဩော် ... မော်ကတော့ ဒီက အလုပ်တွေကို ကူညီေ
တာပေါ့"

ဒီစကားကိုတော့ သူ့အစား ငွေလကပင် ဝင်ရောက်
ချေပပေးလေသည်။





"မဟုတ်ဘူး မေမေရဲ့၊ မော်က သူ့အလုပ်သူ သပ်သပ်
ရှိသေးတယ်၊ တက္ကသိုလ်ရိပ်သာလမ်းမှာ Fancyfree ဆိုတဲ့
စတိုးဆိုင်တစ်ဆိုင် ဖွင့်ထားတယ်"

"ဟုတ်ပါတယ် အန်တီ၊ အန်တီ အားတဲ့တစ်ရက်လောက်
ဖြစ်ဖြစ် ငွေလနဲ့ အတူတူ လာလည်ပါဦး၊ ကျွန်တော်က
ငွေလကို ဖိတ်နေတာ ငွေလကတစ်ယောက်တည်း သိပ်သွား
လာလာ မရှိဘူးဆိုတာနဲ့"

"ဟုတ်တယ်ကွယ့်၊ ငွေလက သူ့သူငယ်ချင်းနဲ့ပဲ သွားတာ
လာတာများတာ၊ အန်တီတို့ကလည်း တစ်ဦးတည်းသော
သမီး မွေးထားတော့ သိပ်စိတ်ချရတယ်လည်း မရှိဘူး၊
အန်တီကလည်း ကျန်းမာရေး သိပ်ကောင်းတာ မဟုတ်
ဘူးလေ ...

အဲဒီ့ ကလေးမလေးက ငွေလရဲ့ အစ်မလိုပါပဲ"

ကြည့် ... ပါလာပြန်တော့မယ်၊ ရွှေရုပ်ပျိုဆိုသော
မိန်းမကြောင်းကတော့။ ထိုအခိုက်မှာပင် ငွေလက ကော်ဖီနှင့်
မုန့်ပန်းကန်ကို သွားယူလာကာ သူ့ရှေ့သို့ ချထားပေးလာ
သျှက် ...

"မော် သုံးဆောင်လိုက်ပါဦး၊ အဟင်း ... မေမေ ညှော်သည်
လာရင် သူချည်း စကားတွေ ဒိုင်ခံပြောတော့တာပဲ၊
ရွှေရုပ်လာရင်များ ရန်ဖြစ်နေတဲ့အတိုင်း စကားကို လုပြော
ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရွှေရုပ်ဆိုလို့ ရွှေရုပ်ဆီက ဖုန်းမလာဘူးလား"

"လာတယ်လေ မေမေ၊ ကိုရီးယားနဲ့ ဂျပန်ကို ဆက်ဦးမှာ ကြာဦးမှာတဲ့"

ကြာလိုက်စမ်းကွ၊ သူက ကော်ဖီကို မော့ရင်း အမှတ်မထင် သိခွင့်ရခဲ့သော စကားအတွက် ကျိတ်၍ ကျေနပ် သွားလေသည်။ ဒီလောက်တောင် လူပြော သူပြောများတဲ့ မိန်းမ သူ တွေ့ဖူးစမ်းချင်လှသည်။

"ဒါနဲ့ အန်ကယ်လ်ကိုရော မတွေ့ပါလား ငွေလ"

"သြော် ... ဖေဖေက ဒီနေ့ ဂေါက်ဖ်သွားရိုက်တယ်၊ နောက် နေ့တော့ ရှိမှာပါ"

"ဟုတ်ကဲ့ ... ဒါဆိုရင် နောက်နေ့မှ ကိုယ် လာတော့မယ် အန်တီ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျ၊ နောက်တစ်နေ့ promotion ပွဲအတွက် ဖိတ်လိုက်ပါဦးမယ်၊ ငွေလ ခွင့်ပြု ပါဦး"

"ပြန်တော့မလို့လား မော်ရဲ့၊ ထမင်းစားပြီးမှ အေးအေး ဆေးဆေး ပြန်ပါလားကွယ်"

"နေပါစေ အန်တီ၊ ကျေးဇူးတင်ပါတယ်"

"အန်တီကလည်း ကျေးဇူးတင်ပါတယ်ကွယ်၊ နောက်လည်း လာလည်ပါ ဟုတ်ပြီလား"

"ဟုတ်ကဲ့ အန်တီ"





ငွေလကပင် သူ့ကို ကားနားအထိ လိုက်လံပို့ဆောင် ပေးပါသည်။ ကျစ်ဆံမြီးနှစ်ဖက် စုချလျက် ဂါဝန်ရှည်လေးဖြင့် အဲ့စလှပနေသော ငွေလကို သူက နွေးထွေးစွာဖြင့် တစ်ချက် ကြည့်ကာ ...

"ငွေလကိုလည်း ကိုယ်က ကျေးဇူးတင်ပါတယ်"

"ရှင် ... ဘာလို့လဲဟင်"

အံ့သြသလို ဝိုင်းစက်သွားသော ငွေလရဲ့ မျက်နှာ နမ်းထဲသို့ သူက တည့်တည့်စိုက်ကြည့်ပစ်လိုက်ရင်း ...

"ကိုယ့်ကို ခင်မင်ခွင့်ပေးခဲ့တဲ့ အတွက်ပေါ့"

ငွေလက သူ့အကြည့်နှင့် သူ့စကားကို တုံ့ပြန် စရာ စကားရှာမရဟန်ဖြင့် မျက်လွှာအသာချလျက် ပြုံးသွားလေ သည်။

ငွေလရယ် မင်းဟာ အင်မတန် ချစ်စရာကောင်း ပါတယ်၊ ဒါပေမဲ့ ကိုယ့်ရင်ခုန်သံတွေက ပုံမှန် ဖြစ်နေတာ ခက် တယ်။

ဘာပဲဖြစ်ဖြစ် ငွေလကို သူ နှစ်သက်သဘောကျလှ ပါသည်။ သူမနှင့် ပို၍ ပတ်သက်လာရလေလေ သူ လက်ထပ် ချင်သည့် မိန်းကလေးမျိုးမှာ ဒီပုံစံမျိုးပဲဟု ပို၍ သေချာလာရလေ လေပဲ ဖြစ်လေသည်။

"ငွေလ ကိုယ့်ကို အိမ်အပြန် လက်ဆောင်အဖြစ် စကား လေးတစ်ခွန်းလောက်တော့ ပါးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ငွေလက ရှက်ရိပ်စွန်းသော အပြုံးသဲ့သဲ့ဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။ သူ့အတွက် ခြေတစ်လှမ်းကို ပို၍ သေချာ သွားစေခဲ့ပြန်ပါသည်။

"ကားကို ဂရုစိုက်မောင်းပါ မောင်"

ကဲ ... ဘယ်လောက်လက်တွေ့ကျကျ ကဗျာဆန် တတ်တဲ့ မိန်းကလေးမျိုးလဲ။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။





တစ်ရက်ပြီး တစ်ရက် အချိန်တွေ ကုန်ဆုံးလာခဲ့ လေလေ သူနှင့် ငွေလတို့နှစ်ဦး၏ အခြေအနေမှာလည်း ပို၍ တိုးတက်မြန်ဆန်လာလေလေပဲ ဖြစ်သည်။ အခုဆိုလျှင် သူ့ကို ငွေလရဲ့ မိဘတွေကလည်း နေရာတစ်ခုပေးကာ အသိအမှတ်ပြု ခင်မင်ထားကြပေပြီ။

သူ့ရဲ့ ပါးနပ်ကာ အကွက်မြင်တတ်သော အစွမ်း တွေကြောင့် သိပ်မကြာလိုက်သော အချိန်လေး အတွင်းမှာပင် ငွေလရဲ့ဘဝထဲမှာ နေရာလေးတစ်ခု ယူထားနိုင်လိုက်ပြီဆိုတာ သူ့ကိုယ်သူလည်း သိပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုလျှင် တစ်ပတ်တွင် သုံးလေးရက်လောက်ကတော့ ငွေလနှင့်အတူတူ ကော်ဖီသောက်ခွင့်၊ မုန့်စားခွင့်ရနေပြီဖြစ်သည်။ ငွေလနှင့် စကားများများ ပြောကြည့်လေလေ ရွှေရုပ်မျိုးဆိုသော မိန်းမမှာ တယ်၍မခေလှသော မိန်းမ ဖြစ်သည်ဟု ပို၍သေချာလာလေလေပဲ ဖြစ်သည်။

ဒါ့အပြင် သူ့အတွက် ကံဇာတာ စန်းလာဘ်တွေအတော့်ကို တက်နေသောအချိန်ဟု တင်စား၍လည်း ရကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘယ်သကောင့်သားမှ အနားသို့သီခွင့်မရခဲ့သော ငွေလရဲ့အနားသို့ သူက ပီပီပြင်ပြင်ကို ကပ်ထားခွင့်ရသောကြောင့် ဖြစ်လေ၏။

ဒီနေ့လည်း သူက ငွေလကို ဒင်းဆမ်းစားမည်ဟူသော အကြောင်းပြချက်ဖြင့် ရွှေရှမ်းကန်သို့ စောစောစီးစီးချိန်းထိုထားလေရာ သိပ်မကြာသော အချိန်မှာပင် ငွေလကားဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။

အေးအေးသွဲ့သွဲ့ တိုက်ခတ်နေသော ကန်ရေပြင်ပေါ်မှ လေညင်းသည် သူ့ရဲ့ စိတ်ကိုရော ငွေလရဲ့ စိတ်ကိုရောပါကြည်လင်နေစေပါသည်။ အစားအသောက်တွေ မှာကြားပြီးသောအခါ သူက စတင်၍ ...

"ငွေလနဲ့ ကိုယ်နဲ့ ဒီနေ့ ခေါင်းစဉ်တစ်ခုကို ဆွေးနွေးရအောင်"





ငွေလက သူ့ကို ဘာလဲဟူသော သဘောဖြင့် မျက်လုံးလှန်ကာ ကြည့်သည်။

"အချစ်ကို ငွေလ မကြုံဖူးဘူး ဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ နားလည်လက်ခံထားတာတွေတော့ ရှိမှာပေါ့၊ ငွေလ နားလည်လက်ခံထားတဲ့ အချစ်၊ ဒါမှမဟုတ် သတ်မှတ်ထားတဲ့ ပုံစံတစ်ခုကို ကိုယ့်ကို ပြောပြနိုင်မလားဟင်"

ဒါသည် သိပ်မကြာသောအချိန်မှာ ငွေလကို သူ propose လုပ်တော့မယ်ဆိုတာကို သွယ်ဝိုက်သောနည်းဖြင့် သိစေသိက်တာ ဖြစ်သည်။

ငွေလသည် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသော မျက်နှာမှင့် ဝေခွဲမရဟန်ရှိပြီးမှ ...

"အမှန်အတိုင်း ပြောရရင်တော့ ငွေလ အဲဒါမျိုးတွေ တစ်ခါမှ စဉ်းစားမကြည့်ခဲ့မိဖူးပါဘူး၊ ဒါကြောင့် သတ်မှတ်ချက်တွေ ဘာတွေလည်း မရှိဘူး"

အင်း ... စကားပြောကြည့်လေလေ ငွေလဟာ တိုး၍တိုး၍ မက်မောချင်စရာ ကောင်းလေပါပဲ။ ဒီခေတ်ကြီးထဲမှာ ဆူကွက်ထွက်နေကြသော မိန်းကလေးများနှင့်ယှဉ်လျှင် ငွေလသည် နှိုင်းမရအောင် တန်ဖိုးမြင့်လှပါသည်။

"OK အဲဒီစကားကြားရတာ ကိုယ် အများကြီးပဲ ဝမ်းသာပါတယ်၊ သတ်မှတ်တစ်ခုထဲမှာ ပေါက်ဖွားလာတဲ့ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အချစ်အစစ်တော့ ဟုတ်မယ်မထင်ဘူး၊ ဘယ်အရာမဆို သဘာဝအတိုင်းက အကောင်းဆုံးပဲ မဟုတ်လား၊ သတ်မှတ်ထားတဲ့ အချစ်ဆိုတာ chemical တွေ များများပါတယ်၊ ဟုတ်လား"

သူ့စကားကို ငွေလက သဘောကျသလို ရယ်လေသည်။ အဲဒီအခိုက်မှာပင် အစားအစာတွေ ရောက်လာသဖြင့် စားရင်းသောက်ရင်းမှ ပေါ့ပေါ့ပါးပါး စကားဆက်သည်။

"ငွေလ ကိုယ် မေးတာ ဖြေဦးလေ"

"chemical တွေ၊ natural တွေ၊ ငွေလ နားမလည်ပါဘူး မော်ရယ်၊ အောင်မယ် ... မော်ကရော ဘယ်လောက် နားလည်နေလို့ ငွေလကို မေးခွန်းတွေ လာထုတ်နေရတာလဲ မရိုးသားဘူး ဖြေနော်"

လက်ညှိုးတစ်ချောင်းထောင်ကာ တရားခံပြန်ဖမ်းလိုသော ငွေလရဲ့ ဟန်ပန်လေးကို သူက သဘောကျစွာ တစ်ချက်ရယ်လိုက်လေသည်။

"ဩော် ... ငွေလရယ်၊ ကိုယ်က ရိုးသားပါတယ်၊ ငွေလကို ဘာမှ ထိန်ချန်ထားတာ မရှိပါဘူး၊ ငွေလ ဘာမေးချင်လဲ မေး"

သူက စားလက်စတို့ကိုပင် ရပ်တန့်ထားပစ်ကာ လက်နှစ်ဖက်ကို မေးထောက်ပစ်လျှက် ငွေလထံ ခပ်ပြုံးပြုံးစိုက်ကြည့်၍ မေးလိုက်လျှင် ငွေလက မနေတတ်သလို ပြုံးကာ ...





"အဲဒီ့ အချစ်ဆိုတာကို မော် ကြုံဖူးမှာပေါ့၊ မော် ကြုံဖူးတာကို ပြောပြ"

"ကိုယ် ငွေလကို မညာစတမ်း အပွင့်လင်းဆုံး ပြောပြမယ်၊ ကိုယ် ရည်းစားတွေ ထားခဲ့ဖူးတယ်၊ ချစ်တယ်ဆိုတဲ့ စကားလည်း ပါးစပ်က ပြောခဲ့ဖူးတာပဲ ... "

ဒါပေမဲ့ ငွေလပဲ စဉ်းစားကြည့်၊ လူတစ်ယောက်ကို ငွေလ စိတ်ထဲမှာ မချစ်ဘူး၊ အဲ ... ပါးစပ်ကတော့ ချစ်တယ်လို့ ပြောလို့ရတယ် မဟုတ်လား၊ တချို့ကျတော့ အရမ်းချစ်တယ်၊ ဒါပေမဲ့ ပါးစပ်က ထုတ်ပြောပိုင်ခွင့်မရှိဘူး၊ ရင်ထဲ အသည်းထဲမှာတော့ အရမ်းချစ်နေတယ် ...

အဲဒီတော့ အချစ်ဆိုတာ ပါးစပ်က ဖွင့်ပြောတိုင်းလည်း အချစ် မဟုတ်သလို ရင်ထဲမှာ မျိုသိပ်ထားတဲ့ အချစ်တွေလည်း ရှိတတ်ကြတယ်၊ ကိုယ် နားလည်တာတော့ အဲဒီအတိုင်းပဲ"

ငွေလသည် သူ့စကားကို မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားနေပုံ ပေါ်သည်။ ရည်းစားတွေ ထားခဲ့ဖူးတယ်ဟူသော သူ့စကားအတွက်တော့ ငွေလ ဘယ့်နှယ်မှနေဟန် မတူပေ။ သူလို လူမျိုးအတွက် ဒီလောက်တော့ ရှိကောင်းမည်ဟု ကြိုတင်တွက်ဆထားဟန် တူပါသည်။

"ကဲ ... ငွေလကရော အချစ်နဲ့ ဆင်ဆင်တူတာလေးတောင် မခံစားခဲ့ရဖူးဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ရွှေရုပ်တစ်ယောက် အနားမှာ ရှိနေတာကို ဘဲတိုင်ကြီးကာထားသလိုပဲ"

"နေပါဦး ငွေလရဲ့စကားထဲမှာ အဲဒီ ရွှေရုပ်က တော်တော် ပါတယ်နော်၊ သူက ငွေလကို ရည်းစားမထားရလောင် အောင် သဝန်တိုပြီး ချစ်တာလား"

"အင်း ... သဝန်တိုရယ်တော့လည်း မဟုတ်ပါဘူး၊ ရွှေရုပ် က တကယ်တမ်းကျတော့ သနားစရာ ကောင်းတာပါ သူ့မိဘတွေရဲ့ အိမ်ထောင်ရေး အဆင်မပြေမှုဒဏ်တွေထဲ ငယ်ငယ်လေးတည်းက ခံစားလာရဖန်များတော့ သူ့နှလုံး သားမှာ ဒဏ်ရာရသလို ဖြစ်နေတာပေါ့၊ အထူးသဖြင့် အဖေကို မကျေနပ်တဲ့ ခံစားချက်ကြောင့် သူက ဘယ်ယောကျ်ား ကိုမှ အကောင်းမမြင်တတ်တော့ဘူး ...

သူ့ကို ယောကျ်ားတွေက ချစ်ရင် ကြိုက်ရင်လည်း သဘောမကျဘူး၊ ငွေလကို လိုက်တဲ့သူဆိုရင်လည်း သူနဲ့ တင် လန့်ပြီးပြေးတော့တာပဲ"

အင်း ... ကြားရတာ ကြက်သီးထချင်စရာပါပေ။ သို့သော် သူက သိပ်တော့ မမှုတော့ချေ။ ငွေလရဲ့ အရိုးခံမျက်ဝန်း လေးများထဲတွင် သူ့အပေါ် နှောင်တွယ်သည့် အရိပ်သဏ္ဌာန် တို့ကို သူ အတိအကျပင် ဖမ်းယူရရှိထားလေသည်။

"ဒါဆို ကိုယ်က တော်တော်ကံကောင်းတဲ့သူမို့ ငွေလရဲ့ အနားကို ကပ်ခွင့်ရတာပေါ့နော်"





ငွေလက သူ့ကို မျက်စောင်းလေးထိုးကာ ...

"အဲဒီနေ့က ရွှေရုပ်သာပါရင် မှော်နဲ့ ငွေလ ဆုံဖြစ်မှာ တောင် မဟုတ်ဘူး၊ အမှန်တော့ အဲဒီခရီးစဉ်ကို ရွှေရုပ်က ငွေလကိုပါ ခွတ်ခေါ်တာပါ၊ အဲဒီအချိန်မှာ မေမေ နေမကောင်းတာရော၊ ပြီးတော့ မေမေက ငွေလကို သိပ်စိတ်မချတာရောကြောင့် မထည့်လိုက်တာ၊ ရွှေရုပ်ဖြင့် စိတ်တွေ အရမ်းဆိုးပြီး သွားတာပဲ ...

အင်းပေါ့ ... ငွေလ မပါသွားတာပဲ ခပ်ကောင်း ကောင်းပါ၊ သူက အခု ဟိုမှာ ရုပ်ရှင်စတူဒီယိုတွေ လုပ် တာ လေ့လာနေတယ်တဲ့ ဒီမှာပြန်လုပ်မလို့ ပြောတာပဲ၊ ရွှေရုပ် က အရမ်း investment လုပ်နိုင်တယ်လေ"

"သြော် ... ဒါဖြင့် ငွေလရဲ့သူငယ်ချင်းက ကြာဦးမှာပေါ့"

"အင်းပေါ့ ... တစ်လလောက်တော့ ထပ်ကြာဦးမှာ ဘာ လို့လဲ မှော်"

"သြော် ... သူမရှိတော့ ငွေလရဲ့အနားကို ကိုယ်က ကပ်ခွင့်ရနေတယ်လေ၊ ငွေလ ပြောပြပုံအရဆို သူက တော်တော် မလွယ်မဲ့သူပဲ၊ သူ ပြန်ရောက်လာရင်ရော ကိုယ့်ကို အချိန်ပေးဦးမှာလားဟင် ငွေလ"

"အင်း ... ပေးမှာပေါ့"

ငွေလသည် အဖြေကို တိတိကျကျ ရဲရဲတင်းတင်း ဆောင် မပြောနိုင်ရှာချေ။ ဟိုမိန်းမကို တော်တော်ကြောက်ရရှာသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်၏။ အင်းပေါ့လေ ဒီမိန်းမ ယက္ခလို အုပ်မိုးထားနိုင်လို့သာပဲ ငွေလဆိုသော လမင်းလေးဟာ အခုထက်ထိ ဖူးဖူးစင်စင် လွှတ်လွှတ်လပ်လပ် ရှိနေတယ်လို့ မှတ်ရမှာပါပဲ။

ငွေလရဲ့ ပုံစံလေးဟာ အားနွဲ့ရိုးသားလျက် ကြင်နာတတ်သည့် ဓာတ်ခံရှိသူမို့ ဖယောင်းလိုပဲ ဖြစ်လေသည်။

"ကိုယ် စိုးရိမ်တာ တစ်ခုက ငွေလရဲ့ သူငယ်ချင်းက ကိုယ့်ကို သဘောမကျခဲ့ရင် ငွေလကပါ ကိုယ့်ကို စိမ်းသွားမှာကိုပါပဲ၊ please ငွေလ ...

အဲဒီလိုတော့ မလုပ်ပါနဲ့နော်"

အနူးအညွတ် တောင်းပန်သည့်ပုံဖြင့် ပြောလိုက်သောသူ့စကားသံကို ငွေလ လေးနက်ရွှန်းမြသည့် မျက်ဝန်းများဖြင့် —

"ငွေလ မော့်ကို မစိမ်းသွားပါဘူး"

"ကျေးဇူးတင်ပါတယ် ငွေလရယ်"

သူက ခပ်တိုးတိုးပြောကာ ငွေလကို ရွှန်းမြမြ စိုက်ကြည့်ပစ်လျက် ချစ်စကားပြောဖို့ အချိန်ကျရောက်လာပြီဟု ကိုယ့်ကိုယ်ကိုယ် သတိပေးမိလိုက်လေသည်။







# အခန်း(၉)

သူသည် ငွေလကို မလွဲမသွေ ချစ်စကားပြောရမည့် အချိန်သို့ ရောက်လာလျှင် တယ်လီဖုန်းထဲမှ ပြောသည့် ခပ်ရိုးရိုးနည်းကိုပဲ ရွေးချယ်ခဲ့လေသည်။ အချိန်ကတော့ တိတ်ဆိတ်ငြိမ်သက်နေသည့် ညနက်နက် တစ်ချိန်မှာ ဖြစ်သည်။

ငွေလထံ ဖုန်းခေါ်လိုက်လျှင် သိပ်မကြာသော အချိန်က ငွေလရဲ့ ဖုန်းထူးသံလေးကို ကြားရပါသည်။

"ငွေလ ကိုယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောလေ မော်"

"ကိုယ် ငွေလကို အရေးကြီးတဲ့ စကားတစ်ခွန်း ပြောချင်တယ်"

"ဘာများပါလိမ့် ပြောလေ မော်"

ရုတ်တရက်တော့လည်း သူ ပြောမထွက်ချေ။ တကယ်တော့ သူ့အတွက် မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုသော စကားတစ်ခွန်း ပြောထွက်ရန်မှာ ဘာမှ ခက်ခဲသော ကိစ္စတစ်ခု မဟုတ်ပါ။ သို့သော် ဒီတစ်ခါမှာ သူ တော်တော်နှင့် ပြောမထွက်နိုင်ချေ။ ငွေလလို ရိုးသားဖြူစင်သော မိန်းကလေး တစ်ယောက်ကို သူ မလိမ်ညာချင်ပေ။

သို့သော် ငွေလကို သူ တန်ဖိုးထားပါသည်။

သူ့ဘက်မှ မေတ္တာတိတ်ဆိတ်သွားသဖြင့် ...

"ဘာလဲ မော် ပြောလေ"

"ကိုယ် ငွေလကို ချစ်နေတယ် ငွေလ၊ ပြီးတော့ ကိုယ် လက်ထပ်ချင်တယ်"

နှစ်ဖက်စလုံးသည် ခေတ္တမျှတော့ တိတ်ဆိတ်၍ သွားလေသည်။ ငွေလက ဘာမှ ပြန်မပြောသဖြင့် ...

"ကိုယ့်ကို စိတ်ဆိုးသွားတာလား ငွေလ"

"ဟို ... စိတ်မဆိုးပါဘူး"

"ဒါဖြင့်ရင် ဘာလို့ ဘာမှ ပြန်မပြောတာလဲ"

"ဟင် ... ငွေလ ဘာပြန်ပြောရမှာလဲ"





"သြော် ... ငွေလရယ်၊ ဒီလောက် အရေးကြီးတဲ့ စကားအတွက် ငွေလမှာ response တစ်ခုခုတော့ ရှိရမှာပေါ့၊ ကိုယ် ဒီစကားကို တကယ်ပဲ အလေးအနက်ထားပြောတာပါ ငွေလရယ်၊ ငွေလသာ ကိုယ့်အချစ်ကို လက်ခံမယ်ဆိုရင် အန်ဟီတို့ဆီကို ကိုယ် လာတောင်းပါရစေ"

"ရှင် ... ဒီလိုတော့ မလုပ်ပါသေးနဲ့ဦး၊ ဟို ... ငွေလ စဉ်းစားပါရစေဦး"

အင်း ... စဉ်းစားပါရစေဦး ဆိုတာထက် ဟိုကျေးဇူး ရွှေရုပ်ပျိုနှင့် တိုင်ပင်ဖို့က ပို၍ ရာခိုင်နှုန်းများလှမယ် ဆိုတာ သူက အတိအကျပင် ရိပ်မိလေသည်။

"ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ ငွေလရယ်"

"အင်း ... အဲဒါတော့ မပြောတတ်ဘူး၊ ဘာလဲ မော်က မစောင့်နိုင်လို့လား"

"မဟုတ်ပါဘူး ဒီလိုကိစ္စမျိုးဆိုတာ ငွေလအတွက် ကြီးမားတဲ့ ပြောင်းလဲမှုတစ်ခုလို ဖြစ်နေမှာ ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ ငွေလကို တစ်ခု request လုပ်ထားချင်တာက ငွေလရဲ့ ဆုံးဖြတ်မှုဟာ ငွေလစိတ်နဲ့ သက်သက်ပဲ ဖြစ်စေချင်တယ် ...

တစ်ခြားတစ်ယောက်က ဝင်ဆုံးဖြတ်ပေးတဲ့ အကြံဉာဏ်တွေနဲ့ ကိုယ့်ကို စဉ်းစားပေးမှာကိုတော့ ကိုယ် မလိုလားဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အချစ်ဆိုတာ စဉ်းစားစရာ မလိုတဲ့ ကိ မဟုတ်ပါဘူး ငွေလရယ်၊ သူ့အလိုလို ရင်ထဲက ပေါက်ဖွာ လာတဲ့အရာပါ"

"မော်ကရော ငွေလကို တကယ်ချစ်တာ သေချာ လို့လား"

"ငွေလက မယုံဘူးလား၊ ကိုယ့်မိဘတွေခေါ်လာပြီး ငွေလ ကို လာတောင်းရမလား ... ပြော"

"အာ ... မော်ကလည်း၊ ဘယ်လိုဖြစ်နေလဲ၊ တော်ပြီကွာ ဆက်မပြောနဲ့တော့"

"ငွေလက မယုံဘူးဆို၊ ကိုယ် ဘာနဲ့ သက်သေပြရမယ် ငွေလရယ် ... ဟင်"

"တော်ပါပြီ ... ဘာနဲ့မှ သက်သေပြမနေနဲ့"

"ဒါဆို ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

"ဟာ ... ဒီလိုကြီး ဖွတ်မေးမနေနဲ့လေ"

"မေးရမှာပေါ့ ငွေလရဲ့၊ ကိုယ်က ချစ်ရတဲ့သူပဲဟာ ပြီးတော့ ... ကိုယ် ငွေလကို စိတ်မချဘူး"

"အံမယ် ... စိတ်မချရအောင် ငွေလက ဘာလုပ်နေလို့လဲ ဘယ်မှတောင် သွားတာလာတာ မရှိဘူး"

"ဒါပေမဲ့ ငွေလကို ချစ်နေတဲ့လူတွေ ရှိနေတာပဲလေ"

"သူတို့ကိုမှ ငွေလက မချစ်တာ"

"ဒါဖြင့် ဘယ်သူ့ကို ချစ်တာလဲ"

"မသိဘူး"





သူက ငွေလရဲ့ ဘုဆတ်ဆတ်အပြောကို တသိမ့်သိမ့် ခံစားနေလိုက်ပါသည်။ ဖြူစင်ရိုးသားသလို ကလေးဆန်လှ သော ငွေလရဲ့ရင်ထဲမှာ သူ့ကို ဘယ်လို သဘောထားသည်ဆိုတာ ကို သူ သဘောပေါက်ပြီး ဖြစ်သည်။

အင်း ... ဆရာမကြီးရဲ့ အဆုံးအဖြတ်ကိုလည်း သူမ နားထောင်ချင်သေးသည် ထင်ပါရဲ့။ အဲဒီတော့ သူ့ဘက်က လည်း ငွေလရဲ့နှလုံးသားကို ဒီထက်ရစ်ပတ်နိုင်အောင် ကြိုးစား ရင်း ကျန်တော့တာပေါ့။

"ငွေလ"

"ရှင်"

"ငွေလသိထားဖို့က ကိုယ် ငွေလကို အမြဲချစ်နေမယ် ဆိုတာပဲ၊ ပြီးတော့ ... ဖွဲလည်း မလျှော့ဘူး၊ ငွေလကို လက်ထပ်ဖို့အထိ ရည်ရွယ်ချစ်ခွင့်တောင်းတာလို့ ငွေလ မှတ်ထားစေချင်တယ်၊ ဒီစကားဟာ ကိုယ့်ဘဝမှာ မိန်းမ တစ်ယောက်ကို ပထမဆုံး စပြောတဲ့ စကားပဲ ငွေလ"


သူ့စကားအဆုံးတွင် ငွေလဘက်မှ တိတ်ဆိတ် ငြိမ်သက်သွားလေသည်။ သူ့စကားသည် ငွေလရဲ့ နှလုံးသားထဲ သို့ တန်းတန်းမတ်မတ် ရောက်သွားသည် ဆိုတာကိုတော့ သူ ကောင်းကြေးထပ်ရဲပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တကယ်တမ်း ပြောရလျှင် သူ့အပေါ်၌

နှောင်တွယ်မိနေပြီဆိုတာကို ဝန်ခံရမည် ဖြစ်ပါသည်။ ပြောရ

စတွေ့ကတည်းက တစ်ခါမှ မလှုပ်ရှားဘူးသော နှလုံးသား

လှုပ်လှုပ်ခတ်ခတ်တော့ ဖြစ်မိသွားတာပင်။ သူသည် ငွေလအ

တွင် ကြင်နာတတ်၍ Romantic ဖြစ်ပုံမှာလည်း ပို၍ပင် ရင်

ကျေနပ်ဖွယ်ကောင်းလေသည်။ သူ ငွေလကို ဂရုတစိုက် ချစ်

နီးပုံမှာ အသည်းစွဲချင်စရာပင်။

တစ်ခါတလေ မနက် ငါးနာရီခွဲလောက် ဖုန်း

ကာ မင်္ဂလာနံနက်ခင်းပါ၊ အချစ်များနဲ့ နိုးထပါစေဟု ပြော





နှိုးချသွားတတ်သည်။ ငွေလပင် ဘာမှ ပြန်ပြောချိန် မရလိုက်။ တစ်ခါတရံ ဖလော်ရယ်မှတစ်ဆင့် ငွေလအတွက်ဆိုကာ ပန်းစည်းကြီး ပို့ပေးချင် ပေးလိုက်ပြန်သလို ကတ်တွေ ချောကလက်တွေကလည်း မပြတ်စေရ။ ငွေလ စီးတတ်သော ကတ္တီပါဖိနပ်ကလေးတွေကိုလည်း ခြေအတိုင်းကို သူ ဘယ်လိုလုပ် သိသည် မသိချေ။ ကတ္တီပါဖိနပ် ဒီဇိုင်းအဆန်းလေးများ ထွက်ပြီဆိုလျှင် ငွေလပင် မသိလိုက် သူက ပါဆယ်လ်နှင့် အရောက်ပို့ပြီး နေချေပြီ။

ရှာရှာကြံကြံ ဖိနပ်လက်ဆောင်ပေးတတ်သော သူ့ကို မေးလျှင် ...

"ဘာဖြစ်လို့ ငွေလကို ဖိနပ်တွေချည်းပဲ လက်ဆောင်ပေးနေတာလဲ မှော်ရဲ့၊ ဖိနပ်ဆိုင်တောင် ပြန်ဖွင့်လို့ရနေလောက်ပြီ"

"ဖိနပ်ပေးတယ်ဆိုတာ အကြောင်းရှိတယ် ငွေလရဲ့"

"ဘာအကြောင်းလဲ ပြောပြ"

"သြော် ... ချစ်သူရဲ့ ခြေလှမ်းတိုင်းကို အပိုင်စားရထားချင်တဲ့ သဘောပေါ့၊ ကိုယ့်မှာ လူကို မပိုင်ဆိုင်နိုင်သေးတော့ ဘဝဆိုတော့ ခြေလှမ်းလေးတွေကိုပဲ"

"ဟွန်း ... ပေါက်ပေါက်ရှာရှာ"

ပြောသာ ပြောရသည်။ ငွေလလည်း သူ့ရဲ့ စိတ်ကူးဆန်းဆန်းလေးတွေကို နှစ်သက်သဘောကျကာ စွဲလမ်းရတာပင်။ ငွေလ နားလည်လာရသည်မှာ သူသည် တဖြည်းဖြည်းနှင့် ငွေလ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နှလုံးသားထဲတွင် နေရာတော်တော်များများ ဝင်ယူနေပြီ ဆိုတာပဲ ဖြစ်လေသည်။ အခုဆိုလျှင် သူနှင့် ငွေလသည် တိတိလင်းလင်း ချစ်သူတွေသာ မဖြစ်ကြသေးသော်ငြားလည်း တစ်ယောက်နှင့် တစ်ယောက် နားလည်နေသည့် အနေအထားသို့ ရောက်နေကြပြီ ဖြစ်သည်။

သူနှင့် ညတိုင်း ဖုန်းပြောသည်။ မုန့်စားသည်။ ငွေလ shoppingသွားလျှင် သူကအဖော်လိုက်ပေးသည်။ သူပြောသော ချစ်စကားတွေကို ငွေလ နားထောင်ကာ ကြည်နူးသည်။ သူနှင့် စကားပြောနေရလျှင် ငွေလ ပျော်ရွှင်သည်။ တဖြည်းဖြည်းနှင့် သေချာလာသည်မှာ သူ့ကိုချစ်သည် ဟူသော အဖြေပဲ ဖြစ်လေသည်။

သို့သော် ငွေလ ဘာကို တွန့်ဆုတ်နေမှန်းမသိ တွန့်ဆုတ်တာတော့ အမှန်ပင်။ သူ ငွေလရဲ့ဘဝထဲသို့ ချင်းနင်း ဝင်ရောက်လာပုံမှာ ခြေလှမ်းစိပ်စိပ်နှင့် လျင်မြန်လွန်းလှသည်။ ငွေလရဲ့ ရင်ဘတ်ထဲသို့ အချစ်ကို ပို့ဆောင်ပေးပုံမှာ ပိရိသေသပ် လွန်းသဖြင့် ငွေလပင် သတိမထားမိအောင်ပင်။ သတိထားမိသော အချိန်မှာတော့ သူကား နှလုံးသားကို အပိုင်စား ရရှိသွားပြီ ဖြစ်သည်။

အင်း ... ရွှေရုပ်ရယ် နင် မရှိတဲ့ သုံးလအတွင်းမှာ ဖြစ်ပျက် ပြောင်းလဲ မြန်ဆန်မှုတွေများတဲ့ ငါ့နှလုံးသားကို နင် ဘယ်လိုဝေဖန်မလဲ။





ပြီးတော့ မြင်တာနဲ့တင် လူချောလူဖြောင့် မိန်းမ ကြိုက်တစ်ယောက်လို့ သတ်မှတ်ရတဲ့ မှော့်ကိုရော နင် ကြည်ဖြူ သနိုင်ပါ့မလား။

ထိုနေ့ညက ရွှေရုပ်ထံမှ အီးမေးတစ်စောင် ဝင်လေ သည်။ ရုပ်ရှင်စတူဒီယိုနှင့် ပတ်သက်သောပညာရပ်များကို အထူး လေ့လာကာ တော်တော်လေး သဘောပေါက် တီးခေါက်မိလျက် အဆင်ပြေပြေ ပြန်လည်လုပ်နိုင်မည်ဟု မျှော်လင့်ရသည်တဲ့။ သနေတဲ့အချိန်မှာ ငွေလကို အထူးသတိရမိတာကြောင်းနှင့် ငွေလလည်း မပြောင်းမလဲ ဒီအတိုင်းပဲ ရှိမည်ဟု မျှော်လင့်ပါ သတဲ့၊ ပြန်ရောက်လာလျှင် သူငယ်ချင်းနှစ်ယောက် အတူတူ ကြိုးစားကာ အောင်မြင်တဲ့ အနေအထားတစ်ခု ရောက်အောင် ဒန်တီးကြမည်တဲ့။

ရွှေရုပ်ရဲ့ အီးမေးကို ဖတ်ပြီးလျှင် ငွေလရင်ထဲ လေးလံတာတော့ အမှန်ပင်။ လက်ထပ်ဖို့အရေး တတွင်တွင် ဆောင်းဆိုနေတဲ့ ချစ်ရတဲ့သူနဲ့ မျှော်လင့်ချက်တွေ တပွေ့တပိုက်နဲ့ ပြန်လာမဲ့ ချစ်စွာသော သူငယ်ချင်းတို့အကြား ငွေလရဲ့ နှလုံးသား ဆွဲ အကျဉ်းအကျပ် ကျတာတော့ အမှန်ပဲ ဖြစ်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

မြန်မာပြည်သို့ ရွှေရုပ် ပြန်ရောက်ရောက်ချင်း ပထမဆုံး တွေ့ချင်သောသူမှာ ငွေလပဲ ဖြစ်ပါသည်။ ရွှေရုပ်သည် ငွေလကို surpriseလုပ်ချင်လွန်းသဖြင့် ပြန်ရောက်မည့်အကြောင်းကို အရိပ်အမြွက်လေးပင် အသိမပေးခဲ့ချေ။ မျက်လုံးကြီးပြူးလျက် ပါးစပ်အဟောင်းသားဖွင့်ကာ အံ့ဩနေမည့် ငွေလရဲ့ပုံကို ကြည့်လျက် ဟားချင်သောကြောင့် ဖြစ်သည်။





ဒါ့ကြောင့် အိမ်ရောက်ရောက်ချင်း အထုတ်အပိုးတွေချပြီးတာနှင့် ငွေလထံ လစ်ဖို့ ကြံစည်လျှင် မေမေကပင် ....

"ဒီလောက်ခရီးဝေးကြီးက ပြန်ရောက်လာတာ အေးအေးဆေးဆေး နားပါဦးလား၊ ညနေမှ သွားတွေ့လည်း surprise ဖြစ်ပါတယ်ကွယ်"

"နီး ... နီး မေမေ၊ ရွှေရုပ် ရေချိုးပြီးတာနဲ့ လစ်တော့မယ်၊ ညကျမှပဲ မေမေနဲ့ အတိုးချ အလွမ်းသယ်တော့မယ်၊ ဟုတ်ပြီနော်"

ရွှေရုပ်က မေမေ့ရဲ့ပါးကို ရွှတ်ခနဲနမ်းကာ ခပ်မြန်မြန်ပင် ရေချိုးလျက် အဝတ်အစားလဲပြီးလျှင် ဆယ့်ငါးမိနစ်မျှသာ ကြာလေသည်။ သူမက တစ်ခါတလေ စိတ်လိုလက်ရ အလှပြင်တတ်သော်လည်း တစ်ခါတစ်ခါကျ ဘာမှ ပြင်ဆင်လေ့ရှိသူမဟုတ်။ အခုလည်း ရေချိုးပြီးတာနှင့် Body lotion လိမ်းကာ မျက်နှာကို နို့ရည်လေးစက်ခန့် ပွတ်လူးပစ်ပြီးလျှင် ရွှေရုပ်ရဲ့ ပြင်ဆင်မှုကား ပြီးချေပြီ။

လောလောလတ်လတ် ကောက်လာသော ကိုရီးယားစတိုင်လ် ဆံနွယ်ခွေလိပ်လိပ်တွေကြားထဲ၌ ဝင်းပစွာ ပေါ်နေသော မျက်နှာကို တစ်ချက် ပြုံးကြည့်လိုက်ပြီးလျှင် ကိုယ့်ကိုယ်ကိုယ် အတော်ကျေနပ်၍ သွားလေသည်။

ရာသီဥတုက ပူချင်သဖြင့် အပွင့်ကျဲကျဲလေးဖော်ယှက်ဖြာနေသော ဂါဝန်ကို ကောက်ယူဝတ်လျက် အောင်သို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်ပင် ပြေးဆွင်းလာကာ ပေါ်တီကိုအောက်၌ အဆင်သင့် ထိုးရပ်ပေးထားသော ပြိုင်ကားပေါ်သို့တက်ကာ မောင်းထွက်လာလိုက်သည်။

ငွေလနှင့်တွေ့လျှင် ပြောစရာတွေ အများကြီးပဲဖြစ်သည်။ ရွှေရုပ် လေ့လာခဲ့သော ပညာရပ်တွေ ပူးပေါင်းမည့် ပညာရှင်တွေအကြောင်း စသဖြင့် အများကြီးပင်။ ရွှေရုပ်သည် ရုပ်ရှင်တစ်ကားကို အနုပညာအရည်အသွေးသာမကဘဲ ဖန်တီးသူ၏ ရိုက်ချက်၊ ကင်မရာ အလင်းအမှောင် အယူအဆများ ဆက်တင်များ၊ အသံဖန်တီးချက်များကိုပါ အထူးစိတ်ဝင်စားသူဖြစ်သည်။ ကိုယ် စိတ်ဝင်စားသော အလုပ်ကိုပဲ လုပ်ဖို့ဆုံးဖြတ်ပြီးလျှင် ဖေဖေကလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုသဖြင့် ရွှေရုပ်အတွက် အားလုံး အဆင်ပြေ ချောမွေ့လျက်ပင်။

အင်း ... ဒီအလုပ်ကို ရုပ်ရှင်အိုးမ ငွေလလည်း နှစ်ခြိုက်ဝါသနာပါတာပါပဲ။ ငွေလနှင့်တွေ့လျှင် ပထမဆုံး တစ်ခုခုသွားစားမည်။ ပြီးလျှင် Mr. Guitar မှာ ကော်ဖီသောက်ရင်း စကားပြောမည်။ စသဖြင့် အတွေးတွေ ကြံစည်ပုံဖော်နေသော ရွှေရုပ်သည် ငွေလရဲ့အိမ်ရောက်သွားလျှင် ထင်မှတ်မထားသော စိတ်အနှောင့်ယှက် ဖြစ်စရာ တစ်ခုနှင့် စတင်၍ ကြုံလေသည်။

ပထမဆုံး စတွေ့သည်မှာ ငွေလရဲ့ မေမေနှင့်ပင်။ ရွှေရုပ်သည် ပထမတော့ ထုံးစံအတိုင်း အမြူးတတ်ခံဖြင့် ...

"ဟိုင်း ... အန်တီ နေကောင်းတယ်နော်"





"ဟော်တော် ... ရွှေရုပ်ပါလား၊ ကြည့်စမ်း ... မပြောမဆိုနဲ့ ပေါက်ချလာလိုက်တာ၊ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ဒီနေ့ မနက်ပဲ အန်တီ၊ surprise လေ၊ ဟဲ ... ဟဲ"

"အံမယ် လုပ်တော့မယ် ရွှေရုပ်ပျိုတို့ကတော့ ကြည့်ဦး လှပလာလိုက်တာ၊ ဒါက တူးသောင်ဖင်အိတ် အတွက် ဒီဇိုင်းအသစ်ပေါ့လေ"

"အဟား ... ဟား ဟုတ်ပါ့ အန်တီရယ်၊ အန်တီလည်း ရွှေရုပ် မရှိတာနဲ့ မျက်စိတွေ နားတွေ ချမ်းသာပြီး တော်တော် ကျန်းမာရေးတွေ ကောင်းလာပုံရတယ်၊ ရွှေရုပ်ကို လှတယ်ပြောလို့ သင့်ခ် ... သင့်ခ်၊ နောက်မှ လက်ဆောင်တွေ ယူလာခဲ့တော့မယ်၊ ကဲ ... ငွေလကိုရော ခေါ်ဦးလေ အန်တီ ...

သူ့အခန်းထဲမှာလား၊ ရွှေရုပ် တက်သွားလိုက်တော့မယ်"

ပြောလည်းပြောကာ တက်တော့မည့်ဟန်ပြင်နေသော ရွှေရုပ်ရဲ့လက်ကို အန်တီက ဖမ်းဆွဲထားလိုက်ကာ ...

"နေဦး ရွှေရုပ်ရဲ့၊ ငွေလ မရှိဘူး အပြင်သွားတယ်"

ရွှေရုပ်သည် မျက်မှောင်တစ်ချက် ကုတ်လိုက်ကာ ...

"အပြင်သွားတယ် သူ တစ်ယောက်တည်းလား၊ ဘယ်သူနဲ့ သွားတာလဲ အန်တီ ဘယ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေလရဲ့ မေမေသည် ရုတ်တရက်တော့ ဘယ်လို ပြန်ဖြေရမှန်း မသိချေ။ ရွှေရုပ်သည် ငွေလကို ကိုယ့်ထက်တောင် စိုးရိမ်ကြီးကာ ပူပင်တတ်သောသူမှန်း သိလေရာ မော်နှင့် အပြင် အတူတူသွားသော ကိစ္စကို ဘယ်လိုပင် ပြောထွက်ရမှန်း မသိချေ။

"သူ့ မိတ်ဆွေနဲ့ပါကွယ်၊ သမီး စောင့်မလား ဒါမှမဟုတ် ငွေလ ပြန်ရောက်လာရင် အန်တီ လွှတ်လိုက်ရမလား"

"သူ့ မိတ်ဆွေက ဘယ်သူမို့လို့လဲ အန်တီ"

ရွှေရုပ်သည် မေးရင်းမှ မျက်မှောင် ကုတ်သထက် ကုတ်လာကာ အလိုမကျတော့ချေ။ ငွေလမှာ အပြင်ထွက်၍ သွားစရာလည်စရာ မိတ်ဆွေဟူ၍ ဖြစ်ဖြစ်မြောက်မြောက် မရှိမှန်း ရွှေရုပ် သိပြီးသားဖြစ်သည်။ ဒီလို မနက်စောစောတွင် ဘယ်က မိတ်ဆွေဆိုတာနှင့် မိငွေလက ဘယ်များ သွားရတာပါလိမ့်။

"အမျိုးသား မိတ်ဆွေပါကွယ်၊ အန်တီတို့နဲ့လည်း ခင်မင်ပါတယ်၊ ငွေလ တစ်ယောက်တည်း အပြင်သွားတုန်းကားပျက်နေလို့ ကူညီပေးရင်း ခင်ခဲ့တဲ့သူပါ၊ အန်တီ့ဆီ ခွင့်တောင်းပြီး မုန့်စားဖို့ခေါ်သွားတာပါ၊ တော်ကြာ ပြန်လာတော့မှာပါ သမီးရဲ့"

ရွှေရုပ်သည် မျက်နက်ဆန်လေးကို ထောင့်ကပ်ကာ တစ်ချက်လောက် စဉ်းစားရုံမျှဖြင့် နီးစပ်နီးနားသော အဖြေတွေကား တဒိုင်းဒိုင်းနှင့် ထွက်လာပြီ ဖြစ်သည်။ အင်း ... ငနဲ





သားတစ်ကောင်နှင့်တော့ ငွေလ ကြည်နေလောက်ပြီ။ ထိုငနဲသားကလည်း ခေမည့်ပုံပေါ်ချေသည်။ အန်တီတို့နှင့်တောင် ခင်မင်၍ ခိုင်း ကိုယ်တိုင်ကပင် ကြည်ကြည်ဖြူဖြူ မုန့်စားထည့်၍လွှတ်သော အနီ သူကောင်းသားမှာ ပညာတော့သေးမည် မထင်ချေ။

ရွှေရုပ် အသည်းအယားဆုံးက ငွေလကိုပဲ ဖြစ်လေသည်။ ယောကျ်ားလေး မိတ်ဆွေတစ်ယောက်နှင့် ရင်းနှီးခင်မင်ခြင်းကို ရွှေရုပ်အား တစ်လုံးတစ်ပါမှပင် ဖွင့်မပြောချေ။ ဒီပုံအတိုင်းဆို သင်းကပါ မလွယ်တော့။

"သူတို့က ဘယ်မှာ သွားစားတာလဲ အန်တီ"

ငွေလရဲ့ မေမေသည် မော်နှင့်ငွေလတို့က ဘယ်သွားမည်ဆိုတာကို ပြောသွားခဲ့သဖြင့် သိသော်ငြားလည်း တင်းမာစူပုပ်နေသော ရွှေရုပ်ရဲ့ မျက်နှာထားကြောင့် မပြောတော့ချေ။ မထင်ရင်မထင်သလို ပေါက်ကွဲတတ်သော ရွှေရုပ်ကိုလည်း လန့်လှလေသည်။

မိန်းကလေးထဲမှာ ရှာမှရှားစွာ သမီးဖြစ်သူကို အချစ်ကြီးချစ်လျက် မတော်တရော်တွေနှင့် တွေ့မှာကို အမေရင်းထက်ပင် စိုးရိမ်တတ်သော ရွှေရုပ်ရဲ့မေတ္တာကို နားလည်လက်ခံသော်လည်း မော်ဆိုသော လူငယ်လေးကို အားနာ၍ ဖြစ်လေသည်။ ငွေလကိုယ်တိုင်လည်း နှစ်သက် သဘောကျပုံရကာ အဘက်ဘက်မှ ပြောစရာမရှိ တင့်တယ်မွန်ရည်သော မော့်ကို သူတို့ လူကြီးတွေ ကပါ အမှတ်ပေးထားပြီးပြီ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလည်း အဲဒါတော့ မသိဘူးကွယ်၊ ရှမ်းခေါက်ဆွဲ စားမယ်လို့တော့ ပြောသံကြားတာပဲ"

"ဟုတ်ကဲ့ ... ရွှေရုပ် ပြန်လိုက်ဦးမယ် အန်တီ"

ရွှေရုပ်သည် ကားမောင်းကာ ပြန်ထွက်လာရင်းမှ တနုံ့နုံ့ဖြင့် မကျေနပ်ချက်တွေကား ပို၍ပင် ပွားလာလေသည်။ အထူးသဖြင့် ဖုံးကွယ်ထားတာကို ရွှေရုပ် ခံအပြင်းဆုံးပင်။ ရွှေရုပ်မရှိသည့် သုံးလအတွင်းမှာ ဟိုလူသည် ငွေလကို ဘယ်လောက်များ ဆွဲဆောင်ထားနိုင် သွားပါလိမ့်။ အဖြူထည် ငွေလအတွက် ကရုဏာ ဒေါမနဿတွေ ပွားရသလို မြင်ပင်မမြင်ရသေးသော ပုဂ္ဂိုလ်ကိုလည်း အခုတည်းကစတင်၍ မုန်းနေပြီ ဖြစ်သည်။

ကားဆက်မောင်း၍ မရတော့လောက်အောင် စိတ်တို လာသဖြင့် ရွှေရုပ်သည် ကားကို လမ်းဘေးသို့ဆွဲချ ရပ်ပစ်လိုက်ကာ လျှပ်တပြက် ထွက်လာသော အကြံဉာဏ်အတိုင်း အကောင်အထည် ဖော်လိုက်သည်။

ငွေလရဲ့ လက်ကိုင်ဖုန်းကို ခေါ်လိုက်လျှင် သိပ်မကြာ ခင်မှာပဲ ငွေလရဲ့ ဖုန်းထူးသံကို ကြားရလေသည်။

"ငွေလလား ... ငါပါ"

"ဟယ် ... ရွှေရုပ် နေကောင်းလား"

"အေး ... ကောင်းတယ်၊ ဒါနဲ့ နင် အခုဘယ်မှာလဲ"

တစ်ဖက်မှ ခေတ္တမျှ အသွားသည် ပြီးတော့မှ –

"ဘာလုပ်မလို့လဲ"





"အခုနက နင့်ဖုန်းကို ခေါ်နေတာမရလို့ ငါ နင့်အိမ်ကို ဆက်ကြည့်သေးတယ်၊ နင့်အိမ်က ကောင်မလေးက နင် အပြင်သွားတယ်တဲ့၊ နင်က ဘယ်တွေအဝေးကြီး လျှောက်သွားနေတာလဲ၊ ဧရိယာပြင်ပ ရောက်နေတာလား"

"မဟုတ်ပါဘူး အမှတ်တရမှာ ရှမ်းခေါက်ဆွဲ စားနေတာပါ"

"ဩော် ... ဟဲ့ ... နင် တစ်ယောက်တည်းလား"

"အင်းပေါ့ ... နင်မှ မရှိတာ"

ရွှေရုပ်သည် ငွေလ မမြင်သဖြင့် နှုတ်ခမ်းကိုက်ကာ ပြုံးတစ်ချက် ပြုံးလိုက်မိသည်။ နင် လည်တယ်ဆိုတာ ငါ ပီကေ ...းဒေသလောက်ပါ ငွေလရယ်။

"အေးပေါ့ ငါ မရှိတာက နင့်အတွက် ကောင်းနေမှာပေါ့"

"ဟယ် ... ရွှေရုပ်ကလည်း မဟုတ်တာ၊ ငါ နင့်ကို အမြဲ သတိရနေတာပါနော်၊ နင်က ဘယ်တော့ ပြန်လာမှာလဲ"

ရွှေရုပ်သည် ငွေလရဲ့စကားကို နာကျင်ဝမ်းနည်းစွာ ...က် ဖုန်းကို ပိတ်ချပစ်လိုက်လေသည်။ နင် ငါ့ကို လိမ်တယ် ...လား။ ငွေလရယ် အမှန်အတိုင်း မပြောနိုင်စရာ နင့်မှာ ...အကြောင်းတွေများ ရှိနေလဲ။ အနှစ် နှစ်ဆယ် ဖွဲ့တည်ခဲ့တဲ့ ...သာဇဉ်ကြိုးတွေထက် နင့်ကို ဘယ်လိုကြိုးတွေက ပိုပြီး ...တ်နှောင်ဖွဲ့ ထားနိုင်နေပြီတဲ့လဲ။ အဲဒီလူက ဘာအစွမ်းတွေ ...နေလို့တဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်သည် နှုတ်ခမ်းကို တင်းတင်းကိုက်လျက် ကားကို လေးညို့မှလွှတ်လိုက်သော မြှားအရှိန်လိုဖြင့် အမှတ်တား စားသောက်ဆိုင်သို့ အပြင်း မောင်းလာခဲ့လေသည်။

ပြီးပါ

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သယ်ယာကွန်းသို့
ပေးပို့နိုင်ပါသည်။







"ဟယ်လို ... ဟယ်လို ရွှေရုပ်"

ငွေလ ဖုန်းပြောနေတာကို သူက ပြုံးကာ ငေးစိုက်ကြည့်နေရာမှ ငွေလ လှုပ်လှုပ်ရှားရှား ဖြစ်သွားလျှင် ချက်ချင်းပင် ...

"ဘာဖြစ်တာလဲ ငွေလ"

"မသိဘူး ပြောရင်းတန်းလန်းက နေပြီးတော့ ဖုန်းပိတ်သွားတာလား၊ လိုင်းကျသွားတာလား မသိဘူး"

"ဪ ... something ပေါ့ကွာ ပြန်ခေါ်ချင် ခေါ်မှာပေါ့၊ ဘယ်သူဆက်တာလဲ ငွေလ သူငယ်ချင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရွှေရုပ်လေ၊ သူကလည်း အပြီးများနေ
မလို့လား မသိဘူး ပြန်လာကြောင်း စကားကို မစပ်ဘူး"

"သူ ပြန်မလာတော့ရော ဘာဖြစ်လဲ ငွေလရဲ့အနား
ကိုယ် ရှိနေပြီပဲ"

ငွေလက သူ့ကို အမျက်မပါသော မျက်စောင်း
တစ်ချက် ထိုးလေသည်။ သူက "ကိုယ်ကိုရှေ့ကိုင်းကာ နှစ်ကို
ကြားသာ ကြားနိုင်သော လေသံခပ်တိုးတိုးဖြင့် ...

"ငွေလ ကိုယ့်ကို အခု အဖြေပေးလိုက်ပါလားဟင်"

ငွေလရဲ့ မျက်နှာသည် ပန်းနုရောင်သို့ ပြောင်းသွား
ပြီးလျှင် ...

"အို ... မော်ကလည်း လူတွေ့တိုင်း အဖြေပဲ တောင်း
တော့တာပဲ"

"ကိုယ် ချစ်တဲ့သူနဲ့ တွေ့မှတော့ ဒီအတွေးပဲ ခေါင်းထဲမှာ
ရှိတော့တာပေါ့၊ ဘာလဲ ငွေလက ငွေလရဲ့သူငယ်ချင်း ပြန်
ရောက်လာမှ အဖြေပေးမှာလား၊ သူနဲ့ တိုင်ပင်ဦးမှာလား"

ငွေလရဲ့ အဖြေစကားမှာ ချက်ချင်း ထွက်မလာ
သေးချေ။ သူ့ ငွေလရဲ့သဘောကို တီးခေါက်မိလေသည်။ ငွေလ
သည် သူနှင့်သူငယ်ချင်းအကြားတွင် တစ်ခုခုကို ပြတ်ပြတ်သားသား
မဆုံးဖြတ်ရဲသေးချေ။ သို့သော် ငွေလရဲ့ နှလုံးသားကတော့ သူ့
အပေါ် လုံးဝ ကိုင်းညွှတ်လျက်ရှိသည် ဆိုတာကိုတော့ သူ သိပြီ
ဖြစ်သည်။





"ရွှေရုပ် မသိဘဲနဲ့ ငွေလ ဘာမှမလုပ်ချင်ဘူး မော်၊ သူက
ငွေလကို သိပ်ချစ်တာ၊ သူလိုလူမျိုးက တော်ရုံတန်ရုံ
ဘာကိုမှ အလေးအနက်ထားပြီး စွဲလမ်းတတ်တဲ့ လူစားမျိုး
မဟုတ်ဘူး၊ ဒါပေမဲ့ သံယောဇဉ်တွယ်မိရင် ချစ်မိရင်လည်း
အရမ်းပြင်းထန်တယ်၊ တစ်ဖက်စွန်းရောက်တဲ့ စိတ်ဓာတ်
မျိုးပေါ့ ...

ဖုန်းဆက်ရင်လည်း ငွေလကို တဖွဖွနဲ့မေးတယ်၊
မော်နဲ့ငွေလ အကြောင်းကို သူ့ကို ပြောမပြဘူးဆိုတာက
သူ စိတ်ပူမှာစိုးလို့ပါ။ သူ ပြန်ရောက်မှပဲ အေးအေးဆေးဆေး
ပြောပြနှားချမယ်လို့ စဉ်းစားထားတယ်"

"သူက ကိုယ့်ကို လုံးလုံး သဘောမကျနိုင်ဘူး ဆိုရင်
ကော"

"မော်ကလည်း မကောင်းတဲ့ဘက်ကပဲ တွေးနေတော့တာပဲ၊
မော်က လူခင်အောင် ပေါင်းတတ်သင်းတတ်တဲ့ လူပဲဟာ၊
ရွှေရုပ်က ဒီလောက်ကြီးလည်း မဆိုးပါဘူး ဒါပေမဲ့ မော့်
ကို တစ်ခု ကြိုတင် request လုပ်ထားချင်တာက ရွှေရုပ်ကို
သည်းခံပေးပါလို့ နော်"

အင်း ... ကြားပင် ကြားဖူးပါရဲ့လား မသိ။ သူတော့
ငွေ့တွေ စတင်လည်နေပြီ။ ကိုယ် ပိုးပန်းနေရတဲ့ မိန်းကလေးရဲ့
ဘ မောင်ဘွားတွေကို သည်းခံပေးရတာဆိုလည်း ဟုတ်တုတ်
သုတ်။ အခုဟာက ထိုမိန်းကလေးရဲ့ သူငယ်ချင်းတဲ့။ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူ သူတို့ချင်း နီးစပ် အဆင်ပြေနိုင်မဲ့ အနေအထားမျိုး ပါလား။

သူက စိတ်ထဲမှ နှာခေါင်းတစ်ချက် ကျိတ်၍ ရှုံ့လိုက်ပြီးမှာပဲ သူ့ မျက်လုံးတွေထဲသို့ အလွန်လှပ၍ ဆွဲဆောင်မှုရှိသော မြင်ကွင်းတစ်ခုက တန်းတန်းမတ်မတ် ဝင်ရောက်လာခဲ့လေသည်။ သူက လမ်းမဘက်ကို မျက်နှာမူထားသော်လည်း ငွေလက ကျောပေးထားသဖြင့် သူ့ မျက်လုံးတွေ ဘယ်ရောက်နေသလဲဆိုတာ ငွေလ သတိထားမိမှာ မဟုတ်ချေ။

ပထမဆုံး သတိထားမိတာက ဆိုင်ရှေ့မလှမ်းမကမ်း၌ လာရောက်ထိုးရပ်လိုက်သော အနက်ရောင် ပြိုင်ကားတစ်စီးပင်။ ထို့နောက် အဲဒီပြိုင်ကားကို မောင်းလာသော မိန်းမတစ်ယောက်။ သူ တော်တော့်ကို ငေးမောသွားခဲ့ရသည် ဆိုတာကို တိတ်တဆိတ် ဝန်ခံရပါမည်။ မဟော်ဂနီရောင် ပြေးနေသော ထူးခြားဆန်းသစ်လှပသည့် ဆံနွယ် အခွေအလိပ်တွေကြားမှ ဝင်းပစွာ ကိုးထွက်နေသော မျက်နှာသည် sun glass မျက်မှန် ဆီးညိုရောင် ခပ်ကြီးကြီး တပ်ထားသဖြင့် သေသေချာချာ မမြင်တွေ့ရသေးပါဘဲနှင့်ကို ဖူးဖူးစင်စင် လှပသူမှန်း သိသာစေသည်။ သူမက ကားပေါ်မှ ဖျတ်ခနဲ ဆင်းလိုက်လျှင် သူ့ရင်ထဲ၌ ငြိမ့်ခနဲတစ်ချက် ဖြစ်သွားရသည်။ မြင့်မားသွယ်ပြောင်းသော အရပ်နှင့် လိုက်ဖက်ညီ လှပလှသည့် သူမဟာ ဝတ်ပုံစားပုံကျတော့ရော အတော့်ကို စမတ်ကျကာ အဆင့်မြင့်လှပြန်ပါသည်။





သူမ ဘယ်သူလဲ။ ဟာဝိုင်ရီကျွန်းက အလည်ပြန်ရောက် လာခဲ့တဲ့သူလို ဒီဇိုင်းမျိုးနဲ့ပါလားကွယ်။ သူ သူမကို တိတ်တဆိတ် ငေးမောနေမိတုန်းမှာပင် သူမက မြင်ကွင်းထဲတွင် ပို၍ပို၍ ထင်ရှားလာခဲ့လေသည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်သော ခပ်တင်းတင်း ဒီဇိုင်းဖြင့် သူမက ဆိုင်ထဲသို့ ခပ်တည်တည်ပင် ဝင်ရောက်၍ လာလေသည်။

အင်း ... သတိထားမိတာ တစ်ခု ပြောရလျှင် သူမ၏ မျက်နှာသည် ယိုတာထက်တောင် ပို၍တင်းမာပုံပေါက်သည်။ သို့သော် အတော်ကြီး လှပသဖြင့် ဘယ်သူကမှလဲ မကြည့်ဘဲ မနေကြ။

နေဦး သူမ ကြည့်ရတာ တစ်ယောက်ယောက်ကို ရှာဖွေနေတဲ့ ပုံစံပါပဲ။ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်နေသော သူမသည် သူတို့ စားပွဲဝိုင်း အရောက်တွင်တော့ အကြည့်တွေက ရပ်တန့်သွားတော့လျက် သူနှင့်ငွေလ ထိုင်နေသော စားပွဲဆီသို့ တန်းဟန်တော်မတ်ပင် လျှောက်၍လာလေသည်။ တဖြည်းဖြည်း နီးလာသလေ မျက်မှန်အောက်မှ မျက်ဝန်း စူးစူးရှရှများက သူ့ကို မိုတ်မသုန် အကဲခတ်လျက်ရှိသည် ဆိုတာကို သိလာလေလေပင်။

သူမ ဘယ်သူလဲ။ သူ့ကို သူမ သိနေတဲ့သူလား။ ကိုယ့်မေးခွန်းတွေကို ကိုယ့်ဘာသာပင် ပြန်မဖြေနိုင်သေးခင်မှာပဲ သူမက သူတို့စားပွဲတွင် အတိအကျကို ခြေလှမ်းတွေ ရပ်ပစ်လိုက်လေသည်။ အဲဒီနောက်မှာတော့ သူကလည်း သူမကို မော့ငေးလျက်



www.burmeseclassic.com

www.burmeseclassic.com



အနေအထား။ သူ့ပုံစံကို သတိပြုမိကာ အနောက်မှာ လူတစ်ယောက် ဘာလဲဆိုသော အာရုံကို ခံစားမိဟန်တူသွားသော ငွေလသည်လည်း အောက်သို့ လှည့်အကြည့်မှာပင် သူမထံမှ အေးစက်စက် စကားသံ ဘစ်ခွန်းက၊ စတင်၍ ထွက်ပေါ်လာခဲ့ပါသည်။

"ငွေလ"

သူသည် ဘာကြောင့်မှန်းတော့ မပြောတတ်မြော ဒီလို မျက်နှာပေးနှင့် ဒီခေါ်သံကို ကြားလိုက်ရလျှင် ဒါဟာ ရွှေရုပ်ပျိုပဲ ဆိုတာကို အလိုလိုကို ခံစားသိရှိသွားသည်မှာ ထူးတော့ ထူးဆန်းပါသည်။ ရွှေရုပ်ပျိုက နိုင်ငံခြားမှာ သိပ်မဖြစ်နိုင်ဟုသော အတွေးမျိုးကား လုံးဝ ဝင်မလာတော့ပဲ ဒါ ရွှေရုပ်ပျိုပဲဟု သူ့ အသိထဲ၌ စွဲသွားတော့သည်မှာ ပယ်ဖျက်၍ မရနိုင်တော့သည်မှာ ဟိုးတစ်ဆုံးထိ ဆိုတာတော့ သူ မသိလိုက်။

သူမကို ရွှေရုပ်ပျိုပဲ ဆိုတာကို သေချာအောင် ထောက်ခံပေးလိုက်သူမှာ ငွေလပဲ ဖြစ်သည်။ ငွေလရဲ့ ဖြစ်ပျက် ပြောင်းလဲသွားသော မျက်နှာသွင်ပြင်ကို ကြည့်တာနှင့်ကို ချက်ချင်း သဘောပေါက်နိုင်သည်။ ငွေလရဲ့ မျက်နှာသည် ဖြူရော်သွားသ လိုကို ထိတ်လန့်အံ့သြသွားတာ ဖြစ်သည်။ ရည်းစားထားတာကို အမေ သိသွားသော ဆယ်တန်းကျောင်းသူလေး ပုံစံလိုပင်။

တစ်ထိုင်တည်းနှင့် သူ သဘောပေါက်လိုက်သည်မှာ ရွှေရုပ်ပျိုသည် ငွေလကို အတော် လွှမ်းမိုးထားနိုင်ပုံ ပေါ်လေသည်။

"ရွှေ ... ရွှေရုပ်၊ နင် ... နင်က"





စကားကိုပင် ဖြောင့်အောင် မပြောနိုင်သော ငွေလကို ရွှေရုပ်ပျိုက ခပ်တည်တည်ပင်ကြည့်ကာ ခုံတစ်လုံးကို ဆွဲယူထိုင်လေသည်။ အင်း ... ပုံစံကတော့ တကယ့်အမာစားပါပဲ။ သူမက ဘပ်ထားသော မျက်မှန်ကို ဆတ်ခနဲ ဆွဲချွတ်ပစ်လိုက်ကာ ...

"နင် တစ်ယောက်တည်းဆိုလို့ ငါ လိုက်လာတာလေ၊ အခုတော့ ဘယ့်နှယ်လဲ၊ ဟင် ... ဒေါ်ငွေလ သိပ်အဆင် ပြေနေတယ်ပေါ့၊ ဟုတ်လား"

ရွှေရုပ်ပျိုရဲ့ စကားကြောင့် ငွေလရဲ့မျက်နှာ ရဲခနဲ ဖြစ်သွားတာကို သူ သတိထားမိလေသည်။ ကြည့်စမ်း အတော် ဆိုးတဲ့ မိန်းမပါလား။ သူမ ပြောလိုက်သော စကားသည် သူ့ ရှေ့မှာ ငွေလ တစ်ယောက်ရဲ့ အရှက်ကို ထုတ်ဖော်ပစ်လိုက်သလို ဖြစ်သွားမှာကို သူမ မသိပဲနေမှာမဟုတ်။ သိသိကြီးနှင့် ပြောပစ် လိုက်ပုံရသော ရွှေရုပ်ပျိုသည် ဘာမဆို ရက်စက်တတ်ဖို့ ဝန်မ လေ့သောသူမှန်း တွေ့တွေ့ချင်းမှာကို သူ အသိအမှတ် ပြုလိုက် ရပြီ။

"ရွှေရုပ် နင် ဘယ်တုန်းကပြန်ရောက်"

ငွေလရဲ့စကားပင် မဆုံးလိုက်သေးပေ။ သူမက လက်ကို ဝှေ့ယမ်းပစ်လိုက်ကာ ...

"ဒါတွေ မေးမနေစမ်းပါနဲ့ နင် ဘယ်လိုအချိုးမျိုး ချိုးတာ လဲ မိငွေလ၊ နင် ငါ့ကို ဘာကြောင့် ညာရတာလဲ ငါ အဲဒါ ကို ရှင်းအနာဆုံးပဲ၊ ကဲ ပြောစမ်းပါ နင်က ဘာသဘောလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရွှေရုပ်ပျိုကို တအံ့တသြနှင့်ကို ငေးမော နေမိတာ ဖြစ်လေသည်။ သူမက သူ့ကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့တောင် သဘောမထားသဖြင့် အနည်းငယ် အောင့်သက် သက် နိုင်ရသော်လည်း ကိုယ့်ကို လုံးဝ ဂရုမစိုက်သည့်အတွက် သူမကို စိတ်တိုင်းကျတော့ အကဲခတ်ခွင့် ရနေတာတော့ အမှန် ဟင့် ဖြစ်သည်။

သေားတိုက်မကျတကျ ငေးမောခွင့်ရနေသော သူမ ရဲ့ မျက်လုံးတွေထဲတွင် သူ တစ်ခါမှ မမြင်ဘူးသော အချစ်ကြီး ချစ်တတ်သည့် အရိပ်အယောင်တွေကို တွေ့ရသည်။ အင်မတန်ကို ချစ်တတ်မည့် မျက်ဝန်းများ။ ခံစားချက် အပြည့်အသိပ်နှင့် လက်လက် တောက်ပနေသည့် မျက်ဝန်းများသည် သူငယ်ချင်း အပေါ်မှာတောင် ဒီလောက် ချစ်တတ်နေလျှင် ချစ်သူအပေါ်မှာ ဆိုလျှင်ကော။

ဒီလိုတွေးမိလျှင် အံ့သြဘနန်း ချစ်ပြတတ်မည့် သူမ ချစ်ခြင်းအတွက် သူ ရင်တင်ချက် ခုန်သွားခဲ့သည်။

"ဘာသဘောမှ မဟုတ်ပါဘူး ရွှေရုပ်ရယ်၊ ပလိစ် ... ငါ တောင်းပန်ပါတယ်ဟာ၊ နင့်စိတ်တွေကိုနည်းနည်း Relax လုပ်ပစ်လိုက်စမ်းပါ၊ အခုချိန်မှာ ငါလည်း နင့်ကို ရုတ်တရက် တွေ့လိုက်ရတော့ shock ဖြစ်နေတယ်၊ ဘာမှ မပြောနိုင် သေးဘူး"





"ဘာယ်ပြောနိုင်မလဲ၊ နင်တို့ ကြည်နူးနေတဲ့ အရှိန်လေး ပျက်သွားလို့ မဟုတ်လား၊ ကဲ ... ကြာတယ်ဟာ နင် ငါနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့"

အား ... ဒါတော့ သူမ တစ်ဆိတ်တော့ လွန်လွန်းနေ ပြီဟု ထင်သည်။ သူ့ကို ရှေ့မှာ တစ်ယောက်လုံးထားလျက် နည်းနည်းလေးမှပင် လူမှုရေး မသိတတ်ကာ ရိုင်းပျသည့်ဘက်သို့ ရောက်နေပြီဖြစ်သော သူမကို သူက ဒီအတိုင်းပင် လက်ပိုက်ကြည့် မနေနိုင်တော့။

"ဒီမှာ ... ကိုယ် စကားနည်းနည်းလောက် ပြောပါရစေ"

သူ့ စကားသံကြောင့် ငွေလက ဖျတ်ခနဲ အရင် လှည့်ကြည့်လာသည်။ သူမကတော့ မကြည့်သေးချေ။ တစ်နေရာရာ သို့ စူးစိုက်ကြည့်ပြီးကာမှ သူ့ထံသို့ ခပ်ဖြည်းဖြည်းချင်း လှည့်ကြည့် ၍ လာလေသည်။

သူ့ မျက်လုံးတွေထဲသို့ တည့်တည့် စိုက်ကြည့်ဝံ့ သော သူမကို သူ ဖျားသွားသည်။

"ကိုယ် ငွေလကို အန်တီ့ဆီမှာ ခွင့်တောင်းပြီး ခေါ်လာခဲ့ တာပါ၊ အိမ်တိုင်ရာရောက် ပြန်ပို့ပေးပါ့မယ်လို့လည်း ကတိပေးခဲ့တယ်၊ ပြီးတော့ ကိုယ်တို့ အခုမှ စားနေသောက် နေတုန်းပါ၊ မင်းနဲ့ ပြန်လိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

သူမရဲ့ မျက်လုံးများမှာ ကြောက်စရာကောင်းလောက် အောင်ကို တင်းမာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ကျွန်မ နားမလည်ဘူး၊ ကဲ ... ငွေလ၊ နင် ငါ့နဲ့ တစ်ခါတည်း လိုက်ခဲ့မလား မလိုက်ဘူးလား၊ ဒါပဲပြော"

ငွေလသည် မျက်နှာငယ်လေးနှင့် သူ့ကိုတစ်လှည့် သူမကိုတစ်လှည့် ကြည့်ကာ ဘာပြန်ပြောရမှန်း မသိချေ။ သူမကတော့ ပိုင်နိုင်သည်ဟူသော မျက်နှာပေးဖြင့် မော့၍ နေလေသည်။

"ရွှေရုပ်ရယ် ခဏနေတော့ အတူတူ ပြန်တာပေါ့၊ နင်လည်း တစ်ခုခုစားပါလား"

"ဟာ ... ငါ စိတ်မရှည်တော့ဘူးနော် ငွေလ၊ နင် ငါ့စိတ်ကို သိရဲ့သားနဲ့ ဘာတွေဆွဲဆန့် ထားချင်ရတာလဲ၊ နင့်ကို ငါ သတ်ချင်လောက်အောင် ဒေါသထွက်နေတယ်ဆိုတာ နင် သိလား"

သူမရဲ့အသံက အနည်းငယ် ကျယ်လောင်လာသဖြင့် တခြား စားပွဲတွေကပါ မသိမသာ အကဲခတ်လာသည်။ ငွေလသည် မျက်နှာ အပျက်ယွင်းယွင်းဖြင့်ပင် ...

"မော် ... ငွေလ တောင်းပန်ပါတယ်နော်၊ ပလိစ် ငွေလကို နားလည်ပေးပါ၊ ငွေလ ရွှေရုပ်နဲ့ ပြန်လိုက်သွားမယ် နောက်မှ"

ငွေလရဲ့စကား မဆုံးသေးခင်မှာပဲ ဟိုမိန်းမထံမှ ဘာဟူသော အသံကျယ်ကြီးတစ်ခု ဆောင့်ထွက်၍ လာပြန်လေသည်။ အင်း ... တော်တော် စိတ်ပျက်ဖွယ်ကောင်းသော မိန်းမပါ





ပဲလား။ ဒါကြောင့်လည်း လှပသလောက် ဆိုးသွမ်း ကြမ်းရမ်းလှသည်ဟု နာမည်ကြီးကာ တော်ရုံလူ အနားမကပ်ရဲတာပဲ ဖြစ်ရမည်။

"ဘယ်လို ငွေလ၊ နင်ခေါ်လိုက်တဲ့ နာမည်က ဘာလဲ၊ သူ့နာမည် ဘယ်သူတဲ့လဲ"

ဪ ... အခုတော့ နာမည်ကို အသည်းအသန် စိတ်ဝင်စား သွားပြန်ပြီပေါ့။ တတ်လည်းတတ်နိုင်တဲ့ မိန်းမ။ ငွေလက သူ့ထံ အကြည့်တစ်ချက် ရောက်လာလျှင် သူက စိတ်ပျက်လက်ပျက် ပုံစံဖြင့် ခေါင်းအသာ ယမ်းပြလိုက်လေသည်။

"နင်က ဘာတွေ ဒေါသကြီးနေရတာလဲ ရွှေရုပ်ရယ်၊ ငါ အေးအေးဆေးဆေး မိတ်ဆက်ပေးပါရစေ သူ့နာမည်က မော်ပါ သူက"

"တော်စမ်း"

သူမ မျက်နှာသည် အခုနက တင်းမာသည်ဆိုတာ ဘာမှမဟုတ်တော့။ ဒီတစ်ခါ တင်းမာသွားပုံမှာ တင်းလွန်းသဖြင့် ပေါက်ထွက်တော့မည့် ဒီနိုင်းပင်။ အထူးသဖြင့် သူ့ကို ကြည့်လာသော မျက်လုံးများ၌ ခါးသီးမှု။ ပြီးတော့ နေပါဦး တစ်ခုခုပဲ အထင်အမြင် သေးသလိုလို ဘာလိုလို ကျွတ် ဒီလောက်တောင် ကမယ် မထင်ချေ။ ဘာတွေလဲ ဒီမိန်းမ သူ့ကို နာမည်ဆိုးနှင့်အတူ တွဲသိနေပြီးသားလား။

ဒီအခိုက်မှာတင် သူမထံမှ အေးစက်စက် အမေး စကားတစ်ခုက ထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"Fairyfree store ပိုင်ရှင် မှော်ဆိုတာ ရှင်လား"

"ဟုတ်ပါတယ်"

သူ့ရဲ့ ဖြေသံအဆုံးတွင် သူမ မျက်နှာသည် ခုနကထက်ဝင် သူ့ကို ခါးခါးသီးသီး မုန်းတီးသွားသောပုံစံနှင့် မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေသည်မှာ အကြာကြီး။ သူကလည်း ဒီလို စိန်ခေါ်မှုမျိုးကတော့ ပျင်းသေးသည်ကွယ့်။ သူတို့နှစ်ယောက် eye power ပြိုင်နေတုန်းမှာပင် သူမက မဲ့ပြုံးတစ်ချက် ပြုံးလိုက်တော့ကာ ငွေလရဲ့လက်ကို ဆတ်ခနဲ ဆွဲဆောင့်ပစ်လျက် ထိုင်ရာမှ မတ်တပ်ထရပ် လိုက်လေသည်။

"ဒီလောက် အချိန်တိုအတွင်းမှာ ရင်းနှီးမှုက ဘာကြောင့် မြန်ဆန်လွန်းရတာလဲလို့ ငါ မအံ့ဩတော့ဘူး ငွေလ၊ နင် အဆုံးထိ မမှားသေးဘူးဆိုတာ သိလို့ပဲ ငါ အရမ်းဝမ်းသာတယ်၊ နင်က တကယ့် မှော်ကဝေနဲ့မှ သွားတွေ့တာကိုး"

သူမက ငွေလကို စကားပြောပြီးလျှင် သူ့ဘက်သို့ ဆတ်ခနဲလှည့်လာကာ လက်ညှိုး ငေါက်ငေါက်ထိုးလျက် ...

"ဒီမှာ ... ရှင် ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ငွေလရဲ့အနားကို ကပ်လာသလဲ ဆိုတာ ကျွန်မ သိတယ်၊ ဒီနေ့ကစပြီး ရှင့် အကြံအစည်တွေကို နောက်ဆုတ်လိုက်ပါ၊ ရှင် ဘယ်လို လူစားလဲဆိုတာ ရှင့်ကိုယ်ရှင် အသိဆုံးပဲ၊ ဒီတော့ ရှင် ငွေလနဲ့ ရှေ့ဆက်ပြီး လုံးဝမပတ်သက်ပါနဲ့"





သူမရဲ့စကားကြောင့် သူ့မျက်နှာသည် ရေနွေးပူပူနှင့် အပက်ခံလိုက်ရသလို ပူနွေးလောင်ကျွမ်းသွားရသည်။ သူမသည် သူ့ကို ယောကျ်ားတစ်ယောက်ဟူ၍မှ အသိအမှတ် ပြုပါလေစ။ အခုမှစတွေ့သော လူတစ်ယောက်ကို ထောက်ထားငဲ့ညှာကာ အားနာရ ကောင်းမှန်းလည်း မသိ။ ဒါ့ထက်ဆိုးသည်မှာ သူ့အကြောင်းကို သူမလိုလူမျိုး တစ်ယောက်က သိထားနှင့်နေခြင်းပင်။

သူမ ဘယ်လောက်ထိ သိထားပါလဲ။ သို့သော် ဒါတွေကို သူ ဂရုမစိုက်မိချေ။ အခုလောလောဆယ်မှာတော့ သူ့မာနကို ချိုးဖဲ့စော်ကားထားသော သူမကို သူက ထိမထင်အပြုံးတစ်ခုဖြင့် ...

"ဒီလိုပြောစရာ မင်းမှာ ဘာအခွင့်အရေးမှ မရှိဘူး ရွှေရုပ်ပျို"

သူ့စကားကြောင့် သူမရဲ့မျက်လုံးများ ဖျတ်ခနဲ အရောင်ပြောင်းသွားသည်။

"ရှင့်ပါးစပ်ကို ပိတ်ထား၊ ဒီနေ့ကစပြီး ရှင်နဲ့ ငွေလရဲ့ အိပ်မက်ကဏ္ဍ ပြီးဆုံးသွားပြီလို့ မှတ်လိုက်"

သူမက ပြောပြောဆိုဆိုနှင့်ပင် ငွေလရဲ့ လက်ကို ဆွဲကာ လှည့်ထွက်သွားသည်မှာ လေနီကြမ်း နှင်သွားသလိုပင်။ ငွေလသည် သူမ ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန် ပါသွားရင်း သူ့ဘို့လည်း နောက်ဆံငင်သလို လှည့်ကြည့်သွားသည်မှာ ကားပေါ် ရောက်၍ သူမ မောင်းထွက်သွားသည် အထိပင်။ ငွေလရဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ထဲမှာ သူ့ကို အမေးစကားတွေ ပြည့်နှက်နေတယ် ဆိုတာ ကိုတော့ သူ နောက်ဆုံးတွေ့မြင် လိုက်ရပါသည်။

သူသည် မိုးပေါ်သို့ပျံတက်တော့မည့် ဟန်အပြည့် ဖြင့် မြောက်ကြွပျံလန်နေသော ရွှေရုပ်ပျို၏ ပြိုင်ကားနောက်မီးလေး ပျောက်ကွယ်သွားသည်အထိ ရူးစိုက်ကြည့်ကာ ကျန်နေရစ်ခဲ့သည်။

သူ့ မျက်လုံးထဲတွင် သူမ ကြည့်သွားသော အကြည့် များ။ နားထဲတွင် ပြောသွားသော စကားသံများကား လုံးဝမထွက် ချေ။ သူ့ရာဇဝင်၌ ဒါမျိုးလည်း မရှိခဲ့စဖူး။ သူ့ကို မတွေ့မတန်သော လူတစ်ယောက်လို ဆက်ဆံသွားပုံကို ပို၍ ခံအပြင်းဆုံးပင်။ ဆုံးဖြတ်ချက်တစ်ခု ချပြီးလျှင် ပြုံးနေကျ အပြုံးမျိုးတစ်ခု သူ ပြုံးလိုက်သည်။

ငါကလည်း ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောက် မဆုတ်တတ်ဘူး ရွှေရုပ်ပျို။ မင်းလည်း ငါ့အကြောင်းကို ကောင်းကောင်းကြီး သိရတော့မှာပါ။

စာမူ၊ ကာတွန်း၊ ဓာတ်ပုံ စသည်တို့ကို၊ ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာယာဝတီနယ်သို့ ပေးပို့နိုင်ပါသည်။







## အခန်း(၁၁)

ငွေလသည် ရွှေရုပ်ပြောသမျှ စကားတွေကို ကြားလျှင် ယုံတောင် မယုံချင်ပေ။ မှော် အပေါ်၌ နောင်တွယ် နေသော ကိုယ့်သံယောဇဉ်ကိုယ် ပြန်မြင်မိလျက် မှော်ကလည်း ငွေလအပေါ်ဆို သိတတ်မှု၊ ကြင်နာမှုတို့ကိုလည်း အသိအမှတ် ပြုရလျှင် ရွှေရုပ်ရဲ့ စကားတွေကို ဘယ်လို ပြန်လည်ချေပရမယ် ဆိုတာ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်ကတော့ ငွေလကို တော်တော် ဒေါသထွက်နေပြီ ဖြစ်သည်။

"နင် ငါပြောတာကို သဘောပေါက်စမ်းပါ၊ နင် သူ့ရဲ့ မာယာတောမှာ မိနေတာနော် ငွေလ၊ ဒီကောင်က lady killer ဘွဲ့တံဆိပ် ရထားတဲ့ကောင်၊ နောက် ငါ့ညီမဝမ်းကွဲ ရွှက်ဝါနဲ့လည်း ဖြစ်မူးတယ်၊ ရွှက်ဝါကိုလည်း ဘာလိုင်းကြီး ဖြတ်ချပစ်ခဲ့တာ၊ ဘယ်မိန်းမကိုမှ တန်ဖိုးထား လေးစားတဲ့ကောင် မဟုတ်ဘူး"

"ကောင် ... ကောင် နဲ့ မသုံးပါနဲ့ ရွှေရုပ်ရယ်"

"ဘာ ... နင်က နင့်အကောင်ထိတော့ နာနေပြီလား။ တောက် ... ငါ လုပ်လိုက်ရ"

လုပ်လိုက်ရ ဆိုပြီးလျှင် ရွှေရုပ်ကား ငွေလရဲ့ လက်မောင်းတစ်ဖက်ကို ဖြန်းခနဲ ပိတ်ချပစ်လိုက်လျှင် ငွေလသည် အားခနဲပင် နာသွားသော လက်မောင်းကို ပွတ်ရသည်။

"ရွှေရုပ်ကလည်းဟာ နင် ပြောသလောက်လည်း မဆိုးပါဘူး၊ သူ ငါ့ကိုတော့ တကယ်ပဲ ချစ် ... ချစ်"

"သေလိုက် ငွေလကျော့ရှင်း၊ နင်တော့ သွားသေလိုက်ဖို့ပဲ ကောင်းတယ်၊ ဒီလောက် ပြောပြနေတာတောင် နင် နားမဝင်နိုင်သေးဘူးလား၊ သူ နင့်ကို ချစ်တယ်ဆိုတာ ဘာနဲ့ သက်သေပြမှာလဲ ပြော ... ပြောစမ်း"





ငွေလသည် ရွှေရုပ်ရဲ့ တရှုးရှုး တရှဲရှဲ ဒေါသများနေကို စိတ်မသက်သာစွာ ကြည့်လိုက်ပြီးမှ ...

"အချစ်ဆိုတာ အဲဒီလို သက်သေပြဖို့ အကောင်အထည်မှ မရှိတာဘဲ ရွှေရုပ်ရယ်၊ နင် နားလည်အောင် ငါ ဘယ်လို ပြောရပါ့မလဲ"

ရွှေရုပ်ကတော့ ငွေလကို ရူးနေရှာပြီဟုသော တံပျက်လက်ပျက် အကြည့်မျိုးဖြင့် တစ်ချက်စိုက်ကြည့်ကာ ...

"ဘယ်လိုမှ ပြောမနေတော့နဲ့ ငွေလ၊ ငါ သိတာကတော့ နင် အဲဒီကောင်ရဲ့မှိုင်းတွေ မနည်းမနောကို မိနေပြီဆိုတာပဲ၊ နင် အဲဒီလောက်တောင်ပဲ ပစ်ကျသွားရလား ငွေလရယ် ဟင်၊ ဒီကောင်က သမ္မာရင့်မို့ နင့်လို မအူမလည်ကို ဒီလောက် အချိန်တိုတွင်းမှာ ဒီလောက် လှည့်ထားနိုင်တာ ...

နင့်လောက်တော့ ပျင်းသေးတယ်၊ ကျွတ် ... ပျင်းတဲ့အဆင့်တောင် ကမယ်မထင်ပါဘူးကွာ သနားတယ် ဆိုတာ လောက်နေမှာ၊ နင့်ကို သူက သနားနေမှာ"

ငွေလသည် ရွှေရုပ်ရဲ့ စကားတွေကို နားထောင်နေရင်းမှ မှော့်ရဲ့ ရုပ်သွင်ကို ဖျတ်ခနဲ ပြေးမြင်ယောင်မိသည်။ ကြင်ကြင်နာနာ အကြည့်တွေနှင့် အမြဲရှိုးရှိုးစွာပြုံးတတ်သော မှော်ဟာ တကယ်ပဲ မိန်းမချောတွေရဲ့အသည်းကို ခွဲသူလားကွယ်။ ရည်းစားများခဲ့ပြီး ငွေလကိုမှ တကယ်ချစ်သွားတာရော မဖြစ်နိုင်ဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အပြုအမူ အပြောအဆိုတွေကတော့ ငွေလအပေါ် မြတ်နိုး တန်ဖိုးထားတဲ့ပုံ အထင်းသားပါပဲ။ ဒါ မာယာတွေလို့ ငွေလကတော့ ခထင်ချေ။

"မဟုတ်ပါဘူး ရွှေရုပ်ရယ် နင်က အကြားစကားတွေနဲ့ထင် သူ့ကို ဆုံးဖြတ်နေတာပါ၊ သူနဲ့ စကားပြောကြည့်ပြီး လေ့လာအကဲခတ်ပြီးမှ နင် ဆုံးဖြတ်ပါ၊ ဟို သူကပြ မမေတို့ဆီတောင် လာတောင်းမယ်လို့ ပြောထားတာ"

"ဘာရယ် ... လာတောင်းမယ်၊ အေး ... တောင်းမှာပေါ့ ငွေ ရဲ့ သင်းက ရုပ်သိရှာသိ အကျော်အမော် အပေါ့အရှုပ်လေ ပွေလို့ရှုပ်လို့အားရတော့ မိန်းမကောက်ယူတော့မယ်လေ_

နင့်ကိုငါ ပြောဖူးပါတယ် ငွေလရယ် ဒီလိုလူမျိုး တွေက တကယ်တမ်း ကောက်ယူရင် စင်းလုံးချောကို ရှာယူကြတာလို့၊ နင်က လုံးဝအဖြူထည် သူက ပဋ္ဌလက် လိုကောင် ကျွတ် ... လုံးဝမဖြစ်သင့်ဘူး ငွေလ ...

နင် ငါ့စကားကို နားထောင်စမ်းပါ၊ နင် ငါ့ကို ဘာကတိပေးထားလဲ နင်နဲ့ထိုက်တန်တဲ့ ယောကျ်ားကို နင် လက်ခံပါ့မယ်ဆိုတဲ့ ကတိပေးထားတယ်လေ"

ဟွန်း ... အဲဒီကတိကဖြင့် ဘယ်ချောင်မှာ ကပ်နေ ခဲ့မှန်းကောင် မသိတော့ပေ။ ငွေလသည် ရွှေရုပ် မသိအောင် စိတ်ထဲမှ တိတ်တိတ်လေး ပြောမိသော်လည်း အပြင်မှာတော့ ထုတ်မပြောသာချေ။





တွေဝေငေးမောသွားသော ငွေလရဲ့ ဦးခေါင်းလေးကို ရွှေရုပ်က ကြင်နာစွာ သပ်ဖွပေးရင်းမှ ...

"ငါ့စကားကို နားထောင်ပါ ငွေလရယ် နင့်အတွက် ငါ ဘယ်လောက် သောကပွေနေရတယ်မှတ်လဲ၊ တကယ်တော့ နင့်မှာ အပြစ်မရှိပါဘူး၊ နင်က အဖြူထည် အရိုးခံလေးပဲ ဟိုကောင့်ရဲ့ မှော်အတတ်မှာ ကျဆုံးသွားတာ အပြစ်မဆို သာပါဘူး၊ တကယ်တမ်း သေသင့်တာ ဟိုကောင်ပဲ၊ သူ့ကို သိပ်မုန်းတာပဲဟာ ...

သူ့မျက်လုံးတွေထဲက မာယာတွေ မှော်ပညာတွေကို ငါ မြင်နေရတယ် ငွေလ၊ နင်က မွန်နေလို့ မမြင်နိုင်တာ မမြင်ရတာပါ။ ဘာပဲဖြစ်ဖြစ် တစ်ခုခုဆို အရမ်း ခံစား မပစ်လိုက်စမ်းပါနဲ့၊ မပျော်ဝင်ပစ်လိုက်စမ်းပါနဲ့ ငွေလရယ် နော်"

ငွေလသည် တိတ်ဆိတ်စွာဖြင့် ခေါင်းလည်းမခါ ခေါင်းလည်းမညိတ်။ ရွှေရုပ်ကတော့ ငွေလကို ပုံပြောခံရသေခြင်း ဖြစ်သော ကရုဏာ သနားစိတ်နှင့်အတူ မှော်ဆိုသော ယောကျ်ားသား ကိုတော့ ဘယ်လို ကောင်းကောင်းကြီး ပညာပေးရပါ့မလဲ ဆိုတာကို တွေးတောရင်း နှုတ်ခမ်းတို့က တဖြည်းဖြည်း ပြုံး၍ လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့တွင် ရွှေရုပ်သည် နံနက်လေးနာရီ[illegible] လောက်တွင် ငွေလထံသို့ ပေါက်ချ၍ လာလေသည်။ အိပ်[illegible] မှပင် မနိုးသေးသော ငွေလကို အတင်းပင်လှုပ်နိုးသည်။

“ငွေလ ထစမ်းပါဦး ... ထ ... ထ”

“ဟင် ... ဘာလဲ ဘာဖြစ်လို့လဲဟင် ရွှေရုပ်၊ ဘာဖြစ်တာ[illegible]”

“ဘာမှမဖြစ်ဘူး၊ ငါနဲ့ ပဲခူးကိုလိုက်ခဲ့၊ အဲဒါ နင့်ကို [illegible] ခေါ်တာ”

ငွေလသည် ရွှေရုပ်ရဲ့ စကားကြောင့် မျက်လုံး[illegible] သွားကာ ...





“ဘာ ... ဘယ်လို၊ ပဲခူးသွားမယ် ဒီအချိန်ကြီး ဟုတ်လား”

“ရက်စ် ရက်စ် ကဲ ... ထစမ်းပါ မျက်နှာသွားသစ်ချေ မြန်မြန်လုပ် Breakfast ကို အပြင်မှာပဲစားမယ်၊ မုန့်ဟင်းခါး အရမ်းစားချင်နေတယ်”

ရွှေရုပ်သည် ပြောလည်းပြော ငွေလကိုလည်း အတင်း တွန်းထိုးကာ နိုးပြီးနောက် Air Con ကိုပါ စိတ်မြန်လက်မြန်နှင့် ထပိတ်လေတော့သည်။

ငွေလသည် စိတ်ရှုပ်စွာနှင့်ဝင် ခေါင်းထွေကို တဖြင်း ဖြင်းမြည်အောင် ကုတ်ကာ ...

“အာ ... ဘာတွေလည်း ရွှေရုပ်ရဲ့ ကျွတ် ... နင် ငါ့ကို သိပ်ဒုက္ခပေးတာပဲ၊ ဘာကိစ္စရှိလို့ ဒီအချိန်ကြီး ပဲခူးကို သွားရမှာလည်း ပြီးတော့ ငါ အိပ်ရေးမဝသေးဘူးဟဲ့”

ငွေလသည် ညက မော်နှင့် ဖုန်းပြောနေသည်မှာ တစ်နာရီကျော်မှပင် အိပ်ရာဝင်ရသည်။ သို့သော် ရင်ခုန် စိတ်လှုပ် ရှားကာ တသိမ့်သိမ့်တွေးလျက် ကြည်နူးခန်း ဝင်နေရသဖြင့် တော်တော်နှင့် အိပ်မပျော်နိုင်ပဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားရတာ ဖြစ်၏။

“မဝသေးလည်း ကားပေါ်ကျမှအိပ်၊ မဝရအောင် နင်က ဘာတွေများ အိပ်ရေးပျက်နေရတာမို့လို့လဲ၊ ကဲပါ ထစမ်းပါ ငါ သိပ်စိတ်မရှည်တော့ဘူးနော်၊ ပဲခူး ရွှေမော်ဓော ဘုရားကို ခြောက်နာရီ အရောက်သွားရမှာ၊ ထ ... ထစမ်း”



www.burmeseclassic.com

www.burmeseclassic.com



ငွေလသည် မကျေမနပ်နှင့်ပင် ပွစိပွစိ ရေရွတ်ကာ အိပ်ရာမှ ဆောင့်ဆောင့်အောင့်အောင့်ထလျက် ရေချိုးခန်းထဲသို့ ဝင်သွားလေသည်ကို ရွှေရုပ်က မဲပြုံးတစ်ချက်ပြုံးကြည့်ကာ ကျန်ခဲ့သည်။

ဟွန်း ... မသိရင်ခက်မယ် ငွေလရေ၊ တစ်ညလုံး မော်ဆိုတဲ့ အကောင်နဲ့ ကြည် နေတယ် ဆိုတာ မသိဘူးများ မထင်နဲ့။

ငွေလ မျက်နှာသစ်နေတုန်းမှာပင် ရွှေရုပ်က အဝတ်အစားတစ်စုံ အဆင်သင့် ထုတ်ပေးထားလိုက်သည်။

ငွေလ ရောက်လာလျှင် မကျေနပ်သော မျက်နှာထားဖြင့် Foundation လူးနေရာမှ လှမ်းမေးသည်။

"နေပါဦး၊ နင်က မနက်ခြောက်နာရီ ရွှေမော်စောဘုရားမှာ ဘာသွားလုပ်မှာလဲ"

"ယတြာချေမလို့ဟ၊ ကဲ ... ကဲ ... မြန်မြန်လုပ်စမ်းပါ။ အမေးအမြန်းက ထူနေလိုက်တာ၊ ငါ ခေါ်တဲ့နေရာလိုက်လို့ နင့်မှာ ဘာအန္တရာယ်မှ မတွေ့နိုင်ဘူး"

ရွှေရုပ် ဘာကို စောင်းပြောသနည်းဆိုတာ ငွေလက ရိပ်မိသော်လည်း ဘာမှ ပြန်မပြောသာ။ စိတ်ထဲတွင်တော့ မနက်စောစော ဖုန်းဆက်လာမည့် မော်နှင့် လွဲမှာကိုပဲ စိုးရိမ်မိနေလေသည်။

အင်း ... လွဲကို လွဲပါပြီ။





ရွှေရုပ်နှင့်ငွေလ အောက်ထပ်သို့ ဆင်းလာခဲ့မှာပင် မေမေက ...

"ဟဲ့ ... စောစောစီးစီး ဒါက ဘယ်ကိုလဲ"

"ဩော် ... အန်တီ၊ သမီး ပဲခူးမှာ ယတြာသွားချေမှာမို့လို့ ငွေလကို ဝင်ခေါ်တာပါ၊ အပြန်ကျ အန်တီ့ဖို့ ပဲခူးမုန့် ငါးဖယ်ချဉ် ဝယ်ခဲ့မယ်နော်"

"အေးပါ ... အေးပါ၊ ဖြည်းဖြည်းလည်း မောင်းသွားဦး"

"စိတ်ချပါ အန်တီ၊ သွားပြီနော် ... ဘိုင့်ဘိုင်"

ရွှေရုပ်နဲ့ဆိုလျှင် ငရဲပြည်အထိတောင် စိတ်ချလက်ချ လွှတ်ဝံ့သော မေမေ့ကိုလည်း ငွေလ အမှန်ပင် အံ့သြသည်။

ရွှေရုပ်သည် ခပ်တည်တည် မျက်နှာလေးနှင့် ကားကို မောင်းထွက်လာခဲ့သည်။ ငွေလကတော့ သုန်မှုန်နေသော မျက်နှာထားဖြင့် လိုက်ပါလို့ လာလေသည်။

ကားသည် တဖြည်းဖြည်းနှင့် မြို့ပြင်ဘက်သို့ ဦးတည်၍ ရောက်လာသဖြင့် ...

"ဟဲ့ ... နင်ပြောတော့ မုန့်ဟင်းခါး စားမယ်ဆို"

"ဒီအချိန် ဘယ်ကဆိုင်က ဖွင့်ဦးမှာလဲ၊ ပဲခူးရောက်မှပဲ စားကြစို့"

အပြောင်းအလဲ မြန်လှသော ရွှေရုပ်ကို ငွေလက မျက်စောင်းတစ်ချက် ပိတ်ထိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... အမျိုးမျိုးပဲ၊ နင် ငါ့ကို မှန်မှန်ပြောစမ်း ရွှေရုပ် နင် ဘာဃကြာမှချေဖို့ မဟုတ်ဘူးမှလား၊ ငါ့ကို အကြောင်း ရှိုက်ပြီး ခေါ်လာတာ မဟုတ်လား"

"ဘာကိစ္စ အကြောင်းရိုက်ရမှာလဲ၊ နားငြီးလိုက်တာဟာ နေစမ်းပါဦး နင်က ဘာဖြစ်နေတာလဲ နင့်ရုပ်က ဘာပုံစံ လဲ"

"ဘာပုံစံဖြစ်ရမှာလဲ၊ ငါမှ အိပ်ရေးမဝသေးပဲ"

"အိပ်ရေးမဝသေးရင် အခုအိပ်ပေါ့၊ စကားလာများမနေနဲ့ နေပါဦး နင်က အခုမှ ဘာအချိုး ပြောင်းနေရတာလဲ အရင်လည်း ငါ စိတ်ကူးပေါက်ရင် ပေါက်သလို နင့်ကို ကြိုက်တဲ့အချိန် လာဆွဲသွားတာပဲ ...

ဘယ်တုန်းက နင် ဒီလို ငြူစူဖူးသေးလို့လဲ၊ အခုမှ နင်က ဘာဖြစ်တာလဲ"

ရွှေရုပ် ပြောတာတွေကလည်း ဟုတ်နေသဖြင့် ငွေလသည် ဘာမှ ပြန်မပြောသာ။ သို့သော် ရွှေရုပ် လုပ်ပုံကိုလည်း မကျေနပ်လှချေ။ မော်နှင့် တွေ့မှာစိုးသဖြင့် တမင်ခေါ်ထုတ်သွားသည် ဆိုတာကို သိသော်လည်း နင်က ဒီလိုလားဟု ဖွင့်လည်း မမေးသာချေ။ အလိုလို ဝန်ခံရာရောက်သွားမည် ဖြစ်သဖြင့် ပါးစပ်ပိတ်ကာ ရှုပုပ်နေရသည်။

ရွှေရုပ်သည် အဆများစွာပင် ပါးနပ်ကာ ဉာဏ်ပြေးလှသူ ဖြစ်ပါသည်။





ပဲခူးရောက်လျှင် မုန့်ဟင်းခါးစား လက်ဖက်ရည် သောက်ပြီးမှပင် ဘုရားသို့တက်ဖြစ်ကြသည်။

ဘုရားမှ ပြန်ဆင်းလာသောအခါ ...

"ကဲ ... နင့်ယကြာ ပြီးပြီ မဟုတ်လား၊ ပြန်ကြမယ် မှလား"

"နေစမ်းပါဦး ... ဘယ်လိုဖြစ်နေတာလဲ၊ မပြန်သေးဘူး၊ ငါတို့ခြံကို သွားဦးမယ် ညနေမှပြန်မယ်"

"ဘာရယ် ... ဘယ်လို၊ ခြံကိုသွားမယ် ... ဟုတ်လား"

ငွေလက မျက်လုံးပြူးသွားသလောက် ရွှေရုပ်က တော့ အေးအေးဆေးဆေးပင်။

"အေးလေ ... ငါတို့ မရောက်ဖြစ်တာလည်း ကြာပြီမဟုတ်လား၊ ငါ ညထဲက နင်နဲ့လာဖို့ စဉ်းစားထားတာ၊ ငါတို့ ဈေးဝယ်မယ်၊ ချက်ပြုတ်စားမယ်၊ စကားတွေ တဝကြီး ပြောမယ်, မကောင်းဘူးလား ...

ညနေစောင်း နေချိုမှ ပြန်ကြမယ်လေ ဘယ်လောက် မိုက်တုန်း"

ငွေလသည် အော်ငိုပစ်ချင်စိတ် ပေါက်အောင်ပင် စိတ်ပျက်သွားရသည်မှာ မျက်နှာတောင် မပြင်နိုင်တော့ချေ။ အဲဒီအခိုက် ကိုယ့်ကိုယ်ကိုယ် လှစ်ခနဲလည်း ပြန်သတိထားမိသွားသည်မှာ မော်ဆိုသော လူသားကို ဘယ်လောက်တောင် တွယ်ငြိနေသလဲ ဆိုတာကိုပင်။



www.burmeseclassic.com

www.burmeseclassic.com



အင်း... ခက်တော့နေချေပြီ။ ရွှေရုပ်ဘက်က ကြည့်တော့လည်း အားလုံးဟာ အမှန်အတိုင်း အရိုးခံပင်။ ဒီပဲခူးရှိ ချောင်းတို့ရဲ့ ဘိုးဘွားပိုင်ခြံကြီးကို ဟိုးငယ်စဉ်ကတည်းကမှ ငွေလတို့ တစ်တွေ လာလာလည်နေကျ။ သီးပင်စားပင်တွေနှင့် စိမ်းလန်းစိုပြည်လှသော ဤခြံကြီးသို့ ရောက်လာတိုင်း ဘာနဲ့မှမတူ ပျော်ရွှင်နေကြ။ အခုမှ ငွေလရဲ့ စိတ်တွေဟာ ရန်ကုန်မြေမှ မခွာရက်နိုင် ဖြစ်နေသည်မှာ ရှက်စရာတော့ ကောင်းနေချေပြီ။

ငွေလသည် သက်ပြင်းတစ်ချက် ခိုးချလိုက်ကာ ...

"အေးပါ ... မိုက်ပါတယ်ဟယ်၊ နင်က ကြိုမှမပြောတာ၊ ငါတို့ ဒီလာတိုင်း ရေချိုးပြီးမှ ပြန်နေကျလေ၊ အခု အဝတ်အစားလည်း ပါမလာဘူး"

ရွှေရုပ်သည် ငွေလကို ဝေတုံးမဟုသော အပြုံးမျိုးနှင့် လှောင်ပြုံးပြုံးကာ ...

"ဘာလို့မပါရမှာလဲ၊ ငါ ထည့်ယူလာတာပေါ့၊ နင့်ဖို့ ဟိုကဝယ်လာတဲ့ အဝတ်အစားတွေပါတာပဲ၊ ဒီမှာ ငွေလ ... ငါနဲ့ဆိုရင် နင် ဘယ်တုန်းက အဆင်မပြေတာ ရှိဖူးလို့လဲ၊ ကဲ ... ပြော"

"မရှိပါဘူးဟယ်"

"အေး ... ဒါကို နင် သဘောပေါက်ဖို့ အရေးကြီးတယ်၊ နင့်ဦးနှောက်ထဲမှာ အရေးမပါတာတွေ မင်းမူနေတာ ငါ သဘောမကျဘူး"





ဒီနေ့တစ်နေ့လုံးကတော့ ရွှေရုပ် နိုပ်ကွပ်သမျှ ငွေလ ခံရဖို့ချည်းသာပင်။ ပြီးတော့ ငွေလသည် ရွှေရုပ်လိုလည်း ဝေါဟာရမကြွယ်ဝ။ ထိထိမိမိ ပြန်မပြောတတ်။ ငယ်စဉ်တည်းက မှစလို့ အရာရာသည် ရွှေရုပ်ရဲ့ သဘောတော် အလိုအတိုင်း ဖြစ်နေခဲ့သည်မှာ အစွဲတစ်ခုလိုပင် ဖြစ်နေချေပြီ။

ရွှေရုပ်တို့၏ ခြံသို့ရောက်လျှင် ခြံစောင့်ကြီးက အပြေးအလွှားလာ၍ တံခါးဖွင့်ပေးလေသည်။

"လာ ... လာ ကလေးမလေး၊ ဆရာတို့ ဆရာကတော်ရော မပါဘူးလား"

"မပါဘူး ဦးလေး၊ ကျွန်မတို့ကို ဟင်းကောင်းကောင်း ချက်ကျွေးဦး"

"စိတ်ချ ... ဘာဟင်းစားမလဲ"

"ကြိုက်တာသာချက် ကောင်းရင်ပြီးတာပဲ"

ရွှေရုပ်သည် ခြံစောင့်ကြီးအား ဟင်းချက်စရာဖိုး ထုတ်ပေးပြီးလျှင် ငွေလရဲ့ လက်ကိုဆွဲလျက် အိမ်ပေါ်သို့ တက်လာခဲ့သည်။ စိတ်ထဲမှလည်း ကျိတ်၍ပြုံးလို့သာပင်။ ငွေလရဲ့စိတ်ထဲ ဘာဖြစ်နေသလဲ ဆိုတာလည်း ကောင်းကောင်းကြီးသိသည်။ အထူးသဖြင့် ဟိုမှော်ကဝေကောင် သူ့ကို ခုချိန်ကစပြီး lesson 1 ပေးနိုင်ပြီဖြစ်သဖြင့် ကျေနပ်မဆုံးချေ။

ငွေလကို နိုင်ငံခြားပြန် အတွေ့အကြုံတွေ တစ်ခုပြီး တစ်ခု ပြောပြနေတာ ဟိုလူ့အကြောင်းကိုတော့ စကားလုံးဝမ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စကားထဲတောင် ထည့်ပြောဖို့ အရေးမပါဘူးဟူသော ပုံစံဖမ်းထားသည်။

ငွေလသည် ရွှေရုပ် ပြောသမျှကို တအင်းအင်းတအဲအဲဖြင့် ဖော်လိုလိုက်ကာ မော့်အကြောင်း စကားစပ်ဖို့ ကြိုးစားသော်လည်းမရ။ သိပ်လျှင်သော ရွှေရုပ်မသည် ဘယ်လိုမှ စကားကို အစမခံ။

တစ်နေကုန် အောင့်ထားရသော ငွေလသည် ညနေနေဝင်ခါနီး ပဲခူးက ပြန်အထွက် ဟိုင်းဝေးလမ်းမကြီးပေါ်ရောက်မှပင် ဆုံးဖြတ်ချက်တစ်ခုကို စိတ်ဒုံးဒုံးချကာ ပေါ်တင်ပင်ဖွင့်မေးလိုက်တော့သည်။ ဟုတ်သည်လေ ကိုယ်ဟာ မော်ဆိုသောလူသားကို တစ်သက်တာအထိ ရည်ရွယ်လိုက်ပြီ မဟုတ်လား။

"ရွှေရုပ် နင်က မော်နဲ့ငါနဲ့ လုံးဝ သဘောမတူဘူးလား"

"နင်က ဘယ်လို ဆုံးဖြတ်ထားလို့လဲ ငွေလ"

ဒီလိုကြီး ချက်ချင်းပြန်မေးမယ်လို့ မျှော်လင့်မထားသဖြင့် ငွေလသည် ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိချေ။ ရွှေရုပ်ကို ငုံ့ကြည့်လိုက်သောအခါ အေးအေးဆေးဆေးပင်။ ခေါင်းထဲ ဘာမှရှိနေပုံမရ။

ငွေလမှာသာ မပြောခင် တထင့်ထင့် ရင်မောရပြောပြီးသွားတော့လည်း ဘာပြန်ဖြေရမှန်း မသိရ။ အမြဲတစေအေးဆေးခဲ့သော ငွေလရဲ့ နှလုံးသားတို့သည် အချစ်ကိုစတွေ့မည်မှ ကြာကာရှိသေး အမျိုးမျိုး စိတ်လှုပ်ရှားလို့ နေရချေပြီ။





"ဖြေလေ ငွေလ၊ နင် ငါ့ကို ဒီလိုမေးလာပုံ ထောက်မှတော့ တစ်ခုခုကို ဆုံးဖြတ်ထားလို့လား"

ငွေလ ဘာပြန်ပြောရမှန်း မသိချေ။ အမြဲတမ်းရှိုးရိုးအေးအေးသာ နေခဲ့သော သူမက အချစ်ရေးကိစ္စကို စတင်၍ စိတ်ဝင်စားမိနေခြင်းသည် အပြစ်တစ်ခုလိုတောင် ကိုယ့်ဖာသာပြန်ခံစားနေရသည်။

အင်း ... စိတ်ရှုပ်လိုက်ပါဘိတော့တယ်။

ငွေလသည် အသံကို ဖျစ်ညှစ်ထုတ်ကာ ...

"ငါ့ဘဝမှာ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားခဲ့ဘူးတာ နင်လည်း အသိပဲ ရွှေရုပ်ရယ်၊ ငါ သူ့ကို တကယ်ပဲ စိတ်ဝင်စားသွားခဲ့တယ်"

"စိတ်ဝင်စားတဲ့ကိစ္စက ဘာမှ အံ့စားစရာ မလိုပါဘူး ငွေလ၊ နင် မမြင်ဘူး မှုးမြစ် ထင်နေတာနော်၊ ကျစ် ... ငါတော့ မော် ဆိုတဲ့ကောင်ကို အသေသာ သွားသတ်ချင်တော့တာပဲ"

"ဟို ... အချိန်ကာလ တစ်ခုလောက် နင် သတ်မှတ်ပေးနိုင်မလားဟင်"

"ဘာအချိန်ကာလလဲ၊ ဘာတွေလဲ"

ရွှေရုပ်သည် ကားမောင်းရင်းမှ စိတ်ရှုပ်သလို မျက်မှောင်ကုတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ─ နင်က သူ့ကို မယုံဘူးဆိုတော့လေ၊ အဲဒါ အချိန်ကာလတစ်ခုနဲ့ ဆုံးဖြတ်ရင် မကောင်းဘူးလားလို့၊ ဒါဆို နင်လည်း ယုံကြည်ပေးနိုင်ပြီ မဟုတ်လား"

ရွှေရုပ်သည် ငွေလရဲ့ ဆုံးဖြတ်ချက်ကို တိတိကျကျ ဝင် သဘောပေါက်လိုက်ချေပြီ။ ငွေလဆိုသော မိန်းမဟာ အဆုံးစွန် အထိ ဆုံးဖြတ်ထားပြီးပြီ။ ငါ ဘာလုပ်ရပါ့။ မှော်ကဝေရဲ့ လက်ထဲမှ ဘယ်လိုကယ်တင်ရပါ့။ ဒီလောက် အချိန်တိုအတွင်းမှာ ပစ်ကျသွားရတဲ့ ငွေလကိုလည်း သတ်ချင်သည်။

ဟို မာယာလူသားကိုတော့ ပြောဖွယ်မရှိတော့ချေ။

"နင် ငါ ပြောတဲ့စကားကို ဘာလို့ လက်မခံနိုင်ရတာလဲ ငွေလရယ် နင့်ကို သူက ပုံပြောနေတာ။ ဒီကောင်က အင်မတန် ရှုပ်တဲ့ပွေတဲ့ကောင်ဆိုတာ ငါ ဘယ်လို သက်သေပြမှ နင် ယုံမှာလဲဟင် ...

ဒီမှာ ငွေလ၊ ငါ စကားကို အကုန်ပြောလိုက်မယ်၊ နင် သူ့ကို သေလုအောင် ကြိုက်နေပစေ အဖြေတော့ လုံးဝ ပြန်မပေးလိုက်နဲ့၊ ငါပြောတာ သဘောပေါက်လား၊ နင် ကြိုက်သလောက်ချစ် သေအောင်ချစ် ဒါပေမဲ့ လုံးဝ ရည်းစား ဖြစ်ခွင့် မရှိဘူး၊ ဒီကောင်က သူ့တစ်သက်မှာ သူ လိုက်သမျှ မရဘူးဆိုတဲ့မိန်းမ မရှိဘူးလို့ ဟစ်ကြွေးထားတာ၊ ဘယ် လောက် မာနကြီးတဲ့မိန်းမပဲဖြစ်ဖြစ် သူ့မာယာကို မရှောင် နိုင်ဘူး ...





ဒီစာရင်းထဲမှာ နင် ပါစရာမလိုဘူး ငွေလ၊ နင် ကြပ်ကြပ်မှတ်ထား၊ နင်တို့ လုံးဝ ဖြစ်မသွားစေရဘူး ငါ လုံးဝ သဘောမတူဘူး"

အဆုံးသတ် ပိတ်ပြောလိုက်သော ရဲရဲတောက် ဒေါသသံတွေ ပါနေသည့် စကားနှစ်ခွန်းကို ငွေလသည် အံ့သြလည်း အံ့သြကာ အထိတ်တလန့်ဖြစ်လျက် ဒီလောက်တောင် ခါးသီး နာ:တီးနေသော ရွှေရုပ်ရဲ့ စိတ်ဓာတ်ကို လက်ဖျားတခါခါနှင့်ပင် မှော်ကိုလည်း တွေဝေစ ပြုလာခဲ့တော့သည်။

ရှင်ဟာ တကယ့်ကိုပဲ အသည်းခွဲသူ တစ်ယောက် သား မှော်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

မော်သည် ငွေလထံကို မနက်ခင်း မိုးလင်းကတည်းကမှ ဖုန်းခေါ်နေသည်မှာ လုံး၀ ဖုန်းမကိုင်သဖြင့် တစ်ခုခုကို စိုးရိမ်လာသည်။ ရွှေရုပ်ပျိုရဲ့ ကန့်ကွက်မှုတွေကြောင့်များ ငွေလ ကိုယ့်ကို စိမ်းသွားရောသလား။ ဒါနှင့်ပင် ရိုးရိုး အိမ်ဖုန်းကို ဆက်ကြည့်တော့မှပင် ငွေလဟာ ရွှေရုပ်ပျိုနှင့် ပဲခူးကိုပါသွားမှန်း သိတော့လေသည်။





အင်း ... ရွှေရုပ်ပျိုကတော့ ကိုယ့်ကို lesson l ကို ပေးချေပြီ ရှိစေတော့။

ဒီနေ့မနက်မှာတော့ မော်သည် အခါတိုင်းလိုပင် ငွေလထံ ခပ်စောစော ဖုန်းခေါ်လိုက်သည်။

"ဟယ်လို"

ငွေလထံမှ ဖုန်းပြန်ထူးသံကို ချက်ချင်းပင် ကြားရသည်။

"ဂွတ်မောနင်း ငွေလ၊ ကိုယ်ပါ"

"သြော် ... မော်၊ အင်း ... ပြော"

"မနေ့က ငွေလ ပဲခူးသွားတယ်ဆို"

"ဟုတ်တယ် ရွှေရုပ်နဲ့လေ"

"ကိစ္စရှိလို့လား"

"ကိစ္စ ... အင်း ... မရှိပါဘူး ပဲခူးမှာ ရွှေရုပ်တို့ရဲ့ခြံကြီး ရှိတယ်လေ၊ ဟိုးတုန်းတည်းက ငွေလတို့ သွားသွားအနားယူနေတဲ့ နေရာပေါ့၊ မရောက်တာလည်း ကြာတော့ ရွှေရုပ်က အဲဒီကို ခေါ်သွားတာပါ"

"သြော် ... အဲဒီမှာ တစ်နေ့ကုန်ပဲနော်၊ ဘယ်လိုလဲ ပျော်ခဲ့ရဲ့လား၊ ကိုယ်တော့ တစ်နေ့လုံးပဲ လွမ်းနေတာ"

သူက စတင်၍ ညုထည့်လိုက်လျှင် ငွေလက ဘာမှပြန်မပြောဘဲ တသိမ့်သိမ့် ရယ်မောလို့နေပါသည်။ အင်း ... ဒီသောက်ဆို အခြေအနေက သိပ်မဆိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ငွေလရဲ့ ကိုယ် တကယ်ပြောတာ မနက်ခင်းတိုင်း ငွေလနဲ့ ဖုန်းပြောပြီးမှ ကိုယ့်ရဲ့ တစ်နေ့တာကို start လုပ်တာဆိုတော့ မနေ့ကတစ်နေ့လုံး ဟာတာတာကြီးနဲ့ကွာ ...

ငွေလရယ် ကိုယ့်ကို ဒီ့ထက်ပိုပြီး မညှဉ်းဆဲပါနဲ့တော့ကွာ၊ နော် ... ပြန်ချစ်ပါတော့"

သူက အလွန်အမင်း လှိုက်လှဲတောင့်တသော အသံဖြင့် အဖြေတောင်းလိုက်သည်။ ဟိုအခါ များစွာကတော့ သူ ဒီလိုပြောလိုက်လျှင် ဘယ်မိန်းကလေးမှ ကြာရှည် တင်းမထားနိုင်တော့။

"နည်းနည်းတော့ စောင့်ပါဦး မော်ရယ်၊ ဘာလို့အရေးကြီးနေရတာလဲ မော်နဲ့ငွေလ တွေ့တဲ့အချိန်ကလည်း သိပ်မှ မကြာသေးတာ"

"အချစ်စစ်မှာ အချိန်ကာလနဲ့ မသက်ဆိုင်ပါဘူး ငွေလရယ်၊ ဘာလဲ ငွေလ သူငယ်ချင်းက ကိုယ့်နဲ့ သဘောမတူလို့လား"

"သူ ပြောတာတွေက အမှန်ပဲလားဟင်"

အဲ ... ရုတ်တရက် သူ ဘာပြန်ဖြေရမှန်း မသိချေ။ ရွှေရုပ်ပျိုဆိုသော မိန်းမသည် သူ့အကြောင်းတွေကို ဘယ်လောက်သိထားလို့ ဘယ်လောက်တောင် ရွှေနားတော် သွင်းထားတာပါလိမ့်။ သူ့ကို ချိုးချိုးဖွဲ့ဖွဲ့ ပြောထွက်ရက်သော၊ အားနာမှု တစ်စက်လေးမှ မရှိသော ရွှေရုပ်ပျိုရဲ့ မျက်နှာကို မြင်ယောင်လာမိလျှင် သူ့စိတ်ထဲ တင်းခနဲ ဖြစ်လာရပြန်သည်။





"သူက ဘာတွေပြောထားလို့လဲ"

"မော်က ရည်းစားတွေ အရမ်းများတယ်တဲ့၊ lady killer တဲ့၊ မိန်းကလေးတွေကို တန်ဖိုးမထားဘူးတဲ့၊ တွဲရတာ ပျင်းလာရင် ဖြတ်ပစ်ရောတဲ့၊ မကောင်းဘူးတဲ့"

သူက တစ်ဖက်မှ နားထောင်ရင်း ကြားရသော စကားများအတွက် ရှုံ့မဲ့လို့လာလေသည်။

"ပြီးတော့ ရွှေရုပ်ရဲ့ ညီမဝမ်းကွဲ ရွက်ဝါနဲ့လည်း ဖြစ်ဖူးသေးတယ်ဆို၊ သူ့ကိုလည်း မော်ကပဲ စပြီးဖြတ်ခဲ့သတဲ့၊ အဲဒါ ဟုတ်လား"

ဟိုက် ... သေရောပဲ၊ သူ့ပါးစပ်မှ ထုတ်မအော်မိစေရန် အတော်ဘရိတ်အုပ်လိုက်ရသည်။ ပြဿနာမလေး ရွက်ဝါဟာ ရွှေရုပ်ပျိုရဲ့ ညီမဝမ်းကွဲဆိုပါလား။ သူ တဖြည်းဖြည်း နှင်လာရသည်။

ရွှေရုပ်ပျိုသည် မထင်မှတ်သော ထောင့်ကနေ၍ သက်နက်ကြီးတွေနှင့် တစ်လုံးပြီး တစ်လုံး ထုလျက်ရှိသည်။

"အဲဒါတွေ မမေးပါနဲ့တော့ ငွေလရယ်၊ အဲဒါတွေက ပြီးသွားခဲ့ပါပြီ၊ အခု အတိတ်မှာကျန်ခဲ့တဲ့ အရာတွေကို ပစ္စုပ္ပန်ထိ ဘာလို့ ဆွဲယူလာရမှာလဲ၊ လက်ရှိမှာ ကိုယ်ဟာ ငွေလ တစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုး ချစ်နေတာပါ"

ငွေလဘက်မှ အသံတိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေလ ကိုယ့်ကို မယုံဘူးလား၊ ငွေလ ယုံအောင် ကိုယ် ဘာနဲ့ သက်သေပြရမလဲ"

"ငွေလ ယုံဖို့လိုသလို ရွှေရုပ်လည်း ယုံဖို့လိုတယ်"

"ဟာ ... ဘာဆိုင်လို့လဲ ကိုယ်ချစ်တာ ငွေလလေ၊ သူ ယုံတာမယုံတာ ကိုယ့်အတွက် ဘာမှ အရေးမပါဘူး"

"အင်းပါ ... ဒါပေမဲ့ ရွှေရုပ်ကတော့ ငွေလရဲ့ဘဝမှာ သိပ် အရေးပါတယ် မောင်၊ ဟိုးအငယ်လေးထဲက ဘာပဲဖြစ်ဖြစ် တစ်ခုခုဆို သူကပဲ ငွေလရဲ့ရှေ့က မားမားမတ်မတ် ရပ် တည်ပေးခဲ့တာ၊ သူက ငွေလရဲ့ ideal ပဲ၊ သူ ဆုံးဖြတ် သမျှ အရာတိုင်းလိုလိုကလည်း အမြဲ မှန်ကန်တိကျတာ များတယ်၊ ဒီ့ထက်ခိုင်မာတာ တစ်ခုကတော့ သူနဲ့ငွေလဟာ သိပ်ချစ်ကြတယ် ဆိုတာပါပဲ၊ ညီအစ်မတွေပါ မောင်၊ ညီမ ရင်းလို့ပဲ မှတ်ယူထားပါတယ်"

"ဟူး ... ဒါဖြင့်ရင် ငွေလရဲ့အဖြေဟာ သူ့အပေါ်မှာ လုံးဝမူတည်နေတာပေါ့"

"အဲလို 100% ရယ်တော့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ သူဟာ ငွေလ အတွက်တော့ အရေးပါတဲ့သူ တစ်ယောက် ပါ မောင်"

"အင်းပါလေ၊ ဒီလောက်ဆို ကိုယ် သဘောပေါက်ပါပြီ၊ ငွေလကို ချစ်မိမှတော့ ဒီဒဏ်တွေ ကိုယ် သည်းခံရတော့ မှာပေါ့ ..."





ကဲ ... ဒီနေ့ lunch ကို ငွေလနဲ့အတူတူ စားချင် တယ် ဘယ်လိုလဲ"

"အင်း ... စားတာပေါ့၊ အိမ်မှာတော့ လာစားမှဖြစ်မယ်"

"ဟင် ... ဘယ်လိုလဲ ကိုယ်က အပြင်မှာစားဖို့ ပြောတာ"

"အပြင်မှာတော့ မဖြစ်နိုင်ဘူး မောင်၊ ဒီနေ့ မေမေ့ မွေးနေ့ မို့ အိမ်မှာ နတ်သုဒ္ဓါချက်မှာ၊ ဘုန်းကြီးကျောင်းကို ဆွမ်း [illegible]ကပ်မယ်၊ မောင် နေ့ခင်းလောက်ကျရင် လာခဲ့လေ"

သူ့စိတ်ထဲတွင် ဟိုမိန်းမကို ဖျတ်ခနဲ မြင်ယောင် မိသည်။ သူမလည်း ရောက်လာမှာ ကေန်မလွဲချေ။ သို့သော် သူက မှုမနေချေ။ ဒီမိန်းမကိုလည်း တော့တော့ဆိုင်ဆိုင်တွေ့ကာ နည်းနည်းလောက်တော့ ပညာပေးချင်သည်။ သူ့ရာဇဝင်တွင် မိန်းမတစ်ယောက်က သူ့ကိုဖဲ့သည်မှာ ဒါ ပထမဆုံးအကြိမ် ဖြစ်သဖြင့် အတော်လည်း ခံပြင်းလျက်ရှိသည်။

"ဟုတ်ပြီ၊ ဒါဆို ကိုယ် နေ့ခင်းဘက် လာခဲ့မယ်၊ ဆီးယူ ငွေလ ဘိုင့်ဘိုင်"

"ဟုတ်ကဲ့ ... ဆီးယူ"

ငွေလ ဖုန်းချသွားလျှင် သူက တစ်ကိုယ်တည်း လျှို့ဝှက်စွာ ပြုံးလိုက်သည်။ မတွေ့ခင်ကတည်းက ယန့်ဖျား ဖျားလောက်တဲ့ သတင်းတွေမွှေးတဲ့ ရွှေရုပ်ပျိုရေ ကိုယ့်ရာဇဝင်မှာ အရှုံးဆိုတာ မိတ်မဆက်ဘူးသေးတဲ့ သူစိမ်း တစ်ယောက်ပဲကွယ့်၊ ကိုယ်နဲ့ မင်း ကောင်းကောင်းကြီး တွေ့ရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက ရှေ့မှာရှိသော မှန်ထဲ ရုတ်တရက် လှမ်းကြည့်လိုက်လျှင် ကျေနပ်စွာပြုံးနေသော သူ့ရုပ်သွင်ကို မှန်ထဲ၌ တွေ့လိုက်ရသည်။ ရွှေရုပ်ပို့နဲ့ တွေ့ရမှာကို သူ ဘာကြောင့် စိတ်လှုပ်ရှားစွာ တက်ကြွနေရပါသနည်း။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







ငွေလတို့ ခြံရှေ့သို့ရောက်၍ ဟွန်းတီးလိုက်လျှင် သူ့ကို မှတ်မိသိရှိနေသော ခြံစောင့်က တံခါးကို အပြေးလာ၍ ဖွင့်ပေးသည်။ သူက ပေါ်တီကိုအောက်သို့ ကားကို ထိုးရပ်လိုက်လျှင် တစ်ဖက်၌ ကြိုတင်ဆိုက်ရပ်ထားသော ရွှေရုပ်ပို့ရဲ့ စီးတော်ပြိုင်ကားကို တွေ့လိုက်ရသဖြင့် လှစ်ခနဲပြုံးမိသည်။ အင်း ... ဒီကားကိုတော့ ဒီမိန်းမဟာ အတော့်ကို crazy ဖြစ်ဟန်ပါပဲ။ ထပ်မံသထားပုံသည် မျက်စိမစ္ဆာ ငေးချင်စရာ ကောင်းအောင်ကိုပင် လှပလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားပေါ်မှ ဆင်းနေတုန်းမှာပင် ငွေလတို့အိမ်မှ မိန်းကလေးက တံခါးဖွင့်ပေးကာ အနားသို့ ရောက်လာသည်။

"အန်ကယ်ကြီးရယ်၊ အန်တီရယ်၊ မမငွေလရယ် အိမ်မှာမရှိပါဘူးရှင်၊ ဘုန်းကြီးကျောင်း သွားပါတယ်"

"ဪ ... အင်း ... အင်း ... ကိုယ် သိပါတယ် စောင့်မယ် ကလေး၊ ရတယ် ... ရတယ်"

"ဟုတ်ကဲ့ ... အိမ်ထဲမှာ ဝင်စောင့်ပါရှင်"

"အိမ်ထဲမှာ ဧည့်သည် ရှိတယ်နဲ့တူတယ်၊ ရပါတယ်"

သူက သိရက်နှင့်ပင် ရွှေရုပ်ပုံရှိရဲ့ ကားကိုပြကာ ပြောလိုက်သည်။

"ဪ... အဲဒါ ဧည့်သည် မဟုတ်ပါဘူး မရွှေရုပ် ရောက်နေတာပါ အားနာစရာ မရှိပါဘူး အထဲကိုကြွပါရှင်"

သူက ခေါင်းတစ်ချက် ငြိမ့်ပြလိုက်ကာ ထိုမိန်းကလေးရဲ့ နောက်မှနေ၍ အိမ်ထဲသို့ လိုက်ဝင်ခဲ့သည်။ ဧည့်ခန်းထဲမှာ ဘယ်သူမှ ရှိမနေပါ။ ဤအိမ်၏ အိမ်သားတစ်ဦးနှယ် အရေးပါအရာရောက်ပုံရသော ရွှေရုပ်ပုံသည် အပေါ်ထပ်ရှိ ငွေလရဲ့အခန်းဒါမှမဟုတ် ထမင်းစားခန်းထဲတွင် ရှိနေလောက်သည်။

"ခဏစောင့်ပါဦးနော်၊ မမငွေလတို့ ပြန်ရောက်လာတော့မှာပါ"





မိန်းကလေးက အိမ်သားတွေ တစ်ယောက်မှ ရှိမနေခြင်းကို အားတုံ့အားနာ ဖြစ်နေပုံနှင့် သူ့ကိုလည်း ဘယ်လိုဧည့်ခံရမှန်းမသိ ဖြစ်နေရှာလေသည်။ သူက ကောင်မလေးကို နွေးနွေးထွေးထွေး ပြုံးပြလိုက်ရင်း ...

"ကိစ္စမရှိဘူး ကလေး၊ လုပ်စရာရှိတာ သွားလုပ်ပါ၊ ကိုယ်စာဖတ်ရင်း စောင့်နေမယ်"

"ဟုတ်ကဲ့ပါရှင့်"

ကောင်မလေး ထွက်သွားချိန်ဝယ် သူက စားပွဲပေါ်တွင် တင်ထားသော မြန်မာတိုင်းမ်ကို ယူဖတ်နေလိုက်သည်။ ဂျာနယ်ကိုသာ ဖတ်နေသော်လည်း ဂျာနယ်ထဲ အပြည့်အဝစိတ်ရောက်မနေတာတော့ သေချာပါသည်။ သူ့ အာရုံထဲတွင် ဘယ်နေရာ ဘယ်ထောင့်က ထွက်ပေါ်လာမည် မသိသော ရွှေရုပ်ပုံထံကိုသာ အတွေးရောက်လျက်ရှိသည်။

သိပ်မကြာခင် မှာပင် မိန်းကလေးတစ်ဦးက သူ့အတွက် ကော်ဖီတစ်ခွက် လာချပေးသည်။ ထို့နောက် သူ့နောက်ပါးဆီမှ သင်းပျံ့သော ရနံ့တစ်မျိုးကို သယ်ဆောင်လာသောခြေသံတစ်ခု။ သူ့စိတ်ထဲတွင် အလိုလို သိလိုက်သည်။ ကေန္တသူ ရောက်ရှိနေကြောင်းကို မိန်းကလေးက သွားအကြောင်းကြားဆိုက်မည်။ ထင်သည့်အတိုင်းပင် ရွှေရုပ်ပုံသည် သူ့ ရှေ့တည့်တည့်ခုံတွင် ဝင်ထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အငွေ့တထောင်းထောင်း ထနေသော ကြေမတ်ခွက်ကြီးကို ခြေထောက်ချိတ် ထိုင်ထားသော ဒူးပေါ်တွင် တင်ထားလျက် သူ့ကို ခပ်တင်းတင်း စိုက်ကြည့်လာပုံသည် စိန်ခေါ်ပွဲတစ်ပွဲကို စတင်ဖွင့်လှစ်တော့မည့် ပုံသဏ္ဌာန်အပြည့်နှင့်။

သူက စိတ်ထဲမှ ပခုံးအသာတွန့်ကာ ဘာမှ ဂရုမစိုက်ဟန်ဖြင့် ရှေ့မှကော်ဖီကို ယူကာမော့လိုက်သည်။

"ရှင်နဲ့ ဆွေးနွေးစရာ ရှိတယ်"

ရုတ်တရက် ထွက်ပေါ်လာသော 'အေးစက်စက်' စကားသံကြောင့် သူက ကော်ဖီခွက်ကို ပန်းကန်ပြားပေါ်သို့ ပြန်တင်လိုက်ပြီးမှ သူမကို စေ့စေ့ကြည့်ကာ ...

"ဘာအကြောင်းအရာကို ဆွေးနွေးမှာလဲ၊ တစ်ခုတော့ ကြိုပြောထားမယ်၊ မင်းအနေနဲ့ သူများရဲ့ ပုဂ္ဂိုလ်ရေးတွေကို ထိခိုက်စော်ကားတဲ့ စကားမျိုး မပြောမိပါစေနဲ့"

သူမက ထိမထင်ပြုံးတစ်ခုကို ဖျတ်ခနဲပြုံးတာ တွေ့လိုက်ရသည်။ အမြင်ကတ်သည့် ကြားထဲမှာကိုပင် သူမဟာ အတော့်ကို လှပသူဆိုတာ ကျိတ်၍ အသိအမှတ် ပြုရပါသည်။ သူမနှင့်ယှဉ်လျှင် ငွေလသည်တောင် တစ်နေရာမှာ ရပ်ကျန်ခဲ့ရသူပင်။

တင်စားရလျှင် ငွေလသည် စံပယ်ပွင့်လေး တစ်ပွင့်သာဖြစ်လျက် သူမက နှင်းဆီ တစ်ပွင့်နှင့်အလား သဏ္ဌာန်တူလေသည်။ အခုလည်းကြည့်လေ အဖြူရောင် စွပ်ကျယ်တစ်ထည်ကို





အိပ်ကတ် ခပ်ကြီးကြီးတွေပါသော ကာကီရောင် ဘက်ဂီဆောင်းဘီ ပွနှင့် တွဲဖက်ဝတ်ဆင်ထားပုံမှာ ဘယ်သူ့ကိုမှ ထိမထင် ဂရုမစိုက်သည့် ဒီဇိုင်း၊ အင်း White & Kaki နှင့်တော့ အတော်လိုက်ဖက်ပါပေတယ်။

"ရှင့်ရဲ့ ပုဂ္ဂိုလ်ရေးကို မထိခိုက်ဘူး၊ ဒါပေမဲ့ ကျွန်မ ပြောတာကို ရှင် လက်ခံရမယ်၊ ဘယ်လိုလဲ"

သူက ပြုံးလျက် ခေါင်းတစ်ချက်ယမ်းကာ ...

"အဲဒါလည်း သိပ်မဖြစ်နိုင်ဘူး ထင်တယ် ရွှေရုပ်ပျို၊ ကိုယ်က မင်း ပြောတာကို ဘာကြောင့်များ လက်ခံရမှာလဲ"

သူက သူမနှင့် မျက်လုံးချင်း တည့်တည့်ဆုံအောင် စိုက်ကြည့်၍ ပြောလိုက်သည်။

"ဘာကြောင့် လက်ခံရမှာလဲဆိုတော့ ရှင့်ရဲ့ မကောင်းမှုတွေ ရပ်တန်းက ရပ်ရအောင်လို့ပေါ့ ဒီမယ်"

သူမက ဒီမယ်ဟု စကားစလိုက်ပြီးလျှင် ကြေမတ်ခွက်ကြီးကို စားပွဲပေါ်ချလျက် ကိုယ်ကို ရှေ့သို့ကိုင်းကာ သူ့ကို အနီးကပ် စိုက်ကြည့်လာသည်။ စွပ်ကျယ် ဝတ်ထားလျက် ရှေ့ကိုင်းကာ သူ့ကို ထိမထင် မျက်ဝန်းတွေနှင့် ကြည့်၍ပြောသော သူမ ပုံစံကြောင့် သူ ရင်တစ်ချက် ခုန်သွားခဲ့သည်။

အာ ... ဘာတုံးကွာ၊ ဒီလို ကျောရင့်ရင့် မိန်းမကို ဒါမျိုး ဖြစ်စရာလား။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ငွေလကို choice လုပ်လိုက်တာပါ၊ ဟုတ်တယ် မဟုတ်လား၊ ရှင် ဒါကို ဝန်ခံလိုက်စမ်းပါ၊ ရှင်ဟာ အင်မတန် လေဒီကြည်ခဲ့တဲ့သူပါ စိတ်တိုင်းကျ ကဲပြီးတဲ့ နောက်မှာ ရှင့်ကို မိဘတွေက အိမ်ထောင်ပြုဖို့ pressure ပေးလာပြီ၊ ဒီအတွက် ရှင့်လို အတ္တသမားမျိုးက တကယ့် အပျိုအစင် လေးကိုပဲ ရှာယူတော့မှာပေါ့ ...

ရှင် ငွေလကို မချစ်ဘဲနဲ့ ဒုက္ခမပေးပါနဲ့၊ ငွေလက ရှင်နဲ့ တခြားစီပါ၊ ပြဒါးတစ်လမ်း သံတစ်လမ်းပါ။ ရှင်က မော်ဆရာ၊ ငွေလက လောကကြီးအကြောင်း ဘာမှ နားမလည်တဲ့ ကလေးသူငယ်လိုလူပါ ...

ဒီတော့ ရှင့် အကြံအစည်တွေကို လက်လျှော့လိုက်ပါ၊ နောက်ဆုတ်လိုက်ပါ ရှင့်အတွက် မိန်းမ မရှားပါဘူး။ ကျွန်မ သူငယ်ချင်းကိုတော့ ဒုက္ခမပေးပါနဲ့ ဒါ ရှင့်ကို ကျွန်မ အယဉ်ကျေးဆုံး request လုပ်နေတာပဲ"

သူမက ပြောပြီးလျှင် မောသွားသလိုနှင့် ကော်ဖီကို တငွပ်ငွပ်နှင့် မော့ချသည်။ မော်သည် ထူးဆန်းသော ဤမိန်းမကို ကြည့်ကာ ဖျားချင်လာသည်။ ဒီမိန်းမဟာ ဘာ့ကြောင့် ဒီလောက် တောင် ခန့်မှန်းခြင်း၌ တော်နေရတာလဲ။

သူသည် သူမ၏ အလွန်တော်သော ခန့်မှန်းခြင်း အပေါ်၌ ခေတ္တမျှတော့ အငိုက်မိသွားပြီးလျှင် ချက်ချင်းဆိုသလို သူ့ရဲ့ နဂိုစတိုင်လ်ကို ပြန်လည်ဖမ်းယူ လိုက်နိုင်သည်။





"စိတ်မကောင်းပါဘူး ရွှေရုပ်ပျို့၊ မင်း ထင်တာတွေ မှားနေပြီ၊ ကိုယ် မင်း သူငယ်ချင်းကို အပျော်ကြံနေတာ မဟုတ် ပါဘူး၊ ကိုယ် သူ့ကို တန်ဖိုးထားတယ်၊ လေးစားတယ်၊ သူငယ်နုပ်စားလို့လည်း ဘယ်တုန်းကမှ မမှတ်ယူခဲ့ဖူးပါ ဘူး၊ ဆောရီး ရွှေရုပ်ပျို့"

သူမ မျက်လုံးတွေက စူးစူးရဲရဲ တောက်ပလာ တော့ကာ ...

"ရှင်က အခုချိန်ထိ လက်မခံချင်သေးဘူးလား၊ ရှင် ဘာလို့ ငွေလကို ဒုက္ခပေးချင်ရတာလဲ၊ ရှင့်လိုလူမျိုးနဲ့ သွားတွေ့တာကိုက ငွေလအတွက် ဂြိုဟ်ဆိုးဝင်တာပဲ"

သူကလည်း သူမရဲ့ စကားတွေကို ခံပြင်းလာခဲ့သည်။

"မင်း တစ်ဖက်သတ် မစွပ်စွဲနဲ့ ရွှေရုပ်ပျို့၊ မင်း စကားတွေ ကလည်း လူတစ်ဖက်သား အပေါ်မှာ သိပ်ကိုလွန်လွန်းနေပြီ ဆိုတာကို သဘောပေါက် ...

လူတိုင်းဟာ မင်းပြောသမျှ နာခံရအောင် မင်းရဲ့ တပည့်တွေ မဟုတ်ဘူး၊ ကိုယ့်ကိုရော ငွေလကိုရော မင်း စကားအတိုင်း ဖြစ်စေရမယ်လို့ သဘောမထားနဲ့ ...

အဲကောင်းဆုံးက မင်း စိတ်လျှော့လိုက်ပါ ရွှေရုပ်ပျို့"

သူမက မျက်ဝန်းများကို မှေးကျဉ်းပစ်လိုက်ကာ ...

"ဒါဆို ရှင် ငွေလကို တကယ် heart ထိ သွားတယ်ပေါ့၊ တကယ် ချစ်သွားတယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘာရယ်ကြောင့်မှန်း မသိဘဲ သူမရှေ့၌ ချစ်တယ်ဆိုသော စကားကို ပြောမထွက်ချေ။ ဟုတ်တယ် ချစ်တယ်ကွာ ဘာဖြစ်လဲဟူ၍ ရဲရဲတင်းတင်း ပြောကိုမထွက်ချေ။ အဲဒါ ဘာကြောင့်မှန်းလည်း မသိ။

သူ့အဖြစ်ကို သူမက ရိပ်မိသိရှိဟန်ဖြင့် တဟင်းဟင်း ရယ်မောလေ၏။ သူက မခံချိ မခံသာဟန်ဖြင့် ...

"မင်း ဘာမှလျှောက်စရာ မလိုဘူး ရွှေရုပ်ပျို၊ ငါက ဘာကိစ္စ မင်းကို ခံဝန်ချက် ပေးနေရမှာလဲ၊ အဓိပ္ပာယ် မရှိတာတွေ"

"ကျွန်မပြောတာ အဓိပ္ပာယ်ရှိလား မရှိလား ရှင့်ကိုယ်ရှင် အသိဆုံးပါ မော်ဆရာ၊ အပိုတွေ သိပ်မပြောချင်ဘူး၊ လောကမှာ လူတစ်ယောက်ဟာ တစ်ကြိမ်တစ်ခါတော့ ကံဆိုးဖူးကြတယ်တဲ့၊ အလီလီအလာလာက အခါများစွာ တောကျွမ်းခဲ့တဲ့ မဆိုးလည်းပဲ တစ်ခါတလေတော့ လမ်းပျောက်ဖူးမှာပါ ...

ရှင် ငွေလကို ဘယ်တော့မှ မရစေရဘူး မော်ဆရာ၊ ရှင့်ရင်ထဲမှာ အမြဲမှတ်သွားလိုက်"

"ဟုတ်လား ကိုယ်ကလည်း ငွေလရဲ့အချစ်ကို မရ ရအောင် ယူပြမယ်လို့ မင်းရှေ့မှာပဲ သစ္စာဆိုပါတယ်"

"ပြီးတာပဲလေ၊ ဒါဆို ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မရဲ့ စိန်ခေါ်ပွဲကြီး စတင်ပြီပေါ့"





သူနှင့်သူမတို့ တစ်ယောက်နှင့်တစ်ယောက် ခပ်နက်နက် အကြည့်တွေနှင့် အားပြိုင်နေတုန်းမှာပင် ငွေလနှင့် သူ့မိဘတွေ ပြန်ရောက်လာခဲ့လေသည်။ မြန်မာဆန်ဆန် ယဉ်ယဉ်ကျေးကျေး လှပနေသော ငွေလနှင့် ဘုကန့်လန့်ပြောကာ ရင့်သီးမောက်မာ၍ အကြမ်းပတမ်းနိုင်သော ရွှေရုပ်ပျိုတို့ဟာ ဘာကြောင့် Best friends တွေ ဖြစ်နေကြသလဲဆိုတာ သူ တွေးလို့ကို မရချေ။

"ဟယ် ... မော် ရောက်နေတာကိုး၊ အားနာစရာကြီးဟယ် ဆောရီး မော်၊ အကြာကြီး စောင့်ရတယ်နဲ့ တူတယ် ဟုတ်လား"

ငွေလသည် လူကို တွေ့လိုက်တာနှင့် အမြဲ ပြုံးပြုံးချိုချို နူးနူးညံ့ညံ့လေး စတင်နှုတ်ဆက်တတ်သည်။ ငွေလရဲ့ ပုံစံကို သူမက ကျိတ်၍ နှာခေါင်းရှုံ့လိုက်တာကိုလည်း သူ မြင်ဖြစ်အောင်ပင် မြင်လိုက်သေးသည်။

ဟင်း ... အရုပ်မ။

"မစောင့်ရပါဘူး ငွေလရဲ့၊ ဟိုင်း ... အန်တီ ဟက်ပီး ဘတ်ဒေးပါ ...

ဒီနေ့ကစပြီး နောက်ထပ် နှစ်များစွာအထိ ချစ်တဲ့ မိသားစုနဲ့ အမြဲတမ်း ပျော်ရွှင်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်၊ ဒါ အန်တီ့အတွက် ပရဲဆင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်ဆောင်ယူလာသော ပန်းစည်းကြီးကို ကမ်းပေးလိုက်သည်။ ငွေလရဲ့ မိခင်သည် ပန်းစည်းကြီးကိုမြင်လျှင် သဘောတကျဖြင့် ...

"အို ... လှလိုက်တဲ့ပန်းတွေ၊ ကျေးဇူးတင်တယ် မောင်ရေ ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် အန်တီ"

"ကဲ ... ကဲ တို့ကို စောင့်နေရတာ မောင် ဗိုက်ဆာနေရောပေါ့၊ သမီးရေ ညစာသည်ကို ကျွေးမွေးဖို့ ပြင်ဆင်လေကွာ ဖေဖေတို့ မစားသေးဘူး သမီးတို့နှစ်ယောက်နဲ့ ရွှေရုပ်နဲ့ပဲ စားလိုက် ...

ရွှေရုပ်လည်း ဆာရောပေါ့၊ ညစာသည်ကို ညစာခံထေးထားတာ ကျေးဇူးပဲပေါ့"

ပျော်တတ်သော ငွေလရဲ့ဖခင်က ရွှေရုပ်ကိုပါ တရင်းတနှီး လှမ်းပြောလျှင် ရွှေရုပ်ပျိုသည် ထိုင်ရာမှထလျက် ဘောင်းဘီအိတ်ကပ်ထဲပဲ လက်နှစ်ဖက်လျှိုကာ ...

"နဲတားမိုင်းပါ အန်ကယ်"

"အေး အေး ... ရွှေရုပ်နဲ့ မောင်နဲ့တောင် စကားပြောရင်း သိကျွမ်းရောပေါ့"

သူမက ခပ်မဲ့မဲ့ပြုံးရင်း သူ့ကို လှမ်းကြည့်ကာ

"သိပါတယ် အန်ကယ်၊ သူက နာမည်ကြီးပဲဟာ"





ဟာ ... ဒီမိန်းမတော့ သေတော့မှာပဲ စကားပြောတာလည်း လူရှေ့သူရှေ့ရယ်လို့ ဆင်ခြင်မှုမရှိပေ။ အခြေအနေကို ငွေလက နားလည် သဘောပေါက်ဟန်ဖြင့် ပွဲကို ဝင်ထိန်းလေသည်။

"မောင်ရော၊ ရွှေရုပ်ရော ဗိုက်ဆာနေရောပေါ့၊ လာ ... လာ မောင် ထမင်းစားခန်းထဲကို ကြွပါနော်၊ ရွှေရုပ် ... လာ"

ငွေလသည် ရွှေရုပ်ကိုတော့ အတော်ပင် ချစ်ကြောက်ရိုသေပုံ ရလေသည်။ ထမင်းစားခန်းထဲ သွားဖို့ခေါ်တာတောင် ဘယုတယနှင့် လက်ကိုဆွဲကာ ခေါ်ခြင်းဖြစ်သည်။

ထမင်းစားခန်းထဲသို့ ရောက်လျှင် ရွှေရုပ်ပျိုက ...

"ငွေလ ... ငါ မစားဘူး"

ရှူးခပ်ပြင်ဆင်ပေးနေသော ငွေလက ...

"ဟယ် ... ဘာလို့လဲ နတ်သုဒ္ဓါလေ နင့်အကြိုက် စပျစ်သီးများများနဲ့"

"သိတယ် မစားသေးဘူး၊ ပြီးမှစားမယ်၊ နင်တို့ပဲစား"

"တစ်ခါတည်းစားပါလား ရွှေရုပ်ရဲ့ ငါလည်း စားမှာပဲဟာ"

"ကျွတ် ... ရစ်မနေနဲ့ဟာ စားမှာသာစားစမ်းပါ၊ ငါ ကော်ဖီတွေ သောက်ပစ်လို့ မဆာသေးဘူး"

ဒါနှင့်များ ဘာလို့ ထမင်းစားခန်းထဲထိ လိုက်လာသေးလဲဟု သူက ခပ်ချဉ်ချဉ် တွေးပစ်လိုက်သည်။ သူ့ အတွေးကိုလည်း ထိုမိန်းမဟာ ရိပ်မိသည်ထင့် ချက်ချင်း စကားပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက သက်သက်လိုက်လာတာ ငွေလ၊ နင်တို့ နှစ်ယောက် စားတာ ကြည့်ချင်လို့"

"ရွှေရုပ်ကလည်းနော်"

ငွေလ ရှက်သွားသောပုံလေးကို သူက သဘောတကျ ပြုံးအကြည့်၊ ငွေလကလည်း သူ့ကို ရှက်ကိုးရှက်ကန်းနှင့် ကြည့်လာသော အကြည့်နှစ်ခုတို့ ဆုံပြီးလျှင် သူ့ကို ခပ်ပြုံးပြုံး စိုက်ကြည့်နေခဲ့သော ရွှေရုပ်ပျိုကို တွေ့ရလျှင် သူရော ငွေလပါ အမ်းသွားရပြန်သည်။

ရွှေရုပ်ပျို ဟူသော မိန်းမသည် တစ်ဖက်သားကိုတော့ အတော်ပင် နေရထိုင်ရခက်အောင် လုပ်တတ်သူ ဖြစ်လေသည်။

ရွှေရုပ်ပျို ရှိနေသဖြင့် သူက ငွေလကို ဘယ်လို စကားစပြောရမှန်းလည်း မသိ။ ချစ်ရည်ရွှန်းသော အိုက်တင်တွေကိုလည်း တော်တော်နှင့် mood သွင်း၍ မရနိုင်။ ငွေလကတော့ အိမ်ရှင်ပီပီ ဧည့်ဝတ်ကျေရှာသည်။

"မော် အားမနာနဲ့နော် ဗိုက်ပြည့်အောင်စား၊ အဆင်ရော ပြေရဲ့လား၊ နတ်သုဒ္ဓါ ကြိုက်ရဲ့လား၊ သူက ဒံပေါက်လိုတော့ သိပ်မအိပါဘူး"

"ကိုယ် ကြိုက်ပါတယ်၊ အဆင်ပြေတယ် ငွေလ၊ စားလို့ ကောင်းတယ်"





သူက ရွှေရုပ်ပျိုကို အတတ်နိုင်ဆုံး ဥပေက္ခာပြုကာ ငွေလနှင့် စကားပြောနိုင်ဖို့သာ ဦးတည်လိုက်သည်။ သို့သော် သူ့ကို တိုက်ခိုက်သော စကားတို့က စတင်ပြန်လာသည်။

"မော်ဆရာ ... ရှင်က တော်လ်ကီတော့ ရေလည်ကောင်းတယ်နော်၊ အင်း ... ဒါကြောင့်လည်း မော်ဆရာ ဖြစ်နေတာကိုး"

သူက စိတ်ထဲမှာ တော်တော့်ကို ခံပြင်းလာလေပြီ။ ငွေလသာ အနားမှာမရှိလျှင် ဒီမိန်းမကို မနိုင်နိုင်အောင် ပြန်ပြောမှာပင်။

အခုလည်း တစ်ခုခုပြန်ပြောဖို့ ကြံနေတုန်းမှာပင် ငွေလက ...

"ရွှေရုပ်ကလည်းဟယ် သူများကို Nick name သွားပေးနေပြန်ပြီ၊ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ"

ဟု ဝင်ဟန့်လေသည်။

သူက ဂရုမစိုက်ဟန်ဖြင့် ကြက်ပေါင်ကိုဖွဲ့ရင်းမှ ရွှေရုပ်ပျိုကို လှမ်းကြည့်ကာ ...

"ရပါတယ် ငွေလရဲ့ ဘယ်လိုပဲခေါ်ခေါ် ကိုယ်က ကျေနပ်ပါတယ်၊ မော်ဆရာဆိုတဲ့ နာမည်က ဘယ် [illegible] ဆရာဆိုတာ လူတိုင်းဖြစ်ချင်လို့ ဖြစ်ခွင့်ရှိတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက နှုတ်ခမ်းရွဲ့ပြခြင်းဖြင့် တုံ့ပြန်သည်။ သူက သူမ ဖြစ်သွားပုံကို သဘောတကျရယ်ကာ အားဝါးတရ စားပြလေသည်။

"ငွေလကိုလည်း တစ်နေ့လောက် အိမ်မှာ ထမင်းစားဖိတ်ရဦးမယ်၊ ငွေလ ဘယ်နေ့အားသလဲဟင်၊ ကိုယ် စီစဉ်လိုက်မယ်"

ငွေလက ချက်ချင်း ရွှေရုပ်ပျိုကို လှမ်းကြည့်သည်။ ရွှေရုပ်ပျိုကတော့ ခပ်တည်တည်ပင်။ ငွေလ ဘာပြန်ဖြေမလဲဆိုတာကိုသာ နားစွင့်နေပုံရ၏။

"ရပါတယ် မောင်ရဲ့၊ မစီစဉ်ပါနဲ့"

"ဘယ်ဟုတ်မလဲ ငွေလကလဲ၊ ကိုယ်က အန်ကယ်တို့ အန်တီတို့ကိုပါ ဖိတ်မှာပါ၊ အန်ကယ် အားမဲ့တစ်နေ့ လောက်ပေါ့"

"ရပါတယ် မောင်ရဲ့"

ငွေလကတော့ ရပါတယ်ချည်းသာ တတွင်တွင်ဆိုလျက် သူနှင့်ရွှေရုပ်ပျိုတို့၏ တင်းမာမှုကြားတွင် စိတ်ကျဉ်းကျပ်နေဟန် တူလေသည်။

ရွှေရုပ်ပျိုသည် ဘာတွေကို အကြံထုတ်နေလဲတော့မသိ။ ဘာစကားမှ ဝင်မပြောတော့ဘဲ တစ်စုံတစ်ခုကို တိတ်တဆိတ် တွေးတောနေသည်။ ငွေလက မနေတတ်သလို စကားသွားပြောလည်း အင်း ... အဲ ... မှလွဲ၍ စကားပြန်မရ။





နောက်ဆုံး သူ ပြန်ခါနီးတွင် ရွှေရုပ်ပျိုကို ကောင်းကောင်းမွန်မွန်ပင် နှုတ်ဆက်လိုက်ပါသည်။ သူ့ကိုကြည့်လာသော မျက်ဝန်းများထဲတွင် အခဲမကျေသည့် အရိပ်အယောင်တွေကား အပြည့်ပဲဖြစ်သည်။

သူကတော့ သူမ ဒီလိုဖြစ်နေလေ သဘောကျလေသာ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၁၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

ရွှေရုပ်သည် နောက်တစ်နေ့ နံနက် အစောကြီးပင် ငွေလထံသို့ ပေါက်ချလာသည်။ ငွေလကို အိပ်ရာမှ စောစော နိုးမလို့ပင်။ သို့သော် ဒေါ်ငွေလက ဒီနေ့မှ ဝီရိယကောင်းစွာဖြင့် စောစော နိုးဘော်မူနေသဖြင့် အံ့ဩရကာ ...

"အောင်မယ် စောစောစီးစီး ထလို့ပါလား ဒါက ဘယ်ကိုလဲ"





"ဘယ်ကိုမှ မလဲပါဘူး၊ နင်ကရော"

"Gym ကို လစ်မယ်လေ၊ ခေတ်မီသူတိုင်း ကျန်းမာရေး လိုက်စားကြ၏တဲ့၊ ဒီတော့ နင်နဲ့ငါ ဒီနေ့ကစပြီး Gym မှာ သွားကစားကြမယ်"

"အာ ... ရွှေရုပ်ကလည်း ပျင်းစရာကြီး"

"ဘာမှ ပျင်းစရာမရှိဘူး ကျန်းမာရေးအတွက် လုပ်ရတာ၊ ကဲ ကဲ ... လာ လစ်မယ်"

"ဟင် ... ဒီလိုတန်းသွားလို့ ရလို့လား"

"ကဲ ... လာမှာသာ လာစမ်းပါ"

ဒီလိုပြောတော့လည်း ငွေလကား နှစ်ခါတောင် မပြောရချေ အေးအေး ဆိုကာ လိုက်ပါလာသည်။ ရွှေရုပ်သည် ရိုးသားဖြူစင်ကာ နူးညံ့သိမ်မွေ့လှသော ငွေလကို ကားမောင်းရင်းမှ ငဲ့ကြည့်ကာ အသာ သက်ပြင်းရှိုက်မိ၏။

မဖြစ်ပါဘူး ငွေလကို ဟိုမော်ဆရာစုတ်ရဲ့ လက်ထဲကို ဘယ်လိုနည်းနဲ့မှ မပါအောင် ကာကွယ်ရမယ်၊ မော်ဆရာဟာ ငွေလကို လုံးဝချစ်မနေ။ ဒါကို ရွှေရုပ် ကောင်းကောင်းကြီး သိသည်။ သို့သော် သက်သေပြစရာကား မရှိ။ ဒါကို ခံအပြင်း ဆုံးပဲ ဖြစ်လေသည်။

ထိုအခိုက်မှာပင် ငွေလရဲ့ လက်ကိုင်ဖုန်းက တီးလုံးသံလေး ထွက်ပေါ်လာသည်။ ရွှေရုပ်သည် ဖျတ်ခနဲပင် ဘယ်ဘက်လက်ဖြင့် ငွေလရဲ့ဖုန်းကို လုယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ထဲမှာပင် ကားထဲမှနာရီကို ကြည့်လိုက်လျှင် ခြောက်နာရီ အတိ။ ရွှေရုပ်က မသိမသာပြုံးကာ ဖုန်းကို ဖွင့်နား ထောင်လိုက်လျှင် ထင်သည့်အတိုင်း မော်ဆရာရဲ့အသံက နားထဲသို့ မြူးမြူးကြွကြွ (ရွှေရုပ် အတွက်တော့ အမြင်ကတ်ဖွယ်) တိုးဝင်လာသည်။

"ဂွတ်မောနင်း ငွေလ ညက အိပ်မက်လှလှ မက်ရဲ့လား"

"ရက်စ်"

ရွှေရုပ်က ခပ်တိုးတိုး ပြန်ဖြေလိုက်သဖြင့် အသံက သိပ်မကြွပြားသွား။ သူက ငွေလပဲ ထင်ကာ ...

"ဟာ ... ငွေလတောင် ဒါတွေ လုပ်တတ်လာပြီ၊ ငွေလ ဒီနေ့ အစောကြီး နိုးနေတာလား"

"အင်း"

"ကောင်းတယ်၊ ညက ကိုယ့်အကြောင်း အိပ်မက်မက်သေးလားဟင်"

ရွှေရုပ်သည် ကြားရသော စကားတွေအတွက် အတော်ကြီး စိတ်အချဉ် ပေါက်လာရသည်။ ဒီလိုတွေ ပြောနေရလောက်အောင် သင်းတို့က ဘယ်လောက်တောင်များ ခရီးပေါက်နေကြပါလိမ့်။

ငွေလဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူ့ခိုးလူမိဟန် ဖြစ်နေသော ငွေလရဲ့ ပုံစံကို တွေ့လိုက်ရသည်။ ရွှေရုပ်သည် ကျစ်ခနဲ စုတ်သပ်ကာ ငွေလရဲ့လက်ထဲသို့ ဖုန်းကို





ထိုးထည့်ပေးလိုက်သည်။ ယောကျ်ားတန်မဲ့ ချူချာတွေ ထည့်ပြောနေသော စကားလုံးတွေကို မကြားလိုတော့ချေ။

တစ်ဖက်က ဘာပြောလိုက်သလဲ မသိ။ ငွေလ ပြန်ဖြေနေသော စကားတွေကို ကြားနေရသည်။

"ဟို ... ငွေလက အခုကားပေါ်မှာ မော်"

"မဟုတ်ဘူး Gym မှာ ရွှေရုပ်နဲ့ သွားကစားမလို့၊ အဲဒါတော့ မသိဘူး မော်၊ ဒါပဲမဟုတ်လား၊ အင်း ဘိုင့်ဘိုင်"

"လတ်စသတ်တော့ နင်က အဲဒီအကောင်နဲ့ မနက်တိုင်း ဖုန်းပြောနေတာပေါ့လေ ဟုတ်လား"

ငွေလက ရွှေရုပ်ရဲ့ ဘုအပြောကို ရှက်ပြုံးလေးဖြင့် တုံ့ပြန်သည်။

"ဖုန်းပြောတာ မဟုတ်ပါဘူးဟယ် သူက မနက်တိုင်း ငါ့ကို ဖုန်းနဲ့ လှမ်းလှမ်းနှိုးတာပါ"

"ကျွတ် ... အရေးမပါတာတွေ၊ ဒါတွေကို နင်က သာယာနေသပေါ့လေ၊ ဟုတ်လား ငွေလ"

"အဲလိုတော့ မပြောပါနဲ့ဟယ် Please ရွှေရုပ်၊ ငါ နင့်ကို တောင်းပန်ပါရစေဟာ၊ သူ့ကို အဲဒီလောက်ကြီး မတင်းပါနဲ့၊ မော်က ခင်ဖို့ကောင်းတဲ့ လူတစ်ယောက်ပါဟာ၊ နင်က အသေအချာ မပေါင်းကြည့်ရသေးလို့ပါ"

"အော ... နင်ကတော့ ပေါင်းကြည့်ဖူးတယ်ပေါ့ တောက် ... ငါပြောလိုက်ရ မကောင်းဘဲ ရှိတော့မယ် ငွေလ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာတွေဟာ နင် ကောင်းဖို့အတွက်တွေချည်းပဲနော်၊ နင့်အတွက် ယောကျ်ားမရှားပါဘူး ငွေလရယ် ...

ခေါက်စမ်းပါဟာ ဒီလူရုပ်ကြီးကို မမိုက်လိုက်တာ”

ရွှေရုပ်ရဲ့ ပျစ်ပျစ်နှစ်နှစ် အပြောကို ငွေလက မကြိုက်သလို နှာခေါင်းရှုံ့ပြလေ၏။

ရွှေရုပ်သည် ငွေလရဲ့လက်မောင်းကို ဖျတ်ခနဲ ရိုက်ပစ်ရင်းမှ ...

“အဲဒီနှာခေါင်းက ဘာရှုံ့တာလဲ၊ အေး ... တစ်ခါတည်း ပြောလိုက်မယ်နော် မိငွေလ၊ သူ့အိမ်ကို ထမင်းစားဖိတ်တာ ဘာညာလဲ လုံးဝလက်ခံစရာ မလိုဘူးနော် ရှင်းလား ...

အဲဒါ အလကားခေါ်နေတာ မဟုတ်ဘူး ဆွေပြမျိုးပြ ခေါ်နေတာ၊ သူ့အဖေ အမေနဲ့တွေ့ပေး၊ ဘိုးတော် ဘွားတော်တွေက သဘောတော်တွေကျ၊ ရွှေလမ်း ငွေလမ်းတွေ ခြောက်လမ်းသွားဖောက်မှာ မြင်ယောင်သေးတယ် ...

ရှင် အဲဒီအကွက်တွေကို မြင်လား၊ ဘာမှမသိပဲနဲ့ သာယာမနေနဲ့”

“ရွှေရုပ်ရယ် ... နင် တွေးလိုက်မှဖြင့် တစ်ဆုံးချည်းပဲ”

“အဲလောက်တွေးတာတောင် တော်ကာမကျဘူးဟေ့၊ ငွေလရာ ... နင် အဲဒီ မှော်ဆရာကို အုံးစားမနေစမ်းပါနဲ့၊ ရုပ်ကလေး ဇန်းပြပြီး မှုဆိုးလုပ်နေတာ မခန့်ပါဘူးဟာ”





ငွေလသည် ခပ်ပြုံးပြုံးနှင့် ဘာတွေ ကျိတ်သဘောကျနေသလဲ မသိချေ။ ဘာမှပြန်မပြောတော့။

Gym မှာ ရွှေရုပ်တို့နှစ်ယောက် တစ်နာရီခန့် ကစားပြီးလျှင် အိမ်ပြန်လာခဲ့ကြသည်။ ငွေလတို့ ခြံရှေ့သို့ ရောက်လျှင် မိန့်မိန့်ကြီးပြုံးလျက် နှင်းဆီပန်းစည်းကြီးပိုက်ကာ စောင့်နေသော မှော်ဆရာကို မှန်းတီးဖွယ် တွေ့လိုက်ရလေ၏။ တောက် ... စောစောစီးစီး။

ငွေလဆိုသော မိန်းမကလည်း တယ်ရှုံမနိုင်ချေ။ သူ့ကိုမြင်တာနှင့် ကားပေါ်မှ ချက်ချင်း ပြေးဆင်းကာသွားသည်။

“ဟိုင်း ... ငွေလ၊ တော်တော်မောခဲ့လား”

“အမလေး မောတာပေါ့၊ ဒီညတော့ စားကောင်း အိပ်ကောင်း ဦးတော့မှာပဲ”

“ကျန်းမာရေးလိုက်စားတာ ကောင်းတာပေါ့၊ ဩော် ရွှေရုပ်ပျို ကိုယ့် ငွေလကို အခုလို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

သူက ငွေလရဲ့ လက်ထဲသို့ ပန်းစည်းထည့်ပေးရင်း အနားရောက်လာသော ရွှေရုပ်ကိုပါ အငေါ်တူးတူးသလိုလို၊ ရွဲ့သလိုလိုနှင့် ဘာအဓိပ္ပာယ်မှန်းမသိသော စကားကိုဆိုလေ၏။

“ဘာကိုယ့်ငွေလလဲ မျက်နှာကလည်း ရှုးလိုက်တာ၊ ဒီမယ် ရှင် အားအားယားယား ရှိနေလားဟင်၊ စောစောစီးစီး



www.burmeseclassic.com

www.burmeseclassic.com



လာပြီးတော့များ အရှက်မရှိ လိုက်ကြူနေတယ်၊ ငွေလ နင်ကလည်း ဘာကိစ္စ ဒီပန်းစည်းကို လက်ခံထားလိုက်ရတာလဲ ပြန်ပေးလိုက် အဓိပ္ပာယ်မရှိတာ"

ရွှေရုပ်ရဲ့ စကားကြောင့် ငွေလရဲ့ မျက်နှာလေး ငယ်သွားသလို သူ့မျက်နှာသည်လည်း တင်းခနဲ ဖြစ်သွားတာကို ချက်ချင်း သိလိုက်ရသည်။

"နေပါဦး ရွှေရုပ်ဖျို၊ ကိုယ်ဟာ ငွေလရဲ့ မိတ်ဆွေဆိုတာ မင်း သိပါတယ်နော်၊ မင်းစကားတွေက တဆိတ်တော့ လွန်လာပြီနဲ့တူတယ်"

"လွန်တော့ ရှင်က ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ ပြော၊ ရှင့်ကို ကျွန်မ ကောင်းကောင်းမွန်မွန် ပြောခဲ့ပြီးပြီ၊ ဒါကို ရှင် လက်မှမခံပဲ ရှင်သာ အရှက်ရှိတဲ့ ယောကျ်ားဆို နောက်ဆုတ်သွားဖို့ ကောင်းနေပြီ"

"ဟာ ... ဘာဆိုင်လို့ နောက်ဆုတ်ရမှာလဲ၊ ဒီမှာ ရွှေရုပ်ဖျို ကိုယ်က မင်းတွေ့ဖူးတဲ့ ယောကျ်ားတွေနဲ့ မတူဘူးနော် မင်းခြောက်တိုင်း ကြောက်သွားမဲ့ကောင် မဟုတ်ဘူး၊ ငွေလနဲ့ကိုယ်နဲ့ ရင်းနှီးပတ်သက်မှုကို မင်း ဘာမှ pressure ဝင်ပေးစရာမလိုဘူး ...

ငွေလရဲ့ မိဘတွေတောင် ဘာမှဝင်မပြောပဲနဲ့ သဘောတူ ကြည်ဖြူထားတဲ့ကိစ္စမှာ မင်းက ဘာရှုပ်ရှုပ်ရဲ့ရဲ့ ဝင်





လုပ်ပြနေတာလဲ၊ မင်း ဦးနှောက်တော့ ကောင်းပါသေးတယ်နော်၊ ယောကျ်ားလျှာလည်း ဟုတ်ပုံမရပါဘူး"

သူ့စကားကြောင့် ရွှေရုပ်ဖျိုရဲ့သွေးတွေ ဖျင်းခနဲ ဆူပွက်သွားရသည်။ မခန့်သော မျက်နှာပေးနှင့် သရော်တော်တော် အပြုံးမျိုး ဆင်မြန်းထားသော မော်ဆရာကို တတ်နိုင်လျှင် လက်သည်းတွေနှင့် ကုတ်ခြစ်ပစ်ချင်လှလေသည်။

ရွှေရုပ် တစ်ခုခုပြန်ပြောဖို့ ပါးစပ်ပြင်တုန်းမှာပင် ငွေလက အခြေအနေကို ဝင်ရောက်ထိန်းသည်။

"မော် တို့ကလည်း စောစောစီးစီး စကားမများကြပါနဲ့၊ ဆောရီး မော်၊ ငွေလ ကြားထဲကပဲ တောင်းပန်ပါတယ်နော် ပြန် ... ပြန်ပါတော့နော်"

"နင်က ဘာကိစ္စ ဝင်တောင်းပန်နေရတာလဲ ငွေလ၊ နင် ဒီလိုတွေလုပ်နေလို့ အတင့်ရဲနေတာ ကျွတ် ... ငွေလရာ"

ရွှေရုပ်သည် တစ်ခုခုကို နစ်နစ်နာနာ ပြောချင်စိတ်ဖြင့် ဒေါသတွေကို ထိန်းထားရသဖြင့် တဆတ်ဆတ် တုန်လာအောင်ပင် စိတ်ကြီးလာရသည်။ ဘယ်ဘဝက ရေစက်မှန်းကို မသိချေ ထိုမော်ဆရာကောင်ကို လုံးဝကြည့်၍မရ။ သူ့ကို မြင်လိုက်ရလျှင် အမြင်ကတ်သည့်စိတ်ကသာ ကြီးစိုးလာ၏။ ဘယ်လောက်ချောမော ကြည့်ကောင်းသောရုပ်သွင်နှင့် ဖြစ်ပါစေ ရွှေရုပ်ရဲ့ အမြင်တွင် သူ့ကို ဒုဿဂီရိုဟုသာ မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလကား ဘီလူးလိုကောင် တစ်ကိုယ်လုံး မာယာတွေအပြည့်။ ဉာဏ်နီဉာဏ်နက်တွေအပြည့်။ မိန်းမတစ်ယောက်ကို သူ ညုနေသော ပုံစံကိုမြင်လျှင် ထိုနေရာမှာတင် ရွှေရုပ် ထိုးအန်မိလောက်သည်။

"ဆောရီး ငွေလ၊ နံနက်စောစောမှာ စိတ်အနှောင့်အယှက် ဖြစ်ရတဲ့အတွက် ကိုယ် တောင်းပန်ပါတယ် ကိုယ့်ကို ခွင့်ပြုပါ ...

တစ်ခုတော့ ပြောခဲ့ချင်တယ် ငွေလ၊ ကိုယ်တို့ နှစ်ယောက်ကြားမှာ ဘယ်လိုအတားအဆီးတွေပဲ ရှိပါစေ ကိုယ်ကတော့ ဘယ်တော့မှ အဆုံးရှုံးမခံဘူး၊ အဲဒါတော့ ငွေလ အမြဲမှတ်ထားပေးပါ"

ရွှေရုပ်သည် တမင်စောင်းပြောသွားသော သူ့စကားတွေကို တစ်ခုခုမှ မတုံ့ပြန်လိုက်ရလျှင် ဒီနေ့အဖို့ တစ်နေ့လုံး ဇရဲသာကျဖို့ ရှိတော့သည်။

ချက်ချင်းပင် ငွေလရဲ့ လက်ထဲမှပန်းစည်းကို ဆွဲယူလျက် ကားလမ်းပေါ်သို့ လွှင့်ပစ်လိုက်လေသည်။

ရုတ်တရက်မို့ ငွေလသည်လည်း အငိုက်မိကာ ဘာမှမတတ်နိုင်။

သူကလည်း မဲ့ပြုံးပြုံးလျက် ထိုပန်းစည်းပေါ်သို့ ဖြတ်ကြိတ်ပြီး မောင်းနှင်သွားလေ၏။





နောက်ကြည့်မှန်မှတစ်ဆင့် ရွှေရုပ်ကို ကြည့်သွားသော အကြည့်များထဲတွင် နေနှင့်ဦးဆိုသော အဓိပ္ပာယ်တွေအပြည့် ပါဝင်နေသည်ဆိုတာကို ခါးသီးဖွယ် တွေ့မြင်လိုက်ရသည်။

ကျွန်မကလည်း စိန်ခေါ်ရင် ဘွာမခတ်တတ်ဘူး မှော်ဆရာ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တနုံ့နုံ့ဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေသော သူ့ပုံစံကို သူငယ်ချင်းတွေကကြည့်ကာ လှောင်ရယ်လို့ မဆုံးကြချေ။ သူတို့ အုပ်စုကြားထဲတွင် သူနှင့်ရွှေရုပ်မျိုးတို့၏ ပဋိပက္ခသည် လက်ရှိ ဖြစ်ပွားနေသော Bird flu ထက် ပို၍ စိတ်ဝင်စားဖွယ် ကောင်းနေ ရလသည်။

"တို့ရဲ့ မော်တော့ အခုမှ ဆယ့်နှစ်ကြိုးနဲ့ လာတွေ့နေပြီဟေ့။ အရင်က ရေလည် လန်းခဲ့သမျှ အခုပန်းနေရပြီ၊ ဟာဟ"

"တော်စမ်းပါကွာ၊ ဒီမိန်းမလောက်များ စာမဖွဲ့ပါဘူး။ ငွေလရဲ့ မျက်နှာကြောင့်သာ သည်းခံနေတာ"





"ဆန်းတော့အဆန်းပဲကွ၊ မင်းရဲ့သမိုင်းမှာ ဒါမျိုး တစ်ခါမှ မကြုံခဲ့ဖူးဘူး မဟုတ်လား၊ မော်ကွန်းဝင်ပေါ့ကွာ၊ ဒါနဲ့ မင်းနဲ့ငွေလရဲ့ အခြေအနေကရော ဘယ်ထိခရီးပေါက်နေပြီလဲ"

သူက ဖျတ်ခနဲပင် ငွေလရဲ့မျက်နှာကို ပြေး၍ မြင်သည်။ သူ့ရဲ့ အကြည့်နက်နက်တွေကို အဓိပ္ပာယ်ရှိသော မျက်ဝန်းများဖြင့် ခပ်လွဲလွဲကြည့်ကာ ရှက်ပြုံးတစ်ခုဖြင့် တုံ့ပြန်ခဲ့သော ငွေလရဲ့ရင်ထဲမှာ ဘာရှိနေပြီဆိုတာကို နှလုံးသားကျမ်းကြေခဲ့သော သူလိုလူက မသိဘဲမရှိပါ။ ငွေလရဲ့ ရင်ထဲမှာ သူ ရှိနေပြီဖြစ်သည်။

"ငွေလနဲ့ငါနဲ့ကြားမှာ နံရံခပ်ပါးပါးလေးပဲ ရှိတော့တယ်၊ အဲဒီနံရံနှား ကပ်နားထောင်ကြည့်ရင်လည်း သူ့ရင်ခုန်သံတွေကို အတိုင်းသား ကြားနေရပြီ ...

သူ့ရဲ့ မိဘတွေနဲ့လည်း OK တယ်၊ အားလုံး peace ပဲကွာ၊ ခက်နေတာက ဟိုမိန်းမပဲ၊ လုံးဝ ခေါက်ပဲကွာ တစ်ချက်တစ်ချက် ရင့်လွန်းလို့ အမြင်ကတ်ပေမဲ့ သူ့ရဲ့ ငွေလ အပေါ်ထားတဲ့ သံယောဇဉ်နဲ့ အချစ်ကိုတော့ လက်ဖျားခါတယ် ...

ငွေလကို သူ့သမီးလို၊ သူ့ညီမလို အပြတ်အသတ် ကာကွယ်ပေးတာကွ၊ တော်ရုံ မိန်းကလေး မထားနိုင်တဲ့ မေတ္တာမျိုးပဲ ...

ရှုံးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက နင့်နင့်နဲနဲ ရေရွတ်လိုက်ကာ အမြဲတမ မာကျောရင့်သီးနေသော ရွှေရုပ်ပျိုရဲ့ ပုံရိပ်ကို ဖမ်းယူကြည့်လိုက်သည်။ ဒီမိန်းမ ပြုံးတာကို သူ ဘယ်တုန်းကမှ မမြင်ဘူးခဲ့၊ မြင်ဖူးသော အပြုံးတွေဟာလည်း အမြင်ကတ်ဖွယ်ကောင်းသော ခနဲ့ပြုံး၊ ရွဲ့ပြုံး၊ လှောင်ပြုံးတွေသာ ဖြစ်၏။

"သူ့အဘိုးကြီးက နည်းနည်း နာမည်ထွက်တယ်ကွ၊ တော်တော် ချမ်းသာတာကိုး၊ သူ့ဖားသားကြီးကို မကျေနပ်တာနဲ့ပဲ မင်းတို့လို lady killer တွေကို မုန်းနေတာ နေမှာပေါ့"

သူက အမုန်းတရားတွေ ပြည့်လျှံနေသည့် သူမရဲ့ မျက်ဝန်းတွေကို ဖျတ်ခနဲ မြင်ယောင်မိသည်။

"ရွှေရုပ်ပျိုဆိုတဲ့ မိန်းမက မချစ်တတ်သေးလို့ နေမှာပါကွာ။ ဒီတော့ တို့ကောင်ကြီး မော်က ချစ်တတ်လာအောင် သင်ပေးလိုက်ပေါ့ မင်းက ဆရာကြီးပဲဟာ"

မင်းထင်က အချွန်နဲ့မသော စကားကို ကျန်တဲ့ သူတွေ အားလုံးကပါ တညီတညွတ်တည်း ထောက်ခံကြလေသည်။

"ဟေ့ကောင်တွေ မင်းတို့ ငါ့ကို လာကျပ်မနေကြနဲ့နော်၊ ဒီမှာ စိတ်ကသိပ်ကြည်တာ မဟုတ်ဘူး၊ ငါ့ ပန်းစည်းကိုများ သူက ပစ်ပေါက်လွှင့်ပစ်ရအောင် ဒေါသကြီးပြနေတဲ့ မိန်းမကိုများ ငါက သွားနွယ်နေရမလား၊ စဉ်းစဉ်းစားစား ပြော"





"ဟ ... ဒါအသစ်ကွ လုံးဝ အသစ်တကာတွေ ထဲက အသစ်၊ ဒါမျိုးမှ ပွဲကြည့်ကောင်းတာ မြှောက်ပေးတာ မဟုတ်ဘူးနော် ဟေ့ကောင် ...

အဲဒီမိန်းမက ရေလည်လန်တယ် အပြင်းစားပဲ၊ ဒီအသက်အရွယ်ထိ ရင်တစ်ချက်ခုန်ဖူးခဲ့တဲ့ မိန်းမ မဟုတ်ဘူး၊ တစ်ကိုယ်လုံး ညို့အားတွေချည်းမဲ၊ ဒါနဲ့တောင် သူက ယောကျ်ားတွေကို စိတ်ဝင်စားစရာလို့ သတ်မှတ်တာ မဟုတ်ဘူး၊ ဒါမျိုးမှ ချစ်တတ်လာရင် အရမ်းရင်ခုန်ဖို့ ကောင်းတာ ...

ဟုတ်လည်း ဟုတ်တာပဲကွာ၊ မင်းတာ ငွေလကို တကယ်မှ မချစ်တာ၊ ဒါကို သူကသိနေတယ်လေ ဒီတော့ မင်းကို ခါးသီးတာပေါ့၊ သူကမှ တကယ့်ပညာရှင်နော် ပရက်တီကယ် မရှိပေမဲ့ သီအိုရီကိုတော့ ကျေပုံရတယ်"

မြတ်မျိုးရဲ့ သုံးသပ်ချက်ကို ကျန်တဲ့သူတွေကပါ ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံကြလေသည်။ ရွှေရုပ်ပျိုသည် ဒီခေတ်ကြီးထဲမှာ အမုန်တကယ်ကို ရှားပါးသည့် ရင်မခုန်ဘူးသည့် မိန်းမတစ်ယောက်။ ပြီးတော့ သူ့ကို အသေအလဲမုန်းကာ ငွေလကို အသေအလဲချစ်သော မိန်းမတစ်ယောက်။

တစ်ချိန်တည်းမှာပင် ဆန့်ကျင်ဘက်နှစ်ခု အားပြိုင်ခံစားသော ထိုမိန်းမကို သူ ဥပေက္ခာပြုထား၍ မရသည်မှာ ဘာကြောင့်များပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ ရွှေရုပ်ပျိုသည် သူ့သူငယ်ချင်းတွေ ပြောသလို တကယ်ကို အသစ်ပဲ ဖြစ်လေသည်။

"မင်းတို့ပြောသလို ဒီမိန်းမက သစ်လွင်နေတယ် ဆိုတာ ကိုတော့ ငါ ဝန်ခံပါတယ်၊ ဒါပေမဲ့ သူနဲ့ငါနဲ့က type ချင်း တူတယ်ကွ ...

အဲဒါဘာလဲဆိုတော့ ဘယ်တော့မှ အရှုံးမပေးချင်တဲ့ စိတ်ဓာတ်ပေါ့၊ ဘာပဲဖြစ်ဖြစ် သူနဲ့ငါက ချဲလင့်လုပ်ပြီးပြီကွ၊ ငါကလည်း ငါ့ပညာစွမ်းရှိသလောက် ငွေလရဲ့ အချစ်ကို မရရအောင် ယူပြမယ်၊ သူကလည်း သူ့အစွမ်းရှိသလောက် ငွေလကို ကာကွယ်လိမ့်မယ် ...

ဘယ်သူကနိုင်မယ် ရှုံးမယ်ဆိုတာ မင်းတို့ စိတ်မဝင်စားဘူးလား"

"မင်းတို့ကလည်းကွာ ငွေလက ကြားထဲက ဓားစာခံ ဖြစ်နေပါပြီ"

ဥက္ကာက ကြားထဲက ညည်းညည်းညူညူဖြင့် ဝင်ရောက်ပူပင်ပေးလေသည်။

"ငွေလက ဓားစာခံ မဟုတ်ပါဘူးကွာ တို့နှစ်ယောက်ရဲ့ ပန်းတိုင်ပါ၊ ဒီလိုတွေးပါကွာ၊ တို့နှစ်ယောက်ကြောင့် ငွေလမှာ တစ်စုံတစ်ခု ထိခိုက်နစ်နာသွားမှာမှ မဟုတ်တာ ...

ငါက ငွေလကို လိုချင်တယ်၊ သူက ငွေလကို ကာကွယ်မယ်၊ ငါ မရလေအောင် နည်းမျိုးစုံနဲ့ တိုက်ခိုက်





မယ်၊ နောင့်ယှက်မယ် ဘယ်လောက် အီမိုရှင်နယ်လ် ဖြစ်သလဲဟင်"

"မှော်ရာ ... မင်းကိုတော့ တကယ် လက်ဖျားခါပါတယ်၊ အေးပါ ... မင်းဇာတ်ကို မင်း နိုင်အောင်သာကပါ ငါတို့ စောင့်ကြည့်နေပါ့မယ်"

"ဟုတ်ပါ့ အံ့ပြောကြီးတဲ့ကောင် ဘယ်လိုဖြစ်လာလဲတွဲ့၊ ကြည့်တော်မူဦးမယ် မင်းနဲ့ရွှေရုပ်ပျိုတို့ရဲ့ ထိပ်တိုက်ပွဲတစ်ပွဲ လောက်လည်း ကြုံချင်ပါသေးတယ်"

"အေးပါကွာ၊ ကြုံရမှာပေါ့ ကြုံမှာပါ"

ဘာကြောင့်ရယ်တော့ မသိချေ ရွှေရုပ်ပျိုနှင့် နောက်တစ်ကြိမ် ထပ်ဆုံကာ ဘယ်လိုစကားလုံးတွေနှင့် ယှဉ်ပြိုင်ကြမလဲ ဆိုတာကို သူက[illegible]တဆိတ်ပင် တက်ကြွရင်ခုန်လျက် ရှိသည်။

ဒေါသတွေ[illegible]ရှူးရှူးထွက်ကာ မျက်နှာတွေ နီမြန်းလာလျက် အောက်နှုတ်ခမ်းလေးက မသိမသာ တုန်ယင်တတ်သော ဒေါ်ဒေါသကုမ္မာရကို ထေ့ရငေါ့ရ ကလိရတာလောက် သူ့ဘဝမှာ ဘယ်တုန်းကမှ အရသာ မရှိခဲ့ဖူးချေ။

သူမ ဒေါသထွက်လျှင် သူ ပျော်တတ်တာကိုများ သိသွားလျှင် သူ့ကို လာသတ်မလားတောင် မသိချေ။

သို့သော် သူရော သူ့သူငယ်ချင်းတွေပါ မျှော်လင့်ထားသည့်အတိုင်း သိပ်မကြာခင်မှာပင် မမျှော်လင့်ထားသော အချိန်မှာ သူမကို တစ်ယောက်တည်း တွေ့ဆုံခွင့် ရခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူတို့တစ်အုပ်စုလုံး စနေကာ သွားကစား ပြီး အပြန်မှာဖြစ်သည်။ မြတ်မျိုးရဲ့ကားနှင့် လေးယောက်ရှ သွားကြခြင်းဖြစ်ကာ မြတ်မျိုးက ကားမောင်းရင်းမှနေ၍ ...

"ဟေ့ကောင်တွေ မင်းတို့ အချိန်ရသေးတယ် မဟုတ်လား မနက်ဖြန် မာမီ့ကို မင်္ဂလာဆောင် ပို့ပေးရဦးမယ်၊ တစ်ခါ တည်း ကားရေဆေး သွားလိုက်မယ်ကွာ ဖြစ်တယ်မှုလား"

"ဖြစ်တယ် ဖြစ်တယ်၊ သွားလိုက် သူငယ်ချင်း"

"OK ... အေးဆေးနော်"

ဒီလိုနှင့် သူတို့ တစ်အုပ်စုလုံးရဲ့ ပင်တိုင် ကားရေဆေး ခုံသို့ ရောက်လာခဲ့ကြသည်။ သူတို့ကို သိပြီးသားဖြစ်သော ရေဆေးခုံမှ ကောင်လေးက ...

"အစ်ကိုတို့ အေးဆေးပဲ မဟုတ်လား နှစ်စီးလောက် စောင့်ရဦးမယ်"

"ရပါတယ်ကွာ"

"ထိုင်ဦးနော် အစ်ကိုတို့"

သူတို့လေးဦးသားက ကားရေဆေးသူတွေ ကား လာပြင်သူတွေအတွက် ဖွင့်လှစ်ပေးထားသော COLD & SNACKS ဆိုင်ဘက်သို့ ထွက်လာခဲ့ကြသည်။ အဲဒီမှာပင် သူ့မျက်လုံးက အမြဲမှတ်မိ သိရှိနေခဲ့သော ရေဆေးခုံပေါ်မှ ရေဆေးလက်စ ကား တစ်စီးကို သွားမြင်တာဖြစ်သည်။





ရေမှုန်ရေမွှားတွေရဲ့အောက်မှာ ပြောင်လက်တောက်ပ နေသည့် အနက်ရောင် ဖြိုင်ကားတစ်စီး။ သူ သေချာအောင် ထပ်ကြည့်သည်။

ဘယ်လိုမှ မမှားနိုင်ပါ။ ဆော်ဒီမှာကပ်ထားသော စတေကာတွေ၊ ထပ်မံအပိုဆောင်း အလှဆင်ထားသော မီးလုံးတွေ။ ဒီကားရဲ့ အရှင်သခင် ဘယ်မှာပါလဲ။

ချက်ချင်းပင် သူ့ရဲ့သွေးတို့ ပွစ္စေးလည်ပတ်စွာ မြန်မြန် စီးဆင်းကုန်ကြပြီ။

"ဟေ့ကောင်တွေ အန္တရာယ်ရဲ့ အငွေ့ကိုတော့ ရှူမိပြီကွ၊ ဟိုကားအနက်က ရွှေရုပ်ပျိုရဲ့ကားပဲ"

တရုတ်သိုင်းကားတွေကို သဘောကျတတ်သော ဥက္ကာက သူ့စကားကို သဘောတကျနှင့်ရယ်၍ ဟုတ်လား ဟုတ်လားဟုဆိုကာ ရွှေရုပ်ပျိုရဲ့ကားကို သေချာပင် အနားကပ်၍ ကြည့်လိုက်သေးသည်။

"သားရေ တော်တန်ရုံပဲရှိ၊ မင်းကြည့်နေပုံက ကားသူခိုး လိုလို ဘာလိုလိုကွယ့်"

"လူကိုတွေ့မှ အသားကုန်ရှိုးကွာ၊ ဟော ... ဟော တွေ့ပြီ တွေ့ပြီ သူပဲ သူပဲ"

"ဇာတ်ပို့ဆုချိန်မယ်နော် ဆော်ဒါတို့"

ရွှေရုပ်ပျိုသည် သူတို့လေးဦး လျှောက်လာတာကို မမြင်သေးချေ။ သူမဘာသာ ဂျာနယ်ကိုသာ စိတ်ဝင်တစားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုနေသည်။ သူတို့လေးယောက်စလုံး သူမနှင့်ကပ်လျက် စားပွဲမှာ ဝင်ထိုင်သည်အထိ သူမက မော့မကြည့်လာသေးချေ။

တော်တန်ရုံ မိန်းကလေးတစ်ယောက် ရှိန်သောနေရာကို သူမကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသည့် သဏ္ဍာန်ဖြင့် ဘာကိုမှ ဂရုစိုက်နေပုံမပေါ်။

"ပူတယ်ကွာ သူများတွေလို ကြိုးသေးသေးနဲ့အင်္ကျီ ဝတ်ချင်လိုက်တာ"

မင်းထင်က သူမကို စောင်းပြောသည်။ သူမက ပြောလို့ပြောနေမှန်းလည်း သိပုံမပေါ်ပေ။

အခုနောက်ပိုင်းနှစ်များတွင် အညာမြေထက်ကို သိသိသာသာ ပူပြင်းလာသော ရန်ကုန်မြို့ကို ထိုမိန်းမကတော့ အမြဲတစေ စွပ်ကျယ်အင်္ကျီနှင့် ကာကွယ်ထားပုံရ၏။ သူမကိုတွေ့လိုက်လျှင် အမြဲတစေ စွပ်ကျယ် သို့မဟုတ် ကြိုးသေးသေးသာရှိသော အင်္ကျီမျိုးတွေနှင့်သာ ဖြစ်သည်။ အပေါ်ပိုင်းက ခပ်ကျပ်ကျပ်ကို အောက်ပိုင်းက မပွတပွ ဖိုးကွာတား ဘောင်းဘီများနှင့် တွဲဖက်ဝတ်ဆင်မည်။

ဒါ သူမရဲ့ စတိုင်လ်လားတော့ မပြောတတ်ချေ။

ဥက္ကာက သူမပုံစံကို မျက်စပစ်ပြလျက် သူ့ကို လက်မထောင်ပြသည်။ သူက သူမဖတ်နေသော ဂျာနယ်ကို တစ်ချက်ငဲ့ကြည့်ကာ သူမ ကြားနိုင်လောက်အောင် လေသံကို မြှင့်၍ ...





"တချို့တွေကကွာ အချစ်ဂျာနယ်တွေ ဘာတွေသာဖတ်နေတာ တကယ့် တကယ်တမ်းကျတော့ အချစ်အကြောင်း ဘာမှနားလည်တာ မဟုတ်ဘူးကွ ...

သူများကိုလည်း ကိုယ်ချင်းစာနာစိတ် သိပ်ရှိတာလည်း မဟုတ်ဘူး။ ဒီလိုလူမျိုးတွေ အချစ်ကို ခံစားတတ်လာအောင် ကိုယ်ချင်းစာတတ်လာအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင် ဘော်ဒါတို့"

သူ့ဘော်ဒါတွေကလည်း ဒါမျိုးဆို လက်မနှေးကြချေ။ ချက်ချင်း အလိုက်သင့်ကြ၏။

"ဒါက လွယ်ပါတယ်ကွာ မသိရင်မေးတဲ့၊ မတတ်သေးရင် သင်တဲ့၊ ကိုယ်တို့က အသပြာဆရာ မဟုတ်ပါဘူး စေတနာဆရာပါ ...

အိမ်တိုင်ရာရောက် အချစ်ကျူရှင်ကို ပို့ချပါတယ်၊ ဝိုင်းသင်လည်းရတယ်၊ ဆက်ရှင်လည်းရတယ် ဟဲဟဲ"

သူက သူမဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ...

"ဟုတ်လား၊ ဒါဖြင့်ရင်လည်း ကူညီပါဦးကွာ၊ ငါ့အသည်းလေးရဲ့ ဘော်ဘော်တစ်ယောက်က အချစ်ဆိုတာ ရေးတေးတေးတောင် နားမလည်ရှာဘူးကွ ...

သူ့ကို အခြေခံကစသင်မှ ဖြစ်မှာနော်၊ သူက အချစ်နဲ့ တော်တော်ကြီးကိုဝေးတယ် ဟဲဟဲ"

"ဝေးပါစေ ဝေးပါစေ တီချယ်တို့က သင်ပေးဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မျိုးရဲ့ အိုက်တင်ကို သူတို့တစ်ဖွဲ့လုံးက ဝိုင်းရယ်ကြလေသည်။ အိုကေ ... ဒီလောက်ဆို သူမ သိသွားပြီ။

သူက ခပ်ပြုံးပြုံးနှင့် လှည့်ကြည့်လိုက်လျှင် သူ့ကိုကြည့်နေသော သူမကို တွေ့လိုက်ရသည်။ သူက ချက်ချင်းပင် ခေါင်းညိတ်၍ အပြုံးတစ်ခုနှင့် နှုတ်ဆက်လိုက်သည်။

"ရွှေရုပ်ပျို တစ်ယောက်တည်းလား"

"အဖော်မပါဘူးလား၊ အရင်အိမ်မှာပဲလား၊ မိုးတော့ မချုပ်သေးပါဘူး ဟဲ ဟဲ"

ပြောင်တတ်သော ဥက္ကာက သူမ ဘာမှပြန်၍ မဖြေခင်မှာတင် ဝင်၍နောက်လိုက်သေးသည်။

"ငွေလ မပါဘူးလား ရွှေရုပ်ပျို"

"ရှင့်မျက်လုံး ကန်းနေလား၊ လာရောမနေနဲ့၊ နေစမ်းပါဦး ခုနက ရှင်တို့ ဘယ်သူ့ကို စောင်းပြောနေတာလဲ"

"ဟာ ... မပြောပါဘူး ဘယ်သူက ပြောလို့လဲ၊ သူငယ်ချင်းတို့၊ တို့ ဘာမှမပြောမိပါဘူးနော်"

"မပြောပါဘူးခင်ဗျ၊ မပြောပါဘူး"

"ဟုတ်ပါတယ် အစ်မ၊ ကျွန်တော်တို့ကိုတော့ ယုံကြည်ပါခင်ဗျာ"

သူ့ သူငယ်ချင်းတွေက အတည်ပေါက်ဖြင့် နောက်ပြောင်နေတာကို သူမက မျက်စောင်းတစ်ချက် ထိုးသည့်အခိုက်မှာ သူ့ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်း မသိချေ။





ပြောရလျှင် လျှော်အသေးစားလေး လှုပ်သွားသကဲ့သို့ ဖြစ်၏။ စိတ်တိုချင်လာသော ဒေါသမပါသေးသည့် မျက်စောင်းတစ်ခု၏နောက်တွင် သူ့ရင်ခုန်သံတွေ ဖရိုဖရဲဖြစ်သွားတာကို အလျှင်အမြန် ထိန်းချုပ်လိုက်ရ၏။

"ရွှေရုပ်ပျို ... ဒါ ကိုယ့်ဘော်ဒါတွေလေ မိတ်ဆက်ပေးရဦးမယ်"

"မလိုဘူး၊ ဒီမှာ မော်ဆရာ၊ ရှင် ဘာလာခေါက်နေတာလဲ၊ ရှင်နဲ့ကျွန်မက ဘယ်တုန်းက သိကျွမ်းဖူးလို့ စကားရောဖောရော လာလုပ်နေရတာလဲ"

သူက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ကာ ...

"ဟင် ... သိဘူးလား၊ ကိုယ်က ငွေလရဲ့မော်လေ၊ မင်းက ငွေလရဲ့ Best friend ရွှေရုပ်ပျို မဟုတ်လား၊ ကိုယ်တို့ ငွေလရဲ့ အိမ်မှာတောင် သိပ်မကြာသေးခင်က ဆုံဖူးထားခဲ့သေးတာပဲ"

သူ့ရဲ့စကားကြောင့် သူမရဲ့ မျက်လုံးများသည် ဒေါသရောင်ဖြင့် စူးရှပြောင်လက် သွားရတော့ကာ ...

"ဘာငွေလရဲ့ မော်လဲ၊ ရှင် စကားပြောတာ မတင်စီးနဲ့နော်၊ ယောက်ျားဆိုရင် ယောက်ျားပီပီသသပြော၊ မိန်းကလေးတစ်ယောက်ကို ကိုယ်နဲ့ ဘာမှမသက်ဆိုင်သေးဘဲနဲ့ အသားယူပြီး ပြောတာလောက် မုန်းတာမရှိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ငွေလနဲ့ ဘာမှမဆိုင်ဘူး၊ ငွေလအကြောင်း ဘာမှ စကားထဲ ထည့်ပြောစရာအကြောင်းလည်း မရှိဘူး — တောက် ... အရေးမပါတာတွေ”

သူမက တက်တစ်ချက်ခေါက်ကာ တိုးတိုးရေရွတ်ရင်း မခံချိမခံသာ ဖြစ်နေပုံကို သူက သူငယ်ချင်းတွေကို မျက်စိပြကာ ရယ်ချင်စိတ်ကို မနည်း အောင့်အည်းထားရသည်။

“ဆောရီးပါ ရွှေရုပ်ပျိုရယ်၊ မင်းက ငွေလနဲ့ ပတ်သက်လာရင် အရမ်း serious ဖြစ်လွန်းတာကိုး၊ ကိုယ်က အသားယူပြီးပြောတာ မဟုတ်ပါဘူး ...

ကိုယ် ငွေလကို try နေတုန်းဆိုတာ ကိုယ့်ဘော်ဒါတွေလည်း အားလုံးသိပါတယ်၊ မင်းကိုက သည်းနေတာပါ”

သူက ဒေါသတွေထွက်လျက် စူပုပ်တင်းမာနေသော ရွှေရုပ်ပျိုရဲ့ မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ခပ်ပြုံးပြုံးဖြင့် ပြောလျက်ရှိသည်။ ကျွတ် ... ဒီမိန်းမဟာ ကြာကြာကြည့်လေ ပိုချောလေလေပါပဲ။ အထူးသဖြင့် သူမရဲ့မျက်နှာတွင် အလှဆုံး အစိတ်အပိုင်းများသည် မျက်ခုံး၊ ပါးပြင်နှင့် နှုတ်ခမ်းများ ဖြစ်သည်။

မျက်ခုံးတွေသည် ရိတ်သင်ပုံသွင်းထားခြင်း ကင်းလျှစွာဖြင့် စင်ရော်တောင်လို ကော့ပြန်နေကာ မည်းခက်စိမ်းညို့နေကြသည်။ ပါးပြင်နှစ်ဖက်ကတော့ ပန်းနုရောင်လွှမ်းကာ ချောမွတ်ပြောင်တင်းနေသော ခပ်မို့မို့ ပါးပြင်လေးများပင်။





ပါးပြင်လေးများစွာဖြင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော သူ့အတွက်တော့ ထိုပါးပြင်နှစ်ဖက်သည် ကမ္ဘာပေါ်တွင် အလှဆုံးဟု တင်စားချင်လေသည်။

တင်းတင်းစေ့ထားတတ်ကာ ခပ်ရှင့်ရှင့် စကားတွေသာ ဆိုတတ်သော နှုတ်ခမ်းတွေသည် အင်ဂျိနီလာဂျူလီလောက်တော့ မကျယ်။ သို့သော် ခပ်ထူထူလေးပင်။ ဂျူလီရဲ့ နှုတ်ခမ်းတွေလိုပဲ မက်မောဖွယ်တော့ ကောင်းပါသည်။

သူက သူမရဲ့အလှတွေကို ခွဲခြမ်းစိတ်ဖြာကာ သတိလက်လွှတ် ငေးမောနေတုန်းမှာပင် သူမရဲ့ အကြည့်စူးစူးတွေကြောင့် သတိပြန်လည် ကပ်လာခဲ့သည်။

“ရှင့်ရဲ့ စကားလုံးအသစ်တွေနဲ့ ယောရောင်ရှိ လာလုပ်ဖို့ ကြိုးစားမနေနဲ့ မှော်ဆရာ၊ ရှင် ဘယ်လိုပဲလုပ်လုပ် အလကားပဲ”

“ဒါပေမဲ့ ကိုယ့်ရဲ့ ကြိုးစားမှုကိုတော့ မင်း အသိအမှတ်ပြုတယ် မဟုတ်လား”

သူမက သူ့စကားကို မဲ့ပြုံးတစ်ချက် ပြုံးပြကာ ...

“ပြုပါတယ်၊ ပြုလို့လည်း ရှင့်ရန်က ငွေလကို အပြတ်အသတ်ကာကွယ်ပေးနေရတာပေါ့၊ ရှင့် တစ်ကိုယ်လုံး ဉာဏ်ချည်းပဲ၊ မိန်းမကျမ်းကျေတဲ့ ရှင့်လိုလူအတွက် ငွေလဟာ လက်ဖျစ်တစ်ချက်တီးစရာ အဆင့်လောက်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပညာသုံးရင် ဘယ်လို ပစ်ကျလာမလဲဆိုတာ သိထားတဲ့ ရှင့်ရဲ့ ပညာရှင်အဆင့်ကို ကြိုးစားမှုလို့ နာမည် လာမတပ်နဲ့ ...

ရှင့်ရဲ့ အသုံးချမှုတစ်ခုလို့ပဲ ပြောပါ၊ စိမ်ချက်နဲ့ သတို့သမီးလောင်း ရှာနေတဲ့ ရှင့်ရဲ့ အသုံးချမှု၊ အကွက် ထွင်မှု ဒီလိုပြော ...

ရှင့်လိုလူမျိုးဟာ လောကကြီးမှာရှိနေဖို့ မကောင်းတဲ့ ယောကျ်ားတစ်ယောက်ပဲ"

သူမက ဒီစကားတွေကို နာနာကြည်းကြည်း ရေရွတ် သံမျိုးနှင့် ပြောတာဖြစ်သည်။ သူ ဘာပြန်လည်ချေပရမှန်း မသိ ခင်မှာပင် သူမရဲ့ကား ရေဆေးပြီးစီးသွားကြောင်း အသိပေးလာ သဖြင့် သူမက ဆတ်ခနဲပင် ထိုင်ရာမှ ထသွားလေသည်။

အတန်ကြာမှပင် သူတို့လေးယောက်စလုံး လှုပ်လှုပ် ရှားရှား ဖြစ်လာကြသည်။ မင်းထင်သည် တရကြမ်းမောင်းနှင် ထွက်ခွာသွားသော သူမရဲ့ကားကို သမင်လည်ပြန် လိုက်ကြည့် ပြီးမှ ...

"ပြောသွားတဲ့ စကားလုံးတွေကတော့ ရေလည်ယဉ် တယ်ကွာ၊ ဘာတဲ့ ... သူက မင်းကို နာမည်ပေးထားတာ မှော်ဆရာတဲ့ ဟုတ်လား၊ ဟား ... အခေါ်ဝေါ်လေးက သင်းတယ်"





"ရုပါရော structure ရောက သားနားတယ်ကွာ၊ ငါက အခုမှ မြင်ဖူးတာကွ၊ ဟော့ကောင် ... မင်း ရင်မခုန်မိဘူး လား"

ဒီစကားကြောင့် သူ့ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား ရသည်။ အမှန်အတိုင်း ဝန်ခံရလျှင် သူမကို တွေ့သည့်အချိန်တိုင်း ရင်ခုန်ဖို့ရော အသက်ရှူဖို့ပါ မေ့လျော့နေလောက်အောင် သူ့စိတ် တွေက သူမထံမှာ ပျော်ဝင်ကပ်ငြိလျက် ရှိသည်။

တစ်နည်းဆိုရလျှင် သူမကို ဘယ်လိုစိတ်တိုအောင် လုပ်ရမလဲ၊ ဘယ်လိုပြောလိုက်လျှင် သူမရဲ့ဒေါသတွေ တရှူးရှူး ထွက်လာကာ စိတ်တိုလာမလဲ ဒါတွေနှင့် လုံးထွေးရစ်ပတ်ကာ သေသိစိတ်က ဒါကို ကျေနပ်မိသည်မှာ အခုချိန်မှာ သူ့ကိုယ်သူ ပြန်မြင်၍လာရပြီ ဖြစ်သည်။

သို့သော် သူက ဒီလောက်ကို စာမဖွဲ့ချင်သေး။

"မခုန်ပါဘူးကွာ၊ ဒီလိုမိန်းမကို ငါက ရင်ခုန်စရာလား ခုန်ချင်းခုန် သူကပဲ ခုန်ရမှာ"

"အံမာ ... ဟိုက မင်းကိုဖြင့် ဖြစ်နိုင်ရင် စတင်းဂန်းနဲ့ မွှေ့ချင်နေတဲ့ဒီဇိုင်းနဲ့၊ ကြည့်တဲ့မျက်လုံးတွေကအစ မင်းကို အငြိုးတွေနဲ့ ကြည့်နေတာ ...

ဒီမိန်းမက မင်း ရာဇဝင်ကို လမ်းချော်သွားအောင် လုပ်တဲ့ မိန်းမျိုးပဲကွ၊ မိုက်တယ်၊ ငါက ဒါမျိုးမှ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျတာ၊ ငါက လူတစ်မျိုးတွ နုနုနွဲ့နွဲ့ မိန်းမတွေကို သိပ် မကြိုက်ဘူး၊ ဒီလို style မျိုးကိုမှ စိတ်ဝင်စားတာ ...

ပြီးတော့ သူလိုမိန်းမမျိုးက မိတ်ဆွေတို့ သူငယ်ချင်းတို့ဖြစ်ရင် တစ်သက်တာ လက်တွဲသွားသင့်တဲ့ သူမျိုးပဲကွ အခုလည်းကြည့်လေ၊ ငွေလကျော့ရှင်း ကိစ္စကို သူက ဘာဝင်ပူပေးစရာလိုလဲ၊ ငွေလအတွက် တကယ့် သူငယ်ချင်းကောင်းပဲ ...

ငါထင်တယ် မော်၊ မင်းတို့နှစ်ယောက်ရဲ့ အားပြိုင်မှုကို အနိုင်အရှုံးတော့ ငါ မခန့်မှန်းတတ်ပါဘူး၊ ဒါပေမဲ့ မင်း သူ့ကို တော်တော် ယှဉ်ရလိမ့်မယ် ...

သူက မင်းနဲ့ လက်ရည်တူအဆင့်လောက် ရှိတယ် မင်းလို ပညာတွေ ဘာတွေတော့ သူ မကျွမ်းဘူးပေါ့ကွာ ဒါပေမဲ့ ဒီမိန်းမက brain ပြေးပုံပေါ်တယ် နောက် ဉီးနှောက် ဉာဏ်ရှိတယ်၊ ခံစားချက်ကို ဉီးစားမပေးတတ်ဘူး၊ အလွယ်တကူ မပျော်ဝင်တတ်ဘူး၊ သတ္တိရှိတယ်၊ ရင့်ဆိုင်ရဲတယ်၊ ဒါတွေဟာ မင်းကို ကောင်းကောင်းကြီး ပညာပြန်ပေးမဲ့ သူ့ရဲ့ power တွေပဲ"

စိတ်ပညာကျောင်းသား မြတ်မျိုးက ရွှေရုပ်ပျိုရဲ့ စိတ်နေ သဘောထားကို အတိအလင်းပင် ဖွင့်ချပြလာလေသည်။





သူတို့အုပ်စုထဲတွင် သူ့လောက်နီးနီး အချစ်ကျွမ်းကြလာသူ ဥက္ကာကတော့ ပြုံးစစဖြင့် ထင်ရာပြောသည်မှာ ...

"ငါကတော့ ဒါတွေ သိပ်စိတ်မဝင်စားဘူးကွာ ငါသိတာ အချစ်ပဲ၊ လူတစ်ယောက်မှာ အနည်းဆုံး တစ်ခါလောက်တော့ ချစ်ဖူးကြတယ်တဲ့ ...

နောက်ဆုံး အချစ် မဟုတ်တောင်ကွာ attachment ပေါ့ ရှိဖူးကြမှာပဲ ...

ရွှေရုပ်ပျိုဟာ အချစ်မရှိတဲ့ မိန်းမတစ်ယောက် ဆိုတာ ခုချိန်ထိ ငါ လက်ခံတယ်၊ ငါ သိချင်တာက အချစ်ရှိလာရင် သူ ဘယ်လိုဖြစ်သွားမလဲ ဆိုတာကိုပဲ ...

မှန်းတတ်တဲ့ မိန်းမတစ်ယောက်ကို ချစ်တတ်လာအောင် သင်ပေးရတာကိုက ကဗျာနော် ကဗျာအသစ်ပဲ အဲဒါ feel ပဲ"

သူက ဥက္ကာရဲ့စကားကို ဘာမှပြန်မပြောဖြစ်တော့ပဲ တလေးတနက်သာ စဉ်းစားတွေးတော နေခဲ့သည်။

မုန်းတတ်တဲ့ ရွှေရုပ်ပျိုမှာ အချစ်မရှိဘူးလို့ ဘယ်သူပြောလဲ။ သူမဟာ ငွေလကိုတောင် အံ့သြဘနန်း ချစ်ပြနိုင်သေးသည်။

ဒီလိုဆို ရင်ခုန်သံနဲ့မှ ပေါက်ဖွားရှင်သန်ခွင့်ရတဲ့ (၁၅၀၀) အချစ်ဆိုရင် သူမ ဘယ်လောက်ထိ ချစ်ပြနိုင်မှာလဲ။ အချစ်ကြီးချစ်တတ်မည့် နှလုံးသား ဒြပ်စင်တစ်ခုမှာ မုန်းတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပေါင်းတွေ ရောနှောနေတာ နည်းနည်း အရုပ်ဆိုးပါတယ်။ ရွှေရုပ်ပျို့ရယ်။

ဒီလိုတွေ တွေးနေရင်းမှ သူသည် ငွေလကို ဖျတ်ခနဲ သတိရသွားသည်။ ငွေလဟာ သူ့ဦးနှောက်ထဲမှ မေ့လျော့နေခဲ့တာ ဘယ်နှစ်နာရီတောင် ရှိသွားပြီလဲ မသိချေ။

(၂၂၃)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







## အခန်း(၁၄)

ရွှေရုပ်ပျို့ ရှိမနေနိုင်လောက်သည့် အချိန်ကိုမှန်းဆ၍ ငွေလထံသို့ သူ ထွက်လာခဲ့သည်။ အခုဆိုလျှင် ဖေဖေကလည်း သူ့ကို မေးလှပြီဖြစ်သည်။ သူကလည်း မဖြစ်သာလွန်း၍ ငွေလ အကြောင်းကို တစ်စွန်းတစ်စ ပြောပြထားရသည်။

ငွေလရဲ့ ဏ္ဍနေ့ရှိုပုံ အေးဆေးသိမ်မွေ့မှုတို့ကို သိထားသဖြင့် သုံးလတာကာလကို စောင့်ကြည့်ကာလအဖြစ် ပြောင်းလဲပေးလိုက်သည်မှာ မကြာသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူကတော့ စောင့်ကြည့်ကာလဟု မသတိမှတ်ချင်တော့။ သူ့ရင်ထဲတွင် တစ်စုံတစ်ခုကို စိုးထိတ်နေသလို ရှိလေသည်။ ငွေလရဲ့ အချစ်ကိုမရမှာ စိုးတာလားဟူ၍ စိုးရိမ်နေခြင်းလည်း မဟုတ်။ ဒါဆို ဘာကိုစိုးရိမ်တာလဲ သူ ဒါထက်ဆက်မတွေးတော့ချေ။

ဆက်တွေးဖို့လည်း မလိုဘူး ထင်လေသည်။

ငွေလတို့ အိမ်သို့ရောက်လျှင် ခြံတံခါးကို လာဖွင့်ပေးသူမှာ ငွေလ ကိုယ်တိုင်ပဲ ဖြစ်သည်။

"ငွေလ ကိုယ်တို့ ခြံထဲမှာပဲ စကားပြောရအောင်"

"ဪ ... ရပါတယ်၊ သမီးရေ စတော်ဘယ်ရီ မစ်ရှိတ်နှစ်ခွက် ယူခဲ့ပါ"

ငွေလက သူ့အိမ်က ကောင်မလေးကို ညွှန်ကြားပြီးလျှင် မြက်ခင်းပေါ်၌ ချထားသော ခုံအဝိုင်းလေးများထံသို့ ဦးဆောင်ကာ ခေါ်သွားသည်။

နှစ်ဦးသား အတူထိုင်ပြီးလျှင် ငွေလက သူ့ကို ပြုံးပြလာရင်း ...

"မော် ပျောက်နေတယ်နော်"

ငွေလထံ သုံးရက်မျှ ဖုန်းမဆက်ခြင်းကို ဆိုလိုမှန်း သူက သဘောပေါက်စွာဖြင့် ...

"ငွေလ စိတ်ပြေမဲ့အချိန်ကို စောင့်နေတာပါ"

"ဟင် ... ငွေလက ဘာကိုစိတ်ပြေရမှာလဲ"





"ဪ ... ဟိုတစ်နေ့ မနက်က ကိစ္စကြောင့် ငွေလ ကိုယ့်ကို စိတ်ဆိုးနေလားလို့ပါ"

"မဆိုးပါဘူး မော့်ကို အားနာနေတာ၊ ရွှေရုပ်ရဲ့ လုပ်ရပ်အတွက် သူ့ကိုယ်စား ငွေလကပဲ တောင်းပန်ပါတယ်"

"မလိုပါဘူး ငွေလရယ်၊ ငွေလနဲ့ ဘာမှ မသက်ဆိုင်ပါဘူး"

ငွေလက သူ့ကို အမျက်မပါသော မျက်စောင်းလေးဖြင့် ဝေ့ကြည့်ကာ ...

"မော်ကလည်း မကောင်းပါဘူးနော် ငွေလ စကားကို နားမှမထောင်တာ"

သူက မျက်ခုံးပင့်လျက် ...

"ဟောဗျာ ကိုယ်က ငွေလ မကြိုက်တာ ဘာတွေများ လုပ်မိလို့လဲ"

"မဟုတ်ပါဘူး၊ ရွှေရုပ်နဲ့ ထိပ်တိုက် မတွေ့အောင်နေပါလို့ ပြောထားရက်နဲ့ ဘာလို့ သူ့ကို မခံချင်အောင် သွားသွားပြောနေရတာလဲ၊ အဲဒါတော့ မော်က စပြောတာ၊ သူ မကြိုက်မှန်းသိသိနဲ့ မပြောနဲ့ပေါ့"

မရဘူး ငွေလရယ် ကိုယ်က မင်း သူငယ်ချင်း ရုပ်ပျိုမလေးကို မြင်တာနဲ့ ဒေါသထွက်အောင် လုပ်ချင်နေတာ ဘာကြောင့်မှန်း ကိုယ့်ကိုယ်ကိုယ်တောင် မရေရာမိပါဘူး။

သူက လျှို့ဝှက်စွာပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က သူ ဒေါသထွက်ရင် ပျော်နေတာ"

ငွေလသည် သူ့စကားကြောင့် တအံ့တသြနှင့် မျက်လုံးလေး ဝိုင်းသွားလေသည်။

"ဟယ် ... စိတ်ပုပ်လိုက်တာ၊ ကြည့်စမ်း သူများ ဒေါသထွက်ရင် ပျော်တယ်တဲ့၊ အဲဒါကြောင့် ရွှေရုပ်က ပြောတာ"

"ဟုတ်လား ဘာပြောလဲ၊ အကောင်းတော့ပြောမှာ မဟုတ်တာ သေချာတယ်"

သူ့ရဲ့ တက်တက်ကြွကြွ မေးသံကို ငွေလက နှုတ်ခမ်းစူလျက် ...

"ကြည့် ... သူများ သူငယ်ချင်းကိုဆို အမြဲပြောချင်တယ် တော်ပြီ မပြောတော့ဘူး"

"ဟာ ... ပြောပြပါ ငွေလရယ် ကိုယ် သိချင်လို့ပါ ကိုယ့်ကို နောက်ထပ် ဘာဘွဲ့ထူး ဂုဏ်ထူးတွေများ ပေးထားသေးလဲ"

"ဟွန်း ... မောင်က မိန်းကလေးတွေ မျက်ရည်ကျရင် ပျော်တတ်တဲ့သူတဲ့၊ အစက ငွေလ မယုံပါဘူး၊ အခုတော့ ယုံလိုက်ပြီ၊ ရွှေရုပ် ဒေါသထွက်တာကို ပျော်တယ်ဆိုတဲ့ မောင်ဟာ မိန်းကလေးတွေ မျက်ရည်ကျတာကိုလည်း ပျော်မှာပဲ၊ မညာနဲ့၊ ဟုတ်တယ် မဟုတ်လား ... ပြော"

ငွေလရဲ့ မေးပုံသည် တကယ်သိချင်သော မေးပုံမျိုးထက် သူ့အပေါ်တွင် တမင်နွဲ့ဆိုးသော မေးပုံမျိုးနှင့်သာ





တူလေသည်။ သူက ငွေလရယ်ဟုသာ ရေရွတ်လျက် တသိမ့်သိမ့် ရယ်နေမိသည်။

အဲဒီနောက် ကောင်မလေး လာချပေးထားသော စတော်ဘယ်ရီခွက်ကို ယူသောက်သည်။ သူ့ကို ငွေလက မျက်စောင်းတဝင့်ဝင့်နှင့် ကြည့်နေတာကို အရယ်မသတ်နိုင်အား သေးချေ။

"တွေ့လား ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့၊ ရှင် ဝန်ခံပြီ မဟုတ်လား မောင်"

"ကိုယ်က ဆိတ်ဆိတ်နေတာမှ မဟုတ်တာ၊ ဒီလောက် အော်ရယ်နေတာပဲ opposite လေ ငွေလရဲ့ အကြီးအကျယ် ငြင်းဆိုပါတယ်"

"ဟင့်အင်း ... ငွေလတော့ မယုံဘူး၊ မောင် ... ရှင်ဟာ မိန်းကလေးတွေရဲ့ အသည်းကို တကယ်ပဲ ခွဲခဲ့တာလား ဟင်"

ငွေလရဲ့ မျက်ဝန်းလေးများက သူ့ကို မျှော်လင့် တကြီးဖြင့် မေးလာသည့်အခိုက်တွင် သူ ပထမဆုံးအကြိမ်အဖြစ် စိတ်မကောင်း ဖြစ်သွားခဲ့ရပါသည်။

ရိုးသားဖြူစင်တဲ့ မိန်းကလေး တစ်ယောက်ကို သူ လှည့်စားမိနေတာလား။

အို ... သူ ငွေလကို တန်ဖိုးထားပြီး လက်ထပ်ယူမှာ ပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



သူက ငွေလကို အားတင်းကာ ပြုံးပြလိုက်ရင်း —

"မခွဲခဲ့ပါဘူး ငွေလရယ် ကိုယ် ဥပမာတစ်ခု ပြောပြမယ်၊ ငွေလကို လူတစ်ယောက်က အရူးအမူး ချစ်နေတယ် ဒါပေမဲ့ ငွေလက သူ့ကို မချစ်ဘူး၊ သူ propose လုပ်တဲ့အခါမှာ ငြင်းလိုက်တယ်၊ အဲဒီအခါမှာ သူက အသည်းကွဲမယ် ခံစားသွားရမယ်၊ ကဲ … ဒါဆို သူ အသည်းကွဲတာ ငွေလကြောင့်လို့ ပြောလို့ရလား"

"အာ … ဘာဆိုင်လို့လဲ ငွေလကြောင့်မှ မဟုတ်တာ"

ငွေလရဲ့ ကလေးဆန်ဆန် ငြင်းပုံလေးကို သူက သဘောတကျနှင့် ရယ်လိုက်ပြီး …

"ဒီလိုပဲပေါ့ ငွေလရဲ့ ကိုယ် မညာပါဘူးကွာ၊ ကိုယ့်မှာ ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်း မိန်းကလေးတွေ ရှိပါတယ်။ သူတို့နဲ့ တွဲသွားတွဲလာတွေလည်း ရှိခဲ့ဖူးတယ်၊ ကော်ဖီဆိုင် ထိုင်တာတို့၊ သူတို့ ရှော့ပင်းလုပ်တဲ့အခါ အဖော်လိုက်ပေး တာတို့ ဒါမျိုးတွေပေါ့ …

ကြာလာတော့ ကိုယ်လည်း ဒါမျိုးတွေ အမြဲ ဘယ်လုပ်ပေးနိုင်ပါတော့မလဲ၊ ဒါကို ကိုယ်က တွဲပြီးရင် ခေါက်ထားခဲ့ရော ဘာရောတွေ ဖြစ်ကုန်တာ …

အသည်းခွဲတာတွေ ဘာတွေပြောကြတာ၊ ပြောရရင် ကိုယ် ဘယ်မိန်းကလေးကိုမှ ဘဝပျက်အောင် မလုပ်ခဲ့ဖူးဘူး ငွေလ၊ ကိုယ့်မှာ ရည်းစားတွေ၊ အတွဲတွေ ရှိခဲ့ဖူးတယ်



ဒါပေမဲ့ ကိုယ့်ကြောင့် သူတို့ နစ်နာသွားတာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး …

ဒါကိုတော့ ကိုယ် ရဲရဲကြီး အာမခံရဲပါတယ် ငွေလရယ်။ ပြီးတော့ ကိုယ့်ဘဝမှာ လက်ထပ်ခွင့်တောင်းဖူးတဲ့ မိန်းကလေးဟာ ငွေလ တစ်ယောက်တည်းပါ"

ငွေလသည် သူ့အပြောလေး၌ ငြိမ်သက်တိတ်ဆိတ်၍ နေသည်။ ဒီလောက်ဆို ငွေလရဲ့ ရင်ထဲမှာ အတော်ရှင်းလင်း ပေါ့ပါးသွားပြီဖြစ်မှန်း သူ ရိပ်စားမိသည်။ ဒီလိုမျိုးပဲ တစ်စုံတစ်ယောက်ရဲ့ ရင်ထဲမှာရော ရှင်းလင်းပေါ့ပါး သွားစေချင်သည်။ သူ့ကို ငွေလနှင့် သဘောတူလာအောင်တော့ မဟုတ်။

"ငွေလ"

"ရှင်"

"ရွှေရုပ်နဲ့ တွေ့သေးလားဟင်"

တိတ်ဆိတ်နှုးညံ့သော အခြေအနေမှာ သူ မေးလိုက်သော မေးခွန်းကြောင့် ငွေလ အနည်းငယ် အံ့သြသွားသည်။ သူကိုယ်တိုင်လည်း ဘာကြောင့် ဒီလိုမေးမိသွားလဲဆိုတာ မသိချေ။

"သြော် … ဒီလိုပါ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ရွှေရုပ်နဲ့ ကိုယ်တို့အုပ်စု ရေဆေးခုံမှာ တွေ့တယ်၊ ထုံးစံအတိုင်း ပေါ့ကွာ အဲဒါ ငွေလများ သိသလားလို့ပါ"

"ဟုတ်လား ဟင့်အင်း ငွေလကို သူ မပြောပြဘူး၊ မနေ့ကတောင် သူ အိမ်လာသေးတယ် မပြောပြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သေချာပြီ သူမဟာ သူ့အကြောင်းကို ကွယ်ရာမှာဘောင် အရေးတယူလုပ်ပြီး မပြောချေ။ မိန်းကလေးပေါင်းများစွာ၏ နှလုံးသားကို ဆွဲဆောင်သိမ်းပိုက်ထားသည်ဟု နာမည်ကြီးသော မော့်အတွက် ရွှေရုပ်ပို့သည် အသစ်ပဲ ဖြစ်လေ၏။

"မော်တို့ ရန်ဖြစ်ကြသေးလားဟင်"

မငွေလရဲ့ စိုးရိမ်တကြီး မေးသံကို သူက ခေါင်းခါပြလိုက်ရင်းမှ ...

"မဖြစ်ပါဘူး၊ အင်း ... ငွေလရဲ့ သူငယ်ချင်းက ကိုယ့်ကို တော်တော် မုန်းနေတယ်နဲ့ တူတယ်နော်၊ စကားထဲတောင် ထည့်မပြောဘူး၊ ဘယ်လိုလဲ ငွေလ၊ ငွေလကရော ကြာရင် တဖြည်းဖြည်းနဲ့ မုန်းသွားဦးမှာပဲလား"

"မော်ကလည်းလေ အခိပ္ပာယ်မရှိတာ ငွေလက မော်နဲ့ ရွှေရုပ်ကို ပြေလည်စေချင်နေတာပါ၊ ရွှေရုပ်ကို နားလည်ပေးပါ မော်ရယ် ...

သူက စိတ်ရင်းကောင်းပါတယ်၊ ငွေလကိုလည်း သိပ်ချစ်တတ်တယ်၊ သူ့မှာ ဒေါသကြီးတာလေး တစ်ခုပဲ ပြောစရာရှိတာပါ"

ဒီလောက်ဆိုးသွမ်းသော မိန်းမဘက်မှ ရှေ့နေလိုက်ပေးလျက်ရှိသော ငွေလကို သူက ချစ်စနိုးဖြင့် ပြုံးကြည့်မိသည်။ ငွေလဟာ ကြာလေကြာလေ ချစ်ဖို့ကောင်းသူလေးဆိုတာ အမှန်တကယ်ကို သူ လက်ခံလာရပြီ ဖြစ်သည်။ ငွေလ အပေါ်၌ မရိုး





သားစိတ် လုံးဝ မွေးရှုမရချေ။ ကြာလာလေလေ သူ့ ညီမရင်းလေးနှယ် သံယောဇဉ် ရှိလာလေသာ ဖြစ်၏။

ငွေလကို ရွှေရုပ်ပို့ဟာ ဘာကြောင့် အသည်းအသန် cover လုပ်ပေးနေရသလဲ သူ ရေးတေးတေး သိမြင်လာချေပြီ။ ငွေလဟာ အင်မတန်ကို ရိုးသားဖြူစင်သော နှလုံးသားပိုင်ရှင် ဖြစ်နေသောကြောင့်ပင်။

"ငွေလရယ် မင်းဟာ အရမ်းကို ချစ်စရာ ကောင်းတာပါ"

သူ့ရဲ့ အရိုးသားဆုံး စကားတစ်ခွန်းကို ငွေလက အဆန်းပြားဆုံး ဘာသာပြန်လိုက်ဟန် တူသည်။ ငွေလရဲ့ မျက်နှာသည် သွေးရောင်ဖျန်းခနဲ လွှမ်းသွားလေသည်။ သူက အခြေအနေကို ကောင်းမွန်စွာ အသုံးချသည့်အနေဖြင့် ...

"ငွေလ ကိုယ့်ကို ပြန်ချစ်မယ် မဟုတ်လားဟင်"

"အို ... ဘာဆိုင်လို့လဲ ဘာတွေလာပြောနေတာလဲ"

ငွေလ ရှက်ရမ်းရမ်းချေပြီ။ သူက ငွေလ ဖြစ်နေပုံကို တဟက်ဟက်နှင့် ရယ်မောကာ ...

"ငွေလရယ် မင်းက ဖြူစင်လွန်း အားကြီးပါတယ်"

"အောင်မယ် လူကိုများ အမျိုးမျိုး မှတ်ချက်ပေးနေတယ်၊ ရှင် ဝေဖန်ရေးဆရာ လုပ်ပါလား"

"ကိုယ်က ငွေလတို့ သူငယ်ချင်း နှစ်ယောက်ကို သနားနေတာ ငွေလရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ဖြစ်ရပြန်ပြီ၊ ဘာကိုစွဲကြောင့်များတုံး"

"ဟုတ်တယ်လေ၊ ဒီအသက် ဒီအရွယ်အထိ ဒီလိုချည်းတွေပဲ နေလာကြတာ ဘာရင်ခုန်သံမှလဲ မရှိ၊ ဘာခံစားချက်မှလဲ မရှိ ပျင်းစရာကြီး၊ အံ့ဖွယ်လူသားတွေပဲ ငွေလ- ရွှေရုပ်ပျိုက အသည်းကွဲဖူးလား"

"အမလေး ရှာရှာဖွေဖွေ၊ ဘယ်ကလာ အသည်းကွဲဖူးရမှာလဲ၊ ရွှေရုပ်လား အသည်းကွဲမှာ၊ ရွှေရုပ်က ယောကျာ်းတွေကို စိတ်ကိုမဝင်စားတာ"

"သိဘူးလေ၊ အသည်းကွဲဖူးလို့ ဘဲတွေကိုများ မုန်းနေတာလားလို့ပါ"

"မဟုတ်ပါဘူး သူ့အဖေကို မကျေနပ်တာပါ၊ သူ့မိဘတွေရဲ့ အိမ်ထောင်ရေးက အဆင်မပြေဘူးလေ၊ သူ့အဖေနဲ့ အမေနဲ့က တစ်အိမ်တည်းသာနေတာ စိတ်တူကိုယ်တူ ပေါင်းသင်းနေကြတာ မဟုတ်ဘူး ...

တစ်အိမ်တည်းသာနေတာ ကွဲနေကြတဲ့ သဘောပါပဲ၊ ပွဲတက်ရုံလောက်သာ ရှိတာ၊ ဒီလိုမိဘတွေရဲ့ ပဋိပက္ခဟာ ရွှေရုပ်ကို အကြီးအကျယ် နာကျင်စေတယ်"

"ဩော်"

သူက ဩော်တစ်ခွန်းသာ ဆိုနိုင်လျက် ရွှေရုပ်ပျိုရဲ့ မာထန်ထန် မျက်နှာကို ပြေးမြင်မိ၏။ အတော့်ကို နုနယ်ချစ်စဖွယ်ကောင်းတဲ့ မျက်နှာလေးဟာ မပြုံးမရယ်ဘဲနဲ့တောင် လှလွန်းနေပြီ။





ရွှေရုပ်ရယ် ... မင်းဟာ ဖခင်အရင်းပေါ်မှာတောင် အမြင်လွဲမှားမကျေနပ်နိုင်ရင် ကိုယ့်လိုလူမျိုးကိုတော့ စာရင်းထဲကို ထည့်မထားမှာ သေချာနေပါပြီ။

"ဒါဆိုလည်း သူနဲ့ သင့်တော်ရာကို ငွေလက ရှာပေးလိုက်ပေါ့၊ ကိုယ့် ဘော်ဒါတွေကတောင် ရွှေရုပ်ပျိုကို မိုက်လို့တဲ့"

"အမလေး သွားမလုပ်နဲ့နော် မှော်၊ ငွေလ မျက်နှာမပျက်ချင်ဘူး သိလား၊ ရွှေရုပ်ရဲ့စိတ်ကို ငွေလ အသိဆုံး၊ သူက အရမ်းထက်တယ် ...

ပြီးတော့ အဲဒါမျိုးတွေလည်း စိတ်မဝင်စားဘူး သွားမလုပ်နဲ့"

သေချာလို့လား ငွေလရယ် ရွှေရုပ်ပျိုဟာ အချစ်ကို စိတ်မဝင်စားဘူးဆိုတာ သေချာလို့လား။

သူက ထိုမေးခွန်းကို ရင်ထဲမှာသာ အကြိမ်ကြိမ်ထပ်ကာ မေးနေမိလျက် တကယ့် တကယ်တမ်းမှာတော့ ငွေလကို ဖွင့်မမေးခဲ့ချေ။ ထိုနေ့က ငွေလထံမှ ပြန်လာခဲ့သည့်တိုင်အောင် ငွေလကို သူ့မာယာတွေ ချမကျွေးခဲ့။ သူ့ရင်ထဲက အဖြူရောင်အတိုင်းသာ ဆက်ဆံခဲ့သည်။

သူသည် ကားကို ဖြည်းဖြည်း အေးအေးဆေးဆေး မောင်းလာရင်းမှ အပေါ်ယံတွင် မာနကြီးသလောက် အတွင်းမှ နုလုံးသားတစ်ခုလုံးက နာကျင်ခံစားနေရသည့် မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း စဉ်းစားလာမိသည်။ သူနှင့်သူမသည် ဆန့်ကျင်ဘက်။ သူ့ရဲ့ နှလုံးသားက တကယ့်ကို သံမဏိဖြစ်၏။ သို့သော် ထို သံမဏိသည် တဖြည်းဖြည်း အရည်ပျော်ကျဖို့ရာ လမ်းကြောင်း ပြောင်းလျက် ရှိနေပြီဆိုတာတော့ သူ့ကိုယ်သူ သတိထားမိခဲ့ လေသည်။

ပေမန်တာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







ရာသီဥတု ကြည်လင်သာယာသော နေ့တစ်နေ့တွင် သူက ဆိုင်ကိုသွားဖို့ ကားနှင့် ထွက်လာစဉ်မှာပဲ သူ့မျက်လုံးတွေက အမြဲမှတ်မိနေသော ကားတစ်စီးကို သွားမြင်ခဲ့သည်။ သူက ချက်ချင်းပင် လမ်းကြောင်းပြောင်းကာ ထိုကားရဲ့နောက်သို့ ဦးတည်လိုက်လေသည်။

ရှေ့ကမောင်းနေသော ရွှေရုပ်ပို့ကတော့ ဘာမှမသိ ချေ။ တဖြည်းဖြည်းနှင့် သူ့ကားက သူမရဲ့ကားနောက်မှာ ကပ်ရပ်ဖြစ်သွားသည်။ ဒါကို သူက သဘောကျစွာပြုံးရင်း လေတစ်ချက်ပင် ချွန်လိုက်သေး၏။ မိန်းကလေးတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ကားနှင့်လိုက်ရခြင်းမှာ သူ့စိတ်တွေကို တစ်မျိုးနည်း စေ၏။ ဆယ့်ခြောက်နှစ်တုန်းက ခံစားချက်အတိုင်းပဲ ဖြစ်သည်။

ရွှေရုပ်ပျိုရဲ့ ဦးတည်ရာမှာ ပြည်လမ်းဘက်သို့ ဖြစ်သည်။ သူမ အဲဒီဘက်သို့ ဘာများ သွားလုပ်မလို့ပါလိမ့် သူက ပို၍ စိတ်ဝင်စားသွားသည်။ အဲဒီနောက်မှာတော့ သူ့ရဲ့ ကားနောက်သို့ မသိမသာ လိုက်ပါလာခဲ့ရာ သူမရဲ့ကားသည် အင်းလျားကန် စားသောက်ဆိုင်တန်းများ နေရာမှာတော့ ရပ်တန့် သွားခဲ့သည်။

အဲဒီနောက် ရေစပ်နားက စားပွဲတစ်လုံးမှာ အေးအေး လူလူထိုင်လျက် စားစရာတချို့မှာနေသော သူမကို သူက ကားထဲမှ အကဲခတ်နေမိသည်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်သော သူမ ကတော့ သူ ရှိနေတာကို နည်းနည်းလေးမှ သတိထားမိပုံ မပေါ် ပေ။

သူက သူမကို အသေအချာပင် အကဲခတ်နေမိသည်။ ရွှေရုပ်ပျိုသည် သူ တွေ့ဖူးသော မိန်းမတွေနှင့် လုံးဝ တစ်မျိုး တစ်ဘာသာ ကွဲထွက်နေသောသူ ဖြစ်လေသည်။ ငွေလနှင့်တောင် မတူချေ။ တကယ့်ကို စိတ်ထဲရှိသည့်အတိုင်း နေထိုင်တတ်သည့် မိန်းမတစ်ဦး ဖြစ်သည်။ ခဏကြာလျှင် သူမ မှာထားသော အစားအသောက်တွေ ရောက်လာသောအခါ တစ်ယောက်တည်း နှစ်နှစ်ခြိုက်ခြိုက် စားသောက်နေတာကို သူက သဘောကျစွာ ပြုံးကြည့်ရင်း သူမထံသို့ လျှောက်လာခဲ့တော့သည်။





နံနက်ကိုးနာရီ ဝန်းကျင်ခန့်တွင် အင်းလျား၌ Breakfast လာစားဖို့ စိတ်ကူးရှိသော သူမရဲ့ အတွေးကိုလည်း သူ အံ့ဩသည်။ နောက် ငွေလ မပါလာတာကိုလည်း နည်းနည်း တော့ အံ့ဩမိပါသည်။

"ရွှေရုပ်ပျို"

သူက သူမ စားပွဲရှေ့တည့်တည့်မှာ ရပ်၍ခေါ်လိုက် လျှင် ရှမ်းခေါက်ဆွဲကို တူနှင့် ငုံ့၍မွှေနေသော သူမက ဖျတ်ခနဲ မော့်ကြည့်လာသည်။

သူမ နည်းနည်းတော့ အံ့ဩသွားကြောင်း မျက်လုံး တွေက သက်သေပြနေလေ၏။

"ကိုယ့်ကို ထိုင်ခွင့်ပြုမလား"

သူ့ရဲ့ ယဉ်ယဉ်ကျေးကျေး ပုံစံကြောင့် သူမက ငြင်းလွှတ်ရမှာ အခက်တွေ့သွားဟန် တူသည်။ ပြီးတော့ မနက် စောစောမို့ စိတ်ကြည်လျက် စိတ်ကောင်းဝင်နေပုံရသော သူမဟာ မျက်ခုံးနှစ်ဖက်ကိုတော့ တွန့်ချိုးထားရင်း ခေါင်းညိတ်ပြသည်။

အိုကေ ဒီလောက်ဆို မဆိုးဘူး။ သူက လှစ်ခနဲပြုံးကာ သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ငွေလ မပါဘူးလား ရွှေရုပ်ပျို"

သူမက သူ့ကို စိတ်မရှည်သလို တစ်ချက်မော့်ကြည့် ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မော်ဆရာ ... ရှင်က အပိုစကားတွေ သိပ်ပြောတာ
ကျွန်မက အဲဒါမျိုးတွေ သဘောမတွေ့တတ်ဘူးရှင့်၊ နေ
ရှင်က ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာ

သူက ကြိုတင် မစဉ်းစားထားသော်လည်း သူ
မေးခွန်း၌ ထစ်အသွားခြင်း မရှိခဲ့။ ပါးနပ်သော အပြုံးတစ်ခုဖြင့်

"ဒီနေရာက ဘယ်သူမဆို ရောက်လာနိုင်တဲ့နေရာပဲ ရှေ
ရယ်"

သူ့အပြောကို သူမက အဓိပ္ပာယ်တစ်မျိုး
သတ်မှတ်လိုက်ဟန် တူသည်။ ချက်ချင်းပင် လှောင်ပြုံးတစ်ခုနှင့်

"ဩော် ... ရှင့်ရည်းစားနဲ့ ချိန်းထားတာလား၊ ဟုတ်
ပဲ ဒါကို ကျွန်မ ဘာလို့ မတွေးမိတာပါလိမ့်၊ ရှင် တ
စားပွဲမှာ ပြောင်းထိုင်လေ ရှင့်ရည်းစားလာလို့ အထင်လွဲ
ဘာညာဖြစ်ရင် ကျွန်မက ကြားထဲက ဝင်ရှင်းမပေးနိုင်
နော်"

သူက မျက်နှာကို မရှုံ့မဲ့သွားစေရန် သတိထားလိုက်
ရသည်။

"မင်းက ကိုယ့်အပေါ်မှာ အမြင်တွေရော အထင်တွေ
တော်တော် လွဲနေတာပဲနော်"

"မဟုတ်လို့လား"

သူမက တွန့်စ်ချောင်းကို ပါးစပ်ထဲထိုးသွင်း
ဝါးတားတား လေသံနှင့် ပြန်မေးပုံကို သူက သဘောတကျ





ငြုံကြည့်နေမိသည်။ ဒီအခိုက်မှာပင် စားပွဲထိုးလေးက ဘာသုံးဆောင်
မလဲဟု လာ၍မေးလာသည်။ သူက သူမ မှာထားသော ပုံစံအတိုင်း
ရှမ်းတစ်ပွဲ၊ လက်ဖက်ရည် ပုံမှန်တစ်ခွက်ဟု မှာလိုက်လျှင်
မျက်လုံးပြူးနှင့် ကြည့်လာပုံကိုလည်း သူက မရယ်မိအောင်
အတော် ထိန်းချုပ်လိုက်ရသည်။

အင်း ... ရှေ့ရုပ်ပျို့နဲ့ ငွေလကျော့ရှင်း ဟူသော
အမျိုးသမီးနှစ်ဦးဟာ တကယ့် တကယ်တမ်း ပေါင်းကြည့်မှ
ချာတိတ်မလေးတွေလိုပါပဲလား။

"ရှေ့ရုပ်ပျို့ ကိုယ် မသိလို့ တစ်ခုလောက် မေးပါရစေ၊
မင်း ဘာကြောင့် ကိုယ့်အပေါ်မှာ ဒီလောက် ခါးသီးနေရ
တာလဲ"

"ရှင်းနေတာပဲ၊ ရှင်ဟာ ငွေလကို မကောင်းတဲ့ အကြံအစည်
နဲ့ ချဉ်းကပ်လာတဲ့သူ မို့လို့ပေါ့"

သူမကလည်း ချက်ချင်းပင် တုန့်ပြန်လာလေသည်။

"ဟား ... ကိုယ်က ငွေလကို ဘာတွေများ မကောင်းကြံမှာ
မို့လို့လဲ၊ လူပျိုက အပျိုကို ချဉ်းကပ်တာ မကောင်းကြံ
တာလား။ ဒါဆို မင်းအဖေက မင်းအမေကို ချဉ်းကပ်ခဲ့
တာလည်း မကောင်းကြံခဲ့တာလား"

"ရှင် ဘာစကားပြောတာလဲ"

ရုတ်တရက် သူမက ထအော်လိုက်လျှင် သူက
နှုတ်ခမ်းပေါ် လက်ညှိုးတင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ရှူး ... ရှူး၊ တိုးတိုးလုပ်ပါကွာ၊ မင်းက အရှင်းအရှမ်း အော်တာပဲ"

"အော်မှာပေါ့၊ ရှင် စကားပြောတာ ကျွန်မ မိဘတွေကို လာထိခိုက်စရာ မလိုဘူး၊ အိပ်ချင်ယောင် ဆောင်နေတဲ့သူက အနှိုးရအခက်ဆုံးပဲ မော်ဆရာ၊ ရှင့်အကြောင်း ရှင်အသိဆုံးပဲ"

သူက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လျက် ...

"ကိုယ်က အိပ်ချင်ဟန် မဆောင်ပါဘူး ရွှေရုပ်ပျို့၊ တကယ်အိပ်ပျော်နေတာပါ ကိုယ်က အိပ်ရေးကြီးတယ်"

"စကားတတ်တိုင်း လျှောက်ပြောမနေစမ်းပါနဲ့ရှင်၊ အောင်မယ် ... နေစမ်းပါဦး ဒါက ရှင် ဘာပုံစံချိုးတာလဲ ရှင်နဲ့ကျွန်မ မိတ်ဆွေတွေလည်း မဟုတ်ဘူး ရှင့်ကိုလည်း ဖိတ်ခေါ်ထားတာ မဟုတ်ဘူး ...

ခဏတဖြုတ်ထင်လို့ ထိုင်ဖို့ ခေါင်းညိတ်ပြလိုက်တာ၊ ရှင့်ဟာရှင် ဟခြားစားပွဲမှာစားရင်း ရှင့်ရည်းစားကိုစောင့်၊ လာမနှယ်နဲ့"

သူမက ရှမ်းခေါက်ဆွဲကို တူနှင့်မွှေကာ တစ်လုပ်စတင် စားနေပြီဖြစ်သော် သူ့ကို လှမ်း၍ဟန့်လေသည်။ သူက ခေါင်းခါယမ်းပြလျက် ...

"ကိုယ် ဘယ်သူ့ကိုမှ လာစောင့်နေတာ မဟုတ်ပါဘူး ရွှေရုပ်ပျို့ရယ်"





"ဟင် ... ဒါဖြင့်ရင် ဘာလဲ"

"ဒီလိုပဲပေါ့ ကိစ္စလေးတစ်ခုရှိလို့ပါ၊ မင်းကိုတွေ့တာနဲ့ လာနှုတ်ဆက်တဲ့ သဘောပါ၊ ငွေလကို ဘာလို့ ခေါ်မလာတာလဲ၊ နှစ်ခါရှိပြီနော် ...

ရေဆေးခုံမှာ တွေ့တုန်းကလည်း ငွေလ မပါဘူး၊ ငွေလ ဘာလုပ်နေလို့လဲ"

"မသိဘူး၊ သိချင်ရင် ရှင့်ဘာသာ ဖုန်းဆက်မေးကြည့်"

သူမရဲ့ ဘုတောသံကို သူက နှစ်နှစ်ခြိုက်ခြိုက် ရယ်မိလေသည်။ အင်း ... တကယ်တမ်း စကားပြောကြည့်တော့လည်း ငွေလ ပြောသလို သူမရဲ့စိတ်ရင်းဟာ ဆိုးမနေပါ။

သူ့ကို မကြည့်ဘဲ မုန့်စားနေသော သူမကို သူက ပြုံးကာ ငေးနေမိသည်။ အင်းလျားရေပြင်ကို ဖြတ်သန်းလာသော လေကြောင့် ဆံနွယ်တွေ လေထဲဝေ့ဝဲနေပုံသည် တကယ့်ကို ကဗျာတစ်ပုဒ်လို ခံစားဖို့ကောင်းသည်။

အဝါရောင်ပေါ်တွင် အစိမ်းရော ဖောက်ထားသော ခွပ်ကျယ်တစ်ထည်က ဖွင့်ဆိုပြထားသော လက်မောင်းရင်းသားပေါ်မှ ရွှေရောင် မွေးညင်းနုလေးများသည် သူမရဲ့အလှကို ရက်ရက်စက်စက် ပံ့ပိုးပေးထားလေသည်။

သူက သတိကို မနည်းဆွဲကပ်လျက် ...

"မင်းနဲ့ငွေလ စိတ်ကောက်နေကြတာလား"

"အဲဒါ ရှင့်အလုပ် မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ပြန်ဖြေပုံထောက်ရင် သူမနှင့် ငွေလဟာ စိတ်ကောက်နေကြတယ် ဆိုတာ သိသာချေပြီ။ သူက သူမကို နုနုညံ့ညံ့ ပြုံးကြည့်လျက် ...

"ငွေလကတော့ စိတ်ကောက်မှာ မဟုတ်ပါဘူး၊ ကောက်ချင်းကောက် မင်းက ကောက်နေတာပဲနေ့မှာ၊ မလုပ်ပါနဲ့ကွာ သူငယ်ချင်း အချင်းချင်း 'ချစ်ချစ်ခင်ခင် နေမှပေါ့'"

သူမက တမင် မေးကျဉ်းထားသော မျက်ဝန်းများဖြင့် စိုက်ကြည့်လာခဲ့သည်။

"ကျွန်မတို့ရဲ့ ကဏ္ဍတွေထဲမှာ ရှင် ဝင်ပါနေသရွေ့ကတော့ ဒီလို ပဋိပက္ခတွေက ရှိနေဦးမှာပဲ မော်ဆရာ၊ ရှင်က ကျွန်မတို့ရဲ့ ချစ်ခြင်းတရားတွေကို ပျက်ပြားစေတယ်၊ အနှောင့်အယှက်ပေးတယ် ...

ရှင်နဲ့ ပတ်သက်လာတဲ့အတွက် တစ်သက်လုံးက စိတ်ဝမ်းမကွဲဘူးတဲ့ ငွေလနဲ့ကျွန်မလည်း စကားတွေများရတယ်၊ ပြောရတယ် ...

ကျွန်မ ငွေလကိုလည်း သိပ်အံ့ဩတယ်၊ ကျွတ်... ပြောရင်လည်း ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလို ဖြစ်မှာပဲ ထားလိုက်ပါလေ ...

ငွေလ သိပ်အနေလို့ မဟုတ်ပါဘူး ရှင်ကိုက သိပ်တော်နေလို့ပါ"





ကုလားထိုင်နောက်မှီတွင် ခပ်လျော့လျော့မှီထိုင်လျက် သူ့ကို စကားတွေဆိုနေသော ထိုမိန်းမကို သူက မမြင်ဘူးသော သူလို ငေးကြည့်နေမိသည်။

ဒါ့ကြောင့် သူမဟာ တစ်ကိုယ်တော် ရွက်လွှင့်နေဘာကိုး။

သူက ခံစားချက်တစ်မျိုးဖြင့် ပြည့်သိပ်နေသော သူမ မျက်နှာကို အလွတ်ဖတ်နေမိသည်။ သူမ မျက်နှာပေါ်တွင် ခံပြင်းခြင်း၊ မကျေနပ်ခြင်းတို့ ရောပြွမ်းနေလျက် အရိပ်တွေ အမျိုးမျိုးပြောင်းလျက် ရှိလေသည်။

ဆောရီး ရွှေရုပ်ပျို မင်းကို ကိုယ် ဒီလိုတွေ မခံစားစေချင်လှပါဘူး။ မင်း ဒေါသထွက်ရင် ကိုယ် ပျော်တယ်ဆိုပေမဲ့ အပီအပြင် ခံစားနေတာကိုလည်း မကြည့်ရက်ဘူး မကြည့်ချင်ဘူး။

"မင်းက ငွေလနဲ့ကိုယ့်ကို ဘာကြောင့် သဘောမတူနိုင်ရတာလဲ ရွှေရုပ်ပျိုရယ်"

သူက ရွှေရုပ်ပျိုကို ပထမဆုံးအကြိမ် အဖြစ် ညည်းညည်းညူညူ မေးမိတာ ဖြစ်သည်။

"ဘာလို့ သဘောမတူရတာလဲ ဟုတ်လား၊ ရှင်ဟာ lady killer တစ်ယောက် ဖြစ်နေလို့ပဲပေါ့ရှင်၊ အဲဒါဟာ အမိက မကျသေးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တကယ် အခ်ိကကျတာက ရှင်ဟာ ငွေလကို လုံးဝ ချစ်မနေလို့ပဲ၊ ရှင် ငွေလကို မချစ်ပါဘူး၊ ရှင့်အတွက် အစစအရာရာ perfect ဖြစ်တဲ့ မိန်းကလေး တစ်ယောက်မို့ ရှင် ရွေးချယ်လိုက်တာပါ"

"နေဦး ကိုယ် ..."

စကားဖြတ်ပြောဖို့ ဟန်ပြင်သော သူ့ကို သူမက လက်ဝါးတစ်ချက် ကာပြရင်း ...

"ခဏနေဦး မော်ဆရာ ကျွန်မ စကားမဆုံးသေးဘူး၊ ပြီးတော့ ကျွန်မ ပြောသမျှ ရှင်က ဘူးခံငြင်းနေရင်လည်း ဘာမှ မတတ်နိုင်ပါဘူး ...

ဒါပေမဲ့ ကျွန်မ သိထားသမျှတော့ ပြောပါရစေ၊ ရှင့်အဖေက ရှင် ဒီလိုတွေရှုပ်နေတာကို ကြည့်မရလို့ မိန်းမပေးစားဖို့ စီစဉ်တယ်၊ ရှင်က ကိုယ့်ဘာသာ choice လုပ်ချင်တယ်၊ ရှင် ဘာလုပ်လုပ် အကောင်းမြင်တဲ့ နားအေးတဲ့ မိန်းကလေးမျိုးကို လိုချင်တယ်၊ ခြောက်ပစ်ကင်းပေါ့ရှင် ...

ရှင်တို့လို လူမျိုးတွေက ဒီလိုနေရာမှာလည်း သူများထက် အတ္တကြီးကျတယ်၊ ကိုယ်ကသာ အားရအောင် ပွေရှုပ်မယ် ယူရင်တော့ တကယ့် အဖြူထည်ကိုမှ ရှာယူချင်ကြတာ ...





ရှင်ဟာ ဒီလိုအကြံတွေနဲ့တော့ ငွေလကို တကူးတက လိုက်ရှာဖွေခဲ့တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကံကြမ္မာက ရှင်နဲ့ငွေလကို တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းစေခဲ့တယ်၊ ဒါဟာ ငွေလအတွက် ကံဆိုးမှုတစ်ခုပဲ ...

ကျွန်မဟာ ငွေလကို ဖြစ်နိုင်ရင် အိမ်ထောင်သားမွေး အလုပ်ကို မလုပ်စေချင်ဘူး မော်ဆရာ၊ ဒီကမ္ဘာကြီးမှာ ကျွန်မတို့နှစ်ယောက် ဒီတာဝန်ကို မထမ်းဆောင်လို့လည်း ဘာမှဖြစ်မသွားဘူး၊ ဒါပေမဲ့ ငွေလဟာ ကျွန်မနဲ့ထပ်တူ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သဘောပေါက်ပြီးသားပါ ...

ချစ်သူထားမယ်၊ အိမ်ထောင်ပြုမယ် ဆိုရင်လည်း သူ့ကို အမှန်တကယ်ချစ်တဲ့၊ မြတ်နိုးတဲ့၊ တန်ဖိုးထားတဲ့ ယောကျ်ားမျိုးနဲ့ပဲ ဆုံစည်းစေချင်တယ် ...

ရှင်ဟာ ငွေလအပေါ်မှာ လက်လွှတ်စပယ် မလုပ်ဘူးဆိုတာ ကျွန်မ နားလည်တယ်၊ ဒါပေမဲ့ ရှင် ငွေလကို မချစ်ဘူး၊ ဒါဟာ အကြီးမားဆုံး ချို့ယွင်းချက်ပဲ မော်ဆရာ ...

ဒါကြောင့်ပဲ ရှင်နဲ့ငွေလကို ကျွန်မ သဘောမတူရတာ"

သူမရဲ့ စကားအဆုံးတွင် သူ့ရင်ခွင်ထဲမှ တစ်စုံတစ်ရာ ထုတ်ယူသွားသလို ခံစားသွားခဲ့ရပါသည်။

သူ့အကြောင်းတွေကို တိတကျကျ ဖွင့်ဟပြောဆိုသွားသော သူမကို အငိုက်မိသလို သူ ကြည့်နေမိခဲ့သည်။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဘဝ်ယောက်ရဲ့စကားတွင် အငိုက်မိခဲ့သည်ဆိုခြင်းမှာ သူ့ဘဝ အတွက် ဝထမဆုံးအကြိမ် ဖြစ်လေသည်။

သူမကို ပြန်ပြောဖို့ စကားလုံးတွေကို သူ အတော် အားတင်ကာ ရှာဖွေနေရသည်။

သူမက သူ့ကို ခပ်ထေ့ထေ့ ပြုံးကြည့်လာရင်း လက်ဖက်ရည်ကို အရသာခံနေဟန်ဖြင့် တစိမ့်စိမ့် ယူသောက် ကာ ...

"ကျွန်မ ပြောတာတွေက အမှန်တွေပဲ မဟုတ်လား မှော် ဆရာ၊ ပွင့်ပွင့်လင်းလင်းပေါ့"

သူက ဘာမှ ပြန်မပြေနိုင်ချေ။ သူမ မျက်နှာကို သာ ငေးမောနေမိသည်။ ပြီးတော့ သူမဟာ သူ့စိတ်ကို ဘာကြောင့် ဒီလောက်တောင် သိနိုင်စွမ်း ရှိတာလဲ။ ငွေလတောင် သူ့ချစ်သူ ဖြစ်ခဲ့လျှင် သူ့စိတ်ကို ဒီလောက် သိနိုင်မယ် မထင်ပေ။

"ရွှေရုပ်ပျို ကိုယ် တစ်ခုလောက် မေးပါရစေ၊ မင်းရဲ့ စကားတွေထဲမှာ အချစ် အချစ်နဲ့ ခဏ ခဏပါနေတာ တွေ့ရတယ် ...

please မင်း အချစ်ကို တွေ့ဖူးလို့လား"

သူမ မျက်နှာက နည်းနည်းလေးမှ ပြောင်းလဲသွား ခြင်း မရှိပေ။

"လုံးဝမတွေ့ဖူးဘူး၊ ဘယ်တော့မှလဲ တွေ့လာမှာ မဟုတ် ဘူး၊ အဲဒါ အသေအချာပဲ"





"သေချာလို့လား၊ မတွေ့ဖူးသေးဘူး ဆိုတာကိုတော့ လက်ခံ ပါတယ်၊ ဘယ်တော့မှ တွေ့လာမှာ မဟုတ်ဘူးဆိုတာကို တော့ စကားကို အကုန်မပြောနဲ့နော်"

သူက သူမရဲ့မျက်နှာကို ပြုံးကြည့်ကာ လက်ညှိုး တစ်ချောင်းယမ်းလျက် ပြောလိုက်သည်။ သူမက နဂိုတပ်ဆင်ဖူး သော မဲ့ပြုံးအတိုင်းပြုံးကာ ...

"ကျွန်မက အစားကိုလည်း ကုန်အောင်စားတယ်၊ စကားကို လည်း ကုန်အောင်ပြောတယ်"

"မင်းက အချစ်ကို အယုံအကြည်မရှိတဲ့ လူတစ်ယောက် လား ရွှေရုပ်ပျို"

"သိပ်သေချာတာပေါ့၊ ရှင်လည်း ဒီလိုပဲ မဟုတ်လား၊ ဒါကြောင့် ရှင်နဲ့ကျွန်မဟာ မြွေမြွေချင်း ခြေမြင်နေတာ...

ဒါပေမဲ့ အချစ်ကို မယုံကြည်ကြသူ အချင်းချင်းမှာမှ ရှင်နဲ့ကျွန်မဟာ ရုပ်တည်ပုံ ကွဲပြားတယ်၊ ကျွန်မက မယုံ ကြည်လို့ ခပ်ကင်းကင်းနေတယ် ...

ရှင်က မယုံဘဲနဲ့ ဆော့ကစားတယ်"

သူက မျက်ခုံးနှစ်ဖက်ကို မြင့်တက်လိုက်လျက် ရယ်ဟဟဖြင့် ...

"ဟား ... ဆော့ကစားတယ်၊ မင်းက အချစ်ကိုလည်း အယုံအကြည်မရှိဘူး ပြောသေးတယ်၊ အချစ်ဆိုတာ မရှိဘဲ နဲ့ ဆော့ကစားလို့ ရလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားပါဘဲနှင့် သူနှင့် သူမတို့၏ စကားဝိုင်းက ဗိုလ်၍ ရှင်သန်တက်ကြွလာလေသည်။ သူ ထင်တာထက်ကို သူမက ဆွဲဆောင်မှု ရှိသည်။

ပြီးတော့ စကားပြောလို့ ကောင်းသည်။ သူမနှင့် စကားပြောရတာ အခြားမိန်းမတွေနှင့် စကားပြောရတာလို မဟုတ်ချေ။ သူ့မျက်လုံးတွေကို တည့်တည့်ကြည့်လျက် သူနှင့် သူနှင့်ဆန့်ကျင်ဘက် စကားတွေကို ဆိုတတ်သော သူမကို သူ ငြိနေပြီ။

"ရလား မရလား ရှင်ကိုယ်တိုင် အသိဆုံးပဲလေ၊ ကျွန်မက အချစ်ကို မရှိဘူးလို့ ပြောတာမှ မဟုတ်တာ၊ အချစ်ဆိုတာ ဒီကမ္ဘာကြီးပေါ်မှာ ရှိကိုရှိတယ်၊ ဒါပေမဲ့ မကောင်းတာတွေ များနေတယ် ...

သူ့ကို သွားကစားလို့ မရဘူး၊ အချစ်ကို ဆော့ကစားလို့ မရဘူး၊ သူက ယုံကြည်ဖို့ ကောင်းတဲ့အရာ မဟုတ်ဘူး ...

ရှင်လည်း ဗုဒ္ဓဘာသာတစ်ယောက် ဟုတ်မှာပါ၊ သံသရာဆိုတာ စက်ဝိုင်းလို တစ်ပတ် ပြန်လည်တတ်ပါတယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား ...

ဒီအချိန်မှာ ရှင်က အချစ်ကို ဆော့ကစားတယ်၊ နောင်တစ်ချိန်ကျ အချစ်က ရှင့်ကို ပြန်ကစားလိမ့်မယ်"





ဒီစကားကြောင့် မျက်နှာမပျက်သွားစေရန် သူ အတော်ထိန်းသိမ်းထားလိုက်ရသည်။ သူမကတော့ ခပ်အေးအေးပင် စားပွဲထိုးကို လက်ခုပ်တီးခေါ်လာ ဘီလ်ရှင်းနေချေပြီ။

"နေ ... နေပါစေ ရွှေရုပ်ပျို၊ ကိုယ် ရှင်းလိုက်ပါ့မယ်"

သူမက စားပွဲထိုးလေးရဲ့ လက်ထဲသို့ တစ်ထောင်တန်တွေ ထိုးထည့်ပေးရင်းမှ ...

"ရွှေရုပ်ပျို့ရဲ့ ရာဇဝင်မှာ ဘယ်ယောကျ်ားတစ်ယောက်ကျွေးတာကိုမှ မစားဘူးသလို ဘယ်ယောကျ်ားအတွက်မှလည်း ငွေထည့်မရှင်းဖူးဘူး မှော်ဆရာ ...

အခုတော့ နောက်တစ်ခုကို လျှော့လိုက်တယ်၊ ဒါကိုမှ ရှင် မကျေနပ်ဘူးဆိုရင်လည်း အမေရိကန်စစ်စတမ်ပဲ သုံးကြတာပေါ့"

သူက သူ့အတွက်ပါ သူမ ငွေရှင်းပေးလိုက်တာကို အောင့်သက်သက်ဖြင့် သဘောတူ လက်ခံလိုက်ရသည်။

"မင်း ပြန်တော့မလို့လား ရွှေရုပ်ပျို"

"ဟုတ်တယ်"

သူမက မတ်တပ်ထရပ်ကာ walletကို ဘောင်းဘီနောက်အိပ်ကပ်ထဲ ထိုးထည့်ရင်း ရှုတည်တည်ဖြင့် ဖြေလေသည်။

ထိုမိန်းမ၌ သံလိုက်အားများ ရှိနေလားတော့ မပြောတတ်ချေ။ သူသည် သူမအနားမှ မခွာလိုသေး၊ မခွဲချင်သေးချေ။

"ခဏ ... ခဏလေးပါ"

www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားပြီဖြစ်သော သူမက သူ့ကို သခင်လည်ပြန် လှည့်ကြည့်လာသည်။ သူသည် ရုတ်တရက် ဝိုင်းတိုင်း သိချင်းကို သွားသတိရသွားသည်။

ခေါ်ပြီးမှ သူ ဘာပြောရမှန်း မသိချေ။ ထို့ကြောင့် အဆင်ပြေဆုံး ဖြစ်မည့် ...

"ငွေလနဲ့ မင်းနဲ့ကို အဆင်ပြေစေချင်တယ်"

"မလိုပါဘူး၊ အဲဒါ ကျွန်မတို့ အကန့်ပါ၊ ယောကျ်ားတစ်ယောက် ဝင်ညှိပေးမှ ပြန်ပြေလည်ခွင့်ရမယ်ဆိုရင် ကျွန်မတို့ သိပ်ညံ့ရာ ကျသွားမယ်"

သူမက စကားပြောပြီးတာနှင့် ချာခနဲ ထွက်သွားလေသည်။

သူသည် ထိုင်ရာမှာ တစ်ဦးတည်း ကျန်နေရစ်ခဲ့သည်။ ကြည့်စမ်း ဘယ်မိန်းကလေးနဲ့ပဲဖြစ်ဖြစ် သူက ချန်ထားခဲ့ကာ စတင် ထွက်သွားတာချည်းပဲ ဖြစ်သည်။

သူမနှင့်ကျမှ ...

သူ့နားထဲတွင် ရွှေရုပ်ပျို ပြောသွားသောစကားတွေက record လုပ်ထားသလို စွဲမြဲစွာ ကျန်ရစ်ခဲ့သည်။ အချစ်ဟာ ကိုယ့်ကို ပြန်ကစားမယ်တဲ့။

မှန်သင့်သလောက် မှန်နေခဲ့ပြီ ရွှေရုပ်ရယ်။







အခန်း(၁၅)

ရွှေရုပ်သည် အခုဆိုလျှင် ဘာသဘောနှင့် ကိုယ့်ကို လာရောချင်နေမှန်းမသိသော မော်ဆရာကို အရင်ကထက် ပို၍ သတိထားနေရသည်။ မော်ဆရာဟာ နည်းလမ်းတစ်ခု ပြောင်းကာ သုံးနေသည်ဟု ရွှေရုပ် ထင်သည်။ အခု တလောတွင် ရွှေရုပ် ဘယ်သူ့ကိုမှ အလိုမကျ၊ အရာ အားလုံးဟာ ရွှေရုပ်ရဲ့ မျက်စိထဲတွင် ထော်လော်ကန့်လန့် တွေချည်းသာပင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေလ ဟူသော မိန်းမသည်လည်း အခုတလော တွင် ထိန်းမရ သိမ်းမရတော့။ မော့်ဟူသော လူသားထံမှာ အကြီးအကျယ် ပျော်ဝင်ကျရှုံးလျက် ရှိနေသည်။

နောက်ဆုံးတွင် ရွှေရုပ်သည် ဘယ်လိုမှ ပြောမရသည့် အဆုံး၌ အညာကိုကိုင်သော နည်းလမ်းကို ရွေးချယ်ခဲ့လေသည်။ အဲဒါကတော့ ငွေလရဲ့အမေ အန်တီနှင်းကို မော့်အကြောင်းတွေ ပြောပြဖို့ ဆုံးဖြတ်လိုက်တော့တာ ဖြစ်သည်။ ရွှေရုပ်သည် အန်တီနှင်းကို အပြင်တစ်နေရာမှာ ချိန်းဆိုလိုက်သည်။

ရွှေရုပ် ချိန်းထားသော ယိုးဒယားစားသောက်ဆိုင် လေးသို့ အန်တီနှင်း ရောက်လာလျှင် ...

"အန်တီနှင်း ဘာသုံးဆောင်မလဲ၊ ရော့ ... ကြိုက်တာ မှာပါ"

အန်တီနှင်းသည် Menu ကို ကြည့်ပင် မကြည့်ဘဲ ...

"အဲဒါ အသာထားပါ ရွှေရုပ်ရယ်၊ အရေးတကြီးကိစ္စ မို့လို့ အိမ်ကိုတောင် မလာနိုင်ဘဲ အန်တီ့ကို ချိန်းရတာ လဲ"

ရွှေရုပ်က လွှင့်လွှင့်မျှပြီးကာ အန်တီနှင်း အတွက် လိမ္မော်ရည် ငှဲ့ထည့်ပေးရင်းမှ ...

"ပြောမှာပေါ့ အန်တီနှင်းရယ်၊ ဒီလောက်ကြီးလည်း ထိတ်လန့်မနေပါနဲ့၊ ကဲ ... အန်တီနှင်း မမှာရင် ရွှေရုပ်ပဲ မှာလိုက်တော့မယ်"





ရွှေရုပ်က အစားအသောက်တချို့ကို မှာကြားပြီး လျှင် အန်တီနှင်းကို ပြုံးတုံ့တုံ့ ကြည့်လိုက်သည်။

"အန်တီနှင်း ငွေလကို ယောကျ်ားပေးစားဖို့ စဉ်းစားနေလား"

"စဉ်းစားတယ်လို့လည်း မဟုတ်ဘူးပေါ့ကွယ်၊ သူလည်း နှစ်သက်သဘောကျမဲ့ သင့်တော်မှုလည်း ရှိတယ် ဆိုရင် တော့ အန်တီ စဉ်းစားရမှာပေါ့"

ရွှေရုပ်သည် လှစ်ခနဲ တစ်ချက်ပြုံးကာ ...

"ဒါဖြင့် မသင့်တော်ဘူးဆိုရင်တော့ ငွေလ သဘောကျ လည်း အန်တီ သဘောမတူနိုင်ဘူးပေါ့နော်"

"ဘယ်လို ရွှေရုပ်၊ သမီးရဲ့စကားမှာ အဓိပ္ပာယ်တစ်ခု ပါနေသလိုပဲ၊ သမီး ဘာကို ဆိုလိုချင်တာလဲ"

"အန်တီ ရွှေရုပ်ကို ယုံတယ် မဟုတ်လား၊ ရွှေရုပ်ဟာ ငွေလအပေါ်မှာ ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ လည်း အန်တီ သိတယ် မဟုတ်လား"

"သိပါတယ် ရွှေရုပ်ရယ်၊ ဒါတွေ ပြောမနေပါနဲ့တော့ သမီး သိတာတွေသာ အန်တီ့ကို ပြောပြစမ်းပါ၊ ခုလောလော ဆယ် ငွေလနဲ့ ပတ်သက်တာ မော့် တစ်ယောက်ပဲ ရှိတယ်၊ သမီး ပြောချင်တာ မော့်အကြောင်းများလား"

"သိပ်မှတ်တာပေါ့ အန်တီ၊ မော့်ဆိုတဲ့ လူဟာ နာမည်နဲ့ လိုက်အောင် မော့်အောင်တဲ့ ယောကျ်ားပဲ အန်တီ၊ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



lady killer တစ်ယောက်ပါ၊ သမီးရဲ့ ဖတ်စ်ကာစင် ညီမလေးရှောင် သူနဲ့ ဖြစ်ဖူးတယ် ...

မိန်းကလေးတွေကို တန်ဖိုးထားတဲ့သူ မဟုတ်ဘူး အန်တီ ...

မိန်းကလေးတွေရဲ့ ခံစားချက်ကို အလေးမထားဘူး နှမ မရှိတိုင်း နှမချင်း စာနာမှု မရှိဘူး၊ မိန်းကလေး တစ်ယောက်ကို သူ တွဲလို့ ပျင်းလာရင် ဖြတ်ပစ်လိုက်ရော၊ အဲဒါ မော်ပဲ အန်တီ"

အန်တီနှင်းသည် ရင်ဘတ်ကို စုံမိလျက် ...

"ဘုရား ... ဘုရား ဒါတွေက တကယ်လားကွယ်"

"ဒါတွေက တကယ်၊ အဲဒီ့ တကယ်ထက် ဆိုးတာ နောက်တစ်ခုက သူ ငွေလကို ချဉ်းကပ်ကာ သဘောရိုးနဲ့ မဟုတ်ဘူး အန်တီ၊ ငွေလဟာ ရိုးသားတယ်၊ အေးဆေး တယ်၊ ဣန္ဒြေရှိတယ်၊ အန်တီလည်း သိတဲ့အတိုင်း တစ်ခါ မှတောင် ရည်းစားထားခဲ့ဖူးတာ မဟုတ်ဘူး ...

တကယ့် အဖူးအစင်လေးကိုမှ သူက choice လုပ် လိုက်တာပါ အန်တီ၊ ရွှေရုပ် ငွေလကို အကြိမ်ကြိမ်အခါခါ သတိပေးခဲ့ဖူးပါတယ်၊ ငွေလရဲ့ ပုံစံဟာ ဒီလိုလူမျိုးတွေ အကြိုက်ဖြစ်ချင်စရာ ဖြစ်နေတဲ့အတွက် အမြဲ သတိထားဖို့ အတွက်ပါ ...





သူ ငွေလကို မချစ်ဘူး အန်တီ၊ သူ လိုးဝ ချစ်မနေဘူး၊ ငွေလကို တကယ်မေတ္တာရှိလို့ လက်ထပ်ချင်တာ မဟုတ်ဘူး၊ သူ့အတွက် ပွဲတက်မယားကောင်းကောင်း လိုချင်လို့ ရွေးခဲ့တာ"

အန်တီနှင်းသည် မျက်စိပျက် မျက်နှာပျက်ဖြင့် ...

"အမယ်လေး ... ကြားရတာတွေက မထိတ်သာ မလန့်သာ ရှိလိုက်တာ ရွှေရုပ်ရယ်၊ ဒါတွေကို ငွေလက မသိဘူးလား"

"သိတာပေါ့ အန်တီရယ်၊ ဒါပေမဲ့ ငွေလက ဒီကိစ္စမှာ မူကြို့အဆင့်ပါ၊ ဟိုလူက ဆရာကြီးပေါ၊ ရွှေရုပ် မရှိတုန်းမှာ ငွေလကို ကောင်းကောင်းကြီး ကျူးသွင်းထားနိုင်တယ်၊ ငွေလဟာ သူ့မှိုင်းတွေ မနည်းမနော မိနေခဲ့ပြီ အန်တီ"

"အို ... ဒါဖြင့်ရင် အန်တီ ဘာလုပ်ရမှာလဲ ရွှေရုပ်ရယ်၊ သူတို့က ရည်းစား ဖြစ်သွားကြပြီလား"

အန်တီနှင်းသည် ရွှေရုပ်ကိုဆိုလျှင် လူကြီးသူမ တစ်ယောက်လို အစစအရာရာ တိုင်ပင်လျက်ရှိလေရာ အခုကိစ္စမှာ လည်း ရွှေရုပ်ကိုပင် အကြီးအကျယ် အားကိုးမိလေသည်။

"မဖြစ်သေးပါဘူး အန်တီ၊ ဒါပေမဲ့ ငွေလကတော့ ကြွေကျ နေတာတစ်စစ်ပဲ၊ ဒါကို ဟို ... မော်ဆရာကလည်း သိတယ် ...

ဒီတော့ အေးဆေးပဲပေါ့ အန်တီရယ်၊ ဒူးနဲ့ပြီး စောင့်နေတော့တာပေါ့၊ ဒီလိုလူမျိုးနဲ့ ရလို့ကတော့ ငွေလ ဒူးနဲ့ မျက်ရည်သုတ်နေရမှာပဲ အန်တီ ...



www.burmeseclassic.com

www.burmeseclassic.com



ငွေလကို ရွှေရုပ်ရဲ့မေမေလို မဖြစ်စေချင်ဘူး အန်တီ၊ သူ့ကို ဒုတိယ ဒေါ်မြအေးပျို မဖြစ်မခံနိုင်ဘူး"

ရွှေရုပ်ရဲ့ ပွင့်လင်းဖြောင့်ကျလှသော စကားကို ကြားလျှင် အန်တီနှင်း၏ မျက်နှာသည် ပြင်မရအောင် ပျက်ထွက်၍ သွားလေသည်။ ရွှေရုပ်ရဲ့ ဒယ်ဒီသည် လူမျိုးဘ၀တည်းက ရည်းစားသနာ များခဲ့သည်။ မေမေနှင့် ညားပြီး ရွှေရုပ် ငါးနှစ်သမီးလောက်ထိတော့ ခြေငြိမ်သွားပြန်သည်။ သို့သော် ဒုံရင်း ဒုံရင်းပင်။

ရွှေရုပ် ဆယ်နှစ်သမီးလောက်မှာ မေမေတို့၏ ပဋိပက္ခကား အတော်ပြင်းထန်၍ နေချေပြီ။

အန်တီနှင်းသည် ရွှေရုပ်ရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်လျက် ...

"အန်တီ ဘာလုပ်ရမလဲ သမီးရယ်၊ အန်တီတော့ ဘာမှ မစဉ်းစားတတ်တော့လောက်အောင်ပါပဲ"

"အန်တီ မော်ဆရာကို သဘောကျလား"

"အစပိုင်းတုန်းကတော့ သူ့ပုံစံက နှစ်လိုဖွယ် ကောင်းတာကိုး သမီးရယ်၊ ဒီလိုပုံမျိုး ဒီလို character မျိုး ရှိတယ်ဆိုတာ သိမှ မသိရတာ"

"အဲဒါ သူ့အစွမ်းပဲလေ အန်တီ၊ သူက တော်လ်ကီ အရမ်းကောင်းတယ်၊ အန်တီ့ဆိုရင်လည်း အန်တီ့ကိုမို့လို့၊ အန်ကယ့်ကိုဆိုရင်လည်း အန်ကယ်လ့်ကိုမို့လို့ ပိအောင်





ပေါင်းနိုင်တယ်၊ ငွေလကိုလည်း ဘယ်လိုပစ်ကျသွားအောင် လုပ်ရမလဲ သူ သိတယ်၊ ဒီကောင် လူလည် အန်တီ"

"အန်တီ ငွေလကို ပျောင်းဖျပါ့မယ် သမီးရယ်"

ရွှေရုပ်က မဲပြုံးစွက်သော အပြုံးတစ်ခုဖြင့် ...

"ရမယ် မထင်ဘူး အန်တီ၊ ငွေလ သူ့ကို တော်တော်စွဲလမ်းနေပြီ၊ မမြင်မှုး မူးမြစ် ထင်နေပြီ"

"အို ... သူ့ဟာသူ ဘာထင်ထင် အန်တီကတော့ မော်နဲ့ လုံး၀ သဘောမတူနိုင်တော့တာ အမှန်ပဲ၊ သူ့အဖေသိရင်လည်း ဒီလိုပဲ နေမှာပဲ"

"အကောင်းဆုံးကတော့ ငွေလကို သင့်တော်ရာနဲ့ အိမ်ထောင်ချပေးလိုက်တော့ အန်တီ၊ ဒီအတိုင်းထားလို့ကတော့ ဇာတ်လမ်းက ပြတ်မှာ မဟုတ်ဘူး ...

မော်ဆရာကလည်း နိုးပြေးသွားနိုင်တယ်"

အန်တီနှင်းသည် ရင်ဘတ်ကို စုံဖိလျက် ...

"အမယ်လေး ဒီလိုတော့ မဖြစ်ပါဘူး၊ ဒုက္ခပါပဲ နိုးပြေးကြရင်တော့ အန်တီ သေလိမ့်မယ်ကွယ်၊ လုပ် ... လုပ်ပါဦး ရွှေရုပ်ရယ် ...

အန်တီ ဘာလုပ်ရမလဲ"

"အခုလောလောဆယ်တော့ ဒီအတိုင်းလေးပဲ အသာမျောနေလိုက်ပါ အန်တီ၊ ကြားထဲမှာ ငွေလအတွက် သင့်တော်ရာကို အန်တီတို့လဲ ရှာချင်ရှာပါ၊ ရွှေရုပ်လည်း ရှာမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အစိုက အစိုက ရိုးသားအေးချမ်းတဲ့လူ ဖြစ်ဖို့ပဲ အန့်တီ၊ ငွေလကို တကယ်ချစ်တဲ့လူ ဖြစ်ဖို့ပဲ ...

မော်ဆရာဟာ ပွဲရ ရှုပ်ရတဲ့ကြားထဲ ငွေလကိုလည်း လုံးဝချစ်မနေဘဲ စိမ်ကိန်းတစ်ခုလို လက်ထပ်ချင်တာတော့ တကယ်ကို ဆိုးလွန်းတယ် အန့်တီရယ်”

“ဟုတ်တယ် ရွှေရုပ်ရယ်၊ ရွှေရုပ် ပြောပြပေးလို့သာပါပဲ ကျေးဇူးအများကြီး တင်ပါတယ် ရွှေရုပ်ရယ်၊

ရှေ့ဆက်ပြီးတော့လည်း ငွေလကို စောင့်ရှောက်ပါ၊ ကူညီပါ၊ ကာကွယ်ပါ၊ ငွေလနဲ့ ပတ်သက်သမျှ အန့်တီ့ကို အသိပေးပါ ...

သမီးကို အန့်တီ အားကိုးပါတယ်”

“စိတ်ချပါ အန့်တီနှင်း၊ ငွေလကို ရွှေရုပ် မေမေလိုဘဝမျိုး ဘယ်တော့မှ မဖြစ်စေရဘူး၊ ရွှေရုပ် အာမခံတယ်”

ရွှေရုပ်သည် အန့်တီနှင်းကို အာမခံချက် ရဲရဲကြီး ပေးကာ တောက်တောက်ပပ တစ်ချက်ပြုံးလိုက်သည်။

စိတ်ချ မော်ဆရာ၊ ဒီတစ်ခါ ရှင့်အလှည့်ပဲ။

Lady Killer တွေဆို ကြည့်မရအောင် မုန်းတတ်တဲ့ ရွှေရုပ်ပျို့ရဲ့အကြောင်း ကောင်းကောင်းကြီး ရှင် သိသွားစေရတော့မှာပါ”







အန့်တီနှင်းသည် မော်ဆရာ့ကို ဘယ်လောက်တောင်များ ထိတ်လန့်သွားသည်လဲတော့ မသိချေ။ တစ်ပတ် အတွင်းမှာပင် ငွေလနှင့် သဘောတူ လက်ထပ်ပေးဖို့အတွက် အမျိုးကောင်းသားတွေကို ရှာဖွေစုဆောင်းလာသည်။ ပြီးတော့ ရွှေရုပ်နှင့် တိုင်ပင်သည်။ ဒီတစ်ခါတော့ ရွှေရုပ်ရဲ့ အိမ်ကိုပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာ ဖြစ်သည်။

“ကဲ ... ရွှေရုပ်လည်း စဉ်းစားပါဦးကွယ်၊ အားလုံးကတော့ စိတ်ချရတဲ့ လူတွေချည်းပါပဲ၊ ရွှေရုပ်က ငွေလနဲ့ အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သူဆိုတော့ သူ ဘယ်လို လူမျိုးကို သဘောကျနိုင်သလဲ ဆိုတာ”

ရွှေရုပ်သည် ဓာတ်ပုံတွေကို တစ်ပုံချင်း စေ့စေ့စပ်စပ်ကြည့်ရှုကာ ငွေလ သဘောကျတဲ့လူကတော့ မျော်ဆရာပဲဟု တီးတိုးပြောနေမိလေသည်။

အင်း ... စိတ်မကောင်းပါဘူး ငွေလရယ်၊ နင့်ဘဝကောင်းစားဖို့အတွက်ပါ။

“သူက ဘယ်သူလဲ အန်တီနှင်း”

ရွှေရုပ်သည် သိပ်အချောစားကြီး မဟုတ်သော်လည်း ကြည့်ကောင်းသည့်ရုပ်သွင်နှင့် ရှင်းသန့်နေသော လူတစ်ယောက်ကို လက်ညှိုးနှင့်ထောက်ပြကာ မေးလိုက်သည်။ အသက်ကလည်း ရွှေရုပ်တို့နှင့် သိပ်ကွာပုံမရလှ။

အလွန်ဆုံး နှစ်နှစ် သုံးနှစ်သာပင်။

“သြော် ... သူက ဆရာဝန်ကွယ့်၊ အန်တီနှင်း သူငယ်ချင်းရဲ့ သား၊ အခု မြောက်ဥက္ကလာဆေးရုံကြီးမှာ တာဝန်ကျနေတယ်။ ဒေါက်တာမျိုးသန့်စင်တဲ့၊ သူ့အမေ အန်တီ့ သူငယ်ချင်းက ငွေလကို သိပ် ချွေးမတော်ချင်တာ”

ရွှေရုပ်သည် ဒေါက်တာမျိုးသန့်စင်ဟူသော ဆရာဝန်လေး၏ ဓာတ်ပုံကို သဘောတကျ ပြုံးကြည့်လျက် ...

“သူကရော အန်တီနှင်း ”



“ငွေလကိုလား သူကလည်း နှစ်သက်တဲ့ပုံပဲ၊ ဒါပေမဲ့ ဒီကလေးက အေးရှာပါတယ်၊ ဆေးပညာကိုပဲ စိတ်ဝင်စားတယ်”

“သူ မဆိုးဘူး အန်တီ၊ ငွေလနဲ့အသက်လည်း သိပ်မကွာဘူး ရိုးသားအေးဆေးတဲ့ ပုံလည်းရှိတယ်၊ ယောကျ်ားပီသပြီး ကြင်နာတတ်တဲ့လူမျိုးလို့ ရွှေရုပ် အကဲခတ်မိတယ် ...

ဆရာဝန်ဆိုတော့ အန်တီလည်း အားကိုးရတာပေါ့ အဟင်း ... ဟင်း”

အန်တီနှင်းသည်လည်း အခုမှပင် ပြုံးပြုံးနှင့် ခေါင်းညိတ်တော့သည်။

“ဟုတ်တယ် ရွှေရုပ်ရေ၊ ကိုမျိုးကို အန်တီလည်း သဘောကျတယ်၊ ဒါဆို ရွှေရုပ်နဲ့ အန်တီ စိတ်ချင်းတူတာပေါ့”

ရွှေရုပ်သည် ခေါင်းတဆတ်ဆတ် ညိတ်ရင်းမှ ဒေါက်တာမျိုးသန့်စင်၏ ရုပ်ကို ဦးနှောက်ထဲမှာ ဓာတ်ပုံရိုက်ထားသလို စွဲနေအောင် မှတ်ထားလိုက်၏။

“ရွှေရုပ်တို့က ငွေလကို ကောင်းစားစေချင်တဲ့ သူတွေပဲ အန်တီ စိတ်ချင်းတူကြတာပေါ့ ...

ဒေါက်တာမျိုးသန့်စင်ရဲ့ history ကိုလည်း ရွှေရုပ် စုံစမ်းပါဦးမယ်၊ အိုကေတယ်ဆိုရင် လုပ်ရှားကြတာပေါ့”

အဲဒီနောက်မှာတော့ ရွှေရုပ်သည် ထိုဆရာဝန်၏ သတင်းကို အမိအရ စုံစမ်းသည်။ ဘာမှ နာမည်ပျက်မရှိ။ ရည်းစား

www.burmeseclassic.com

www.burmeseclassic.com



ပင်လျှင် မယ်မယ်ရရ မရှိချေ။ ဆေးရုံ အသိုက်အဝန်းမှာလည်း လူချစ်လူခင်ပေါသူ၊ အလုပ်၌ စိတ်ဝင်စားကာ တက်ကြွသူ၊ ဆေးပညာ၌တော်သူ စသဖြင့် ဂုဏ်ပုဒ်ကောင်းတွေကိုသာ ကြားရသဖြင့် အန်တီနှင်းကို မီးစိမ်းပြလိုက်လေသည်။

အန်တီနှင်းသည်လည်း ဘယ်လို တက်တက်ကြွကြွ စီစဉ်လိုက်သလဲ မပြောတတ်ချေ။ တစ်လအတွင်းမှာပင် ငွေလကို စေ့စပ်ဖို့ ဖြစ်လာသည်။ဒီတော့မှ ငွေလသည် ရွှေရုပ်ကို ဘာမှ မသိသေးဘူးဟု ထင်ထားသောပုံစံဖြင့် မရှုနိုင်မကယ်နိုင် ပြေးလာတော့တာ ဖြစ်သည်။

"ရွှေရုပ် ငါ့ကို မေမေက စေ့စပ်ပေးတော့မယ်တဲ့၊ အဲဒါ နင် သိလားဟင်"

ငွေလ ပျာနေသလောက် ရွှေရုပ်ကတော့ အေးဆေးပင် ဖြစ်သည်။

"သိသားပဲ"

"ဟယ် ... နင်သိတယ်၊ ဘယ်တုန်းက နင်သိတာလဲ၊ ငါ့ကို ဘာလို့ ကြိုမပြောပြတာလဲ"

"ဘာကိစ္စ ကြိုပြောရမှာလဲ၊ အခုလည်း သိပြီပဲ မဟုတ်လား"

ရွှေရုပ်ရဲ့ သွေးအေးအေး ပုံစံကို ငွေလသည် မသင်္ကာသလို စိုက်ကြည့်၍ နေသည်။

"အဲဒါ ဘာဖြစ်တာလဲ၊ ဘာကိစ္စ ငါ့ကို ယောကျ်ားပေးစားဖို့ အားချင်း စီစဉ်ရတာလဲ၊ အခိပ္ပာယ်မရှိဘူး"





"အဓိပ္ပာယ်ရှိတယ် ငွေလ၊ ဘယ်မအေကမှ ကိုယ့်သမီးကိုယ် ဒူးနဲ့မျက်ရည်သုတ်ရမဲ့ အဖြစ်မျိုးကို လိုလားကြမှာ မဟုတ်ဘူး ...

အားလုံးဟာ နင့်အတွက် စိုးရိမ်ပူပန်နေကြတာ၊ ဒီအမှားက မှားသွားရင် တစ်သက်လုံး ပြင်လို့မရမဲ့အမှား၊ နင် ဘဝပျက်မဲ့ အမှား ...

နင့်အတွက် မျိုးသန့်စင်က အသင့်တော်ဆုံးပါ ငွေလ ...

သူနဲ့ လက်ထပ်ရင် နင် ပျော်ရမှာပါ"

ငွေလရဲ့မျက်နှာသည် ထင်မှတ်မထားတဲ့တွေကို ကြားရသူပီပီ ပထမတော့ အံ့ဩသလို ဖြစ်သွားပြီးလျှင် အရာအားလုံးကို သဘောပေါက်သလို ရှိသွားသလိုဖြင့် တဟားဟားရယ်မောလိုက်၏။ ထိုရယ်မောသံတွင် နာကြည်းသံတွေပင် စွက်၍ နေလေသည်။

"ဩော် ... လက်စသတ်တော့ ဒါရိုက်တာက နင်ပေါ့လေ၊ ဟုတ်လား ရွှေရုပ်၊ နင်က ဆရာမကြီးပေါ့၊ မော်ရဲ့အကြောင်းတွေကို နင့်မေ့မေ့ကို သွားပြောလိုက်တာပေါ့"

"ဟုတ်တယ် ... ငါပြောလိုက်တာပဲ၊ ငါ မဟုတ်မမှန်တာ ဘာတစ်ခုမှ မပြောဘူး၊ ဟုတ်တာတွေပဲ ပြောခဲ့တာ၊ အဲဒါ နင့်အတွက် ငွေလရဲ့ ... နင့်အတွက်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ"

ငွေလရဲ့ ခါးခါးသီးသီး အော်ဟစ်သံက ရွှေရုပ်ရဲ့ နားထဲသို့ ကြမ်းကြမ်းရှရှ တိုးဝင်၍ လာလေသည်။ ငွေလ ကြည့်သော မျက်လုံးများကို တစ်သက်မှာ တစ်ခါမျှ မမြင်ဖူး သေးချေ။ ရွှေရုပ်ကို အခဲမကျေသည့် မျက်လုံးများ။

"နင့်ကိုယ်နင် ဘာထင်နေလဲ ရွှေရုပ်၊ ဟင် ... ငါ့ဘဝကို နင်က အစစအရာရာ ဝင်ဆုံးဖြတ်နေရအောင် နင်က ဘာမို့လဲ၊ နင် လုပ်ပုံတွေ လုံးဝ မဟုတ်တော့ဘူး၊ အရမ်း တရားလွန်နေပြီ၊ ငါ သည်းမခံနိုင်တော့ဘူး ရွှေရုပ်၊ငါ့ဘဝ ကို နင့် စိတ်တိုင်းကျ ချယ်လှယ်နေရအောင် နင်က ငါ့အမေ မဟုတ်ဘူး၊ ငါ့ကိစ္စမှာ နင် ဘာဝင်ပါနေစရာ မလိုဘူး"

ငွေလသည် အော်လည်းအော်ကာ မျက်ရည်တွေ လည်း စီးကျလာလျက် ရှိသည်။ ရွှေရုပ်က ငွေလကို ဘာမှပြန်မပြော ဘဲ ခပ်စိမ်းစိမ်း ကြည့်လျက်ရှိသည်။ ရွှေရုပ်ရဲ့ဘဝတွင် တစ်ဖက်သား က အော်ဟစ်ပြောဆိုခြင်းခံရသည်မှာ ဒါပထမဆုံးပင်။ ပြီးတော့ သူများက ပြောတာမဟုတ်ဘူး။ ရွှေရုပ်ရဲ့ဘဝမှာ မေမေပြီးတော့ အချစ်အခင် အတွယ်တာရဆုံးမှာ ငွေလပဲ ဖြစ်သည်။ ငွေလပြောခြင်း ဖြစ်သည့်အတွက် ရွှေရုပ်သည် shock ရသလို ဖြစ်သည်။

"ငွေလ ... နင်ရူးနေပြီ သိလား၊ နင့်ကိုယ်နင် သတိထားပြီး ကြည့်ကြည့်စမ်းပါ နင် ရူးနေပြီ၊ ရက်ဖို့ကောင်းလိုက်တာ





ငွေလရယ်၊ ယောကျာ်းတစ်ယောက်အတွက်နဲ့ နင်ဖြစ်ပျက် နေတာ ရှက်ဖို့ကောင်းလိုက်တာ"

"ဘာဖြစ်လဲ ... ငါ သူ့ကိုချစ်တယ်၊ ငါချစ်တဲ့ယောကျာ်း တစ်ယောက်အတွက် ငါရူးတာ ဘာဖြစ်လဲ၊ နင်သာ ဆိုက်ကိုဝင်နေတဲ့ မိန်းမ၊ နင့်မှာ အဆိုးမြင်ဝါဒီပဲ ရှိတယ်၊ အရာရာကို သံသယမျက်စိနဲ့ပဲ ကြည့်တတ်တယ်၊ နင်သာ ဦးနှောက် ပျက်မသွားပါစေနဲ့ ရွှေရုပ်"

ရွှေရုပ်သည် ခါးနှစ်ဖက်ကို လက်ထောက်လျက် တဟားဟားနှင့် ခေါင်းမော့ရယ်သည်မှာ တကယ်ပင် ဦးနှောက် ပျက်သွားသလားဟု ထင်ရသည်။

"အဟား ... ဟား မိုက်တယ်၊ ဒါမျိုးမှ သဘောကျတာ၊ နင် သတ္တိတွေ သိပ်ရှိနေတယ်ပေါ့၊ ဟုတ်လား ငွေလ ...

အချစ်အတွက်နဲ့ အရမ်း သတ္တိတွေ ကောင်းပြနေ တယ်ပေါ့ ...

နင် ဘာလို့ အမြင်မှန် မရနိုင်တာလဲ ငွေလရယ်၊ ငါ သိပ်အံ့သြနေတယ် သိလား၊ ဒီလောက် နင် ဖြစ်သွားလိမ့် မယ်လို့ကို ငါ မထင်ထားခဲ့တာ ...

နင့်ကို ... နင့်ကို ငါ ဘယ်လောက်ချစ်ခဲ့လဲ ငွေလ၊ ဟင် ... နင့်အတွက် ဘယ်လောက် ပူပန်သောက ရောက် ခဲ့ရလဲ၊ နင့်ကို ငါ့အမေလို အဖြစ်မျိုး ကြုံမှာဆိုးလို့ ငါ အမှန်းခံနေရတာ။ အခု ငါ့ အမေကိုကြည့် တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာရလား၊ ဟင် ... ဒီလို အဖြစ်မျိုး နှင်ခံနိုင်လား၊ နှင် မရှုံမိုက်စမ်းပါနဲ့ ငွေလရယ်၊ ငါ့ စကားကို နားထောင်စမ်းပါ"

ငွေလသည် စီးကျလာသော မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်ပစ်ရင်း။

"ဘာမှ နားမထောင်နိုင်ဘူး၊ လာမပြောနဲ့ ရွှေရုပ်၊ ဖြစ်ရင်လည်း ငါ့ထိုက်နဲ့ ငါ့ကံပဲ၊ ငါ့ဘာသာ ခံမယ်၊ နှင်ဘာမှ ဝင်ပူနေစရာ မလိုဘူး ...

နှင်တို့ စီမံတဲ့အတိုင်းလည်း ငါ မလိုက်နာဘူး။ ငါ ချစ်တဲ့သူကိုပဲ ငါ လက်ထပ်မယ်"

"တောက်"

ရွှေရုပ်ရဲ့ တောက်ခေါက်သံ ပြင်းပြင်းကို ငွေလက ခနဲ့ခနဲ့ အပြုံးဖြင့် ...

"နှင်သိအောင် တစ်ခါတည်း ပြောခဲ့မယ် ရွှေရုပ်၊ သူက ငါ့ဆီကို လက်ထပ်ခွင့်ကို အကြိမ်ပေါင်းများစွာ တောင်းခံခဲ့ပြီးသား၊ ငါ သူ့ကို ခေါင်းညိတ်လိုက်တော့မယ်၊ ဘယ်သူတွေ ဘယ်လိုပဲ တားဆီး တားဆီး ငါ သူ့ကို လက်ထပ်မယ်၊ နှင် နားလည်ပြီလား"

ငွေလသည် မျက်လုံးစိမ်းကြီးများနှင့် နှုတ်ခမ်းပြတ်မတတ် ကိုက်ကာ ကြည့်နေသော ရွှေရုပ်ကို ရင်နာစွာဖြင့်ပင် ချာခနဲ ကျောခိုင်းကာ လှည့်ထွက်လာခဲ့သည်။





မတတ်နိုင်တော့ချေ။ ပြီးတော့ အရာရာမှာ စိုးပိုင်ချင်သော ရွှေရုပ်ကိုလည်း မကျေနပ်၊ ထိုထက်ပိုသည်မှာ မှော့်ကို ခွဲမရအောင် ချစ်သွားခြင်းပင် ဖြစ်၏။ ငွေလရဲ့ တစ်သက်မှာ အချစ်ဆိုတာကို သိလည်း မသိခဲ့၊ မြင်လည်း မမြင်ဘူးခဲ့၊ မှော်က အချစ်ကို ရှာဖွေပြသခဲ့တာ ဖြစ်သည်။ မှော် ကြောင့်ပင် ငွေလရဲ့ အချစ်ကို ပေါက်ဖွားရှင်သန်ခဲ့ရတာ ဖြစ်သည်။

ထို့ကြောင့် မှော့်ရဲ့ ရင်ခွင်မှာပဲ ငွေလရဲ့ အချစ်တွေကို အပ်နှံမြှုပ်ထားချင်တာ ဖြစ်သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





"ဘယ်လို ငွေလ၊ ငွေလ ဘာပြောလိုက်တယ်"

တကယ်တော့ ငွေလ ဘာပြောလိုက်တာ ဆိုတာကို သူ့နားနှင့် ဆတ်ဆတ် ကြားလိုက်သားပင်။ သို့သော် သူ့စိတ်ထဲ မယုံသလို ဖြစ်နေခဲ့သည်။

"ငွေလ ... မောင့်ကို အဖြေပေးတော့မယ် မောင်"

ထိုအခိုက်မှာ သူဘာပြန်ပြောရမှန် မသိချေ။ အမှန်ဆို သူ တစ်ခုခု ချက်ချင်းပြန်ပြောဖို့ ကောင်းသည်။ ဟာ ... ဟုတ်လား ဆိုတာလောက်လေးပဲဖြစ်ဖြစ် အခုတော့ ဘာမှ ပြန်မပြောနိုင်ဘေး လည်ချောင်း၌ တစ်ခုခု နင်နေသလိုပင်။





"အင်း ... ပြောလေ ငွေလ"

ငွေလက သူ့ထံ ဖုန်းလှမ်းဆက်လို့သာ တော်တော့သည်။ အပြင်မှာသာဆိုလျှင် သူ့ရဲ့ အေးစက်စက်ရုပ်ကို ငွေလ အကဲခတ်မိနိုင်သည်။

"ငွေလ မောင့်ကို၊ အင်း ... ဘယ်လိုပြောရမလဲ၊ မောင့်အချစ်ကို ငွေလ လက်ခံလိုက်ပြီ၊ အဲဒါ ပြောတာ"

အမှန်တော့ ဒီနေရာမှာ သူဟာ ငွေလရဲ့အချစ်ကို အမှန်တကယ်တောင်းတသူ ဖြစ်ခဲ့လျှင် ငွေလရဲ့ ရှေ့စကားအဆက်ကို မရမကပေးနိုင်သည်။ သို့သော် ငွေလကို သူ မချစ်သည့်အတွက် ငွေလထံမှ ချစ်ပါတယ် ဟူသော စကားကိုလည်း သူ မကြားလိုတော့။

ငွေလရဲ့ အချစ်ကိုရလျှင် ရွှေရုပ်ပျိုကို တစ်ဝက်နိုင်ပြီ ဟူသော ပီတိကိုလည်း သူ မစားသုံးနိုင်တော့။ ဒါဆို သူ ဘာဖြစ်နေပါသနည်း။

"ကျေးဇူးတင်ပါတယ် ငွေလ"

"မောင် ဘာဖြစ်နေတာလဲဟင်၊ နေမကောင်းဘူးလား"

"နေကောင်းပါတယ်၊ ဘာလို့လဲ"

"မောင် အသံကတစ်မျိုးပဲ၊ ဘာလဲ ငွေလ အချစ်ကို ရလဲရရော မလိုချင်တော့ဘူး ဆိုတဲ့ ဒီဇိုင်းလား"

"အာ ... မဟုတ်ဘူး ငွေလရာ၊ ကိုယ် လုံးဝ မထင်ထားလို့ surprise ဖြစ်နေတာပါ၊ ပြီးတော့ အံ့ဩနေတော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မော်၊ အားလုံး တားဆီးတဲ့ကြားက ငွေလ ဖောက်ထွက်ခဲ့တာပဲ၊ အခုဆို အိမ်က ငွေလကို ဆရာဝန် တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ဖြစ်လာပြီ၊ ရှေ့လမှာ တောင် စေ့စပ်မယ် ပြောနေတယ်"

ဒီတော့မှ သူ မျက်လုံးပြူးသွားရတာ ဖြစ်သည်။ ခုတင်ပေါ် ပက်လက်လှန်နေရာမှ ဝေါက်ခနဲ ထိုင်မိလေသည်။

"ဘယ်လို ရှေ့လထဲမှာ စေ့စပ်မယ် ဟုတ်လား ငွေလ"

"ဟုတ်တယ် သြော် ... ဟုတ်တယ်ဆိုတာ သူတို့ စီစဉ် တာကို ပြောတာပါ၊ ငွေလ လက်မခံနိုင်ပါဘူး"

"ရုတ်တရက်ကြီး ဘယ်လိုဖြစ်တာလဲ ငွေလရယ်"

"အဲဒါ ပြောတာပေါ့၊ အရမ်း မုန်းစရာကောင်းတယ်၊ ရွှေရုပ်ကြောင့်၊ သူ မေမေကို မော့်အကြောင်းတွေ သွား ပြောပြလိုက်လို့ ဒီလိုတွေ ဖြစ်ကုန်တာ ...

အခုဆို အရမ်းစိတ်ညစ်ဖို့ ကောင်းတာပဲ၊ မေမေက လည်း အရမ်း တင်းနေတယ်၊ မေမေနဲ့လည်း စကားများရ တယ်၊ ဘာတွေမှန်ကို မသိဘူး၊ ရွှေရုပ် မွှေနေတာလေ၊ မေမေကလည်း ငွေလကို အလစ်မပေးဘူး၊ အခုတောင် သူ ဘုရားခန်းသွားနေတုန်း ဆက်လိုက်တာ"

ငွေလရဲ့ တိုင်တန်းသလို အပြောမျိုးကို သူက သက်ပြင်းတစ်ချက် ကျိတ်ချကာ ဘာမှ ပြန်လည် မနှစ်သိမ့်မိ ချေ။



အခြေအနေတွေ စတင်ရှုပ်ထွေးလာခဲ့ပြီ ဖြစ်သည်။

"ဒါဆို ငွေလရဲ့မိဘတွေက ကိုယ်နဲ့ သဘောမတူတော့ ဘူးတဲ့လား"

"အင်းပေါ့ ... အဲဒါ ဘယ်လိုလုပ်ကြမလဲ မော်"

ဘယ်လိုလုပ်ရမလဲ။ ငွေလရဲ့ မေးခွန်းကို သူပြန်မဖြေ နိုင်ချေ။ သူက အရာရာကို သူလုပ်လျှင် ဖြစ်သည်ဟူ၍ ရိုးရိုးလေး သာ တွေးထားခဲ့သည်။ သူ့စကားအောင်မည့် ငွေလလို ရိုးသား အေးချမ်းသော မိန်းကလေးကို လူကြီးစုံရာနှင့် သွား၍ တောင်းရမ်း မည်။ ပြီးတော့ မင်္ဂလာရှိစွာ လက်ထပ်မည်။ ဘာအခက်အခဲမှ မရှိ အားလုံး အဆင်တပြေပြေ ချောချောမွေ့မွေ့ပင်။

အခုတော့ ငွေလဘက်က သဘောမတူဘူးတွေ လုပ်လာပြီ။ ဆရာဝန်တစ်ယောက်နှင့်တောင် စေ့စပ်ပေးတော့မည် အဆင့်က မနည်းမနော စီစဉ်မှု မဟုတ်ချေ။ ဒီနေရာမှာ ငွေလ ဟာ သူ့ချစ်သူ မိန်းကလေးသာဆို ဘာမှ စဉ်းစားစရာတောင် မလိုချေ။ သဘောမတူလျှင် ခိုးပြေးရုံသာပင်။

ဒီလို တွေးမိတော့ သူကြက်သီးပင် ထသွားရသည်။ သူများတွေမှာတော့ ဘယ်လိုခံယူချက်တွေ ရှိလဲဆိုတာ မသိ။ သူကတော့ မိန်းကလေးတစ်ယောက်ကို ခိုးပြေးရသည့် အလုပ်ကို လုံးဝမလုပ်ဟု ဆုံးဖြတ်ချထားသည်။ သူ့အခြေအနေ သူ့အဆင့် အတန်း၊ သူ့ရုပ်ရည်နှင့် မိန်းကလေးတစ်ယောက်ကို ခိုးပြေးစရာ မလိုဟု သူ သတ်မှတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေလ အဖြေပေးသည်မှာ ရင်ခုန်ပျော်ရွှင်စရာထက် စိတ်ရှုပ်ထွေးစရာတွေကို သူ့အား sharing လုပ်သည်ဟု ယူဆလေသည်။

"မော် ငွေလ မေးတာကြားရဲ့လား"

"ကြားပါတယ်ကွာ၊ ကိုယ်လည်း ချက်ချင်းဘယ်လို ပြန်ဖြေနိုင်မှာလဲ၊ ငွေလ အိမ်က အတည်လုပ်မှာလား၊ ပြောတာက ဟိုဆရာဝန်နဲ့ တကယ် ပေးစားမှာလား"

"သြော် ... ဒုက္ခပါပဲ၊ တကယ်ဆိုနေမှ၊ ငွေလ သိပ်စိတ်ညစ်တာပဲ၊ သူ့ကို ငွေလ လုံးဝမယူနိုင်ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ မော်၊ ဟင် ... မော် ပြောတော့ ငွေလကို လက်ထပ်မယ်ဆို"

"ကိုယ် ပြောတာကို နားထောင်ဦး ငွေလ၊ စိတ်တွေ အရမ်းမလှုပ်ရှားနဲ့၊ ကိုယ်တွေးထားတာ ငွေလနဲ့ ကိုယ့်ကို ခေါင်းညိတ်လိုက်ရင် ကိုယ့်မိဘတွေကိုခေါ်ပြီး ငွေလကို လာတောင်းမယ်၊ ပြီးတော့ ခမ်းခမ်းနားနား လက်ထက်မယ် အားလုံး OK ပဲ၊ အခု အခြေအနေတွေက တစ်မျိုးဖြစ်လာတယ် ...

ဒီအတွက် ကိုယ့်မှာ အဖြေကို စဉ်းစားမရသေးဘူး"

"ဘာဆိုင်လဲ မော်ရဲ့၊ အခြေအနေက တူမှ မတူတော့တာ တွေးထားသလို မဖြစ်တော့လည်း တစ်မျိုးစဉ်းစားရမှာပေါ့"

"ကိုယ် စဉ်းစားပါ့မယ် ငွေလရယ်၊ စိတ်အေးအေးထားပါ"





သူ့ရဲ့ နှစ်သိမ့်သံကြောင့် ငွေလ နည်းနည်း ငြိမ်သက်သွားသည်။

"ဒါဆို ငွေလ ဖုန်းချတော့မယ် မော်"

"ကောင်းပြီ ငွေလ၊ တစ်ခုခုဆိုရင် ကိုယ့်ကို ဆက်သွယ်လိုက်ပါ"

"မော် ငွေလကို ပစ်မထားပါနဲ့နော်၊ ငွေလလေ မော့်ကို အရမ်းတွယ်တာနေမိပြီ၊ ပြီးတော့ ..."

ငွေလ ဆက်ပြောမည့်စကားကို သူ မကြားရဲတော့ချေ။ မကြားရဲတာထက် သူ ကြားလည်း မကြားချင်တော့။

"ကိုယ် သိတယ်၊ ငွေလ စိတ်တွေကို Relax လုပ်ထားပါ"

ငွေလ ဖုန်းပိတ်သွားလျှင် သူ့ ရင်ခွင်တစ်ခုလုံး မောဟိုက်ကျန်ခဲ့သည်။ အခြေအနေတွေက သူ့ကို အနိုင်ဘက်သို့ ဦးတည်ပေးပြီးသား ဖြစ်သည်။ ငွေလ တစ်ယောက်လုံးက သူ့အပေါ် ဒီလောက်အလေးသာနေလျှင် ပွဲကသိမ်းပြီ ဖြစ်သည်။ သူ့ကို အမြဲအနိုင်ယူချင်ခဲ့သော ရွှေရုပ်ကိုလည်း သူပြုံးပြနိုင်ပြီ။

သို့သော် သူမပျော်နိုင်။ ဒီအနိုင်ကိုလည်း သူ မလိုချင်တော့။ ဒါဆို သူ ဘာလိုချင်တာလဲ။ သူသည် မျက်ဝန်းလှလှ တစ်စုံကို မြင်ယောင်မိသောအခါ သူမကို ချစ်မိပြီဆိုတာ အသေချာဆုံး ဖြစ်လို့သွားခဲ့ပါသည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

အခြေအနေတွေသည် သူထင်ထားထက် ရှုပ်ရှုပ်နေလေသည်။ ငွေလနှင့် တွေ့တိုင်းလည်း သူ့စိတ်ချမ်းသာဖွယ်ဟူ၍ မကြားရ။ ပြီတော့ ငွေလအိမ်ကလည်း စေ့စပ်ဖို့ အပူတပြင်းစီစဉ်နေသည်ဟု ဆိုသည်။ သူကို ဘာလုပ်ရမှန်းမသိချေ။ ဦးနှောက်တွေခြောက်ကာ စိတ်တွေရှုပ်လျက်ရှိ၏။ သူ့ကိုယ်သူကို မင်း ဘာလဲ ?၊ ဘယ်လဲ ? ဟု မေးနေမိတာပင် ဘယ်နှကြိမ်မှန်း မသိတော့





ဒီအချိန်မှာ သူ ပြင်းပြင်းပြပြ သတိရမိတာ ရွှေရုပ်မျိုကိုပင်။ သူမသည် သူ့စိတ်ကို ကောင်းစွာ ဖတ်နိုင်စွမ်း ရှိသည်။ သူဘာဖြစ်နေသလဲ သူ့စိတ်တွေထဲ ဘာရှိနေသလဲ ဆိုတာကို မဲ့ပြုံးစွက်စွက်ဖြင့် ပြောဦးမည်။

ကိုယ် တမ်းတရတယ် ရွှေရုပ်ရယ်။

ဒီနာမည်ကို နင့်နင့်နဲနဲ ရေရွတ်ကြည့်မိလျှင် သူ့ရင်ထဲ ကြည်နူးမှုနှင့်အတူ လွမ်းဆွေးမှုကိုပါ တစ်ပြိုင်နက် ခံစားရလေသည်။ အချစ်ဆိုတာ ဘယ်က စတာသလဲဆိုရင် တခြားသူတွေအတွက်တော့ မသိချေ။ သူ့အတွက်တော့ အချစ်ဟာ အထင်ကြီးမှုမှ စတင်ပါသည်။

သူ့အတွက် မိန်းမတွေသည် အထင်ကြီးစရာလည်း မကောင်းခဲ့။ သူ မဆွတ်ခင်က ညွှတ်ချင်သောမိန်းမတွေ မြောင်းဖောက်သော မိန်းမတွေကိုသာ ကြုံဖူးတာဖြစ်သည်။

ရွှေရုပ်ဟာ ထိုမိန်းမတွေနှင့် တစ်မူထူးခြားသည်။ ပျော့နဲ့သော စိတ်ဓာတ်မျိုး လုံးဝမရှိချေ။ အထူးသဖြင့် ယောကျ်ားတွေကို စိတ်မဝင်စားတတ်။ သူ သံယောဇဉ်ကြီးသော သူတွေပေါ်မှာ အသေအလဲ ခုခံကာကွယ်တတ်သော၊ အမုန်းခံကာ ရပ်တည်ပေးတတ်သော ရွှေရုပ်ပျို့ရဲ့ စိတ်ဓာတ်ကို အထင်ကြီးရာမှ အချစ်စိတ်စတင်သည်။

အထူးသဖြင့် အချစ်လုံးဝမရှိဘူးသော၊ နှလုံးခုန်သံပုံမှန်ဖြစ်နေသော ရွှေရုပ်ကို သူ ရင်ခုန်မိသည်။ အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်အံ့ဩစရာတော့ ကောင်းပါသည်။ သူ့ကို အပြတ်အသတ် နှိပ်ကွပ်တတ်သော မိန်းမတစ်ယောက်ကိုမှ သူက ရင်ခုန်သွားရသတဲ့။

သူ့အတွက်တော့ ဒါဟာ အသစ်ပဲဖြစ်သည်။ သူသည် လှစ်ခနဲ တစ်ချက်ပြုံးလိုက်ရင်း ရွှေရုပ်ရဲ့ လက်ကိုင်ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။ သူမထံက ဂျန်တွေ့စကားပဲဖြစ်ဖြစ် အငေါ်တူးစကားပဲဖြစ်ဖြစ် တစ်ခုခုကြားရရင်ကို နောက်ကျိနေသောစိတ်တွေ သက်သာရာရမည်။

"ဟဲလို"

လိုင်းဝင်လျှင် ဖုန်းဖွင့်၍ထူးသော ရွှေရုပ်ရဲ့ အသံကို ကြားရသည်။ ဒီအသံ မာဆတ်ဆတ်လေး ကြားရုံမျှဖြင့် သူ့စိတ်တွေက နည်းနည်း flesh ဖြစ်ချေပြီ။

"ကိုယ်ပါ ရွှေရုပ်"

"နာမည်ပြောပါ၊ ဘာကိစ္စလဲ"

ခပ်မာမာမေးပုံကို သူက သဘောတကျ ရယ်မိသည်။ ရိုးရိုးသားသားမဟုတ်ဘဲ ဖုန်းဆက်လျှင် အပြတ်ကိုချဲမည့် ပုံစံပင်။

"မော်ဆရာလေ"

သူမ ပေးထားသော နာမည်အတိုင်း ပြောလိုက်လျှင် သူမဘက်က ခေတ္တငြိမ်သက်သွားသည်။

"ဘာကိစ္စလဲ"

"ငွေလ စေ့စပ်တော့မယ်တဲ့၊ အဲဒါ မင်းသိလား"





"သိသားပဲ၊ အဲဒါ ဘာဖြစ်လဲ၊ ဘာလဲ ရှင်က မကျေနပ်ဘူးလား"

"ကိုယ့်မှာ အဲဒီခံစားချက်မျိုး မရှိပါဘူး၊ မင်းရော မင်းကရော မင်း သူငယ်ချင်းတစ်ယောက်လုံး အိမ်ထောင်ပြုတော့မှာကို မနှမြောဘူးလား ရွှေရုပ်ပျို"

"မတတ်နိုင်ဘူးလေ၊ ဒီထက်ဆိုးဝါးတဲ့ အခြေအနေတစ်ခုရောက်မှာထက်စာရင် ဒါက ငွေလကို အသက်ရှုချောင်စေလိမ့်မယ် ...

ဒေါက်တာမျိုးသန့်စင်ဟာ ရှင့်ထက်တော့ ငွေလ အပေါ်မှာ ကောင်းနိုင်မှာပါ"

"ဒီအချိန်မှာ ကိုယ် နောင်တရမိတယ်ဆိုရင် မင်း ဘာပြောမလဲ ရွှေရုပ်ပျို"

သူမက ဟာသပြက်လုံးတစ်ခုကို ကြားသလို တဟားဟားနှင့် အော်ရယ်လေသည်။

"ဟုတ်လား၊ ကျွန်မကတော့ တယ်မထင်ဘူး၊ အေးပေါ့လေ That is may be ရှင် လက်လျှော့လိုက်ပြီပေါ့ ဟုတ်လား"

"ဒီစကားကို ကိုယ်တစ်ခါမှ မပြောမိဘူးနော်"

သူက သူမကို သွေးတိုးစမ်းလိုက်လျှင် နဂါးမင်းသမီးကား ချက်ချင်းပင် ရှုးရှုးရှဲရှဲ ဖြစ်လာလေသည်။

"အောင်မယ် ရှင်က ဘာလုပ်မှာမို့လို့လဲ၊ ရှင်အေးဆေးနေစမ်းပါလား၊ ဘာလုပ်မှာလဲ ငွေလကိုလည်း ချစ်မနေဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက အနိုင်ရထားသူလို သူ့ကို ခပ်ကြွားကြွား လေသံဖြင့် မတင်းမမာပြောသည်ကို သူက သဘောတကျ ရယ်မိသည်။

"ဘာရယ်တာလဲ၊ အကြံအစည်တစ်ခုခုတော့ ရှိရမယ်"

"ရွှေရုပ်ပျို ,.. ကိုယ် အခု စိတ်တွေအရမ်း ရှုပ်နေတယ်"

သူမဘက်က ခေတ္တမျှ တိတ်ဆိတ်သွားပြီးမှ ...

"အဲဒါ ကျွန်မက ဘာလုပ်ရမှာလဲ"

"မင်းက တစ်ဖက်သားကို guess လုပ်တာ အရမ်းတော်တယ်လေ၊ မင်းရဲ့ အရည်အချင်းတွေထဲမှာ အဲဒီ အရည်အချင်းကို ကိုယ် အကြိုက်ဆုံးပဲ၊ ဒီတော့ ကိုယ့်ကိုလည်း ဒီတစ်ခါ guess လုပ်ပေးပါဦး၊ မင်းကို request လုပ်တာပါ"

"အို ... ရှာရှာဖွေဖွေ၊ ကျွန်မ မလုပ်တတ်ဘူး"

"မညာပါနဲ့ကွာ၊ မင်း အမြဲတမ်းကိုယ့်ကို မှန်အောင်ပြောနိုင်ခဲ့တာပါ ကျေးဇူးပြုပြီး မင်းနဲ့ တွေ့ချင်တယ် ရွှေရုပ်၊ ကိုယ့်ကို တွေ့ခွင့်ပေးမလား"

"ဘာကိစ္စနဲ့ တွေ့ရမှာလဲ၊ ရှင် ကျွန်မကို မဆက်သွယ်ပါနဲ့ မော်ဆရာ၊ အကောင်းဆုံးက ရှင် ဘယ်သူနဲ့မှ မပတ်သတ်တာ အကောင်းဆုံးပဲ၊ ငွေလကိုလည်း ရှင် မနှောင့်ယှက်ပါနဲ့တော့၊ ငွေလလည်း သူ့ဘဝနဲ့သူ အဆင်ပြေသွားတော့မယ်၊ အားလုံး ပြီးသွားတော့မယ် ...

ရှင် နောက်ဆုတ်လိုက်ပါတော့"





"ကိုယ်နဲ့ မင်းနဲ့ စိန်ခေါ်ထားတဲ့ ဖြစ်ရပ်ကို မင်း မှတ်မိဦးမှာပါ၊ ပွဲကပြီးမှ မပြီးသေးပဲ ရွှေရုပ်ရယ်၊ ဘာလို့ နှုတ်ပြီးချင်နေရတာလဲ"

"ရှင် ... ရှင် ... ရှင် ဘာယုတ်မာဦးမှာလဲ၊ ရှင် အကျင့်မယုတ်မာနဲ့နော်၊ ကျွတ် ... ရှင်ဟာ ကျွန်မတို့ကို အင်မတန်ဒုက္ခပေးတဲ့သူ"

"ကိုယ် ဒုက္ခမပေးပါဘူး၊ မင်းလို ပြောစတမ်းဆိုရင် မင်းလည်း တည်ငြိမ်တဲ့ အခြေအနေတွေကို ဖျက်ဆီးသစ်ခဲ့တာပဲလေ၊ ကိုယ်က ငွေလကို တန်ဖိုးထားပြီး တောင်းရမ်းလက်ထပ်ဖို့ စဉ်းစားထားတယ်၊ သူ့မိဘတွေနဲ့လည်း အဆင်ပြေအောင်ပေါင်းတယ်၊ မင်းကိုလည်း ကိုယ် ငွေလကို စိတ်ချမ်းသာအောင်ထားပါ့မယ် ပြောရက်နဲ့၊ ဒီအခြေအနေတွေကို မရောက်ရောက်အောင် ဖန်တီးခဲ့တာလည်း မင်းပဲလေ ...

မင်းကြောင့်ပဲ ငွေလလည်း မချစ်မနှစ်သက်တဲ့သူတစ်ယောက်နဲ့ ယူဖို့ဖြစ်လာတာ"

"ဘာမှလာပြောမနေနဲ့၊ ရှင်ကရော ငွေလကို အကြံဆိုးကြီးနဲ့ ပက်သက်ခဲ့တာရော ထည့်ပြောဦးလေ၊ တော်ပြီရှင် — ရှင် ဘာမှလျှပ်ရှားမနေနဲ့ ...

ငွေလကို စွန့်လွှတ်လိုက်၊ တခြားမိန်းမကို ရှာယူဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာ ကောင်းလေစွ၊ သူမဟာ သူနှင့် တည့်လည်း မတည့်ဝါဘဲနှင့် သူ့ကိုကျတော့ တကယ့်မိတ်ဆွေကြီးတွေ အလား အမိန့်တွေပေးကာ ဒါပဲ ဟိုဟာပဲတွေ လုပ်နေတာက ရယ်ဖို့ ကောင်းလှပေသည်။

"ရွှေရုပ်ပျိုရယ် ... မင်းဟာ တကယ်ရယ်ဖို့ ကောင်းတဲ့ ကလေးမပဲ"

"ဘာ ... ဘာရယ်၊ ရှင်ကများ ဟင်း ... ရှင်မြဲမြဲမှတ်ထား သေးကြောင်ပြီး ပြောချင်တာတွေ လာလျှောက်ပြောမနေနဲ့၊ ရှင် ငွေလကို မရတာရော ကျွန်မကို ရှုံးသွားတာရော အတွက်နဲ့ သွေးပျက်ပြီး ပြောချင်ရာ လျှောက်ပြောမနေနဲ့"

"ကိုယ် မင်းကို ရှုံးပြီလို့ ဘယ်သူကပြောလဲ ရွှေရုပ် ... အရှုံး အနိုင်က အခုမှစမှာပါ၊ ငွေလဟာ အခုထိ လွတ်လပ်တဲ့ အပျိုစင်တစ်ယောက်ပဲ ရှိသေးတယ်"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ဪ ... မင်းကိုပြောတာပါ၊ သိပ်လည်း နိုင်ပြီဆိုပြီး စိတ်လွတ်ကိုယ်လွတ် ပျော်မနေနဲ့ဦး၊ မျှော်လင့်ချက်တွေ ပြိုကျသွားရင် သူများထက်ခံစားရတာ နှစ်ဆလောက် ပိုတယ်နော် ...

ငွေလဟာ မင်းဘက်မှာ မရှိတော့ဘူးဆိုတာလည်း မင်း သိထားဦး"

"တောက်"





သူ့ထံမှ တက်ခေါက်သံ ပြင်းပြင်းကြားရပြီးနောက် ဖုန်းက လိုင်းပြတ်တောက်သွားခဲ့လေသည်။ သူက တစ်ချက်ပြုံးရင်း ကျေနပ်စွာဖြင့် ဖုန်းကိုပိတ်လိုက်ကာ ဟက်ဟက်ပက်ပက် ရယ်မိသည်။ အား ... ဒီလို မရယ်ဖြစ်တာတောင် ကြာချေပြီ။

Thank you ရွှေရုပ်ရေ။

ပြီး

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ငွေလသည် စေ့စပ်ရမည့်ရက် နီးလာလေလေ သောချင်လောက်အောင်ကို စိတ်ညစ်လာရလေလေ ဖြစ်သည်။ ချစ်သူဖြစ်သော မော်ဟာလည်း ဘာမှအားကိုး၍မရ၊ ငွေလကို တန်ဖိုးတထားနှင့် လာတောင်းချင်သည်ဟုသာ တတွင်တွင် ဆိုလျက်ရှိသဖြင့် စကားပြောရတာ အပေါက်လမ်းကို မတည့်တော့ချေ။

ငွေလသည် မျက်ရည်ဝဲဝဲဖြင့်သာ ...

"ဒါဆို ငွေလက ဘာလုပ်ရတော့မှာလဲ၊ ဟိုဆရာဝန်ကိုပဲ ယူရတော့မှာလား"

မော်သည်လည်း စိတ်ညစ်ညစ်နှင့်ပင် ...



"အဲလိုလည်း မဟုတ်ပါဘူးကွာ၊ ကိုယ်ဘက်ကိုလည်း ငွေလ စဉ်းစားပေးပါဦး၊ ကိုယ်က ဘာဖြစ်နေလို့ ငွေလ မိဘတွေက သဘောမတူရတာလဲ၊ ကိုယ်မှာ role တစ်ခု ရှိတယ် ငွေလ၊ ကိုယ် မိန်းကလေး တစ်ယောက်ကို ဂုဏ်သိက္ခာအရှိဆုံးပဲ ချီးမြှောက်ချင်တယ်၊ ခိုးပြေးတာ ဘာညာ မျိုးတွေ မလုပ်ချင်ဘူး ...

ကျက်သရေမင်္ဂလာရှိရှိပဲ တောင်းရမ်းပြီး လက်ထပ်ချင်တယ်"

"အဲဒါက ဖြစ်မှ မဖြစ်နိုင်တော့တာကြီးကို"

"ကျွတ် ... အဲဒါပြောတာပေါ့ ဘာလို့ မဖြစ်နိုင်ရတော့တာလဲ ကိုယ်လည်းလူမျိုး၊ ငွေလကလည်းအမျိုး၊ ဘာသဘော မတူစရာများ ရှိလို့လဲ"

"မော်က ရည်းစားများခဲ့တာကိုး၊ ကဲ ... မော် ခုချိန်က ငွေလတို့ စကားများနေရမဲ့အချိန် မဟုတ်တော့ဘူး ...

မော် တစ်ခုခုကို ဆုံးဖြတ်သင့်ပြီ၊ ဘာဆက်လုပ်မှာလဲ"

"ကိုယ် ခပြောတတ်ဘူးကွာ"

"ဟင် ... ရှေ့တစ်ပတ်ထဲဆို ငွေလကို စေ့စပ်ပေးတော့မယ်၊ ဒါကို ဒီအချိန်ထိ မပြောတတ်သေးဘူး ဆိုတော့ ငွေလက ဘာလုပ်ရမှာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မှော် ငွေလကို သက်သက်ညှဉ်းဆဲနေတာလား၊ ငွေလဘက်ကိုလည်း စာနာပေးစမ်းပါဦး ...

ငွေလဘာသာ အေးဆေးနေတဲ့ဘဝထဲကို မှော်ဖဲ ဝင်လာခဲ့တာ၊ ရွှေရုပ် ဒီလောက် တားဆီးနေတဲ့ကြားထဲက ရှင့်ကို ငွေလ ချစ်ခဲ့တာတွေအတွက် စာနာပေးစမ်းပါဦး"

အက်ကွဲတုန်ယင်နေသော ငွေလရဲ့ စကားသံတွေကို သူလည်း နားမခံချင်တော့ချေ။ အချစ်ကို ဆော့ကစားခဲ့သော သူ့ကို အချစ်က ဒီတစ်ချိန်တော့ ကောင်းကောင်းကြီး ပညာပြန် ပေးနေပြီးဟု ထင်သည်။

သူ့စိတ်တွေသည် ရှုပ်ထွေးနေကာ ဘာကိုမှ ဆုံးဖြတ်ချက်ချ၍ မရပေ။ အခြေအနေကို သုံးသပ်ကြည့်လိုက်လျှင် သူဟာ တစ်ကိုယ်ကောင်းဆန်သော ယောကျ်ားတစ်ယောက် ဆိုတာ ပေါ်လွင်နေသော်လည်း ဒါကိုပင် သူ လက်ခံသည်။

သူ ငွေလကို ခိုးမပြေးနိုင်ချေ။ သူ့ပတ်ဝန်းကျင် အသိုက်အဝန်းတွင် မိန်းမ တစ်ယောက်ကို မှော်က ခိုးပြေးရတယ်။ ကောင်မလေးဘက်က သဘောမတူ၍ဟူသော အပြောမျိုး သူ အပြောမခံနိုင်ချေ။

ပြီးတော့ သူ ထင်သည်။ သူနှင့်ငွေလတို့ ပေါင်းစည်းလိုက်သော ဘဝဝယ် ကျေနပ်ပျော်ရွှင့်စရာကောင်းသော အိမ်ထောင်ရေးမျိုး ဖြစ်လာတော့မည်ဟု မထင်တော့။





အဘယ်ကြောင့်ဆိုသော် ခိုင်မာမှန်ကန်သော အချစ်ကို တွေ့ရှိသွား၍ ဖြစ်ပါသည်။

ထိုအကြောင်းအရာသည် အင်းလျားကန်စောင်းတွင် တစ်ယောက်တည်း တွေးချင်ရာတွေး ငေးချင်ရာငေးမောနေသော ရွှေရုပ်ကို မြင်လျှင် ပို၍ခိုင်မာသွားခဲ့ရသည်။

ဝန်ခံရလျှင် သူသည် ရွှေရုပ်ကို သတိရလွန်း၍ သူမနှင့်ဆုံခဲ့ဖူးသော ဒီနေရာလေးကို လာခဲ့တာဖြစ်သည်။ ခုတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် သူမနှင့် ဆုံရချေပြီ။

မုတ်သုန်လေ သယ်ဆောင်လာသော မိုးရနံ့ခပ်သဲ့သဲ့လေကို ရှူရှိုက်ရင်း သူက ရွှေရုပ်ကို သတိရစိတ်ဖြင့် အဝိုးချကြည့်မိသည်။

အရင်က wave တွေ အထပ်ထပ်ဖြင့် လှပသော ဆံနွယ်တွေသည် အခုတော့ ဒီဇိုင်းတစ်မျိုးပြောင်းလျက် မင်းကွတ်သီးရောင် ကာလာဖြင့် ဖြောင့်စင်းနေကြသည်။ နွေရာသီတုန်းက စွပ်ကျယ်တစ်ထည်ရဲ့ အမှတ်အသားဖြစ်ခဲ့သော သူမဟာ အခုတော့ မီးခိုးရောင်စပို့ရှပ်နှင့် စကတ်အတိုတစ်ထည်ကြောင့် နုမျစ်သော အသွင်သဏ္ဌာန်ကို ဆောင်လျက်ရှိသည်။

ဒီလောက် လှပစတိုင်လ်ကျတဲ့ မိန်းမတစ်ယောက်ဟာ အချစ်ကို မခံစားတတ်ဘူး။ အချစ်ကို Allergic ဖြစ်သတဲ့။

"ရွှေရုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမ့ကို ရင်ထဲရှိသည့်အတိုင်းပဲ ခေါ်လိုက်သည်။ မော့ကြည့်လာသော သူမ မျက်ဝန်းတွေသည် ဆွေးရီနေကြ၏။

သူငယ်ချင်းတစ်ယောက်ကို တခြားမိန်းကလေးမွေ့ ချစ်နိုင်တာထက် ချစ်ပြတတ်သော သူမရဲ့ ငါးရာနှစ်ဆယ့်ရှစ်ကို သူ တကယ်ပဲ အထင်ကြီးပါသည်။

"ကိုယ့်ကို ထိုင်ခွင့်ပြုပါ"

သူက ခွင့်တောင်းရင်း တစ်ခါတည်း ဝင်ထိုင်လိုက်သည်။ သူမက သူ့ကို လှည့်ပင်မကြည့်တော့ဘဲ ကန်ဘက်သို့သာ မေးထောက်ရင်း ငေးမော၍နေသည်။

"ရွှေရုပ် ... မင်း ဒီကို အမြဲလာလေ့ရှိသလား"

"ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မကို လာရောနေရတာလဲ၊ ဒါ ရှင့်ရဲ့ technique အသစ်လား"

သူမရဲ့ မျက်လုံးများက ဆွေးရီပိသမ်းနေသည့်ကြားမှ ဒေါသရောင်ဖြင့် လင်းလက်တောက်ပကာနေ၏။ အခုထိ သူ့ကို မယုံသင်္ကာသော မျက်ဝန်းများဖြင့် ကြည့်နေတုန်းပင်။

"ကျေးဇူးပြုပြီး ကိုယ့်ကို မင်းရဲ့ မိတ်ဆွေအဖြစ် သတ်မှတ်ပေးလို့ မရဘူးလား ရွှေရုပ်"

"ရှင်ဟာ ကျွန်မရဲ့ ရန်သူမဟုတ်ဆောင် မိတ်ဆွေ မဖြစ်သင့်တဲ့ လူစားမျိုးပဲ၊ နေပါဦး ... ရှေ့အပတ်ထဲမှာ ငွေလ စေ့စပ်တော့မယ်ဆိုတာ ရှင် မသိဘူးလား"



သူမက သွေးအေးငြိမ်သက်လွန်းသော သူ့ပုံစံကို သတိထားမိသွားဟန်ဖြင့် အကဲခတ် မေးမြန်းလာသည်။

"ကိုယ် သိပါတယ်"

"သိတယ် ! ... Something is woring ရှင် သိပ်ငြိမ်သက်နေပါလား၊ ရှေ့တိုးမဲ့ဆင် နောက်တစ်လှမ်း ဆုတ်နေတာလား"

"မင်း လူတိုင်းကို ဒီလိုပဲ သံသယမျက်စိနဲ့ ကြည့်တတ်တာပဲလား"

"ရှင့်ကိုတော့ သာမန်ထက် ပိုကဲပြီးတော့ပေါ့၊ ယောက်ျားတွေဆိုတာ သံသယမျက်စိနဲ့ပဲ ကြည့်ဖို့ကောင်းတဲ့ လူတွေပဲ မဟုတ်လား၊ အခုလည်း ရှင် excellent choice လုပ်ထားတဲ့ ငွေလ တစ်ယောက်လုံး စေ့စပ်တော့မဲ့ကိစ္စမှာ ဒီလောက် သွေးအေးပြနေတာ တစ်ခုခုတော့ ရှင် ပိုင်လို့နေမှာပါ ... Right အဓိကတော့ ငွေလရဲ့ နှလုံးသားကို ရှင်ပိုင်လို့ အရမ်းငြိမ်ပြနေတာ မဟုတ်လား"

သူ့ကို တည့်တည့်စိုက်ကြည့်ကာ မဲ့ပြုံးစွက်စွက်ဖြင့် ချက်ကျလက်ကျ တစ်လုံးချင်းပြောနေသော ရွှေရုပ်ကို သူက ရူးရူးနင့်နင့် ငေးမောနေမိသည်။

သူမ မျက်ဝန်းမှ သူ့အကြည့်တို့ကို မလွှဲဖယ်နိုင်ချေ။ သူ့ရဲ့ အဓိပ္ပာယ်များစွာ ပါဝင်နေသော သူ့အကြည့်တို့ကြောင့် သူမက ရုတ်တရက် အမ်းသွားပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘယ်လိုကြည့်နေတာလဲဟု ခပ်တည်တည်ပြန်မေးရုံလေသည်။

"အချစ်ဆိုတာ ဘယ်လိုမြင်လဲ၊ ဘယ်လိုထင်လဲ ရွှေရုပ်"

"အချစ်ဆိုတာ တဏှာပေါ့၊ တဏှာလို့ မြင်တယ်၊ တဏှာဆိုမှတော့ ဖောက်လွဲ ဖောက်ပြန် ရှိတတ်တဲ့ သဘောပဲ၊ တည်မြဲမှု မရှိဘူးလို့ ထင်တယ်"

သူမရဲ့ အဖြေကို သူ လက်ဖျားခါသွားရ၏။

"ဒါက တရားစကားကြီးပဲကွာ ကိုယ်သိချင်တာက မင်းရဲ့ personal သတ်မှတ်ချက်ကို မေးတာပါ"

"ကျွန်မ အဲဒါကို အဲလောက်ထိ စိတ်မဝင်စားဘူး၊ ဒီအတွက် သတ်မှတ်တာတွေ မှတ်ချက်ပေးတာတွေ မရှိဘူး"

"ကိုယ်လည်း အရင်ကတော့ မင်းလိုပါပဲ အချစ်ဆိုတာကို အယုံအကြည် မရှိခဲ့ဘူး၊ အခုတော့ ကိုယ့်သဘောထားတွေ တော်တော်ပြောင်းလဲလာပြီ"

"ဟုတ်လား ... ငွေလနဲ့ တွေ့မှပဲပေါ့"

သူမက သရော်ဟန်အပြည့်ဖြင့် ပြောလေသည်။

"မဟုတ်ဘူး ရွှေရုပ်၊ ငွေလနဲ့ မဟုတ်ဘူး"

"ရှင် ဘာပြောလိုက်တယ်"

သူမ အသံက အေးစက်မာကျောစွာ ထွက်ပေါ်လာသည်။





"မင်းပြောခဲ့တဲ့ စကားတွေက အမှန်တွေကြီးပါပဲ ရွှေရုပ်၊ ကိုယ် ငွေလကို အကောင်းဆုံး မိန်းကလေးအဖြစ် ရွေးချယ်ခဲ့တာပါ ...

ကိုယ့်စကားအောင်မဲ့ မိန်းကလေးအဖြစ်၊ ခြောက်ပစ်ကင်းတဲ့ မိန်းကလေးအဖြစ် သဘောကျလို့ ရွေးခဲ့တာ၊ မရရအောင် ယူမယ်လို့ ဆုံးဖြတ်ချက် မရှိခဲ့ဘူး ...

မရရအောင် ယူမယ်လို့ ဆုံးဖြတ်ခဲ့တာက မင်းကြောင့်ပါ ရွှေရုပ်၊ မင်းကို မခံချင်စိတ်နဲ့ မရရအောင် ယူမယ်လို့ ဆုံးဖြတ်ခဲ့ပြီး ငွေလ အချစ်ကို ကိုယ် ကြိုးစားရယူခဲ့တာပါ"

"ရှင် တကယ် အကြံပက်စက်တဲ့လူပဲ"

"ကိုယ် မင်းကို ဝန်ခံချက်ပေးနေတာလေ ရွှေရုပ်ရဲ့၊ ဒါတွေ မင်းသိတဲ့ကိစ္စ၊ မင်း စွပ်စွဲတဲ့ကိစ္စကို ကိုယ်က ဟုတ်မှန်ကြောင်း အတည်ပြုပေးနေတာပါ၊ ကိုယ့်စကားက မဆုံးသေးပါဘူး ...

အချစ်ကို အခုတွေ့ခဲ့ပြီ ရွှေရုပ်၊ အဲဒီ အချစ်ကြောင့်ပဲ ကိုယ့် ဆုံးဖြတ်ချက်တွေ ပြောင်းလဲကုန်ခဲ့တာပါ ...

တကယ်တမ်း အချစ်မှာ ကိုယ် တိတိကျကျ သိလိုက်ရတာတစ်ခုက ကိုယ့်ချစ်သူ တစ်ယောက်အပေါ် အနိုင်မယူရက်ဘူး ရွှေရုပ်"

သူမ စတိုင်အတိုင်း မျက်လုံးများကို မှေးကျဉ်းကာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ငွေလကို ဒုက္ခမပေးချင်ပါဘူး"

သူမက ဘာမှမပြောဘဲ သူ့ကို စိုက်ကြည့်နေသည်။ ချက်ချင်းပင် ညှိုးမှိုင်းလာသောမိုးက တစ်ပေါက်နှစ်ပေါက် ကျစပြုလာသည်။

"ပြီးတော့ မင်းကိုလည်း အနိုင်မယူရက်ဘူး"

သူမက နှုတ်ခမ်းကို ပြတ်မတတ်ကိုက်ကာ သူ့ကို မမှိတ်မသုန် ကြည့်လာလေ၏။ မိုးတို့က ခပ်ဖွဲဖွဲကျလာပြီ ဖြစ်သည်။

"ရှင် ထွက်သွား"

"ကိုယ် သွားမှာပါ၊ မင်းလည်း ပြန်ဖို့သင့်ပြီ ရွှေရုပ်၊ မကြာခင် မိုးသည်းလာတော့မယ်"

"ရှင့်ကို ထွက်သွားလို့ ပြောနေတယ်"

"ရွှေရုပ် ကိုယ် ..."

"မပြောနဲ့၊ တောက် ... ရှင် အင်မတန် မျက်နှာပြောင်တဲ့လူ၊ မိုက်ရိုင်းတဲ့သူ ... ရှင် ... ရှင်"

သူမက အလုံးဆို့နေသောသူလို ဒေါသတွေဖြင့် တဆတ်တဆတ် တုန်ယင်လျက် သူ့ကို စကားပင် ကောင်းကောင်း မပြောနိုင်ရှာပေ။ မျက်ရည်တွေပင်ဝဲလျက် မျက်ထောင့်တွေနီရဲကာ မျက်လုံးတွေထဲက အကြောမျှင်ကလေးတွေ ပေါ်ထွက်မတတ် ခံစားချက် ပြင်းထန်နေသော သူမကို သူ သနားသွားသည်။





ဆောရီးပါ ချစ်သူရယ် ကိုယ် မင်းကို နာကျင်စေဖို့ မရည်ရွယ်ပါဘူး။ ပြီးတော့ တိုက်ရိုက်မဟုတ်တဲ့ အရိပ်ယောင်ပြ စကားလေး တစ်ခွန်းနဲ့တောင် ဒီလောက် ဆတ်ဆတ်ခါ နာနေခဲ့ရင် ချစ်တယ်ဆိုတဲ့ စကားအတွက် မင်း သတ်သေချင်လောက်အောင် စိတ်နာမယ်ဆိုတာ ကိုယ် ကြိုသိပါတယ်။

"မင်း မကြားချင်တဲ့စကားကို ကိုယ် မပြောဘူးလို့ ကတိပေးပါတယ်၊ ဒါပေမဲ့ ကိုယ့်ရင်ထဲက စကားတစ်ချို့ကိုတော့ မင်း နားထောင်ပေးပါ ...

ငွေလအတွက် မင်း စိတ်ဆင်းရဲနေတာတွေ ကိုယ် မကြည့်ရက်ဘူး၊ ပြီးတော့ မင်း သိပ်ချစ်တဲ့ ငွေလနဲ့ မင်း အဆင်မပြေ ဖြစ်တာတွေလည်း ကိုယ် မလိုလားဘူး၊ မင်းသာ ငွေလရဲ့ ထာဝရရွှေရုပ် အမြဲဖြစ်စေရပါ့မယ်၊ အဲဒီအတွက် ကိုယ် ဖန်တီးပေးပါ့မယ် ...

ကိုယ့်ဘဝမှာ မိန်းမပေါင်းများစွာကို ချစ်တယ်လို့ အကြိမ်ကြိမ်အခါခါ ပြောဖူးတယ်၊ ကိုယ့်အတွက် ချစ်တယ်ဆိုတဲ့စကားဟာ တန်ဖိုးမရှိဘူး၊ အဲဒါကြောင့် ကိုယ် သိပ်ချစ်ရတဲ့မိန်းမကို တွေ့လာတဲ့အခါမှာ အဲဒီစကားကို မပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ် ...

အဲဒါ သူ့ကို တန်ဖိုးထား ချီးမြှောက်ခြင်းနဲ့ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ခြင်းပဲ ရွှေရုပ် ...

မင်းကို ကိုယ် ကျေနပ်စွာနဲ့ အရှုံးပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို အခဲမကျေသော ချက်ဝန်းများဖြင့် အေးစက်စွာ တစ်လုံးချင်း ပြန်ပြောခဲ့သည်။

"ရှင့်ကို ကျွန်မရဲ့ အသွေးထဲ အသားထဲက စိမ့်နေအောင် မုန်းပေမဲ့ ကျေးဇူးတစ်ဝက် တင်လိုက်တယ် ...

အဲဒါကတော့ အရက်မရှိတဲ့ စကားတစ်ခွန်း ရှင့်ပါးစပ်က ထွက်မလာလို့ပဲ၊ ဒီစကားသာ ထွက်လာရင် ကျွန်မဟာ ဒေါသစိတ်နဲ့ ကားမောင်းလို့ ပွဲချင်းပြီးတောင် သေသွားနိုင်တယ် ...

နောက် ကျေးဇူးတစ်ဝက်ကတော့ ရှင် ငွေလကို ဒုက္ခပေးမပေး၊ လွတ်မြောက်ခွင့်ပေးမပေး စောင့်ကြည့်ရဦးမယ်"

မိုးတွေက သည်းထန်စွာရွာချခဲ့ပြီ ဖြစ်သည်။ မိုးရေစက်တွေ လိမ့်ကျလျက် ညို့အားတွေ ပြင်းဆဲဖြစ်သော သူမကို သူက နွေးနွေးထွေးထွေး ပြုံးပြလိုက်ကာ ...

"စိတ်ချ ရွှေရုပ်၊ ကိုယ့်ကိုမုန်းဖို့ ငွေလကိုပါ အဖော်ထည့်ပေးမှာပါ"

သူမက မဲ့ပြုံးတစ်ချက်တော့ ပြုံးသွားသေးသည်။ အဲဒီနောက် မိုးသည်းသည်းအောက်မှာ သူ တစ်ယောက်တည်းသာ ရွှဲရွှဲနစ်၍ ကျန်နေရစ်ခဲ့လေသည်။

သူသည် မိုးရွာထဲမှာ တစ်ယောက်တည်း အေးအေးဆေးဆေးပင် အင်းလျားကန်ပေါင်ပေါ်သို့ တက်လာခဲ့သည်။





မိုးရေထဲမှာ သူ တစ်ယောက်တည်းပင်။ အချစ်သည် မိုးရေ စက်တွေလို သူ့အပေါ် စဲမသွားခဲ့သေး။ သဲသဲမဲမဲပင် ရွာချဆဲ ဖြစ်၏။ အပြင်မှာ မိုးတိတ်သွားလည်း သူ့ရင်ထဲက မိုးကတော့ စဲတော့မှာ မဟုတ်။

အေးမြတဲ့ အချစ်မိုးရေတွေ မင်းအပေါ်မှာ တစ်သက်လုံး ရွာချသွားမယ် ရွှေရုပ်ရယ်။

သူ့ဘဝတွင် အသည်းကွဲဖူးပြီ ဖြစ်သဖြင့် လူဖြစ်ရကျိုးနပ်ချေပြီ။

၃၂၂၃

ဆုဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၇)

ထိုနေ့သည် ငွေလ၏ စေ့စပ်ပွဲနေ့ ဖြစ်သည်။ မနက်ခင်း အစောကြီးထဲက အိမ်မှ ဘယ်လိုထွက်ရမလဲဆိုတာ မျိုးစုံ အကြံထုတ်နေကာ တစ်ခုမှလည်း အဆင်မပြေချေ။ ဒီလိုနှင့် တဖြည်းဖြည်း စေ့စပ်ပွဲအချိန်သို့ နီးကပ်၍ လာလေပြီ။ တစ်ခု ထူးခြားသည်မှာ ရွှေရုပ် ရောက်လာတာကို မတွေ့ရချေ။





မေမေက မိတ်ကပ်ဆရာကို ခေါ်ပြင်ခိုင်းသဖြင့် ငွေလကို မိတ်ကပ် စလိမ်းပေးနေချေပြီ။ မိတ်ကပ်အလိမ်းခံရင်းမှ ငွေလက ...

"မေမေ ငွေလ ဝတ်မဲ့ပစ္စည်းတွေရော"

"ရှိပါတယ်၊ ပြီးရင် ဝတ်မယ်လေ"

"သွားယူလိုက်လေ တစ်ခါတည်း ဝတ်ထားမယ်လေ မေမေ"

"အေး ... အေး ယူပေးမယ်"

မေမေ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ငွေလက ဆတ်ခနဲထကာ ...

"မာ့မိ ... ငွေလ လက်ထရိန် ခဏသွားမလို့နော်"

ထို့နောက် ငွေလသည် လှုံ့ရိုဝ် လူမြည်ကို ကြည့်လျက် အိမ်အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့သည်။ အတွင်းခံအင်္ကျီထဲမှာ Taxiငှားဖို့ ပိုက်ဆံကို ဖွက်ထည့်ထားသဖြင့် လမ်းမကြီးပေါ်သို့ အမြန်ရောက်ရန်သာ အရေးကြီးလေသည်။

ငွေလနေသော သုခဝတီလမ်းဟာ လမ်းမကြီးနှင့် သိပ်မဝေး၍သာ တော်တော့သည်။ Sedona Hotel ထောင့်ချိုးရှိ တစ်နေရာသို့ ရောက်လျှင် ငွေလ ထင်မှတ်မထားသော လူတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် လိပ်ပြာလွင့်မတတ်ပင် လန့်ဖျပ်သွားရသည်။

"ဟင် ... ရွှေရုပ်"

"ကားပေါ်တက် ငွေလ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ရွှေရုပ်၊ နင် ငါ့ကို မနှောင့်ယှက်ပါနဲ့"

"အစ် ... နင် အရှုံးလို ပြေးလွှားနေတာကို မကြည့်ရက်လို့ လိုက်ပို့ပေးမလို့ ပြောနေတာ"

ငွေလသည် အကြီးအကျယ် အံ့သြသွားရကာ ...

"ဟယ် ... တကယ် ... နင် ... နင် ငါ့ကို လှည့်စားတာတော့ မဟုတ်ပါဘူးနော်"

"နင် စိတ်ချမ်းသာဖို့က ငါ့အတွက် ပိုအရေးကြီးပါတယ် ငွေလရယ်"

ငွေလသည် ရွှေရုပ်ရဲ့အပြောကြောင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာရကာ ရွှေရုပ်ကို ပြေး၍ပင် ဖက်မိလေသည်။ ရွှေရုပ်က ငွေလကို အလိုက်သင့် ပြန်ဖက်လျက် ကျောကို တစ်ချက် နှစ်ချက်မျှ ပုတ်ပေးပြီးလျှင် ...

"သွားကြစို့၊ တော်ကြာ နောက်က လိုက်လာနေဦးမယ်"

ငွေလက အပြေးအလွှားပင် ကားပေါ်တက်သည်။ ငွေလ တက်ပြီးတာနှင့် ရွှေရုပ်သည် ကားကို အပြင်းမောင်းနှင်၍ ထွက်လာခဲ့သည်။ ငွေလသည် အလွတ်ကျက်ထားသော မှော်ရဲ့ လိပ်စာကို ရွတ်ပြကာ မှော့် အိမ်သို့ မောင်းနိုင်းရသည်။

ရွှေရုပ်ကတော့ တကယ်အံ့သြဖို့ ကောင်းသည်။ ဘာတစ်ခုမှမပြောဘဲ ငွေလပြောသော လိပ်စာအတိုင်း ဘေးမသီ ရန်မခ ရောက်စေရန် သတိကြီးစွာထားလျက် မောင်းနေပုံရသည်။ ငွေလကို တစ်ခွန်းတောင် စကားမဟာချေ။





"ရွှေရုပ် ... နင် ငါ့ကို စိတ်ဆိုးနေလားဟင်"

"မဆိုးပါဘူး၊ နင် ကံကောင်းပါစေ ငွေလ"

"ငါ ... ငါ ... လေ၊ သူ့ကို သိပ်ချစ်လို့ပါဟယ်၊ နင် နားလည်တယ် မဟုတ်လားဟင်"

ရွှေရုပ်သည် ငွေလရဲ့ စကားကို ရင်ထဲ၌ အောင့်မျက်သွားရသော်လည်း ဘာမှ မဖြစ်သလိုပြုံးကာ ...

"နားလည်ပါတယ်၊ နင်ဘာမှမပူနဲ့ နင်တို့ကို ဒီကားပေးလိုက်မယ်၊ ကားထဲမှာ ဆီအပြည့်ပါတယ်၊ ဒက်ရှ်ဘုတ်ထဲမှာ ပိုက်ဆံ ဆယ်သိန်း ထည့်ထားတယ်၊ ဒီကားနဲ့ ပြင်ဦးလွင်အထိ မောင်းသွား၊ ဟိုမှာ ဒယ်ဒီပိုင်တဲ့ ဟိုတယ်ရှိတယ်၊ နင် ရောက်ဖူးပါတယ် နင်တို့ နှစ်ယောက်စလုံး အဲဒီမှာပဲနေ၊ ငါ ဖုန်းဆက်ထားပေးမယ်၊ လိုတာရှိ ငါ့ဆီ ဖုန်းလှမ်းဆက် ...

ဘာအဆင်မပြေတာရှိလဲ"

ရွှေရုပ်က ငွေလရဲ့ ပခုံးတစ်ဖက်ကို အားပေးသလို ဖျစ်ညှစ်ရင်း ပြုံးကာ စကားဆိုလာသည်။ ငွေလသည် မျက်ရည်တွေကြားမှ ရွှေရုပ်ရဲ့ ပါးပြင်ကို ဖွဖွနမ်းလိုက်သည်။ ရွှေရုပ်က တိတ်တဆိတ်ပြုံးကာ နေလေသည်။

မှော်တို့ခြံရှေ့သို့ ရောက်လျှင် ရွှေရုပ်ကပါ ကားပေါ်က် ဆင်းလာလျက် ငွေလရဲ့ လက်ထဲသို့ လက်ကိုင်ဖုန်းကို ထိုးထည့်ပေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲ ဝင်မသွားနဲ့ ငွေလ၊ တို့ရောက်နေကြောင်း သူ့ကို ဖုန်းနဲ့ ပြောလိုက်၊ သူ ထွက်လာလိမ့်မယ်"

ငွေလက ရွှေရုပ်ကို ကျေးဇူးတင်သည့် အပြုံးတစ်ခုနှင့်ကြည့်ကာ မော့်ထံသို့ ဖုန်းခေါ်လိုက်သည်။ ခဏကြာလျှင် မော့်ရဲ့ ဖုန်းထူးသံကို ကြားရလေသည်။

"မော် ... ငွေလပါ၊ အိမ်ရှေ့ကို အမြန်ထွက်ခဲ့ပါ မော်၊ ငွေလရောက်နေတယ်"

မော့်ထံမှ အသံတိတ်ဆိတ်သွားပြီးလျှင် ...

"ကိုယ် ထွက်လာခဲ့မယ်"

ငွေလသည် ရင်တထိတ်ထိတ်နှင့်ပင် လည်ပင်းလေးဆန့်ကာ ဂေ့ဟ်ကို မျှော်နေမိသည်။ အခြေအနေက ရွှေရုပ် ပံ့ပိုးပေးသဖြင့် အဆင်ပြေသွားတာကို ဝမ်းသာ၍ မဆုံးချေ။ နောက်ဆုံးတော့ ငွေလသည် မော့်ရှေ့သို့ အတားအဆီးတွေ ကျော်ဖြတ်ကာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ချေပြီ။

ရန်ကုန်ရာသီတုဥနှင့် တခြားဆီဖြစ်သော ပြင်ဦးလွင်မှာ မော်နှင့်အတူတူ သွားရမည့်ခရီးစဉ်အတွက် အသည်းနှလုံးတွေ ဖြောင်းဆန်အောင်ပင် ပျော်ရွှင်နေရသည်။

ပီတိတွေက နှုတ်ခမ်းမှာ တွဲခိုကာ အလိုလိုနေရင်း ပြုံးမိနေသဖြင့် ရွှေရုပ်ကို မလုံမလဲကြည့်မိလျှင် ရွှေရုပ်က ကားကို မောင်းရင်း ငွေလကို ဆွေးမြည့်စွာ လှမ်းကြည့်နေသည်နှင့် ကြုံရသည်။





ရွှေရုပ်ရယ် နှင့်ကို ငါ သိပ်ချစ်ပါတယ်။ ဒါပေမဲ့ ...

"ငွေလ"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်လျှင် ငွေလထံသို့ ဖြည်းဖြည်းချင်း လျှောက်လာသော မော့်ကို ဝမ်းမြောက်ဖွယ် တွေ့လိုက်ရသည်။ ငွေလသည် မော့်ထံသို့ အပြေးလေးသွားကာ ...

"မော် ... ငွေလတို့ ပြင်ဦးလွင်ကို သွားကြမယ်၊ ဟိုမှာ အားလုံး စီစဉ်ပြီးပြီ၊ ငွေလ အိမ်က ထွက်လာခဲ့ပြီ မော်၊ ဒီနေ့မနက်ပဲ ငွေလကို စေ့စပ်ကြတော့မှာ၊ အချိန်မရှိတော့ဘူး မော်၊ ငွေလတို့ သွားကြရအောင်"

ငွေလရဲ့ အမောတကောလေသံကို သူက ဘာမှ ပြောင်းလဲခြင်း မရှိသော ပုံစံဖြင့် ...

"ကိုယ် မလိုက်နိုင်ဘူး ငွေလ"

ငွေလ မျက်နှာသည် မယုံနိုင်စရာတစ်ခုကို ကြားလိုက်ရသလို အံ့သြမျက်လုံးဝိုင်းကာ သွားသည်။

"မော် ဘာပြောလိုက်တယ်"

သူက ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချထားသော ပုံစံဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ်တယ် ငွေလ၊ ငွေလ အိမ်ကိုပဲ ပြန်သွားပါ၊ ဒီလိုလုပ်တာ ငွေလ သိပ်မှားတယ်၊ စေ့စပ်ပွဲကို ပြန်သွားပါ"

"ဘာရယ် ဘယ်လို၊ ရှင် ဘာတွေ ပြောနေတာလဲ မော်၊ ရှင် ရူးနေလား၊ ရှင်နဲ့ငွေလဟာ ချစ်သူတွေလေ၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ကို လက်မထပ်နိုင်လို့ ရှင့်ဆီ ပြေးလာခဲ့တဲ့ ရှင့်ချစ်သူကို ရှင် ဘယ်လိုပြောလိုက်တာလဲ"

"ဆောရီး ငွေလ၊ ကိုယ် ငွေလကို ခိုးမပြေးနိုင်ပါဘူး"

ငွေလ မျက်နှာသာ မှန်တစ်ချပ်ဖြစ်ခဲ့လျှင် ထိုနေရာမှာတင် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားခဲ့ပြီ ဖြစ်သည်။ ငွေလသည် နှလုံးသားကို လက်ကြမ်းကြီးတစ်ခုက ခြေပစ်လိုက်သလို အောင့်မျက်ရှုံးရှုံးရသော ခံစားချက်ဆိုးကြီးဖြင့် မျက်ရည်တွေ ပိုးဖိုးပေါက်ပေါက် ကျဆင်းလာကာ ...

"ဘာကြောင့်လဲ ဘာအတွက်လဲ မောင်၊ ပြောစမ်းပါ ဒီလိုလူမဆန်တဲ့ စကားတွေ ပြောထွက်တာ ဘာကြောင့်လဲ ကျွန်မကို ဂုဏ်သိက္ခာရှိရှိ တောင်းရမ်းလက်ထပ်ချင်တယ်လို့တော့ အကြောင်းမပြနဲ့တော့ မောင် ...

ဒါဟာ ရှင့်ရဲ့ ဆင်ခြေသက်သက်ပဲ၊ ဒီ့ထက် ခိုင်မာတဲ့ ဆင်ခြေတစ်ခု ပေးစမ်းပါ၊ ပြောစမ်းပါ"

ငွေလသည် အရှုံးတစ်ယောက်လိုပင် မရှုက်နိုင်အားတော့ဘဲ သူ့လက်ကိုဆွဲကာ ရမ်းကာဖြင့် တုန်တုန်လှုပ်လှုပ် မေးမိသည်။

"ကိုယ် ဝန်ခံမယ် ငွေလ၊ မင်းကို ခိုးမပြေးချင်တဲ့ အဓိကအကြောင်းရင်းကတော့ မင်းကို ကိုယ် မချစ်လို့ဘဲ ဒါပေမဲ့ မင်းကို တန်ဖိုးထားပြီး လက်ထပ်ဖို့အထိ ကိုယ်ဆုံးဖြတ်ခဲ့တာ၊ ပတ်သက်ခဲ့တာတွေလည်း အမှန်ပါ —





ဘာလို့လဲဆိုတော့ ကိုယ့်ဘဝမှာ အချစ်မရှိလို့ဘဲ။ အချစ်ဆိုတဲ့အရာကို ကိုယ် မရူးသွပ်ဘူး၊ မယုံကြည်ဘူး၊ ဒါ့ကြောင့် ရိုးသားဖြူစင်ဘဲ့ မင်းကို တစ်သက်စာအတွက် ရွေးချယ်ခဲ့တာပါ ...

ဒါပေမဲ့ အချစ်ဆိုတာကို နောက်များကျမှ ကိုယ် သိခွင့်ရခဲ့တယ်၊ အဲဒီအချိန်ဟာ နောက်မကျပေမဲ့ စောပြီးတော့လည်း ရောက်မလာခဲ့တဲ့အတွက် ကိုယ့်အတွက် ကံကောင်းခြင်း မဖြစ်ခဲ့ပါဘူး၊ ဘာပဲပြောပြော မင်းဘဝကိုလည်း မနစ်မွန်းစေချင်လို့ပါ ငွေလ ...

ဒီအချိန်မှာ မင်းအနေနဲ့ ခံစားကောင်း ခံစားရပေမဲ့ တစ်ချိန်ချိန်ကျ မင်း ကိုယ့်ကို ကျေးဇူးတင်နေမှာပါ"

ငွေလသည် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ထားကာ သွေးတွေတောင် စိမ့်ထွက်၍ လာလေသည်။ သူ ငွေလအတွက်လည်း နာကျင်စွာ ဝမ်းနည်းရပါသည်။

နောင်ဘဝရှိခဲ့ရင် မင်းကို ကိုယ့်ညီမလေး ဖြစ်စေချင်တယ် ငွေလရယ်။

"ဘယ်သူလဲ ... ရှင် ချစ်တဲ့သူက ဘယ်သူလဲ"

ငွေလရဲ့အသံသည် ပတ်ဝန်းကျင်သို့ စူးရှစွာ ပျံ့လွင့်သွားသည်။

ဒီအချိန်တွင် ရွှေရုပ်သည် ကားကိုမှီနေရာမှ ရပ်ကာ သူတို့အနားသို့ လျှောက်လာပြီဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ ရှင့်ချစ်သူက ဘယ်သူလဲ၊ ဘယ်မှာလဲ၊ ဘာလို့ ကျွန်မကို သက်သက်ဒုက္ခပေးရတာလဲ၊ ရှင် ဖြေစမ်းပါ၊ ရှင် ကျွန်မကို ပြောခဲ့တာတွေက အားလုံး အလိမ်အညာတွေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကိုယ် ငွေလကို မချစ်ခဲ့ဘူး ငွေလ၊ ကိုယ် မင်းကို လိမ်ခဲ့တာပါ"

သူ့စကားအဆုံးတွင် ငွေလရဲ့ လက်တစ်ဖက်က မြောက်တက်သွားသည်။

ဒီအချိန်မှာပင် ရွှေရုပ်က ငွေလကို ဝင်၍ ဆွဲသည်။ ငွေလသည် ရွှေရုပ်ရဲ့ လက်တွေကို တွန်းဖယ်လျက် သူ့ကို ဝုန်းဝုန်းဝါးဝါးနှင့် ငိုရှိုက်သံ ဗလုံးဗထွေးဖြစ်ကာ ဘာတွေအော်ဟစ်ပြောမှန်းလည်း မသိချေ။ ရွှေရုပ်က ငွေလကို အတင်းဆွဲကာ ကားပေါ်သို့ တက်စေသည်။ ကားပေါ်တွင် ငွေလသည် အရုပ်ကြိုးပြတ် ပုံလဲကာ အူလိုက်သည်းလိုက် ငိုကြွေးလျက် ရှိသည်။

သူ စိတ်မကောင်းပါ။ သို့သော် ဒီလိုပဲ ဖြစ်သင့်သည်။ အားပါးတရ ငိုကြွေးသော မျက်ရည်တွေထဲတွင် သူ့ကို ချစ်မိသော အဆိပ်မကင်းသည့် အချစ်တွေအားလုံး ပါသွားပါစေဟု သူ ဆုတောင်းပါသည်။

ရွှေရုပ်မျိုသည် ငွေလကို ကားပေါ်တင်ပြီးနောက် မောင်းထွက်မသွားသေးဘဲ သူ့ဆီကို ပြန်လျှောက်လာသည်။ သူက ရွှေရုပ်ကို နာကျင်သော ရင်အစုံအား ဖွင့်၍ ပြချင်လေသည်။





သူ့ရှေ့တည့်တည့်မှာ ရပ်လာသော ရွှေရုပ်မျိုကို သူက ...

"ငွေလကို အရင်လိုဘဝမျိုး ပြန်ဖြစ်လာအောင် လုပ်နိုင်တာ မင်းပဲ တတ်နိုင်ပါတယ် ရွှေရုပ်၊ သူ ကိုယ့်ကို များများမုန်းပါစေ ...

အခုအချိန်မှာတော့ ချစ်စိတ်ထက် ရက်စိတ်ကြောင့် သူ ပိုခံစားနေရတာပါ၊ ဖြစ်နိုင်ရင် သူ မချစ်မနှစ်သက်တဲ့သူနဲ့ မပေါင်းရလေအောင် မင်း ကူညီပေးပါ ...

ဒါ မင်းကို ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် အကူအညီတောင်းခြင်းပါ"

ရွှေရုပ်သည် သူ့စကားကို ခေါင်းလည်းမခါ၊ ခေါင်းလည်း မညိတ်ပါဘဲ သူ့ကို တစ်မျိုးသော မျက်ဝန်းများဖြင့် ကြည့်လာခဲ့သည်။ ထိုမျက်ဝန်းတွေထဲတွင် ထူးထူးခြားခြား အမုန်းရောင် မပါဝင်သဖြင့် သူပင်လျှင် အံ့သြရလေသည်။

သူမသည် နှုတ်ခမ်းလှုပ်ရုံမျှ လေသံဖြင့် ...

"ကျေးဇူးအများကြီး တင်ပါတယ်"

ထိုစကားသည် သူမထံမှ ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ် နူးညံ့ချိုသာစွာ ကြားဖူးလိုက်ရသော အသံပဲ ဖြစ်ပါသည်။

(ပြီး)



www.burmeseclassic.com

www.burmeseclassic.com





"အဆုံးသတ်"

အဖြစ်အပျက်များ ကျော်လွန်၍ နောင် နှစ်နှစ်ခန့် အကြာတွင် သူ့အပါအဝင် လူတော်တော်များများ နှစ်ခြိုက်အားပေးကြသော ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုသည် အထင်အရှား နာမည်ကြီးလာခဲ့သည်။ ကြီးမားသော ရုပ်ရှင်စတူဒီယိုကြီးများ၊ နိုင်ငံတကာအဆင့်မီ အသံဖမ်းခြင်း၊ တည်းဖြတ်ခြင်း၊ လုပ်ငန်းများကိုပါ လုပ်ဆောင်သော ထိုကုမ္ပဏီကြီးကို ဦးဆောင်သူမှာ ငယ်ရွယ်နုပျိုသော မိန်းမသားနှစ်ဦး ဖြစ်သည်။

သူတို့ ကုမ္ပဏီမှ ထုတ်လုပ်သော ရုပ်သံဇာတ်လမ်းများကို လူတိုင်းက နှစ်ခြိုက်အားပေးကြသည်။ နှင်းဆီတစ်ပွင့်နှင့်





စံပယ်တစ်ပွင့်လို တစ်မျိုးစီ ချစ်စဖွယ်ကောင်းကြသော အမျိုးသမီးနှစ်ဦးကိုလည်း အထူး စိတ်ဝင်စားကြကာ တစ်သက်လုံး အိမ်ထောင်မပြုပါဟု ဟစ်ကြွေးထားသော သူမတို့ရဲ့ နှလုံးသားရေးရာကိုလည်း အမျိုးမျိုး ဇျူးကြသည်။

သူသည် သူမတို့၏ပရိတ်သတ်လည်း ဖြစ်ပြန်လေရာ သူမတို့ရဲ့ သတင်းဆိုလျှင် အထူးပဲစိတ်ဝင်စားပါသည်။ စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုတွင် အင်တာဗျူးတစ်ခုယောက်က ဇာတ်ညွှန်းများရေးသားသော ဇာတ်ညွှန်းရေးသူ ဒေါ်ငွေလမင်းကျော့ရှင်းကို ...

"အခုလို အောင်မြင်တဲ့ ဇာတ်ညွှန်းတွေကို ကိုယ်တိုင်ခွဲပြီး အောင်မြင်တဲ့ဘဝကို ထူထောင်ထားနိုင်တာ ဘာကြောင့်များပါလဲ"

"ကျွန်မ သူငယ်ချင်း ရွှေရုပ် ကြောင့်ပါ၊ နောက်တစ်ခုကတော့ ဘဝထဲမှာရှိတဲ့ အချစ်ကို အသေသတ်ပစ်ထားနိုင်လို့ပါ၊ အချစ်ဆိုတာ ဘဝရဲ့တက်လမ်းတွေ အတွက် အနှောင့်အယှက် ဖြစ်စေတယ်"

သူငယ်ချင်းဖြစ်သူ ဖြေကြားတာကို ပြုံး၍ ကြည့်နေသော ရွှေရုပ်ပျိုကို မေးလျှင် ...

"ဪ ... ကျွန်မကတော့ မွေးလာတည်းက အချစ် မပါလာတာပါ၊ ကျွန်မရဲ့ဘဝထဲမှာ ဘယ်တုန်းကမှ မရှိခဲ့သလို ဘယ်တော့မှ ရှိမလာမှာလဲ အဲဒီ အချစ်ပါပဲ၊ ကျွန်မလည်း ဒီလိုအောင်မြင်တဲ့ဘဝမျိုးကို ထူထောင်ထားနိုင်တာ အချစ်မရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ပြုံးပြုံး ဖြေကြားသွားတာကို သူက ကျေနပ်စွာ ဖတ်လိုက်ရပါသည်။

လူတိုင်းဟာ ကိုယ့်ခံယူချက်နဲ့ကိုယ်တော့ မှန်ကန်နေကြတာပါပဲ ရှေ့ရပ်ရယ်။ မ[illegible]အချစ်ဟာ ကိုယ့်အတွက်လည်း မဟုတ်သလို ဘယ်သူ့အတွက်မှလဲ မဟုတ်ဘူး ဆိုတာကိုက တစ်သက်တာ ကျေနပ်နေရမဲ့ အဖြစ်မျိုးပဲ မဟုတ်လား။

တကယ်လို့များ အကြောင်းသိသော တစ်စုံ တစ်ယောက်က သူ့ကိုလည်း ...

"ဘာဖြစ်လို့ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက် ဖြစ်နေရတာလဲ"ဟု မေးလာခဲ့လျှင် သူက ...

"ရင်ထဲမှာရှိတဲ့အချစ်ကို သိမ်းဆည်းထားပြီး ဘဝကို ကျေနပ်အောင်နေတတ်လို့"


ဟူ၍ ဖြေမှာ ဖြစ်သည်။

တကယ်တော့ လူတိုင်း၌ ကိုယ်ပိုင်အချစ် အယူအဆတစ်ခုကတော့ သီးသန့်ရှိစမြဲပင် ဖြစ်လေသည်။

BURMESE CLASSIC .com

စာဖတ်ပရိသတ်များအတွက်

ထာဝရ



11: 50 (P:M)
April 6th, 2006.



www.burmeseclassic.com